www.burmeseclassic.com

စိုးဇင်စာပေ

BURMESE CLASSIC .com

# ဒေါက်တာ စိုးလွင်



## မိုက်ကယ်ရယ်၊ သော်တာဆွေရယ်၊ လူနောက်တစ်ယောက်ရယ်၊ ကျွန်တော်ရယ်...

နှင့် ဆေးလောကဇာတ်လမ်းများ

www.burmeseclassic.com

www.burmeseclassic.com

# မိုက်ကယ်ရယ်
# သော်တာဆွေရယ်
# လူနာတစ်ယောက်ရယ်
# ကျွန်တော်ရယ်

နှင့်

# ဆေးလောက အလွမ်းများ

ဒေါက်တာ စိုးညွန့်

www.burmeseclassic.com

www.burmeseclassic.com





# ဆေးပညာစာတံခွန်ပေါ်က မီးရှူးတန်ဆောင်

"သုခချမ်းသာ" မဂ္ဂဇင်းအဟောင်းတွေကို ရှာဖွေမွှေနှောက်ရင်း ဆရာစိုးရဲ့ "မိုက်ကယ်ရယ်၊ ဒေါက်တာဆွေရယ်၊ လူနာတစ်ယောက်ရယ်၊ ကျွန်တော်ရယ်" ဆောင်းပါးကို ရုတ်တရက်တွေ့လိုက်ရတယ်။ ဩော်...၂၀၀၄ခုနှစ် ဖေဖော်ဝါရီလထုတ်မဂ္ဂဇင်းဆိုတော့ ဘာလိုလိုနဲ့ ကိုးနှစ်တောင်ပြည့်တော့မှာပါလား။ ဒီဆောင်းပါးလေးကို ဖတ်မိတော့ အတိတ်ကပုံရိပ်ကို မြင်ယောင်လာမိတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ "သုခချမ်းသာ" မဂ္ဂဇင်းမှာ အတိုင်ပင်ခံအယ်ဒီတာ...အယ်ဒီတာချုပ် ဆရာဦးစည်သူကလည်း "ဆရာမောင်သင်" လို ဆရာဝန်စာရေးဆရာမျိုးကို မျှော်နေချိန်၊ မမျှော်လင့်ဘဲ ဆရာစိုးနဲ့စကားပြောရင်း "ဆရာရေ... ဆရာများ စာလေး ဘာလေးတွေရေးဖို့ ဝါသနာမပါဘူးလား ဘာညာ" နဲ့စကားစမိတယ်။ ဆရာစိုးက "ဟာ...သိပ်ပါတာပေါ့၊ ကျွန်တော်က ပြောရရင်စာရှူးပေရှူးပဲ၊ ငယ်ငယ်လေးကတည်းက စာစုံပေစုံဖတ်ခဲ့တယ်။ အလုပ်သင်ဆရာဝန်ဘဝမှာတောင် စာရေးဆရာဖြစ်ဖို့ကြိုးစားတာ စာမူတွေအရွေးမခံရတာ အခုအချိန်ထိပဲ" ဆိုပြီးပြောတော့ "ဆရာ့မှာ ရေးပြီးသားစာမူ အဟောင်းလေးများ ကျန်သေးသလားဆရာ" လို့ မေးလိုက်မိတယ်။ ဒီတော့မှ သူ့ရဲ့သံသေတ္တာလေးထဲက (၁၈)နှစ်ကြာ တရိုတသေနဲ့ သိမ်းဆည်းထားခဲ့တဲ့ ဒီစာမူက ကျွန်တော့ရှေ့မှောက်ရောက်လာပါတယ်။

ကျွန်တော်လည်း ကိုယ့်အခန်းကိုပြန်ရောက်ရောက်ချင်းပဲ ဆရာ့စာကို မြည်းစမ်းကြည့်မိတယ်။ နှစ်ပေါင်းများစွာကြာလို့ ဝါကြင်ကြင်ဖြစ်နေတဲ့ စာရွက်ကလေးများပေါ်က စာကြောင်းလေးတွေကို ဖတ်ကြည့်ရင်းနဲ့ ကလောင်သစ်တစ်ယောက်ရဲ့အရေးအသားမျိုးမဟုတ်ဘဲ ဝါရင့်စာရေးဆရာတစ်ဦးရဲ့ဟန်ပန်လိုဖြစ်နေတဲ့ ဆရာ့ရဲ့ရေးဟန်ကဆွဲခေါ်သွားလို့ တစ်ထိုင်တည်းနဲ့ ဖတ်ဖြစ်လိုက်တယ်။



ဆရာ့ရေးဟန်က ဆရာကြီးဒေါက်တာဆွေရဲ့ရေးဟန်လို မြူးကြွသွက်လက်နေလိုက်တာ၊ အားရဝမ်းသာနဲ့ဖတ်ပြီးပြီးချင်း ဆရာ့အခန်းကိုပြန်သွားပြီး လိုက်လိုက်လှဲလှဲနဲ့ချီးကျူးခဲ့တယ်။ ဆရာစိုးဟာ တကယ့်ကို အရည်အချင်းပြည့်ဝသူတစ်ဦးပဲ၊ အချိန်မတန်သေးလို့ဆရာစိုးကို မျက်စိလျှမ်းပြီး မမြင်ကြတာနေမှာပါ။ အယ်ဒီတာချုပ်ဦးစည်သူကလည်း "ကောင်းတယ်ဗျာ...သုံးမယ်" ဆိုပြီး ၂၀၀၄ခုနှစ်ဖေဖော်ဝါရီလထုတ် "သုခချမ်းသာ" မဂ္ဂဇင်းမှာ ထည့်သွင်းဖော်ပြခဲ့တယ်။ မဂ္ဂဇင်းစာအုပ်ထွက်ထွက်ချင်းမှာပဲ ဆရာစိုးရဲ့ထံမှောက် အရောက်ပို့ပေးတော့ ဆရာစိုးက တပြုံးပြုံးနဲ့...

အဲဒီအချိန်ကစပြီး ဆရာစိုးလည်း အားတက်ပြီး ကလောင်ကိုဝင့်လိုက်တာ "သုခချမ်းသာ" မဂ္ဂဇင်းမှာ "နားကြပ်ကိုယ်စီ သစ္စာတည်" "ဆရာဝန်တစ်ဦး၏ ရင်ခွင်ရုံအတွင်းမှ သံဝေဂမှတ်တမ်း" စသဖြင့် ဆက်တိုက်ရေးသားခဲ့ပါတယ်။ အခုဆိုရင် လုံးချင်းစာအုပ်(၂၁)အုပ်တိတိ ထွက်ခဲ့ပြီးပြီ။ နောက်ထပ်လည်း ဆက်ထွက်ဦးမယ်ဆိုပဲ။ ရေးအားကောင်းတဲ့ ဆရာစိုးကို အားကျလိုက်ပါဘိ၊ အခုအခါ ဆရာ့မှာ နိုင်မာတဲ့ပရိသတ်လည်း ရှိနေပါပြီ။ အရောင်းကောင်းဆုံး စာအုပ်စာရင်းတွေမှာ ဆရာ့စာအုပ်နာမည်တွေ တွေ့နေရသလို အကြိမ်ကြိမ်ပြန်ရိုက်နေရတဲ့ စာအုပ်တွေကလည်း ရှိသေးတာမို့ ဆရာ့ရဲ့အောင်မြင်မှုတွေကို စဉ်ဆက်မပြတ် မြင်နေရပါတယ်။

ပထမဆုံး ဝတ္ထုတိုပေါင်းချုပ် "ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" စာအုပ်နဲ့ ၂၀၀၇ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဒုတိယဝတ္ထုတိုပေါင်းချုပ် "လူနာဖြစ်သွားသောဆရာဝန်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" စာအုပ်နဲ့ ၂၀၀၈ခုနှစ် သုတစွယ်စုံစာပေဆုတို့ကို ရရှိခဲ့တာကလည်း ထင်ပေါ်လို့ စင်တော်ကကောက်လိုက်တာပါ။

ဆရာစိုးဟာ ဆေးကျောင်းသားတွေကို စာသင်တဲ့ "ဆရာဝန်ကျောင်းဆရာ" သားဖွားမီးယပ်လူနာတွေကို ခွဲစိတ်ကုသပေးတဲ့ "ဆရာဝန်ခွဲစိတ်ဆရာ" အခုတော့ စာဖတ်ပရိသတ်ကြီးအတွက် စာရေးတဲ့ "ဆရာဝန်စာရေးဆရာ" ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါပြီ။ ဒီလို သုံးမျက်နှာ စေတနာအလှနဲ့ ဆရာ့ရဲ့ဘဝဟာ သူ့အဖြစ်ချင်ဆုံး အတောင့်တဆုံးဖြစ်မှာ သေချာပါတယ်။

ကျွန်တော်တို့ ဆေးပညာရှင်တွေဟာ ဆေးလောကဇာတ်ခုံရဲ့ သုခ၊ ဒုက္ခ၊ ဖြစ်မှုပျက်မှု အလုံးစုံနဲ့ ထိတွေ့ခံစားရတာဟာ ခဏမှတာပါ။ လူထဲကလူတွေပဲ မဟုတ်ပါလား။ ဒီဆေးပညာရှင်တွေရဲ့အခြေအနေနဲ့ အခက်အခဲတွေကို လူနာနဲ့ လူနာရှင်တွေက နားလည်ဖို့လိုအပ်ပါတယ်။

လူနာနဲ့လူနာရှင်တွေကလည်း ဆေးပညာရှင်တွေရဲ့ဂရုစိုက်မှု၊ နှစ်သိမ့်မှု၊ အားပေးမှု၊ ကိုယ်ချင်းစာမှုတွေကို လိုလားကြပါတယ်။ သူတို့ဘက်မှာလည်း စီးပွားရေး လူမှုရေးစတဲ့ အခက်အခဲမျိုးစုံတွေ ရှိကြတာကိုး။ ဒါကြောင့် လူနာတွေဘက်ကလည်း ဆေးပညာရှင်တွေက သူတို့ကို နားလည်စေချင်ကြမှာပါပဲ။ အဲဒီအခါမှာ ကြားခံမီဒီယာ "Media" ဆိုတာ လိုအပ်နေပါပြီ။ ဒါပေမဲ့ ဒီမီဒီယာလုပ်တဲ့သူက ဘက်လိုက်မှုကင်းရမှာပါ။

ဆရာစိုးဟာ ရိုးသားဖြောင့်စင်းတယ်၊ ဟန်ဆောင်မှုကင်းပြီး ပွင့်လင်းတယ်၊ နှစ်ဖက်မြင်တတ်တယ်၊ ပါရဂူဆိုတဲ့ ဟန်ပန်မျိုးတောင်မရှိဘူး။ ဒါကြောင့် မီဒီယာကောင်းတစ်ယောက်ရဲ့ အရည်အချင်းနဲ့ပြည့်စုံတဲ့ ဆရာစိုးဟာ ဒီနေရာနဲ့ အသင့်တော်ဆုံးပါ။

တစ်နည်းပြောရရင် ဆေးပညာရှင်တွေနဲ့လူနာ လူနာရှင်တွေဟာ ဆေးလောကဇာတ်ခုံပေါ်မှာ အတူတကွ ကပြဖျော်ဖြေကြရတဲ့ သရုပ်ဆောင်တွေပါ။ သူတို့တစ်တွေ သဟဇာတဖြစ်ပြီး အဆင်ပြေစေဖို့ ဒါရိုက်တာကောင်းတစ်ဦး ပေါ်ထွက်လာတယ်ဆိုရင် အားလုံးကကြိုဆိုကြမှာပါ။

ဆရာစိုးက ဆေးလောကဇာတ်ခုံရဲ့တကယ့်အဖြစ်အပျက် အတွေ့အကြုံဇာတ်လမ်းကလေးတွေကို စိတ်ဝင်စားဖွယ်ဝတ္ထုလေးများအသွင် မိမိရဲ့စာရေးတဲ့အတတ်ပါရမီ ပဥ္စလက်နဲ့ဖန်တီးတယ်။ ဒီဝတ္ထုလေးတွေကနေတစ်ဆင့် သရုပ်ဆောင်လိုတစ်မျိုး ဒါရိုက်တာလိုတစ်ဖုံနဲ့ နှစ်ဦးနှစ်ဖက်အတွက် ဆရာစိုးဟာ အကျိုးဆောင်ပေးနေတယ်။ စာဖတ်သူတွေအတွက် ဒီဝတ္ထုလေးတွေဟာ အကျိုး

BURMESE CLASSIC .com



ကျေးဇူးတွေပြည့်လျှမ်းနေတယ်လို့ ခံစားကြရမှာပါ။ ဒီအကျိုးကျေးဇူးတွေကြောင့် ဆေးပညာလောကဇာတ်ခုံဟာလည်း မေတ္တာတွေနဲ့ ထုံမွမ်းနေမှာဖြစ်လို့ ဆရာစိုးအတွက် အထူးအားရမိပါတယ်။

ဟိုအရင်တုန်းက ပြာပုံးနေခဲ့တဲ့ မီးခဲလေးတစ်ခဲဟာ အခုတော့လည်း ဆေးပညာလောကဇာတ်ခုံပေါ်မှာ မီးရှူးတန်ဆောင်ကြီးတစ်ခု ဖြစ်နေပါပေါ့လား။ ဒီအတွက် အယ်ဒီတာဟောင်းတစ်ဦးအနေနဲ့ "သုခချမ်းသာ" မဂ္ဂဇင်းကနေ ဒီလို မီးရှူးတန်ဆောင်တစ်ခုကို စင်ပေါ်တင်ပြီး ထွန်းညှိပေးနိုင်ခဲ့တာကို အထူးပင်ဝမ်းမြောက်ဝမ်းသာ အားရပီတိနဲ့ မုဒိတာပွားမိပါတယ်။

ဆရာစိုး အခုလို မီးရှူးတန်ဆောင်ဘဝရောက်အောင် အကြောင်းခံပေးခဲ့တာကတော့ "မိုက်ကယ်ရယ်၊ သော်တာဆွေရယ် . . ."

ဒေါက်တာခင်ဇော်လွင် (သုခချမ်းသာ)

www.burmeseclassic.com

www.burmeseclassic.com

# မနေ့မပေါင်တို့ မုန်တိုင်း မှသည် ကံကြမ္မာ လေပြေလေညင်း ဆီသို့

ဒေါက်တာ မိုးလွင်





"ဘုရား . . . ဘုရား"

"တပည့်တော် အမိုက်အမဲလေးကို ဘုရှစ်ခင်လေးစားလှပါသော စာရေးဆရာကြီးသော်တာဆွေ၏ ဖောင်ပလော်တီးခံရခြင်းမှ ကင်းဝေးအောင် ကူညီပေးတော်မူပါဘုရား"

အလုပ်သင်ဆရာဝန်လေး ဒေါက်တာငြိမ်းချမ်းသည် မျက်စိနှစ်လုံးကို စုံမှိတ်၍ ခေါင်းကိုငုံ့ကာ ဘုရားစာတစ်ခုခုကို ရွတ်ဆိုမည်ဟု ကြံရွယ်လိုက်ပြီးမှ မည်သည့်ဘုရားစာကိုမှ အစအဆုံးမရမှန်း ကိုယ့်ကိုယ်ကိုယ် သတိပြုမိသွားကာ ကိုယ်တကယ်တတ်သော မြန်မာစကားနှင့်ပင် တဲ့တိုးကြီး ဘုရားရှင်အား အကူအညီတောင်းခံလိုက်လေတော့၏။ ဒုက္ခပါပဲ ဆုတောင်းနေရင်းမှ...ဘုရားရှင်သည် သူယခု ပယ်ပယ်နယ်နယ်ကြီး ဆုတောင်းနေသော မြန်မာစကားအား နားလည်ပါ့မည်လားဟု တွေးမှုလိုက်မိသေး၏။ ဟုတ်သည်လေ . . . ဘုရားရှင် ပေါ်ထွန်းခဲ့သော လွန်ခဲ့သည့်နှစ်ပေါင်း "၂၆၀၀" တုန်းက မြန်မာတွေရှိနေပြီလား မြန်မာစကားကရော ထွန်းကားနေပြီလား။ "အို . . . အရေးထဲမှာ မင်းကလည်း တန်နိုးရှင်ပါဆို မင်းဘယ်ဘာသာနဲ့ပြောပြော သေချာပေါက်နားလည်မှာ ဘာမှ ပူပန်မနေနဲ့" ကျဉ်းထဲကျပ်ထဲတွင် ပူပန်စိုးရိမ်စိတ်နှင့် သောကစိတ်တွေ ဖိစီးနေသည့်ကြားမှ ယခုကဲ့သို့ ကြံကြံဖန်ဖန်တွေ လျှောက်စဉ်းစားနေမိသော သူ့အဖြစ်အား သူ့ဘာသာ ရယ်ချင်သလိုလို ငိုချင်သလိုလို ခံစားရလေ၏။

"ဟဲ့...ဘာဖြစ်တာလဲ" တဆတ်ဆတ်နှင့် တစ်ဆုံတစ်ရာက လှုပ်ယမ်းနေသည့် ခံစားချက်တစ်ခုက မှိတ်ထားသောမျက်လုံးအစုံကို ရုတ်တရက် ဖွင့်ဟပေးလိုက်၏။ "ဟဲ့...ဟဲ့ မလှုပ်နဲ့လေ ငြိမ်ငြိမ်နေကြစမ်း သူငယ်ချင်းတို့ရာ" သူ မျက်ဝါးထင်ထင်မြင်လိုက်ရသော တဆတ်ဆတ် ယမ်းခါတုန်ယင်နေသည့် သူ့ဒူးနှစ်လုံးအား ထိုကဲ့သို့ မကျိုးစားပါရန် အနူးအညွတ်တောင်းပန်လိုက်လေ၏။

သူ့အသွင်သည် ဘယ်အရာနှင့်မျှ တူညီနေပါသနည်း။ သူ့ဘဝတစ်လျှောက်လုံး သူ အကြောက်ကြီးကြောက်ခဲ့ရဆုံး ဘဝတွင်အရေးအပါဆုံး ဆရာဝန်ဖြစ်ရေးမဖြစ်ရေး နောက်ဆုံး အဆုံးအဖြတ်ကိုပေးတော့မည့် နောက်ဆုံးနှစ်

www.burmeseclassic.com

www.burmeseclassic.com



အပိုင်း(၁)သင်တန်း၏ လက်တွေ့နှုတ်မေးစာမေးပွဲဝင်ခါနီး အခန်းဝ၌ ကြောက်ရွံ့တုန်နေလေသည့် ဆေးကျောင်းသားလေး မောင်ငြိမ်းချမ်းပင်လျှင် ယခုသူဖြစ်နေသည့်အသွင်သဏ္ဌာန်ကိုမြင်လျှင် ထိုင်ငိုချင်သွားလောက်အောင် နောက်ကောက်ကျသွားနိုင်သည့် အကာယဒမီရှော့ခ်ပေးစပင်။

သူ မည်သည့်အပိုဆောဒါးတွေ ပြောနေပါသနည်း။ သူ မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် မည်သူနှင့်တွေ့ရမှာမို့ ... ပြီးတော့ အဘယ်ကြောင့် ဤသို့ဖွေတွတုန် ရင်တွေခုန် ဘုရားစာတွေ ခြေတစ်ပေါင်ကျိုး ရွတ်ရလောက်အောင် ကြောက်လန့်တကြား ဖြစ်နေရပါသနည်း။ သူကတော့ တာရှုပေရှု။ စာရေးဆရာဖြစ်ချင်လွန်း၍ ရူးမတတ်ဖြစ်နေသူ အလုပ်သင်ဆရာဝန်လေး ဒေါက်တာငြိမ်းချမ်းဖြစ်ပါသည်။ သူ ယခုရောက်ရှိနေသည့် နေရာနှင့်အချိန်ကတော့ "၁၉၈၆" ခုနှစ် မြို့ရွှေမန္တလေး၏ နာမည်ကျော်မီးရထားဝင်း စာပေဟောပြောပွဲ အခမ်းအနား၏ တည်းခိုဆောင်။ သူလာရောက်ကာ တွေ့ဆုံခွင့်ရဖို့ စောင့်ဆိုင်းနေသူက ဟိုး သူငယ်ရွယ်စဉ်ကလေးဘဝ စာအုပ်စာပေတွေ ချစ်မြတ်နိုးခဲ့စဉ်ကပင် သူ အကြိုက်နှစ်သက်ဆုံး ချစ်ခင်လေးစားရဆုံး နိုင်ငံကျော်စာရေးဆရာကြီး "ဆရာသော်တာဆွေ" ပဲဖြစ်ပါသည်။

သူချစ်ခင်နှစ်သက်သည့် လေးစားတန်ဖိုးထားသည့် စာရေးဆရာကြီးတစ်ဦးအား သူက လုံချည်လေးတစ်ထည် ဒေသထွက်ပုဆိုးထုပ်ကလေးနှင့် ကန်တော့ခွင့်ရကာ ပျော်ရွှင်ဝမ်းမြောက်နေရမည့်ကိစ္စအား အဘယ်ကြောင့်သူက ဤသို့ ဒူးတွေတဆတ်ဆတ် တုန်သည်အထိ အကြောက်ကြီးကြောက်နေရပါသနည်း။ ပြဿနာမီးပွားတွေ၏ မူလအစမြစ်ဖျားခံရာကို သူ လှန်၍တွေးကြည့်လိုက်ပါ၏။

သူသည် ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းကိုခါယမ်းလိုက်လေ၏။ ဤနေရာမှ မြန်မြန်ပြန်ထွက်သွားလျှင် ကောင်းမည်လား။ သူ၏အဖြစ်ကို သူပြန်ကြည့်လိုက်တော့ သူ့အဖြစ်က "ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့ကန်တော့" ဟုပြောနေသော ဘုန်းကြီးကျောင်းသားလေးနှင့် တူမနေဘူးလား။ သူ့ကိုမြင်ပြီး



အကျိုးအကြောင်းသိသွားခဲ့လျှင် ဆရာကြီးက စိတ်ကလည်းဆတ် ... ဒေါသကလည်း(မူးနေလျှင်)ကြီး ... လက်ကလည်း မြန်ပါဘိသနဲ့ သူ့ခေါင်းကို ခေါက်ရပါမည်လားဟု ဒေါသအင်းပြီး ဆော်ပလော်တီးခံရမည်ကိုလည်း သူကခပ်လန့်လန့်။ ထို့ကြောင့် သူ့ကိုတွေ့ခွင့်ပေးဖို့ ဆရာကြီးသော်တာဆွေအား သွားရောက်တောင်းဆိုနေသည့်လူ ပြန်မလာသေးခင် ဤနေရာမှ အသာလေးရှောင်တိမ်းသွားလျှင် ကောင်းမလားဟု သူတွေးမိလေသည်။

သူ့စိတ်ထဲတွင် စိတ်ဆန္ဒနှစ်မျိုးက တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် လွန်ဆွဲလျက်ရှိလေ၏။ တစ်ခုသောစိတ်ဆန္ဒက ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့သည့်ပုံစံမျိုး မဖြစ်ရအောင် ဤနေရာမှထွက်ပြေးဖို့။ သူနှင့်လွန်ဆွဲနေသည့် တခြားဆန္ဒကတော့ သူချစ်ခင်လေးစားသော စာရေးဆရာကြီးသော်တာဆွေအား ကြုံတောင့်ကြုံခဲ တွေ့မြင်မိတ်ဆက် ဂါရဝပြုချင်စိတ်နှင့် သူ့အား ပြောမိများ ရေးမိများအမှားတစ်စုံတစ်ရာရှိခဲ့ပါက ခွင့်လွှတ်မှုအကြောင်း တောင်းပန်လိုစိတ် ... ကိုင်းထိုလွန်ဆွဲနေသည့်ပြိုင်ဘက်နှစ်ဦး မည်သူကအနိုင်ရမည်နည်း။

ဘုန်းကြီးအား မည်သို့ခေါင်းခေါက်ခဲ့ပါသနည်း။ သည့်ထက်ရှင်းရှင်းဆိုရပါလျှင် ဒေါက်တာငြိမ်းချမ်းတည်းဟူသော ဆရာဝန်ပေါက်စလေးတစ်ယောက်က သူချစ်ခင်လေးစားရပါသော နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်အား ကြောက်ရွံ့တုန်လှုပ်စွာ တောင်းပန်ရလောက်အောင် မည်သို့မည်ပုံသော ပြစ်မှုကိုများ ကျူးလွန်ထားခဲ့ပါသနည်း။ စာဖတ်ပရိသတ်က ယခုလောက်ဆိုလျှင် သို့လော သို့လော သိချင်စိတ်တွေ တဖွားဖွား ပေါ်နေလောက်ပြီထင်ပါသည်။

ဒေါက်တာငြိမ်းချမ်းဆိုသော ဆရာဝန်ပေါက်စလေး၏ ဟိုးငယ်စဉ်ကလေးဘဝကတည်းက အချစ်မြတ်နိုးဆုံးဝါသနာသည် "စာဖတ်ခြင်း" ဖြစ်ပြီး ကြီးပြင်းလာလျှင် သူအဖြစ်ချင်ဆုံးဘဝက စာရေးဆရာတစ်ယောက်ဖြစ်ပါသည်။

မန္တလေးဆေးတက္ကသိုလ် ကျောင်းသားဘဝရောက်တော့ သူ စာရေးဆရာဖြစ်ချင်သည့် "ပိုး" က ထိန်းမနိုင်သိမ်းမရ တစ်စထက်တစ်စ ကြွတက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့၏။ ဟုတ်သည်လေ…အဲသည်တုန်းက မန္တလေးဆေးတက္ကသိုလ်သည် ဆရာဝန်များကိုသာမက စာရေးဆရာများကိုပါ မွေးထုတ်ပေးလျက်ရှိသော ဘူမိ နက်သန်။ ကြည့်စမ်းပါ…ဤကျောင်းတော်ကြီးမှ ဂျူး၊ လှရိုးနော်၊ နိုင်ဇော်၊ ကြည် ဇော်ဝင်း၊ ဂျူဇော်၊ စုထား၊ ကျော်စွာထက်…စသည့်စသည့် နောင်တော် အမတော် များက သူ့အား စာပေပန်းဥယျာဉ်ကြီးထဲ ဝင်လာခဲ့ဖို့ အားကျဖွယ်ရာ လမ်းပြခေါ် ဆောင်နေကြလေသည်။

ဆေးတက္ကသိုလ်ကျောင်းသား ဘဝတစ်လျှောက်လုံးတွင်တော့ သူ၏ ကြွတက်နေသောစာပိုးကို အတတ်နိုင်ဆုံး ချုပ်ထိန်းထားခဲ့၏။ သူက ဉာဏ်သိပ် ကောင်းသော ကျောင်းသားတစ်ယောက်မဟုတ်သော်လည်း ထူးချွန်ထက်မြက် သော ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်လှသည့် သူ့ရည်မှန်းချက်နောက် တစ်ခုက စာပေပန်းဥယျာဉ်ကြီးထဲ ဝင်ရောက်ဖို့ ခေတ္တခဏ သည်းခံစောင့်ဆိုင်းဖို့ အမြဲတစေ သတိပေးနေလေ၏။ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ဖို့ ကျက်ရ မှတ်ရဖတ်ရသည့် "စာ" တွေ "စာ" တွေကများလွန်းလှတော့ "စာရေးဖို့" ဆိုသည့် ကိစ္စကို "ဆရာဝန်ဖြစ်ပြီးတော့မှ မင်းရေးချင်လှတဲ့စာတွေကို သိမ်းကျုံးပြီးရေး လိုက်စမ်း။ ခုတော့ စာကျက်လိုက်ဦး" ဟု အဝေးကြီး ရွှေ့ထားခဲ့၏။

ဆေးတက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲကြီးပြီးသည့်နေ့ "အောင်ပြီ အောင်ပြီ…ငါ ဆရာဝန်ဖြစ်ပြီကွ" ဟု အားရပါးရကြီး ကြွေးကြော်နိုင်သည့်နေ့၊ အဲသည်နေ့က သူ၏ဆေးစာအုပ်တွေအားလုံးအား သေတ္တာကြီးထဲ အားလုံးပစ် ထည့် သော့ခတ်…ပြီးတာနှင့် ထိုသော့တွဲကြီးကို အလွယ်တကူနဲ့ ရှာမတွေ့နိုင် သော လျှို့ဝှက်နေရာတစ်ခုတွင် ဝှက်ထားလိုက်၏။ "ဒီဆေးစာအုပ်တွေကို လုံးဝ မဖတ်တော့ဘူး။ ဒီနေ့ကစပြီး ငါရေးချင်လှတဲ့ ရသစာပေတွေ ရေးတော့မယ်၊ ငါ ဖတ်ချင်လှတဲ့ ရသစာပေတွေကိုပဲ သဲကြီးမဲကြီးဖတ်တော့မယ်" ဟု အားပါးတရ ကြုံးဝါးလိုက်လေတော့၏။

ထိုနေ့မှစ၍ သူသည် စာရေးဆရာကြီးတစ်ယောက်၏ "ဝိုက်" ကို အ ပြည့်အဝဖမ်းလိုက်တော့၏။ လွယ်အိတ်တစ်လုံးနှင့် စာအုပ်တွေလိုက်ရှာ၊ ရှောင်



တစ်ချောင်ထဲ စာတွေကုတ်ဖတ်၊ စာတွေရေးဖို့ကြိုးစားပြီ။ သို့သော်…ဝတ္ထုတစ် ပုဒ်ကို မည်သို့မည်ပုံစတင်၍ ရေးရပါမည်နည်း။ မည်သည့်အကြောင်း ရေးရမည် နည်း။ စာလေးတစ်ပိုဒ်ရေးလိုက် ကိုယ့်ဘာသာဖတ်ကြည့်၍ မကြိုက်လိုက် လုံးပြီး ချင်းထဲပစ်ထည့်လိုက်နှင့် "လုံးချင်းဝတ္ထု" တွေချည်းသာ ရေးဖြစ်နေ၏။

သူ့ဘဝ၏ပထမဆုံး ဝတ္ထုလေးတစ်ပုဒ်ကို အောင်အောင်မြင်မြင် ရေး ဖြစ်သွားသော နေ့ကလေးတစ်နေ့ကို သူတစ်သက်မမေ့နိုင်ချေ။ ထိုနေ့က အလုပ် သင်ဆရာဝန်လေးသူ့အား သူ့ဆရာက သူမအားလပ်၍ သူ့ဆေးခန်းကလူနာတွေ ကြည့်ပေးဖို့အပ်နှံ၏။ အဲသည်မှာပဲ ထူးခြားဆန်းကြယ်သော သူချစ်ခင်လေးစား သော စာရေးဆရာကြီး ဒေါ်တာဆွေရေးခဲ့သည့် ဝတ္ထုလေးတစ်ပုဒ်မှ မြစ်ဖျားခံ ကာ "စိတ္တဇဝေဒနာ" ကို ခံစားနေရသော လူနာတစ်ယောက်ကို သူ မျက်ဝါးထင် ထင်မြင်တွေ့ခဲ့ရ၏။

အဲသည်ညက သူကလောင်ကလေး အသွက်လက်ဆုံးနှုန်းနှင့် စာရွက် ဖြူဖြူလေးပေါ် ပြေးလွှားခဲ့၏။ နံနက်မိုးလင်းခါနီးတော့ သူစာရေးစားပွဲပေါ်တွင် သူ့ ဘဝ၏ပထမဆုံး ဝတ္ထုလေးတစ်ပုဒ်ကို သူမြင်ခဲ့ရ၏။ ခေါင်းစဉ်လေးကိုကြည့်ပါဦး "မိုက်ကယ်ရယ်၊ ဒေါ်တာဆွေရယ်၊ လူနာတစ်ယောက်ရယ်၊ ကျွန်တော်ရယ်" တဲ့…

"ငါ စာရေးဆရာဖြစ်ပြီဟေ့" ဟု အားပါးတရနှင့် ကြွေးကြော်လိုက်၏။ ဝတ္ထုစာမူလေးကို ရင်ဝယ်ပိုက်ကာ သူ မိုးမမြင်လေမမြင် ပျော်နေခဲ့၏။ ကိုင်း စာ လေးတစ်ပုဒ်တော့ ရေးပြီးသွားပြီ ထိုစာမူအား သူ ဘာဆက်လုပ်ရပါမည်နည်း။ ရှည်ရှည်ဝေးဝေးပင် စဉ်းစားရန်မလိုပါ၊ သူချစ်ခင်လေးစားအားကျလှသည့် သူ့ နောင်တော် အမတော်များ စာပေပန်းဥယျာဉ်ကြီးထဲ ဝင်ရောက်သွားခဲ့ရာ အဲ သည်ခေတ်က စာပေလောကတွင် ဤမဂ္ဂဇင်းမှ စာရေးဆရာဖြစ်လျှင် ဂုဏ်ယူ စရာ ဝံ့ကြွားစရာဖြစ်ခဲ့သည့် ရှုမဝမဂ္ဂဇင်းသို့ပို့ရန် ဆုံးဖြတ်လိုက်ပါ၏။

ထိုစဉ်က ရန်ကုန်တွင် အလုပ်သင်ဆရာဝန် ဆင်းနေပြီဖြစ်သော အချစ် ဆုံးသူငယ်ချင်း ဒေါက်တာစိုးဝင်းက သူ့အား စာရေးဆရာဖြစ်စေချင်လှသော

www.burmeseclassic.com

www.burmeseclassic.com



စေတနာမေတ္တာအပြည့်နှင့် သူ့စာမူကို ကိုယ်တိုင်ကိုယ်ကျ ရှမဝမဂ္ဂဇင်းသို့ ပို့ဆောင်ပေးခဲ့၏။ အဲသည်တုန်းက ရင်ကလေးတခုန်ခုန်နှင့် သူငယ်ချင်းထံမှ သတင်းစကားတွေကို မျှော်လင့်ကြီးစွာ စောင့်စားခဲ့ရ၏။ သူ့ရင်မခုန်ဘဲ နေနိုင်ပါ့မည်တဲ့လား။ သူငယ်ချင်း၏ သတင်းစကားတွေက စိတ်လှုပ်ရှားဖွယ် ... ရင်ဖိုချင်စဖွယ်။

"ဟိတ် သူငယ်ချင်း ... မင်းရဲ့စာမူကို ရွေးလိုက်ပြီတဲ့။ ရှမဝစာတည်းအဖွဲ့က ဂျူး၊ ကျော်စွာထက်၊ လူမိုးနော်တို့လို သူတို့မဂ္ဂဇင်းအတွက် ဆရာဝန်စာရေးဆရာတစ်ယောက် ထပ်ရပြီလို့ ပြောသတဲ့"

"ဟိတ် သူငယ်ချင်း ... မင်းရဲ့စာမူအတွက် ကာတွန်းဆရာငွေကြည်ဆီ ဒီဇိုင်းအပ်လိုက်ပြီတဲ့"

"ဟေ့ သူငယ်ချင်းရေ ... မင်းဝတ္ထုကို စာရေးဆရာကြီးသော်တာဆွေ ကိုယ်တိုင်တောင် ဖတ်ပြီးသွားပြီတဲ့"

"ဟေ ဆရာကြီးက ဘာပြောလဲ ... ဘာပြောလဲ" ဟု သူကမေးတော့ သူငယ်ချင်းစိုးဝင်းက "ဆရာကြီးက ဘာမှမပြောဘူးတဲ့"

သူ့ရင်ထဲ စိုးထိတ်စရာ ... သူ ကြည်နူးမှုအပျော် ပီတိကလေးတွေကို ဘယ်ဆီဘယ်ဝယ် ရောက်မှန်းမသိအောင် လွင့်ပါသွားစေမည့် လေပြင်းမုန်တိုင်းကြီးတစ်ခုက တကယ့်ကိုအချိန်ကိုက် စာပေလောကထဲ ရှမဝမဂ္ဂဇင်းမှ အစပြုကာ အပြင်းအထန် တိုက်ခတ်လာခဲ့ပြီတည်း။

၎င်းမုန်တိုင်းကြီးကတော့ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု၏ စာတစ်ပုဒ်ကို တည်းဖြတ်ဖော်ပြခဲ့သည့် ရှမဝစာတည်းအဖွဲ့အား ဆရာမကြီးမှ သူ၏တယုတယထုလုပ်ခဲ့သော "ယမင်းရုပ်" ကလေးအား "ပဒုမပေါင်တို" ဖြစ်သွားအောင်လုပ်ရက်လေခြင်းဟု စွဲချက်တင်ရာမှ စတင်တိုက်ခတ်ခဲ့ခြင်းပင်။ စာပေလောကတွင် ဂယက်အကြီးအကျယ်ထခဲ့သော "တိုက်ပွဲကြီး" အပြင်းအထန်ဖြစ်ပွားခဲ့၏။ ဒေါ်ခင်နှင်းယုဘက်မှ မှန်သည်ဆိုသည့်အဖွဲ့နှင့် ရှမဝစာတည်းအဖွဲ့မှ မှန်သည်ဆိုသည့် အဖွဲ့နှစ်ဖွဲ့ အပြန်အလှန်စစ်ခင်းကြသည့် "စစ်ပွဲ" တွင် မြေစာ



ပင်ဖြစ်ခဲ့ရသည်က စာရေးဆရာပေါက်စလေး "ဒေါက်တာငြိမ်းချမ်း" ပင် ... သူ့ဝတ္ထုစာမူကလည်း စာရေးဆရာကြီးသော်တာဆွေနှင့် အကြီးအကျယ်ပတ်သက်နေခဲ့သည်ကိုး။ အဲသည်မှာပဲ ... သတင်းဆိုးတစ်ခု သူငယ်ချင်းထံမှ ကြားလိုက်ရ၏။

"သူငယ်ချင်းရေ... မင်းရဲ့မိုက်ကယ်ရယ် သော်တာဆွေရယ်ဝတ္ထုကို ရှမဝက မထည့်ရဲတော့ဘူး။ ငါ့ကို စာမူပြန်ပေးလိုက်ပြီ" တဲ့။ ကိုင်း၊ ဘယ့်နယ်ရှိစ တိုက်တိုက်ဆိုင်ဆိုင်ပင် ... ထိုအချိန်မှာပဲ စာရေးဆရာကြီး သော်တာဆွေတစ်ယောက် မန္တလေးသို့ စာပေဟောပြောပွဲ လာရောက်၏။ ဟောပြောပွဲသို့ သူသွားရောက်နားထောင်ခဲ့၏။ ဟောပြောပွဲအပြီးတွင် ဆရာကြီးတည်းခိုရာနေရာသို့ သူ မရအရစုံစမ်း၍ ဆရာကြီးအား မိတ်ဆက်ကန်တော့ရန် သူ့အကြောင်းရေးမိသည့်အတွက် တောင်းပန်စကားဆိုရန် သူ ရောက်ရှိနေခြင်းဖြစ်ပါသည်။

ကိုင်း ယခုလောက်ဆို စာရေးဆရာဖြစ်ချင်လှသော ဆရာဝန်ပေါက်စလေးတစ်ယောက် သူချစ်ခင်လေးစားသည့် စာရေးဆရာကြီး သော်တာဆွေအား မည်သို့မည်ပုံ ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့ ကန်တော့ ဆိုသည့်အဖြစ်မျိုးအား ဖန်တီးခဲ့ခြင်းကို နားလည်လောက်ပြီဟု ထင်ပါသည်၊ သူ ချိတုံချတုံနှင့် အကြောက်ကြီးကြောက်နေစဉ်မှာပင် ...

"လာပြီ ... လာပြီ" ဟူသည့်အသံနှင့် ဆရာကြီးသော်တာဆွေတစ်ယောက် သူ့ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပြီတည်း၊ ဆရာကြီးက ဧည့်ခန်းဆက်တီတွင် ဝင်ထိုင်လိုက်ပြီး သူ့အား စူးစူးစိုက်စိုက်ကြည့်နေ၏။ ဒေါက်တာငြိမ်းချမ်းသည် ပထမဆုံး သူယူဆောင်လာသည့် လက်ဆောင်ပစ္စည်းထုပ်လေးကို ရှေ့မှာချကာ ဆရာကြီးအား ဦးသုံးကြိမ်ချပြီး ကန်တော့လိုက်ပါ၏။ ကန်တော့ရင်း သူ့စိတ်ထဲ တိတ်တိတ်လေး ကြိတ်ပြုံးမိ၏။ ဘုန်းကြီးခေါင်းခေါက်ပြီး ကန်တော့ ကန်တော့ဆိုတာ သူ့မှသူအစစ် မဟုတ်လား။

ဆရာကြီးက သူ့အားဆုပေးပြီး စူးစိုက်ကြည့်ကာ မေးခွန်းတစ်ခုမေး၏။ "မင်းကဘယ်သူလဲ၊ ရိုးရိုးကန်တော့ရုံပဲလား၊ ဘာကိစ္စရှိသေးလဲ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး...ကျွန်တော်က မိုက်ကယ်ရယ် သော်တာဆွေရယ် လူနာ တစ်ယောက်ရယ် ကျွန်တော်ရယ် ဝတ္ထုလေးကိုရေးခဲ့တဲ့ ဆရာဝန်ပါ" ဟုတုန်ယင်သောအသံနှင့် ပြန်ဖြေ၏။ အဲသည်မှာပဲ ခုနတုန်းက ငြိမ်ငြိမ်သက်သက်လေးထိုင်နေရာမှ ခါးကဆတ်ခနဲမတ် မျက်ခုံးကအပေါ်သို့ ကော့တက်သွားလေ၏။

"ဟေ ငါ့ကိုတီးတာ မင်းလား၊ မင်းက ဆရာဝန်သာဆိုတယ် တကယ့် ငချွတ်လေးပါလား၊ ဟားဟား...ဟားဟား"

အံ့သြတကြီး ဖြစ်သွားသောပုံစံနှင့် သူ့အားကြည့်ပြီး အားပါးတရ ရယ်မောနေသော ဆရာကြီးအား သူ ငေးကြည့်နေခဲ့၏။

မှန်ပါသည်...သူ့ပုံစံက ဘုရားစူးဆရာဝန်ပါဟု ပြောလျှင်တောင် မယုံကြည်နိုင်သည့် ချွတ်ကရားပုံစံလေးပင်။ အရပ်ကပုပု ပိန်ပိန်ညှက်ညှက် စုတ်ချွန်းချွန်းနှင့် ပေါင်တစ်ရာပင်မပြည့်အောင် ကာယဗလနှင့် ပြည့်စုံလှသည့် သူ့အား ဆရာဝန်ဟု မယုံကြည်နိုင်သည့် ဆရာကြီး၏အဖြစ်ကို သူနားလည်ပါ၏။

"ဆရာကြီးကို အခု ကျွန်တော်က မိတ်ဆက်ကန်တော့ရင်း ဆရာကြီး အကြောင်းရေးမိတာ ခွင့်လွှတ်ပေးဖို့ တောင်းပန်ချင်လို့ လာခဲ့တာပါခင်ဗျာ" ဟု သူက တောင်းပန်စကားဆိုတော့ ဆရာကြီးက ရှင်းရှင်းဘွင်းဘွင်း ဟောဟောဒိုင်းဒိုင်းနှင့်... "တောင်းပန်စရာမလိုပါဘူး ဆရာဝန်လေးရာ...စာရေးဆရာဆိုတာ ကိုယ်တကယ် တွေ့ကြုံခံစားရတာတွေဟာ သူ့ရင်ထဲကနေ ကလောင်ဖျားကို ရောက်လာကြတာ၊ ငါနားလည်ကိုယ်ချင်းစာပါတယ်၊ ရေးသာရေး ငါလည်းဘယ် သူ့အကြောင်းပဲဖြစ်ဖြစ် ငါ့ရင်ထဲရောက်လာရင် ရှင်းရှင်းနဲ့ဘွင်းဘွင်း အမှန်အတိုင်း ရေးပစ်လိုက်တာပဲ၊ မင်းလည်းရေးနိုင်ပါတယ်။ ဟေ...ဒါနဲ့ မင်းတွေ့ခဲ့တဲ့လူကြီး ရော အခုရှိသေးရဲ့လား၊ တကယ်သေသွားပြီလား"

ဆရာကြီးသော်တာဆွေအား နှုတ်ဆက်ကန်တော့ပြီး အပြန်လမ်းတွင် တော့ သူ့ရင်ထဲ ရှင်းလင်းပေါ့ပါးသွားလေတော့၏။ ဘယ်လောက်တောင် ချစ်ခင်ဖို့ကောင်းတဲ့ ဆရာကြီးလဲနော်၊ ဘာဟန်ဆောင်မှုမှမရှိဘဲ ပွင့်လင်းရိုးသားသည့် ဖြောင့်မတ်သည့်သဏ္ဍာန်တွေက သူ့စာတွေအတိုင်းပါပဲလား။



သူ့ဘဝတွင် သူချစ်ခင်လေးစားသည့် စာရေးဆရာကြီးနှင့် ပထမဆုံးနဲ့ နောက်ဆုံးတွေ့ဆုံခဲ့ရသည့် အဖြစ်ကလေးအား မေ့မရနိုင်အောင်စွဲထင်ခဲ့ပါသည်။ ယခုတော့ ဆရာကြီးလည်း ဟောဒီလောကတွင် မရှိတော့ပြီ။ ဆရာကြီးအား ယခု ကဲ့သို့ သူ့အကြောင်း ဝတ္ထုထဲစာထဲ ထည့်ရေးမိခြင်းအား နားလည်ခွင့်လွှတ်ပေးဖို့ ဒေါက်တာငြိမ်းချမ်း ထပ်မံတောင်းပန်အပ်ပါသည်။

"ပဒုမပေါင်တို့" မှစခဲ့သည့် လေပြင်းမုန်တိုင်းသည် စာပေလောကပန်း ဥယျာဉ်ကြီးထဲဝင်ရောက်ဖို့ ပျံသန်းလာခဲ့သော အပျံသင်ခါစ ငှက်ကလေးတစ် ကောင်အား တလိမ့်ခေါက်ကွေး လွင့်ပါသွားစေတော့၏။ စာရေးဆရာဖြစ်ချင်လှ သော ဆရာဝန်လေးတစ်ယောက် စာပေလောကထဲမှ လွင့်မျောဝေးကွာသွားခဲ့ သည်မှာ စုစုပေါင်း ၁၈နှစ်တိတိ ကြာညောင်းခဲ့ပါ၏။

စာရေးဆရာဆိုသည်မှာ သူ့လိုအရည်အသွေးလောက်နှင့် မဖြစ်နိုင်ဟု ကျဆင်းနိမ့်ကျသွားသောစိတ်ဓာတ်နှင့် သူသည် စာပေလောကနှင့်ဝေးဝေးသို့ ရောက်သွား၏။ သူ့ရည်မှန်းချက် နောက်တစ်ခုဖြစ်သည့် အထူးကုဆရာဝန်ကြီး တစ်ယောက် ဖြစ်လာဖို့ကိုပဲ သူ့အာရုံတွေအားလုံးကို စူးစိုက်ကာ ဆေးလောက တွင်ကျင်လည်လှုပ်ရှား ကြိုးစားခဲ့ရ၏။ စုစုပေါင်း ၁၈နှစ်တိတိ ကြာညောင်းကာ သူလည်း မြန်မာပြည်က "ဘွဲ့လွန်ဒီဂရီ" အင်္ဂလန်ကျွန်းက "တော်ဝင်အထူးကု ဆရာဝန်ဘွဲ့ဒီဂရီ" တွေဆွတ်ခူးကာ အထူးကုဆရာဝန်ကြီး ဖြစ်လာခဲ့၏။

ကံကြမ္မာ၏ လေပြည်လေညင်းလေးတွေသည် ထူးခြားဆန်းကြယ် သော အလှည့်အပြောင်းတစ်ခုအား သယ်ဆောင်လာလေ၏။ သူသည် သူပထမ ဆုံးရေးသားခဲ့သော "မိုက်ကယ်ရယ်..." စာမူလေးအားရေးခဲ့မှန်း ယခု ဘယ်ဆီ ဘယ်ဝယ်ရောက်မှန်းပင် သတိမရတော့ပြီ။

အဲသည်အချိန်မှာပင် အိမ်နီးချင်းလည်းဖြစ် ညီအစ်ကိုကဲ့သို့ ခင်မင်နေ သော "ဒေါက်တာခင်ဖော်လွင်" နှင့် စကားစမြည်ပြောရင်း ဆရာဝန်အချင်းချင်း အတွေ့အကြုံတွေဖလှယ်ရင်း "ဗေဒင်" အကြောင်း ရောက်သွားခဲ့၏။ အဲသည်မှာ ပဲ ဟိုးလွန်ခဲ့သည့် ၁၈နှစ်တုန်းက ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူးသော ဗေဒင်နှင့်ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်နေသည့် လူနာတစ်ဦးအကြောင်းကိုပြောပြရင်း အမှတ်မထင် အဲသည်အကြောင်း ဝတ္ထုလေးတစ်ပုဒ်ပင် ရေးခဲ့ဖူးကြောင်း ရင်ဖွင့်မိ၏။

အဲသည်မှာပဲ မထင်မှတ် မမျှော်လင့်သည့် အဖြစ်အပျက်တွေက ဆက်တိုက်ဖြစ်လာခဲ့၏။ သူ့စကားကြားလိုက်သည့် ဆရာ့မျက်ဝန်းတွေက တောက်ပသွားခဲ့ပြီး . . . "အဲဒီစာမူလေး ရှိသေးလား၊ ကျွန်တော်ဖတ်ချင်တယ် ပြပါလား" ဟူ၍ တောင်းဆိုလေ၏။

"ဗျာ ဟုတ်လား . . . အဲဒီစာမူက ရေးထားတာ ၁၈နှစ်တောင်ရှိပြီဆိုတော့ ရှိရောရှိသေးရဲ့လားမသိဘူး ပြန်ရှာကြည့်လိုက်ဦးမယ်" ဟု သူကပြောတော့ ဆရာကရှာနိုင်း၏။

ဘုရား . . . ဘုရား ရှိရောရှိသေးရဲ့လားမသိ၊ ထိုဆရာ ဘာကြောင့်ဖတ်ချင်ပါလိမ့်ဟူ၍လည်းမသိ၊ သေတ္တာတွေ ဗီရိုတွေထဲ မွှေနှောက်ရှာဖွေလိုက်တော့ စာရွက်တွေဝါကြင်ကာ စာလုံးလေးတွေပင် မှေးမှိန်နေပြီဖြစ်သော စာမူအဟောင်းလေးကို ကံကောင်းထောက်မစွာ သူပြန်တွေ့ခဲ့၏။ သူသည် တစ်သက်လုံး သူဖြစ်ချင်လှသော စာရေးဆရာတစ်ယောက် ဖြစ်လာတော့မည်ကို မသိရှာသေးပေ။ စာမူလေးကို ဆရာ့အားပေးလိုက်၏။ ဘယ်လောက်မှပင် မကြာလိုက်ပါချေ၊ လေကားမှ တရှုပ်ရှုပ်ခြေသံနှင့်အတူ တံခါးခေါက်သံကြားရ၏။ တံခါးကိုဖွင့်လိုက်တော့ အောက်ထပ်မှ အစ်ကိုဆရာ ဒေါက်တာခင်ဇော်လွင် . . . သူ ခုနကမှဆင်းသွားတာ ဘယ်လောက်မှမကြာသေး အခုချက်ချင်းပြန်ရောက်လာပြီ ဘာကိစ္စပါလိမ့် . . . သူ တအံ့တသြကြည့်နေ၏။

"ဆရာ . . . ဘာကိစ္စ"

"ဆရာရေးတဲ့ ဝတ္ထုလေးကို အခုပဲဖတ်ပြီးပြီ၊ ကြိုက်တယ်ဆရာ . . . ကျွန်တော့်ကိုပေးပါလားဆရာ၊ မဂ္ဂဇင်းထဲထည့်ချင်လို့"

"ဘာ ဘယ်လို . . . ဘယ်လိုဆရာ၊ ကျွန်တော်နားမလည်လို့ပါ၊ ဆရာက ဘယ်မဂ္ဂဇင်းထဲ ထည့်မလို့ပါလိမ့်"

"ဩော် . . . ဆရာမသိဘူးကိုး၊ ကျွန်တော်က သုခချမ်းသာမဂ္ဂဇင်းက



အယ်ဒီတာပါ၊ ဆရာ့စာမူလေးကို ကျွန်တော့်မဂ္ဂဇင်းမှာ ထည့်ပါရစေ"

"ဗျာ . . ."

သူသည် ပါးစပ်အဟောင်းသားနှင့် ဆရာ့အား အံ့သြတကြီး ငေးကြည့်နေမိလေ၏။ မည်သို့မည်ပုံ စကားပြန်ပြောမိမှန်း ဘာတွေဖြေမိမှန်းပင် သူမသိတော့ပြီ။ သူ့ဘဝတွင် ပထမဆုံးရေးခဲ့သော "ဝတ္ထုစာမူ" ကလေးသည် ထူးခြားအံ့သြဖွယ်ရာပင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မလိုနှင့် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးတော့မှ မမျှော်လင့်မထင်မှတ်သော ကံကြမ္မာလေပြည်လေညင်းကြောင့် ပုံနှိပ်စာလုံးလေးများအဖြစ် သုခချမ်းသာမဂ္ဂဇင်း စာမျက်နှာထက်တွင် ပေါ်ထွက်လာခဲ့၏။

သူ့ထံမှ နှစ်ပေါင်းများစွာ ပြေးလွှားပျောက်ကွယ်သွားခဲ့သည့် အနုပညာပိုး စာပိုးကလည်း ထိုကံကြမ္မာလေပြည်လေညင်းနှင့်အတူ သူ့နှလုံးသား သူ့ကမ္ဘာလေးထဲ လှပစွာပြန်လည်ဝင်ရောက်လာခဲ့၏။

သူ့ ပထမဆုံး "ဝတ္ထု" ကလေးသည် သူ့အား စာပေလောကထဲ "ပထမဆုံး" ဝင်ရောက်ကာ စာရေးဆရာတစ်ယောက် ဖြစ်စေခဲ့သော သူ့ဘဝအတွက် အရေးအပါဆုံး "ပထမခြေလှမ်း" "ပထမမှတ်တိုင်" "ပထမအမှတ်တရ" ဖြစ်ပါသည်။ ထိုကံကြမ္မာလေပြည်လေညင်းလေးကို သယ်ဆောင်လာပေးသော အစ်ကိုဆရာ ဒေါက်တာခင်ဇော်လွင်အား ဖော်ပြရန်ခက်ခဲလှသော ကျေးဇူးတရားများဖြင့် ဂါရဝပြုအပ်ပါသည်။

ထိုဝတ္ထုကလေးမှ အစပြုကာ ချောင်ထိုးထားခဲ့သည့် သူ့ကလောင်ကလေးအား စာရွက်ဖြူလေးပေါ် ပြန်လည်ပြေးလွှားစေခဲ့ပါ၏။ ယခုဆိုလျှင် သူသည် နှစ်ပေါင်းများစွာ မရေးခဲ့ရသောစာတွေအား အတိုးချကာ သူ၏ပင်မအလုပ်ဖြစ်သော လူနာတွေကိုဆေးကု ခွဲစိတ် . . . ကျောင်းသားလေးတွေကို စာသင် . . . အိပ်ချိန် စားချိန်မှလွဲ၍ ရသမျှအချိန်ကလေး တစ်မိနစ်ကိုမျှ အလဟဿမဖြစ်ရအောင် တစ်တွေးတည်းတွေး၍ တစ်ရေးတည်းရေးနေသည့် "စာရေးဆရာစစ်စစ်" ဖြစ်နေပါပြီ။ ချစ်စွာသောစာဖတ်သူတို့၏ အားပေးမှုမပါဘဲနှင့်တော့ သူ့အ

www.burmeseclassic.com

www.burmeseclassic.com

တွေဆက်ရေးနိုင်မည်မဟုတ်ပါ။ သူ့အတွက် အကောင်းဆုံးတွန်းအားက စာဖတ်သူတို့၏ အားပေးမှုပဲဖြစ်ပါ၏။ ချစ်စွာသောစာဖတ်သူတို့၏ နွေးထွေးသော အားပေးမှုနှင့်အတူ . . .

နောက်ဆုံးထွက်သက်ထိ . . .

ဆေးကု . . . စာသင် . . .


စာတွေရေးချင်သော . . .

# ၁

# မိုက်ကယ်ဂျယ်
# သော်တာဆွေဂျယ်
# လူနာတစ်ယောက်ဂျယ်
# ကျွန်တော်ဂျယ်

www.burmeseclassic.com

www.burmeseclassic.com






# မိုက်ကယ်ရယ်၊ သော်တာဆွေရယ်၊ လူနာတစ်ယောက်ရယ် ကျွန်တော်ရယ်

(၁)

ပထမဦးစွာ ကျွန်တော်ဆိုသော ကောင်လေးတစ်ယောက်နှင့် စာဖတ်သူကိုမိတ်ဆက်ပေးဖို့ လိုမည်ဟုထင်ပါသည်။ မိတ်ဆွေဖြစ်သွားကြသောအခါမှ ကျွန်တော့်ရင်ထဲက ပြောပြချင်သည်တို့ကို ရှင်းရှင်းလင်းလင်း ပြောပြ၍ကောင်းမည်ဟု ကျွန်တော်ယုံကြည်နေမိသောကြောင့် ဖြစ်ပါသည်။

ကျွန်တော့်ကို ရင်းနှီးသူများက "ပေါက်ကလေး" ဟု ချစ်စနိုးခေါ်ကြပါသည်။ အညာသား သူငယ်ချင်းတစ်ယောက်က "ဖိုးပေါက်" ဟု အားပါးတရအာလုပ်သံနှင့် ခေါ်တတ်သည်။ ကျွန်တော်၏အဒေါ်နှင့် အမများကမူ ကျွန်တော့်ကို "မိပေါက်" ဟုခေါ်ကြသည်။ ပြောမနာဆိုမနာ သူငယ်ချင်းများကတော့ "ငပေါက်" ဟုအားရပါးရ ခေါ်လေ့ရှိပါသည်။ ကျွန်တော့်ထက်ငယ်သူများကတော့ ရိုရိုသေသေနှင့် "ကိုပေါက်" ဟုခေါ်ပါသည်။ ဘယ်သူတွေက ဘယ်လိုခေါ်ခေါ်လေ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သောသူကမူ ကျွန်တော့်အား "မောင်" ဟုခေါ်ပါသည်။ သို့သော် ကျွန်တော့်ကို "ကိုကို" ဟုခေါ်သောသူ မရှိသေးပါ။ ဝမ်းနည်းစွာပြောရမည်ဆိုလျှင် ယခုအရွယ်အထိ ကျွန်တော့်မှာ ရည်းစားတစ်ယောက်တည်းသာ ရှိဖူးသေးသော ကြောင့်ဖြစ်ပါသည်။

ကျွန်တော့်နာမည်ကို ပြောပြပြီးသောအခါ ကျွန်တော့်အလုပ်အကိုင်ကိုလည်း ပြောပြရပါဦးမည်။ ကျွန်တော်သည် ဆရာဝန်ပေါက်စလေးတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် နာမည်နှင့်အလုပ်အကိုင်ကို ပေါင်းစပ်လိုက်လျှင် ကျွန်တော့်ကို "ဒေါက်တာပေါက်ကလေး" ဟုခေါ်ကြပါစို့။

ကျွန်တော့်၌ ငယ်ငယ်ကလေးကတည်းကပင် အလွန်စဉ်းစားတွေးတောရေးမောတတ်သော၊ လူကလေးပီပီကွေးနှင့်မလိုက်သော စာအုပ်ထူကြီးများကို လူကြီးများမသိအောင် ချောင်တစ်ချောင်၌ ကုတ်ကုတ်ကလေး ဖတ်တတ်သော ဝါသနာရှိပါသည်။

ထို့ကြောင့် ကျွန်တော်သည် စာပေဝါသနာပါသော ဒေါက်တာပေါက်ကလေးဖြစ်သည့်အကြောင်း စာဖတ်သူနှင့်ပဏာမ မိတ်ဆက်ပေးလိုပါသည်။

(၂)

စာပေဝါသနာပါသော ကျွန်တော်သည် စာပေ၏လွှမ်းမိုးမှုကို ခံရမည်ဆိုသည်မှာ ယုံမှားသံသယ ရှိကြမည်မထင်ပါ။ ယခု ကျွန်တော်၏စိတ်နေသဘောထား အတွေးအခေါ် လောကအမြင် စသည်တို့သည် ကျွန်တော်ဖတ်ရှုခဲ့ရသော စာအုပ်များနှင့် များစွာသက်ဆိုင်နေသည်ဟု ကျွန်တော်ယုံကြည်ပါသည်။

စာအုပ်တစ်အုပ်ကို ခံစားချက်နှင့်ဖတ်သည်။ ရူးစမ်းလိုစိတ်နှင့်ဖတ်သည်၊ မည်သို့ပင်ဖတ်ဖတ် စာတစ်အုပ်ကို စာတစ်ပုဒ်ကိုဖတ်ပြီးလျှင်ကား စိတ်ထဲတွင်တစ်ခုခုကျန်ရစ်အောင် ကျွန်တော်ဖတ်လေ့ရှိပါသည်။ ကျွန်တော့်၌မှတ်စု စာအုပ်လေးတစ်အုပ်ရှိပါသည်။ ကျွန်တော်ဖတ်သောစာအုပ်များထဲမှ ကျွန်တော်၏စိတ်ကို ထိခိုက်သွားစေနိုင်သော အရေးအသားများ အတွေးအခေါ်များကို



ထိုစာအုပ်လေးထဲတွင် ကျွန်တော်ကူးယူထားလေ့ရှိသည်။ ပျင်းပျင်းရှိလျှင် ထိုစာအုပ်လေးကို ခဏခဏပြန်ဖတ်၍ တွေးတောနေတတ်ပါသည်။ စာအုပ်ဖတ်ရင်းပြုံးတတ် ရယ်တတ် မဲ့တတ် ငိုတတ်သောကျွန်တော့်ကို နားမလည်သူများက အရူးဟုပြောကြမည်ဆိုလျှင် စာပေဝါသနာရှင်များကမူ ကျွန်တော့်ဘက်မှကိုယ်ချင်းစာ၍ နားလည်နိုင်ကြမည်ဟု ထင်ပါသည်။

ကျွန်တော် စတင်တွေးခေါ်တတ်ခါစက ဖတ်ရသော စာအုပ်တစ်အုပ်ထဲမှ အတွေးအခေါ်တစ်ခုကို ကျွန်တော်များစွာ သဘောကျမိပါသည်။

ထိုစကားလေးကို ကျွန်တော်တင်ပြလိုပါသည်။ ဤသည်ကိုဖတ်ရလျှင် ဤစကားသည် မည်သည့်ဝတ္ထုထဲမှ မည်သူပြောခဲ့သည့်စကားဆိုသည်ကို စာဖတ်သူများလည်း သိလိမ့်မည်ထင်ပါသည်။

"ကျုပ် ဗေဒင်ကိုမယုံဘူး . . . ဗေဒင်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့သူတွေမေးတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မယ်ဆိုတာမသိလို့ တခြားသူမေးရတာဟာ အမှန်တော့ ရှက်စရာအကောင်းဆုံး အလုပ်တစ်ခုပေါ့။ ကျုပ်ဘဝရဲ့ဗေဒင်ကို သူများမေးစရာမလိုဘူး။ ကျုပ်ဘာသာကျုပ် ဟောနိုင်တယ်။ ကျုပ်ဘာဖြစ်မယ်ဆိုတာကို ကျုပ်အရည်အချင်းနဲ့ ကြိုးစားမှုက အဆုံးအဖြတ်ပေးမှာပဲ"

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" ဝတ္ထုထဲမှ ဇာတ်လိုက်ကိုဘခက် ပြောခဲ့သောစကားဖြစ်ပါသည်။ ထိုစကားအား စာအုပ်လေးထဲတွင် သေချာစွာကူးရေးထား၍ ခဏခဏဖတ်ကာ သဘောကျရင်းကျရင်းမှ ထိုဇာတ်လိုက်ကဲ့သို့သောသဘောထားသည် ကျွန်တော့်သဘောထား ဖြစ်မှန်းမသိဖြစ်လာပါတော့သည်။

ထို့ကြောင့်လည်း ဘယ်အရပ် ဘယ်ဒေသရောက်ရောက် စုံစမ်းမေးမြန်း၍ ဗေဒင်မေးလေ့ရှိသော ကျွန်တော့်အမေနှင့်အဒေါ်များအား ကျွန်တော်၏စိတ်ထဲတွင် များစွာရယ်ချင်နေမိပါသည်။ ဟုတ်သည်လေ . . . ဘာကြောင့်များကိုယ့်အကြောင်းကို သူများသွားမေးနေရတယ် မသိပါဘူး။ သူတို့မပြောလည်းကိုယ့်အကြောင်းကိုယ် သိနေတာပဲမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



(၃)

အမျိုးသမီးတိုင်း ဗေဒင်လက္ခဏာကို ယုံကြည်ဝါသနာပါသည်လို့တော့ ကျွန်တော်မပြောလိုပါ။ သို့သော် ကျွန်တော့်ပတ်ဝန်းကျင်မှ တွေ့ရသမျှသောအမျိုးသမီးအများစုသည် ဗေဒင်ဝါသနာပါသည်ဟုတော့ ကိုယ်တွေ့မှီသိနေပါသည်။

ကျွန်တော်၏မေမေဆိုလျှင် ဗေဒင်ကိုအတော်ယုံ၏။ ကျွန်တော့်အား ဗေဒင်ဆရာဆီခေါ်သွားရန် မေမေမကြာခဏ ကြိုးပမ်းဖူးပါသည်။ ဆရာဝန်ဖြစ်လာမည့်သားအား စိတ်မချနိုင်သော အမေတစ်ယောက်၏စိတ်ထားကို နားလည်နိုင်လိမ့်မည်ထင်ပါသည်။ အမေဘယ်လောက်ပင်ခေါ်ခေါ် ကျွန်တော်ကတော့ မလိုက်ရေးချမလိုက်။

"မေမေကလည်းဗျာ ... ကိုယ့်အကြောင်းများ သူများသွားမေးရမယ်လို့" ကျွန်တော်ဘာပြောပြော အမေစိတ်မပျက်၊ ကျွန်တော်မပါလည်း အမေတစ်ယောက်တည်း ထီးကလေးဆောင်းပြီး ကျွန်တော့်ဇာတာပေရွက်ကလေးကိုင်ကာ ဗေဒင်ဆရာဆီသွားတတ်သည်။ ဗေဒင်ဆရာ၏ဟောချက်များကို စာနှင့်သေချာရေးယူလာခဲ့သည်။ ကျွန်တော့်ကိုလည်း အလွတ်ကျက်ခိုင်းလိုခိုင်း၊ ပြီးတော့ ဗေဒင်ဆရာနိုင်းလိုက်သော ယတြာများ အဆောင်များကိုလည်း ခက်ခက်ခဲခဲရှာဖွေလုပ်ကိုင်တတ်လေသည်။

တစ်ခါတုန်းက ကျွန်တော့်ကိုဟောသော ဗေဒင်ထဲမှ ကျွန်တော်မှတ်မိနေမိသည်မှာ . . .

"ဤဇာတာရှင်သည် အလွန်စန်းပွင့်သည်။ မိန်းကလေးများ ပတ်လည်ဝိုင်းနေသည်။ အနောက်တောင်ဘက်မှ အမျိုးသမီးအနှောင့်အယှက်ကို သတိထားပါ။ ဒီနှစ်အတွင်း အရှေ့မြောက်ဘက်သို့ ခရီးမသွားပါနှင့်"

အမယ်မယ် တယ်ဟုတ်တဲ့ငါ့ပါလား။ ဘဝင်တော်တော်မြင့်သွားမိလေသည်။ အမေစိတ်ပူမည်ဆိုလည်း စိတ်ပူစရာပါပဲ။ ဘာပဲဖြစ်ဖြစ်လေ အရှုံးရှိတာမှတ်လို့။ ကျွန်တော့်စိတ်ထဲ အနောက်တောင်အရပ်မှ မိန်းကလေးတစ်ယောက်ရှာပြီး အရှေ့မြောက်ဘက်ဆီ ခရီးသွားချင်လိုက်တာ မပြောပါနှင့်တော့လေ။



ကျွန်တော်၏ရည်းစားသည်လည်း မိန်းကလေးတစ်ဦးဖြစ်ပါသည်။ မိန်းကလေးတစ်ဦးမို့ ဗေဒင်ဝါသနာပါလိမ့်မည်ဆိုတာ ကျွန်တော်မပြောလည်း သိလိမ့်မည်ထင်သည်။ ကြုံတုန်းလေးအတိတ်ကံကို တစ်ခေါက်လှန်ပြီး ဇာတ်ကြောင်းပြန်ပြချင်ပါသေးသည်။

ဟိုတစ်လောတုန်းက ကျွန်တော်တို့နောက်ဆုံးနှစ်အပိုင်း(ခ)စာမေးပွဲကြီးဖြေရခါနီးဖြစ်ပါသည်။ ဒီစာမေးပွဲက ဆေးတက္ကသိုလ်ရဲ့နောက်ဆုံးနှစ် အခက်ခဲဆုံး၊ ကုသိုလ်ကံကောင်းဖို့လည်း အလိုအပ်ဆုံး၊ ဆရာဝန်တစ်ယောက်ဖြစ်ထိုက် မဖြစ်ထိုက် အဆုံးအဖြတ်ပေးမည့်စာမေးပွဲ။ နေ့မအား ညမအား စာကျက်နေရချိန်၊ ငိုချင်သလိုလို ရယ်ချင်သလိုလိုနှင့် ရူးချင်ချင်ဖြစ်ရသောအချိန်ဖြစ်ပါသည်။

အဲဒီအချိန်မှာ သူဘာပင်လို စိတ်ရှုပေါက်သည်မသိ။ အခုဖြေရမယ့်စာမေးပွဲကြီး အောင်မအောင်ကို ဗေဒင်သွားမေးချင်သည်တဲ့။ စာမေးပွဲနီးလို့စိတ်ညစ်ရတဲ့ကြားထဲ သူကလည်းတစ်မျိုး။ "ယောက်ျားတို့ဘုန်း မိုးသို့ချွန်း" ဆိုသည့်စကားအတိုင်း ကျွန်တော်ရေရေလည်လည် ဟောက်ပစ်လိုက်လေသည်။

"ဟာ မဟုတ်တာဘဲကွာ ... စာမေးပွဲအောင်မအောင်များ ဗေဒင်သွားမေးရဦးမှာလား။ ကိုယ်ကြိုးစားရင် ကိုယ်တော်ရင်အောင်မယ်၊ ကိုယ်အသုံးမကျရင်ကျမှာဘဲ။ ဒါများ ဗေဒင်မေးစရာမလိုပါဘူး။ ဘယ်သူဖြစ်ဖြစ် စဉ်းစားကြည့်လိုက်ရင် အသိသာကြီးပဲ" ထိုစကားကိုကြားသောအခါ သူမည်သို့လုပ်သည်ဟု မိတ်ဆွေထင်ပါသနည်း။

"ခုမှသိရတော့တယ် ... သူ့ကို ချစ်မှမချစ်ဘဲ၊ မချစ်လို့ အလိုမလိုက်တာပေါ့။ ဒါလေးများ ဘာပင်ပန်းတာကျနေတာပဲ၊ မှုံကြယ်များသွားဆွတ်ခိုင်းရင် ဘယ်လိုများနေမယ်မသိဘူး" ဟုဆိုကာ၊ ၂ ရက် ၂နာရီနှင့် ၂မိနစ်တိတိ ကျွန်တော့်ကိုစကားမပြောဘဲ စိတ်ကောက်ပါတော့သည်ခင်ဗျား။

အတောင်နှစ်ဆယ်ဝတ်မင်းယောက်ျားကြီးဖြစ်သော ကျွန်တော်သည် ထိုလက်နက်၏ဒဏ်ကို ကြံ့ကြံ့မခံနိုင်ခဲ့တာ အမှန်ပါပဲ။ ခုနေတုန်းတော့ ဒင်းလုပ်ထားဦးပေါ့။ မရခင်တော့ ဖျာလိပ်လိပ်ပြီး ထိပ်ပေါ်တင်ရမယ်လို့ ဘိုးဘေးဘီဘင်

www.burmeseclassic.com

www.burmeseclassic.com



အဆက်ဆက်က မှာခဲ့သေးတာပဲဟု စိတ်ကိုဖြေလိုက်ကာ အမေ့တုန်းကတင်းနိုင်သူ ကျွန်တော်တစ်ယောက် စက်ဘီးနောက်မှာ သူ့ကိုတင်ပြီး မန္တလေးအနေါ်အပြ(၂၀)လောက်ကို လျှာထွက်အောင်နင်း၍ နာမည်ကြီး ကိုရွှေဗေဒင်ဆရာထံမှောက် အရောက်ပို့ရပါတော့သည်။

ကြုံကြိုက်တုန်းမို့သာ ပြောရပါသည်။ ရှက်တော့လည်း အရှက်သား။ သူများတွေသိကုန်မှာလည်း စိုးရသေးသည်။ ထို့ကြောင့်စာဖတ်သူအား ဤအကြောင်းတွေ သူများကိုလျှောက်မပြောဖို့ ကြိုတင်၍တောင်းပန်အပ်ပါသည်။

မထူးပါဘူးလေ ပြောလက်စနှင့် ဆက်ပြောရတော့မည်။ စလေအညာက ကိုရွှေဗေဒင်ဆရာ ဘာဟောသည်ထင်ပါသနည်း။ စာကြိုးစားဖို့ အထူးလိုသည်။ အနှောင့်အယှက်တွေရှိနေသည်။ ဒါကြောင့်ယတြာချေရမည်။ စာမေးပွဲခန်းထဲသို့ဝင်တိုင်း အကျီတွင်အရွက်တစ်မျိုး(အခုတော့လည်း ပြီးပြီးရောထုံးစံအတိုင်း နာမည်တော့မေ့သွားပြီ)ကိုတွယ်၍ဖြေမှ အနှောင့်အယှက်က ကင်းဝေးမည်ဟုဆိုသည်။

စာကျက်ဖို့အချိန် မရှိရတဲ့ထဲမှာ ရှာရခက်မည့် အရွက်ကိုမှညွှန်းသော ဗေဒင်ဆရာအား ရိုက်ချင်စိတ်ပေါ်လာသည်။ ဒါပေမဲ့တတ်နိုင်ပါဖူးလေ။ သမိုင်းပေးတာဝန်ဆိုတော့လည်း ရှောင်လွှဲနေလို့မှမရတာဘဲ။ ဆရာကြီးရွှေဥဒေါင်း၏ စုံထောက်ဦးစံရှားဝတ္ထုများဖတ်ထားသူ၊ ကာတွန်းအောင်ရှိန်၏ စုံထောက်ကြီးဦးရှုံးစားကာတွန်းများဖတ်ထားသူ ကျွန်တော့်အဖို့ ဒီအရွက်လောက်များတော့ အပျော့ပဲ၊ မန်းမြေအနှံ့ခြေဆန့်ကာ ယတြာချေသောသစ်ရွက်အား ရှာဖွေရပါတော့သည်။

အတိုချုပ်လိုက်လျှင် .. ယတြာတန်ခိုးတော်ကြောင့် ကျွန်တော်တို့နှစ်ယောက်လုံး စာမေးပွဲအောင်ခဲ့သည်ဟုပဲ ဆိုပါတော့လေ။ စာမေးပွဲအောင်၍အမေ့ဆီပြန်သောအခါတွင် အမေပြောသောစကားကြောင့် ကျွန်တော်ပြုံးမိလေသည်။ "သားစာမေးပွဲအောင်ဖို့ အမေဗေဒင်ကြိုမေးပြီး အပင်ပန်းခံ ယတြာချေထားတယ်လေ" ဟု ဝမ်းသာအားရနှင့်အမေကပြောတော့ ကျွန်တော်မပြုံးမိရင်



ကျွန်တော်က ဘာကောင်မို့လို့ပါလဲခင်ဗျာ။

(၄)

ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်ကတော့ "ဆရာဝန်ပေါက်စလေးတစ်ယောက်" ဖြစ်လာပြီ။ ကျွန်တော်ဆရာဝန်ဖြစ်ပြီ အမေရေဟု ရင်ကော့ပြီး အမေ့ဆီပြန်လာခဲ့ရသည်။ ဆရာဝန်ဘွဲ့ကြီးကိုပိုက်ပြီး ဘွဲ့ရအလုပ်လက်မဲ့ ဆရာဝန်လေးတစ်ယောက်လုပ်နေလို့တော့ မဖြစ်သေးပါဘူး။ ကျွန်တော်အလွန်အားကျကြည်ညိုသောနလုံးလှဆရာဝန်ကြီးများဖြစ်သည့် ဒေါက်တာနော်မန်ဗက်သွန်းတို့၊ ဒေါက်တာအဲလ်ဘတ်ရှိုက်ဇာတို့လမ်းကို လိုက်ရမလား။ ဟုတ်ပြီ ဒီလမ်းကိုလိုက်မယ်။ ဒီတော့သူတို့လိုပဲ ငယ်ငယ်တုန်းတော့ အေးအေးဆေးဆေးနေပြီး အသက်ကြီးမှပဲ ကိုယ်ကျိုးစွန့်ပြီး ဆရာဝန်အလွန်လိုအပ်နေသော တရုတ်ပြည်တို့၊ အာဖရိကတောနက်ထဲတို့ကို သွားတော့မယ်။

လောလောဆယ်တော့ ဆရာဝန်ဖြစ်သည်အထိ(၁၇)နှစ်တိတိ ငွေကုန်ကြေးကျများပြားစွာ ပညာသင်ပေးခဲ့ပြီး၍ နွမ်းလျနေပြီဖြစ်သော မိဘနှစ်ပါးကိုကျေးဇူးဆပ်ရန်အတွက် နောင်တော့်နောင်တော်တို့၏လမ်းစဉ်ကို စိတ်ထဲအတွေးထဲမှ မလိုက်ချင်ပါဘဲလျက် လက်တွေ့မှာတော့လိုက်ရကာ ဆေးခန်းငယ်လေးတစ်ခုကို ဖွင့်ရပါတော့သည်။ ဤသို့ဖြင့် "ဒေါက်တာပေါက်ကလေး" ၏ဆေးခန်းပိစိကလေးတစ်ခုသည် ကျွန်တော်တို့မြို့သေးသေးလေး၏ များပြားလှစွာသော ကွမ်းယာဆိုင် ဆံပင်ညှပ်ဆိုင်များနှင့်အပြိုင် လမ်းထောင့်တိုင်းတွင်တည်ရှိနေသော ဆေးခန်းများကြားတွင် မထင်မရှား ပေါ်ထွက်လာခဲ့လေသည်။

ပျော်စရာလား စိတ်ညစ်စရာလားတော့မသိ၊ ဒေါက်တာပေါက်ကလေးရဲ့ဆေးခန်းမှာတော့ အမြဲတစေလူရှင်းနေတာ အမှန်ပါပဲ။ ဆေးရုံတို့ ဆေးခန်းတို့ဆိုတာ လူစည်ကားအပ်တဲ့နေရာ မဟုတ်ပါဘူးလေဟု စိတ်ကိုဖြေနေရသည်။ ကောင်းတာတစ်ချက်ကလည်း ရှိပါသေးသည်။ ခုမှပဲ ဆေးကျောင်းသားကာလဆေးစာအုပ်ကြီးတွေကြားထဲမှာ မြှုပ်နှံထားရသော ကျွန်တော့်မျက်လုံးအစုံကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဝါသနာပါလှသော စာပေထဲမှာ အေးဆေးစွာ နစ်မြုပ်နိုင်တော့သည် မဟုတ်ပါလား။

စာပေအကြောင်းပြောလျှင် ကျွန်တော်အကြိုက်နှစ်သက်ဆုံး စာရေးဆရာအကြောင်းလည်း ပြောရပါဦးမည်။ သူကား ဆရာသော်တာဆွေပါတည်း။ ဆရာ့စာတွေကိုဖတ်၍ ရယ်မောပျော်ရွှင်ခဲ့ရသလို အတွေးနက်နက်တွေးကာ ဘဝ၏အမှန်တရားများကို ရှာတတ်စေခဲ့ပါသည်။ ဆရာသော်တာဆွေ၏အကြောင်း ပြောနေခြင်းမှာ ကျွန်တော်ယခု ပြောပြချင်သည့်အကြောင်းနှင့် ဆရာသော်တာဆွေ၏စာတစ်ပုဒ်နှင့် များစွာသက်ဆိုင်နေသောကြောင့် ဖြစ်ပါသည်။

ဆေးခန်းလူမလာတော့လည်း ဘာအရေးစိုက်ရမှာလဲ။ လူနာစမ်းသပ်တဲ့ခုတင်ကြီးအားနေတော့ အဲဒီခုတင်ပေါ်တက်အိပ်ပြီး အားပါးတရ စာအုပ်တွေဖတ်ပစ်လိုက်မှာပေါ့။ ဒါနဲ့ပဲဟိုတစ်နေ့က စာအုပ်ဆိုင်ကိုသွား စာအုပ်တွေကိုမွှေနှောက်၊ ဆရာသော်တာဆွေဝတ္ထုပါတဲ့ မဂ္ဂဇင်းတွေအားလုံး ငှားခဲ့လေသည်။ ဆရာဝန်ကလေးဆိုပြီး အထင်တော့မကြီးလိုက်ပါနဲ့။ မဂ္ဂဇင်းအဟောင်းတွေကို တစ်အုပ်ကိုငါးမူးစီ ပေးပြီးငှားနိုင်တဲ့ ဒေါက်တာလေးပါခင်ဗျာ။

အဲဒီနေ့က မှတ်မှတ်ရရ ဗေဒင်လက္ခဏာနဲ့ပတ်သက်တဲ့ ဆရာသော်တာဆွေရဲ့ ငယ်မူပြန်ဝတ္ထုလေးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ၁၉၈၅ခု ဧပြီလထုတ် ချယ်ရီမဂ္ဂဇင်းထဲက "မိုက်ကယ်ရယ်၊ သန်းဆွေရယ်၊ ခိုင်ရယ်၊ ကျွန်တော်ရယ်" ဆိုတဲ့ ဝတ္ထုလေးဖြစ်ပါသည်။ အဲဒီဝတ္ထုထဲက ဗေဒင်ဆရာမိုက်ကယ်၏ ပညာစွမ်းကို အံ့ဩချီးမွမ်းမိလေသည်။

ထိုဝတ္ထုထဲမှာပါသော အချက်များထဲက ကျွန်တော်ပြောချင်သည့်အကြောင်းနှင့် တိုက်ရိုက်ပတ်သက်သော ဗေဒင်ဟောချက်တစ်ချက်တည်းကိုသာ တင်ပြလိုပါသည်။ ဆရာမိုက်ကယ်က စာရေးဆရာသန်းဆွေကို ဒီလူဟာ နှစ်မကူးခင်သေမှာပဲဟု အတတ်ဟောပြောခဲ့သည်။ ဘယ်သူမှမယုံချင်သော်လည်း ထိုနှစ်နှစ်မကူးခင်မှာ ဆရာသန်းဆွေရေနစ်ပြီးတကယ့်ကိုသေသွားခဲ့လေသည်။

ထိုဝတ္ထုကိုဖတ်ပြီး အတွေးနယ်ချဲ့မိရင်းမှ ဗေဒင်လက္ခဏာကို မယုံကြည်ချင်သော ကျွန်တော်တစ်ယောက်တော့ဖြင့် အလွန်လေးစားသော ဆရာသော်တာဆွေ၏ ကိုယ်တွေ့ဝတ္ထုထဲမှ ဆရာမိုက်ကယ်၏ဗေဒင်ပညာရပ်ကို မယုံနိုင်လောက်အောင် အံ့ဩမိလေသည်။





## (၅)

တွေးရင်းငေးရင်း မိုးချုပ်လာလေပြီ။ ဆေးခန်းပိတ်တော့မှပဲ၊ လူနာတစ်ယောက်မှမလာသေးဘဲ ဆေးခန်းပိတ်ရမှာ ကိုယ့်လိပ်ပြာကိုယ် ရှက်မိလိုက်ပါဘိ။ တတ်နိုင်ပါဘူးလေ ကျောင်းမှာနောက်ကြပြောင်ကြတုန်းကလို ငါတို့တွေ ဆေးဇန်းလေးခေါင်းမှာရွက်ပြီး "ဟောဒီက ဆရာဝန်ပါဗျို့ . . . ဆေးထိုးကြဦးမလား။ အားဆေးကောင်းကောင်းတွေပါတယ်၊ တစ်ခါထိုးမှ တစ်မတ်တည်းရယ်" လို့မအော်ရသေးတာ ဝမ်းသာရမယ်လို့ ရသေ့စိတ်ဖြေတွေးနေမိစဉ် လူရိပ်နှစ်ခု ဆေးခန်းတံခါးဝသို့ ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းမြောက်ဖွယ်ရာ တကယ့်လူနာပါလား။ တစ္ဆေခြောက်တာ မဟုတ်ပါဘူးဟုဆိုကာ သေချာမှ ကျောင်းတုန်းကမသင်ခဲ့ရပေမယ့် ကိုယ့်ဘာသာလေ့လာထားသော ဦးနု၏ "လူပေါ်လူဇော်လုပ်နည်း" စာအုပ်ထဲကအတိုင်း ပြုံးရွှင်စွာကြိုဆိုလိုက်လေသည်။ နေရာထိုင်ခင်းပေးပြီးသည်နှင့် ခုံတောက်ကြီးရှားလော့ဟုမ်းစတိုင်နှင့် လူနာကို အကဲခတ်လိုက်လေသည်။

ဒီနှစ်ယောက်ထဲကမှ လုပ်သွက်လက်တဲ့ မိန်းမပျိုလေးကတော့ လူနာဟုတ်မယ်မထင် . . . မိုးရွာခါနီး အုံ့ဆိုင်းနေတဲ့ကောင်းကင်လို အသက်နဲ့စာရင် အိုမင်းနေပုံရတဲ့ သောကမျက်နှာပိုင်ရှင် အဘိုးကြီးဟာ လူနာဖြစ်ရမယ်။

"ကဲ အဘ . . . ဘာဖြစ်သလဲခင်ဗျာ၊ ကျွန်တော့်ကိုပြောပြပါဦး"

အဘိုးကြီးက ကျွန်တော်မေးတာကို သူမေးတယ်လို့မှ အောက်မေ့ရဲ့လားမသိ တွေတွေကြီးငေးနေလေသည်။ ထိုအခါမိန်းကလေးက "ဆရာ ဒါကျွန်မအဖေပါ။ အဖေသိပ်နေမကောင်းလို့ ဆရာ့ဆီခေါ်လာတာပါ"

"ဪ ဟုတ်လား . . . ဘယ်လိုနေမကောင်းတာလဲ၊ အနာသိရင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရှိရမှာပေါ့ဗျာ၊ ကျွန်တော့်ကို သေချာပြောပြပါဦး။ ရောဂါကိုသေချာသိရမှ ဆရာဝန်ဟာ အနာနဲ့ဆေးတည့်အောင် ပေးနိုင်မှာဖြစ်ပါတယ်"

"ဆရာရေ ဒီလိုပါရှင်... ဧပြီလထုတ် ချယ်ရီမဂ္ဂဇင်းထဲမှာပါတဲ့ သော်တာဆွေရဲ့ဝတ္ထုကို ဖတ်ရပြီးကတည်းက ဒီလိုဖြစ်ပြီးဖြစ်တာပါပဲ"

"ဗျာ... ဘယ်လို... ဘယ်လို"

ကျွန်တော်များစွာအံ့ဩမိ၍ စိတ်ဝင်စားလာလေသည်။ ခုနတင်လေးကပဲ ကျွန်တော်ဒီဝတ္ထုကိုဖတ်ပြီး တွေးနေမိတာမဟုတ်လား။ သို့သော် သေချာအောင်မေးလိုက်လေသည်။ ခုနက စားပွဲပေါ်ချထားလိုက်သော ချယ်ရီမဂ္ဂဇင်းထဲက ဝတ္ထုကိုပြလိုက်ကာ...

"ဒီဝတ္ထုလားဗျာ... တိုက်တိုက်ဆိုင်ဆိုင် အခုပဲ ကျွန်တော်ဖတ်ပြီးသွားလို့ ဒီဝတ္ထုအကြောင်း တွေးနေတာဗျာ"

"ဟုတ်တာပေါ့ရှင်... အဲဒီဝတ္ထုပေါ့၊ ဒီဝတ္ထုကြောင့် အဖေဒီလိုဖြစ်ရတာ" တစ်ခဏအချိန်အတွင်းမှာပင် ကျွန်တော်သည် စာပေဝါသနာပါသူပီပီ စိတ်ဝင်စားဖွယ်ရာ ဆက်စပ်တွေးတောလိုက်လေသည်။ ဟာ ကြည့်ရတာ... ဒီအဘိုးကြီး ဆရာသော်တာဆွေတို့နဲ့ ရွယ်တူပဲ။ သူ့ဝတ္ထုထဲက ခိုင်ဆိုတာနဲ့များ ဘယ်လိုပတ်သက်နေပါလိမ့်။ မဟုတ်မှလွဲရော ခိုင့်ရဲ့ပန်းဦးကိုခူးသွားတဲ့ ငယ်ရည်းစားကြီးလားမသိဘူး။

ဖတ်လမ်းကတော့ စိတ်ဝင်စားစရာကောင်းလာပြီ။ "ကဲ ညီမလေး ဆရာတော့သိပ်စိတ်ဝင်စားနေပြီ၊ ဆရာ့ကိုနားလည်အောင် သေချာရှင်းပြပါဦး"

"ဒီလိုပါဆရာ... ကျွန်မအဖေဟာ ဒီလဆန်းကပဲ အသက် "၆၉နှစ်" ပြည့်ခဲ့တာပါ။ အရင်က ကျန်းကျန်းမာမာပါပဲ။ လွန်ခဲ့တဲ့ ၂လလောက်ကမှ ဒီဝတ္ထုပါတဲ့မဂ္ဂဇင်းကို ဖတ်မိပြီးကတည်းက ဒီရောဂါစပြီးရတော့တာပါ"

ထိုစဉ်မှာ အဘိုးကြီးသည် ကျွန်တော်တို့စကားပြောနေသည်ကို စိတ်ဝင်စားပုံမပေါ်ဘဲ စားပွဲပေါ်ချထားသော ထိုဝတ္ထုပါသည့် ချယ်ရီမဂ္ဂဇင်းကို မျက်မှောင်ကြီးကုတ်ကာ စူးစိုက်ကြည့်နေလေသည်။



"ဒီဝတ္ထုကြောင့် ဘယ်လိုဖြစ်ရတာလဲဗျာ"

"ဩော်... ဟုတ်သားပဲလေ၊ သေချာမသိသေးတော့ ဆရာအံ့ဩနေမှာပေါ့။ အစကစပြီး ပြောပြပါ့မယ်ရှင်။ ဒီလိုပါ... ကျွန်မဖေဖေ ငယ်ငယ်တုန်းက သိပ်ခင်တဲ့ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ အဲဒီတုန်းက သူတို့နှစ်ယောက်လုံး ဆင်းဆင်းရဲရဲ ပေပေတေတေနေခဲ့ကြတယ်။ တစ်နေ့ကျတော့ သူတို့နှစ်ယောက်ဟာ ဟိုဝတ္ထုထဲမှာပါတဲ့ ဗေဒင်ဆရာမိုက်ကယ်နဲ့ ခင်မိကြတယ်။ ဟိုဝတ္ထုထဲကလိုပဲ ဆရာမိုက်ကယ်ဟာ ခင်ပြီးမကြာခင်မှာဘဲ သူတို့နှစ်ယောက်လုံးကို ဗေဒင်ဟောပါလေရောရှင်...

သူဟောခဲ့တာ သူတို့နှစ်ယောက်အတွက် တစ်ယောက်တစ်ချက်စီတည်းပဲ၊ အဖေ့သူငယ်ချင်းကို "ခင်ဗျားဟာ အခုသာဆင်းရဲနေတယ်။ ဒါပေမဲ့ မကြာခင်မှာဘဲ ဘယ်လိုမှလည်း ပင်ပင်ပန်းပန်း မလုပ်ရပါဘဲနဲ့ ကျိုကျိုတက်ချမ်းသာလာလိမ့်မယ်လို့ ဟောလိုက်တယ်"

အဖေ့ကိုတော့ ထူးထူးဆန်းဆန်း ဟိုဝတ္ထုထဲမှာ ဆရာသန်းဆွေကို ဟောခဲ့သလိုပဲ "ခင်ဗျားဟာ အသက်(၇၀)မှာသေမှာပဲ" ဆိုတဲ့ စကားတစ်ခွန်းတည်းပြောခဲ့တယ်လေ။ အဲဒီတုန်းကတော့ အဖေရော သူ့သူငယ်ချင်းရော ရယ်နေလိုက်တာပဲ၊ ဟောတာကလည်း အရက်ဝိုင်းမှာကိုး။ သူတို့နှစ်ယောက်လုံး မယုံကြဘူး။ အလကားလျှောက်ပြောတယ်ပဲ အောက်မေ့ကြတာပေါ့။

ဒီလိုနဲ့ သူတို့(၃)ယောက်လုံး ကွဲသွားကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘယ်ရောက်လို့ရောက်မှန်းလဲ မသိကြဘူးပေါ့။ အရင်(၄)လလောက်တုန်းက အဖေ ရန်ကုန်ကိုရောက်သွားတယ်။ ဗိုလ်ချုပ်ဈေးထဲလျှောက်ရင်း မမျှော်လင့်ဘဲ သူနဲ့ကွဲသွားတဲ့ သူငယ်ချင်းကိုသွားတွေ့တယ်။ မတွေ့တာနှစ်ပေါင်းများစွာ ကြာပြီဆိုတော့ သူတို့သိပ်ဝမ်းသာကြတာပေါ့။ ဒါနဲ့ဟိုတယ်တစ်ခုသွားပြီး စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြတယ်၊

ဒီအခါ ဖေဖေ့သူငယ်ချင်းက သူ့အကြောင်းပြောပြတယ်၊ သူ အဖေနဲ့ ကွဲသွားပြီး ဟိုလိုလို ဒီလိုလိုနဲ့ မိုးကုတ်ဘက်ရောက်သွားတယ်။ အဲဒီမှာမမျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်ဘဲ ကဲ့ရွပ်ပြီး ကျောက်အောင်သွားတယ်။ ဒါနဲ့အဲဒီကစပြီး သူ သူဌေးဖြစ်သွားတယ်တဲ့လေ။ အခုဆိုရင် တကယ့်ကိုချမ်းသာတဲ့ သူဌေးကြီးဖြစ်နေပြီတဲ့။

အဲဒီမှာ သူတို့နှစ်ယောက် ဆရာမိုက်ကယ်ပြောထားတဲ့ ပေဒင်တော့ မှန်နေပြီဆိုတာ လက်ခံလိုက်ရတယ်။ အဲဒီရန်ကုန်ကပြန်လာပြီး ဖေဖေမျက်နှာသိပ်မကောင်းမှန်းတော့ ရိပ်မိတယ်။ ဒါပေမဲ့ ဘာမှန်းမသိကြဘူးပေ့ါ။ ဖေဖေကလည်း ပေဒင်ကိုသိပ်ယုံတာမဟုတ်တော့ ဒီလိုပဲစွပ်ရှုပ်ပြီး မှန်သွားတာနဲ့ တူပါတယ်ဆိုပြီး သူ့စိတ်သူဖြေနိုင်ပါတယ်။

ဒီလိုနဲ့နေလာတာ ဟိုတစ်လောက ချယ်ရီမဂ္ဂဇင်းကို ကျွန်မတို့ဘွားဖတ်ကြတယ်။ ကျွန်မတို့ဖတ်ပြီးချထားတုန်း အဖေကပျင်းပျင်းနဲ့ ကောက်ဖတ်လိုက်မိတယ်။ အဲဒီထဲက သော်တာဆွေရဲ့ဝတ္ထုကိုဖတ်ပြီး အဖေဟာ သိသိသာသာမျက်နှာပျက်လာတယ်။

ညညဆိုရင်လည်း ကောင်းကောင်းမအိပ်ဘူး။ ထမင်းလည်းကောင်းကောင်းမစားဘူး။ သူ့မှာဒီအရွယ်အထိ ဘာရောဂါမှလည်း ထွေထွေထူးထူးရှိတာမဟုတ်တော့ ကျွန်မတို့လည်း အတော်စဉ်းစားရကျပ်နေတာပေ့ါ။ ရုတ်တရက်ပြုန်းစားကြီး ဖြစ်လာတာမဟုတ်လား။ အိမ်မှာကျွန်မက အကြီးဆုံးသမီး။ အဖေကအသက်ကြီးမှ အိမ်ထောင်ကျတော့ အခုသားအငယ်တွေက ကျောင်းနေကြတုန်း။ သားတွေကလည်း မလိမ်မာကြတော့ အဖေကသားသမီးတွေကို စိတ်မချဘူး။ သံယောဇဉ်သိပ်ကြီးတာပဲ . . .

အဖေကတော့ ဒီနှစ်အတွင်းသေတော့မှာ သားသမီးတွေကို စိတ်မချဘူးလို့ပြောလိုပြော။ သူသေရင် ဘယ်သူကဘယ်လိုနဲ့ အမွေတွေ ခုကတည်းကခွဲပေးလိုပေးနဲ့။ ဒီလိုတွေပြောလွန်းတော့ ကျွန်မတို့က အတင်းဝိုင်းပြီးမေးကြတာပေ့ါ။ အတန်တန်မေးမှ ဒီအဖြစ်မှန်တွေကို သူပြောပြတယ်။

ခက်ပါတယ် ဆရာရယ် ပေဒင်ဆိုတာကို ကျွန်မတို့ယုံပါတယ်။ ဒါပေမဲ့ ဒီလောက်မှန်ပြီး မသိသင့်တာကြီး ကြိုသိနေတော့ ဘာများအကျိုးရှိမှာမို့လဲ မသိဘူး။ ကိုယ့်သေနေ့ကို ကိုယ်ကြိုသိနေတယ် ဆိုတာမျိုးဟာ ထောင်ထဲမှာကြီးပေး



သတ်ခံရမယ့် အကျဉ်းသားမျိုးမှာမှ ရှိကြတာမျိုးမဟုတ်လား။ ဆရာသော်တာဆွေကိုလည်း သွားပြီးရန်တွေ့ချင်လိုက်တာ အရမ်းပဲ။ ဆရာစဉ်းစားကြည့် . . . မိုက်ကယ်ဟာ ကျွန်မအဖေအပြင်ကို တခြားလူဘယ်နှယောက်လောက်ကိုများ သေမယ့်ရက်တွေကို ပြောခဲ့သေးလဲမသိပါဘူး။ အဲဒီလူတွေက မယုံဘူးဆိုရင်အကြောင်းမဟုတ်ဘူး။ ဒီလိုဆရာသော်တာဆွေရေးတဲ့ ဝတ္ထုကိုဖတ်ပြီး ကျွန်မအဖေလိုဖြစ်ကုန်ရင် မခက်ပါလားရှင်။

ဟိုတစ်နေ့ကပဲ ညွှဲ့သည်တစ်ယောက် အိမ်လာလည်ရင်း အဖေ့မျက်နှာကိုမြင်တာနဲ့၊ ဟော ခင်ဗျားဘာဖြစ်နေတာလဲ။ ခင်ဗျားမျက်နှာကလည်းဗျာ အေးစက်စက်နဲ့ တစ်မျိုးကြီးပါပဲလားလို့ပြောသွားတာနဲ့ အဖေ့မှာတုန်လှုပ်လိုက်တာလေ။ ဟိုဝတ္ထုထဲမှာ သန်းဆွေသေခါနီး ကာတွန်းဦးဖေသိန်း မြင်လိုက်ရတဲ့မျက်နှာက လူသေမျက်နှာလို အေးစက်စက်ကြီးလို့ ရေးထားတာမဟုတ်လား။

ကဲ အဲဒါ ဆရာအကြံပေးစမ်းပါဦးရှင် . . . ကျွန်မတို့လည်း မကြံတတ်တော့ဘူး။ အဖေကလည်း အိမ်ပြင်ထွက်ရင်တောင် ကားတိုက်မှာစိုးလို့ မထွက်ရဲဘူး။ အခုတောင်အတင်းဆွဲခေါ်လာတာ။ အနီးဆုံးဖြစ်တဲ့ ဆရာ့ဆေးခန်းကိုလာပြပြီး အကူအညီတောင်းရတာပါပဲရှင်"

ဤသို့သော စိတ်ဝင်စားဖွယ် ရှည်လျားလှသောစကားကို ဆက်တိုက်ပြောလိုက်ပြီး မိန်းကလေးသည် ကျွန်တော့်အား အားကိုးသောမျက်လုံးများဖြင့်ကြည့်နေလေသည်။ ကျွန်တော် အတော်အကျပ်တွေ့သွားလေသည်။ ကျွန်တော့်လိုဆရာဝန်ပေါက်စလေးတစ်ယောက်အတွက် ဒီရောဂါပြသူနာဟာ နူးညံ့သိမ်မွေ့စွာ ခက်ခဲလွန်းနေတာအမှန်ပါပဲ။

ကဲ . . . ပေဒင်ကိုမယုံချင်တဲ့ စာပေပဝါသနာရှင်လေး ဒေါက်တာပေါက်ပေါက်ရယ် ပေဒင်ဆရာမိုက်ကယ်ရယ် စာရေးဆရာသော်တာဆွေရယ် ဆေးကုရမယ့်လူနာတစ်ယောက်ရယ် ပေဒင်နဲ့ပတ်သက်နေတဲ့ ရောဂါတစ်ခုရယ်ဟာ အပြန်ပြန်အလှန်လှန် ပတ်သက်လာပြီဖြစ်ပါတယ်။

စာဖတ်သူသာ ကျွန်တော့်နေရာမှာဆိုရင် ဒီအဘိုးကြီးကို ဘယ်လိုပြော

www.burmeseclassic.com

www.burmeseclassic.com



မလဲဗျာ။ ဖေဒင်ဆိုတာ အလကားပါ။ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့သူတွေမေးတာပဲ။ ကိုယ့်ဘဝရဲ့ဖေဒင်ကို ကိုယ့်အရည်အချင်းနဲ့ ကြိုးစားမှုကိုကြည့်ပြီး ကိုယ့်ဘာသာဟောနိုင်တယ်လို့ အရင်တုန်းကကျွန်တော် သူများတွေကိုပြောသလို အခုရောပြောလို့ဖြစ်နိုင်ပါ့မလား။

ဒါ့မဟုတ်…ဒီမှာအဘရယ် ဗေဒင်ဆိုတာရှိရင် ယတြာဆိုတာလည်း ရှိရမှာပဲ။ ဒီတော့ ဆရာမိုက်ကယ်ဆီက ယတြာလေးဘာလေး တောင်းကြည့်ပါလားလို့ ကျွန်တော်ပြောပြရင်ကော။

(၆)

ဆရာဝန်လေး မောင်ပေါက်ပေါက် တစ်ယောက်တော့ဖြင့် ဆေးခန်းကိုရှားရှားပါးပါးလူနာတစ်ယောက် ရောက်လာတာတောင် မပျော်နိုင်ဘူးဖြစ်နေပါတယ်။ လူနာရဲ့ရောဂါကိုရော၊ ရောဂါဖြစ်ရတဲ့ အကြောင်းရင်းဇာစ်မြစ်ကိုရော သေချာသိရပါလျက်နဲ့ ဘယ်လိုကုသရမယ်ဆိုတာ စဉ်းစားရင်း ဦးနှောက်ထဲမှာ ချာချာလည်နေပါတယ်။

"အနာသိရင် ဆေးရှိရမယ်" ဆိုတဲ့ဆိုရိုးရှိတာမို့ ဒီလူနာအတွက်လည်း ဆေးတစ်ဖုံတော့ ရှိကိုရှိရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့်ဒီဆေးကို ကျွန်တော်အပူတပြင်း ရှာဖွေနေပါတယ်။

ဒီတော့ "ကျွန်တော်ရယ် ကျွန်တော့်လူနာတစ်ယောက်ရယ်အတွက် တတ်နိုင်လျှင် တစ်ခုခုကူညီပါရန် လေးစားစွာတောင်းပန်အပ်ပါသည် ဆရာမိုက်ကယ်နှင့် ဦးသော်တာဆွေတို့ခင်ဗျား…"

## ချစ်စွာသောစာဖတ်သူ

ကျွန်တော် ဆရာဝန်ပေါက်စဘဝက ထူးဆန်းသောလူနာတစ်ဦးနှင့် ဆုံခဲ့ရ၏။ ဆေးခန်းမှအပြန်တွင် ဝေခွဲမရသောအတွေးများဖြင့် အိပ်မပျော်နိုင်ရာမှ ဤဝတ္ထုကလေးကို ညလုံးပေါက်ရေးခဲ့မိ၏။ ဤဝတ္ထုစာမူလေး ကျွန်တော့်



သံသေတ္တာထဲတွင် ရှိနေသည်မှာ(၁၈)နှစ်တိတိကြာညောင်းခဲ့ကာ စာရွက်များပင် ဝါကြင်နေပြီ။ အချိန်တွေ ဤမျှကြာညောင်းခဲ့သော်လည်း ဘဝတစ်ကွေ့၌ တစ်ခဏသာ ဆုံတွေ့ခဲ့ရသော လူနာ၏အသွင်သည် ယနေ့တိုင် ကျွန်တော့်စိတ်အစဉ်တွင် စွဲထင်နေဆဲပင်။ မကြာမီက ကျွန်တော်နှင့်အစ်ကိုသဖွယ် ရင်းနှီးခင်မင်သော ဒေါက်တာခင်ဇော်လွင်(သုခချမ်းသာမဂ္ဂဇင်းအယ်ဒီတာ)နှင့် ရှေးဟောင်းနှောင်းဖြစ်များပြောကြရင်း ကျွန်တော်ဆုံခဲ့ဖူးသည့် ထူးဆန်းသောလူနာတစ်ဦးအကြောင်းကို သူ့အားရင်ဖွင့်ဖြစ်ခဲ့၏။ ဤသို့ဖြင့် မမျှော်လင့်မထင်မှတ်ပါဘဲနှင့် ကျွန်တော့်သံသေတ္တာလေးထဲ သိမ်းဆည်းထားခဲ့သော ကျွန်တော့်ရင်ထဲ ယနေ့တိုင်ပဟေဠိဖြစ်ဆဲ ဇာတ်လမ်းပုတ္တလေးတစ်ပုဒ်သည် ယခု စာဖတ်သူ၏ရှေ့သို့ ရောက်ရှိလာခဲ့ပြီ။ ဤလူနာနှင့်သင့်လျော်မည့် ဆေးတစ်ဖုံကို သင်ရောစဉ်းစားမိပါ၏လော။ ကျွန်တော်သည် ဤလူနာနှင့်တွေ့ပြီး မည်သို့ဆေးကုရမည်ကို စဉ်းစားနေဆဲမှာပင် ခရီးထွက်ခဲ့ရ၏။ မြန်မာပြည်တစ်နံတစ်လျား လှည့်လည်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းဆရာဝန်တစ်ဦးဖြစ်ခဲ့ရ၏။ ကျွန်တော့်လူနာ၏ကံကြမ္မာသည် မည်သို့မည်ပုံ ဖန်ခဲ့ပါသနည်း။ ကျွန်တော်သိလိုလှပါ၏။ တိုင်းကျော်ပြည်ကျော် သွေးထွက်အောင်မှန်ကန်သည်ဟု နာမည်ကြီးလှသော ဆရာမိုက်ကယ်၏ဗေဒင်သည် ယခုတစ်ကြိမ်တွင်ရော တကယ်မှန်ကန်ပါ၏လော။ သို့မဟုတ် လူနာရှင်မိသားစုသည် အစွမ်းထက်လှသော ယတြာတစ်ခုခုကိုများ ကံကောင်းထောက်မစွာ အချိန်မီရှာဖွေတွေ့ရှိ၍ လူနာသည် သေတွင်းမှလွတ်ကင်းခဲ့ပါသလော။ အကယ်၍ လူနာရှင်မိသားစုသည် ဤဝတ္ထုကိုဖတ်မိသည်ရှိသော် စာဖတ်သူများလည်း သိလိုလှမည်ဖြစ်သော ပုစ္ဆာအဖြေကို အောက်ပါလိပ်စာအတိုင်း ကျေးဇူးပြု၍ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါက်တာစိုးလွင်

သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊

ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com




ခွဲခွာရ၍ သူတို့ဝန်မလေးကြတော့ပါပြီ ခွဲခွာခြင်း
ဟူသည် ပြန်လည်တွေ့ဆုံခြင်းအစလည်းဖြစ်သောကြောင့်
ပါလေ။ သူတို့နှစ်ဦး၏စိတ်ထဲတွင် မျှော်မှန်းသည့်နေ့
ညနေလေးမှာပဲ သူတို့သုံးယောက်မှာနားကြပ်ကိုယ်စီ
ကိုင်ဆောင်၍ သည်နေရာလေးမှာ . . .

## ၂

# နားကြပ် ကိုယ်စီ သစ္စာတိုင်

www.burmeseclassic.com

www.burmeseclassic.com






## နားကြပ်ကိုယ်စီ သစ္စာတည်

(၁)

ငွေကြယ်ပွင့်လေးများသည် မိုးလုံးအပြည့် လင်းလက်နေလေသည်။ ငွေလဝန်းသည် သူတို့အား ကြင်နာစွာငုံ့ကြည့်နေသည်။ မန်းကျုံးရေပြင်သည် ငွေလရောင်အောက်တွင် တည်ငြိမ်စွာ လဲလျောင်းနေလေသည်။ မေတ္တာပေါင်းကူးတံတားဖြူဖြူလေးသည် ဒီညမှာတော့ မန်းမြို့ရဲ့အလှပဆုံး နေရာလေးတစ်ခု ဖြစ်နေသည်။

တိတ်ဆိတ်သော လှပချစ်စဖွယ် ညလေးတစ်ည ... ပေါင်းကူးတံတားလေးပေါ်တွင်ကျောခင်းရင်း ကြယ်လေးများကို ရေတွက်နေကြသော သူတို့သုံးယောက်၏စိတ်ထဲတွင် ဤညကလေးကုန်ဆုံးသွားမည်ကို စိုးရိမ်နေမိကြလေသည်။ ရုတ်တရက် ကြယ်လေးတစ်လုံး ကြွေလွင့်သွားသည်။ ကြယ်ကြွေချိန်ညလေးတစ်ညသည် သူတို့ဘဝတွင် ထာဝရအမှတ်တရ ဖြစ်နေတော့မည်။

"မန်းမြေမှာလေးနှစ်တာ ပညာဆည်းပူးခဲ့ရာ ပြုံးလို့ပျော်ရွှင်စွာ အပေါင်းအသင်းများနဲ့သာ" နှုတ်ဆက်အလွမ်းတေးကို လှမိုးတစ်ယောက် လိုက်လဲ့စွာသီဆိုမိလေသည်။ ရေထဲကငါးကလေးတွေကရော နှုတ်ဆက်တေးကို သီဆို

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်လားမသိ။ တဖျပ်ဖျပ်အသံဖြင့် ရေပြင်တွင် အဝိုင်းဂယက်ကလေးများလှုပ်ရှားသွားလေသည်။

ဒီနေ့သည် နောက်ဆုံးအောင်စာရင်းများထွက်၍ ဆေးတက္ကသိုလ်ကျောင်းသားဘဝ ကုန်ဆုံးသွားသောနေ့၊ မာရသွန်တာဝေးအပြေးပြိုင်ပွဲကို ဝင်ပြေးရသူပမာ ပန်းတိုင်ကိုချောမောစွာ ရောက်ပြီဖြစ်ပါလျက် ရွှင်လန်းပျော်မြူးနိုင်ခြင်းမရှိခဲ့။ ပင်ပန်းနွမ်းလျခြင်းသည် ပျော်ရွှင်ရမည့်စိတ်အစဉ်ကို ဖိစီးထားသကဲ့သို့ရှိနေသည်။

ခက်ခဲရှုပ်ထွေး၍ဘုရား "တ" ကာဖြေခဲ့ရသော စာမေးပွဲပေါင်းကများစွာ၊ မျက်လုံးကြောင်ကြောင်နှင့် ညဟူသည်အိပ်စက်ရမည်ဟူသော အမှန်တရားကွယ်ပျောက်ခဲ့ရသော ညပေါင်းကများစွာ၊ ဩော်... ဤကဲ့သို့သောညများသည် ဒီနေ့နောက်ဆုံးဖြစ်ရပါစေဟု ရင်ထဲက တိတ်တိတ်ကလေး ဆုတောင်းမိလေသည်။

(၂)

သည်ညနေခင်းလေးသည် သူတို့ဘဝကို တစ်ဆုံတစ်ရာပြောင်းလဲပေးလိုက်တာပါပဲ၊ ပျင်းရိငြီးငွေ့ဖွယ်ကောင်းအောင် သင်ကြားခဲ့ရသော ဆေးကျောင်းသားဘဝ၏ နောက်ဆုံးညနေ၊ သည်ညနေခင်းလေးသည် ရှည်လျားလွန်းပါဘိ၊ စောင့်ခဲ့ရသော တစ်ခဏတာသည် တစ်ကမ္ဘာကြာသည်ဟု ထင်မိသည်။ သူတို့အားလုံးသည် စာမေးပွဲအောင်စာရင်းကို နေ့လယ်နတ်ဖြေစာမေးပွဲများ ဖြေပြီးကတည်းက ထမင်းမစား၊ ဟင်းမစား၊ နည်းနည်းလေးမှမနားနိုင်ဘဲ ငုတ်တုတ်ကလေးတွေ ထိုင်စောင့်ခဲ့ကြလေသည်။

"၇" နှစ်တာကာလ သင်ရိုးများအားလုံးကို နောက်ဆုံးစစ်ဆေးသော စာမေးပွဲ၊ လူသားတို့၏တန်ဖိုးအရှိဆုံး "အသက်" ကိုကယ်နိုင်သည့် "ပညာ" ရှိပြီလားဟု စစ်မေးသောစာမေးပွဲမို့၊ ဆေးကျောင်းကာလ၏အခက်ခဲဆုံးနှင့် ကုသိုလ်ကံကောင်းဖို့ အလိုအပ်ဆုံးစာမေးပွဲ တစ်ခုဖြစ်သည်မှာ သဘာဝကျပါ



သည်လေ။ သူငယ်ချင်းအားလုံးတို့၏ မျက်လုံးများသည် ရီဝေညှိုမှောင်နေကြသည်။ မျက်တွင်းချိုင့်ကလေးများကိုယ်စီဖြင့် သူတို့ရင်ခုန်နေကြသည်။

"၇" နှစ်တာရှည်လျားသော "တာဝေးစာပြေးပြိုင်ပွဲ" ၏နောက်ဆုံးပန်းအဝင်မှာမှ ရင်မခုန်လျှင် ဘယ်တော့များ ရင်ခုန်ပါဦးမည်နည်း။ ပန်းအဝင်တွင် တားထားသော ကြိုးအနီလေးသည် မျက်စိရှေ့တည့်တည့်တွင် ထင်းခနဲဖြစ်နေသည်၊ ရင်အုံနှင့်အမြန်ဆုံး ထိလိုက်ချင်စမ်းပါဘိ။ လက်တစ်ကမ်းအလိုတွင်မှ တည့်တည့်ခလုတ်တိုက်ပြီး လဲလိုက်လျှင်ဟူသောအတွေးသည် သူတို့အားလုံးကို ခြောက်လှန့်နေလေသည်။

ပါမောက္ခဆရာကြီးများ၏ဘုတ်အဖွဲ့ခန်းမထဲမှ ထွက်လာကြပြီ။ အားလုံးမျှော်လင့်စောင့်စားနေသော "အောင်စာရင်း" သည် မကြာမီအချိန်အတွင်း ပေါ်ထွက်လာတော့မည်။ သူတို့အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ အောင်စာရင်းစာရွက်ကို ယူလာသောစာရေးကြီးသည် သူတို့လူအုပ်ကြားထဲမှ ခက်ခက်ခဲခဲတိုးဝင်ကာကျောက်သင်ပုန်းနက်နက်ပေါ်မှာစာရွက်ကိုကပ်လိုက်လေသည်။

မရဲတရဲမျက်လုံးလေးများသည် အောင်စာရင်းစာရွက်ပေါ်တွင် လူးလာခေါက်တုံ့ပြေးလွှားနေလေသည်။ သည်တစ်ခဏအချိန်လေးမှာ ဖြစ်နိုင်လျှင် ကမ္ဘာလောကတစ်ခုလုံးနှင့်ဝေးရာသို့ ထွက်ပြေးသွားလိုက်ချင်သည်။ စိတ်ကိုတင်း၍ တိုးဝှေ့နေသော သူငယ်ချင်းများကြားမှ ရှေ့ဆုံးသို့ အတင်းတိုးဝင်ကြည့်မိသည်။

နာမည်သုံးခုကို တစ်ခုပြီးတစ်ခု လိုက်ရှာမိသည်။ လှမိုး၊ မြင့်မိုး၊ တင်ဝင်းနာမည်ကိုယ်စီ၏ နောက်ဆုံးတွင် "ဘွဲ့" ဟူသောစာလုံးလေးကို ရှာတွေ့လိုက်လေပြီ။ လူအုပ်ကြားထဲမှ သူတို့ အတင်းတိုးထွက်လာကြသည်။ သူကတိုးရင်းဝှေ့ရင်းကျွတ်ကျနေသောလုံချည်ကို လက်နှင့်မကာ အရှုံးတစ်ယောက်ပမာ အော်ဟစ်လိုက်လေသည်။

"ဆရာဝန်ဖြစ်ပြီဟေ့" လူ(၁၅၁)ဖြေဆိုသော စာမေးပွဲ၌ (၄၆)ယောက်တိတိ ကျရှုံးသည့်ကြားမှ မိမိတို့နာမည်ကို ဘွဲ့ဟူသောစာလုံးနှင့်တွဲ၍ တွေ့လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ "ပျော်စရာအကောင်းဆုံး" တဒင်္ဂပင် ဖြစ်လေသည်။ သူငယ်ချင်းသုံးယောက် တစ်ဦးနှင့်တစ်ဦး အပြေးအလွှားရှာဖွေကာ တွေ့ရှိလိုက်ကြသည်။ ဝမ်းသာဖျော်ရွှင်ခြင်းသည် အရာအားလုံးကို မေ့သွားစေလေသည်။ "ဆရာဝန်ဖြစ်ပြီပေါ့" ဟုသံပြိုင်အော်ဟစ်ကာ ဝိုင်းကြီးပတ်ပတ် ခုန်ပေါက်နေသော သူတို့သုံးယောက်ကို မည်သူက အပြစ်ပြောဦးမည်နည်း။

ပျော်ရွှင်သောအထိမ်းအမှတ် ဒါမှမဟုတ် ခွဲခွာရမည့် နောက်ဆုံးညအတွက် သူတို့ဘာလုပ်ကြလျှင်ကောင်းမည်ကို တိုင်ပင်မိကြသည်။ နက်ဖြန်ဆို အိမ်ပြန်ရတော့မည်။ သူတို့ခွဲရတော့မည်လား၊ အလုပ်သင်ဆရာဝန်ကာလကိုသည် မြေမှာပဲအတူနေခဲ့ကုန်ဆုံးချင်လှပါသည်။ ဖြစ်ချင်သည်နှင့် ဖြစ်သင့်သည်မှာ တစ်ထပ်တည်းကျလျှင် ဘယ်လောက်ကောင်းလိုက်မည်နည်း။ သို့သော် သူတို့၏အတွေးထဲမှာ တစ်ယောက်ကတောင်ကြီး၊ တစ်ယောက်ကရန်ကုန်၊ တစ်ယောက်ကမကွေးမှာ အလုပ်ဆင်းရမည်ကို သိနှင့်နေကြလေပြီ။

ဒီနေ့ဟာ သူတို့ သစ္စာဆိုထားသည့်ကာလ ကုန်ဆုံးသည့်နေ့ အရက်ဆိုသောသူရာကို သည်လိုညမျိုးမှာမှမသောက်လျှင် ဒီတစ်သက် ဘယ်တော့များသွားသောက်ရတော့မည်နည်း။ ဒုတိယအမ်ဘီဝင်ကာစ "အချစ်ခင်ဆုံးရောင်းရင်း" များအဖြစ်သတ်မှတ်ပြီး နှလုံးသားချင်း အတွေးချင်း ညီညွတ်ခဲ့စဉ်ကတည်းက သစ္စာတစ်ခု ထားခဲ့ကြလေသည်။

အဲသည်တုန်းက သူတို့သုံးယောက်စလုံး "ဆရာဝန်" ဟူသောဘဝကို အထင်ကြီးလေးစားဖွယ်ရာ အကောင်းဆုံးဘဝအဖြစ် စိတ်ဝင်စားသောဟူ၍ သတ်မှတ်ခဲ့သည့်အချိန်၊ "ဆရာဝန်" ဟူသည် သာမန်လူသားတစ်ယောက်ထက်သာသော စိတ်ရင်းစေတနာ၊ ကိုယ်ကျင့်သိက္ခာရှိရမည်ဟု သူတို့ထင်မှတ်ခဲ့လေသည်။ လူတော်တစ်ယောက်ဖြစ်ဖို့ထက် လူကောင်းတစ်ယောက်ဖြစ်ဖို့ ပိုမိုအရေးကြီးသည်ဟု သူတို့ထင်သော ဆရာဝန်ဘဝကို ဦးညွှတ်ကြိုဆိုသောအားဖြင့် ဆေးကျောင်းသားကာလတစ်လျှောက်လုံး ဆေးလိပ်၊ အရက်၊ မကောင်းသောမိန်းမ၊ ဖဲ စသည်တို့ကို လုံးဝရှောင်ကြဉ်ကြပါမည်ဟု သူတို့သုံးယောက် မဟာပြတ်မှန်



ဘုရားကြီးရှေ့တော်တွင် "သစ္စာ" ဆိုထားခဲ့ကြလေသည်။

သည်နေ့ဆိုလျှင် ဆေးကျောင်းသားဘဝ ကုန်ဆုံးသွား၍ ဆရာဝန်စဖြစ်သည့်နေ့၊ လူငယ်ဘဝကုန်ဆုံးကာ လူကြီးတစ်ယောက် ဖြစ်ရတော့မည့်နေ့၊ စောင့်ထိန်းခဲ့ရသမျှ လွတ်လပ်သောလူငယ်ဘဝ၏ နောက်ဆုံးညအဖြစ် ဆရာဝန်ဖြစ်သည့်အထိမ်းအမှတ် ဝမ်းသာပျော်ရွှင်ဖွယ်ရာညအဖြစ် သည်ညကိုတော့ အရက်မူးအောင် သောက်လိုက်ကြမည်၊ သည်အတွက် အပြစ်တင်မည်ဆိုလည်း တင်ကြပါလေတော့။

(၃)

မန္တလေးဟိုတယ်သည် အေးချမ်းစွာ လှပနေသည်။ လည်ချောင်းထဲမှ ဆင်းသွားသော အရက်တို့သည် သူငယ်ချင်းသုံးယောက်တို့၏ ပျော်ရွှင်ဘတ်သော၊ ဝမ်းနည်းတတ်သော စိတ်နှလုံးဟိုက်ိုတို့၍တို့၍ မီစားစေတတ်လေသည်။ သူတို့ မန္တလေးဟိုတယ်ထဲမှ လက်ချင်းတွဲ၍ ခြေလှမ်းမသိမ်းမယိုင်နှင့် ထွက်လာကြလေသည်။ ကျုံးနံဘေးမှ ကပ်လျှောက်လာကြသည်။ ဒီကျုံး၊ ဒီမြို့နှင့် လှပချစ်စဖွယ် "ရွှေမန်းမြေ" သို့ ဒီညသည် နောက်ဆုံးနှုတ်ဆက်သောည၊ သည်ညလေး၌ အိပ်ပစ်ရမည်ဆိုလျှင် မည်မျှနမြောစရာ ကောင်းလိုက်မည်နည်း။

"ငါမူးသေးဘူး။ မန္တလေးကျုံးရေ မခန်းသမျှတော့" မြင့်စိုးသည် မူးမူးနှင့်သီချင်းတစ်ပုဒ်ကို ဟစ်လိုက်လေသည်။ မန်းကျုံးနံဘေးသည် သူတို့ကြောင့်များ ဆူညံအချိန်ဆိုးသွားမည်လား၊ ခွင့်လွှတ်ပါကျုံးရေမြောင်ရယ် ဒီညလွန်မြောက်လျှင် ဒီကျုံးရေမြောင်နဲ့ ခွဲခွာရတော့မယ့် ဆရာဝန်အလောင်းအလျာလေးတွေကို ခွင့်လွှတ်လိုက်ပါနော်။

ရွှေကြည်မွှန်တို့လင်းလက်သော မိုးကောင်းကင်အောက်မှာ ကျုံးဘေးတစ်လျှောက်မှ သိုင်းကွက်နင်းလာခဲ့ကြလေသည်။ ညသည် တိတ်ဆိတ်နေလေသည်။ တစ်စီးတလေ ဖြတ်သန်းသွားသော ကားတချို့မှအပ လမ်းမကြီးလည်း ရှင်းလင်းနေပါသည်။ ညအမှောင်တွင် ကျုံးရေမြောင်က တည်ငြိမ်နေသည်။ နန်းမြို့

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခန့်ညားနေပါသည်။ နန်းတွင်းမှ လွတ်လပ်ရေးကျောက်တိုင်ဖြူဖြူကို မြင်ရသည်။ သူတို့သည် ဘယ်ကိုသွားကြမည်နည်း။ မတိုင်ပင်ပေမယ့် အားလုံး သိနေကြပါသည်လေ။

မေဗွာပေါင်းကူး တံတားဖြူဖြူလေးသည် ငွေလရောင်အောက်မှာ သူတို့သုံးယောက်အား နှုတ်ခွန်းဆက်ကြိုဆိုနေလေသည်။

ကိုယ့်ကိုယ်ကိုယ်မပိုင်ခဲ့သောညများ တအုပ်ဖုံကြီးများကြားတွင် ခေါင်း စိုက်၍ကုန်ဆုံးခဲ့ရသောညများကို အတိုးချ၍ သည်ညလေးတစ်ညကိုသော့ရင်ထဲ မှာတစ်ဝကြီး စုဆောင်းထားကြသောစကားတို့ကို ဖွင့်အံပြီကြတော့မည်။ အချိန် ရထားသည် တစ်ခုသော "ခွဲခွာခြင်း" ဆိုသည့်ဘူတာသို့ ရုတ်တရက် ဆိုက်ကပ် လိုက်လေပြီ။ သည်ဘူတာမှာ သည်တစ်ည ခဏတာမျှ အနားယူလိုက်ပြီးလျှင် အရက်ကျင်းသည်နှင့် "ဝေးကွာခြင်း" တည်းဟူသောဘူတာသို့ ဆက်လက်မောင်း တော့မည်။ သည်ဘူတာမှာရပ်တဲ့ တစ်ညတာလေးတွင် အတွေးသွားအတွေ့ လာ ခရီးသည်များထဲမှ စိတ်နှလုံးသားချင်း အနီးကပ်ဆုံးခရီးသည်သုံးဦးရင်းနှီး စွာနှုတ်ဆက်ခွင့်ကိုတော့ ရရှိပါသည်။ ဤသို့ဖြင့် မန်းကျူးရေကြည်ကြည်ကို သက်သေတည်၍ မေဗွာပေါင်းကူးတံတားလေးပေါ်တွင် တစ်သက်မမေ့နိုင်စရာ နှုတ်ဆက်စကားဝိုင်းလေးတစ်ခု ဖြစ်ပေါ်လာလေသည်။

(၄)

ပေါင်းကူးတံတားပေါ်တွင် ကျောခင်းမိလေပြီ။ သူတို့၏မျှော်လင့်ခြင်းနှင့် ဝမ်းနည်းခြင်းတို့သည် တစ်လုညီ့စီ နေသော စိတ်အာရုံများတွင် ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်းတို့သည် တစ်လှည့်စီ တစ်ပြိုင်နက် ညစ်အလှကို ခံစားနေကြသည်လား။ အတွေးကမ္ဘာထဲတွင် နစ်မြော နေကြသည်လား။ တော်တော်နှင့်စကားမဆိုမိကြ။

တိတ်ဆိတ်ခြင်းကို လှမိုးကစတင်၍ ဖြိုခွဲလိုက်လေသည်။

"သူငယ်ချင်းတို့ရေ…ဒီညလေးဟာ တို့အားလုံးအတွက် အမှတ်တရ ညလေးတစ်ညပါပဲ။ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲကွာ၊ မနက်ဖြန်ဆို ငါတို့ခွဲရတော့



မယ်မဟုတ်လား။ ဒီညဟာ တို့ရဲ့နှုတ်ဆက်ညပေါ့"

"ဟုတ်တယ်…လှမိုးပြောတာမှန်တယ်၊ ဒီညဟာ တို့ရဲ့နှုတ်ဆက်ည တင်မကဘူး၊ ကာလေးဘဝကုန်ဆုံးပြီး လူကြီးဘဝကို စပြီးရောက်တဲ့ည၊ တို့တွေ "ဆရာဝန်" ဖြစ်တဲ့ညဆိုရင်လည်း မမှားဘူး"

လှမိုး၏စကားကို မြင့်စိုးက ဖြည့်ပေးလိုက်လေသည်။

"ဒါဒီချင်တာက တို့တွေဆရာဝန်ဖြစ်လာရင် ဘာလုပ်ကြမလဲဆိုတာ ပဲကွ" တင်ဝင်းသည် ဝဉ်းစားခန်းဝင်နေရာမှ လေးလေးနက်နက် ဝင်ပြောလိုက် သည်။ သူ့စကားကိုအားလုံးက အာရုံစိုက်နေလေသည်။ သူသည်စကားကို တစ် လုံးချင်းစဉ်းစား၍ ပြောနေသည်။

"ဆရာဝန်ဆိုတာတော့ ဆရာဝန်ပေါ့ကွာ၊ ဒါပေမဲ့ ဘယ်လိုဆရာဝန် မျိုးလဲ ဆိုတာကိုပြောပြ၊ ငါပြောတဲ့စကားကို မင်းတို့နားလည်ကြတယ် မဟုတ် လား"

နားလည်ပါတယ်သူငယ်ချင်း။ စိတ်တူသဘောတူ သူငယ်ချင်းတွေမို့ တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်နားလည်နိုင်ပါသည်။ စုလိုအချိန်မျိုးဆိုလျှင် ပို၍ပင် နားလည်နိုင်ပါသေးသည်။

"ငါလေ…ငါတို့ရဲ့ ဆရာဝန်ဆိုတဲ့ဘဝကို သိပ်ဖြူစင်လှပတဲ့ အဖြူ ရောင်သစ္စာပန်းလေးတစ်ပွင့်နဲ့ တင်စားချင်တယ်၊ ငါဆိုလိုတာက "စိတ်ကောင်း စေတနာကောင်းနဲ့သာ လုပ်နိုင်ရင်" ဆရာဝန်ဆိုတာ လောကမှာ အမွန်မြတ်ဆုံး အလုပ်တစ်ခုပဲဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး၊ ဒါပေမဲ့ ညစ်နွမ်းသွားပြီဆိုရင် လည်း အဖြူရောင်ပန်းပွင့်ကလေးမှာ ရွှံ့ကြက်တွေစင်သွားသလို သိပ်ပြီးအရုပ်ဆိုး သွားနိုင်တယ်ကွာ"

တင်ဝင်းသည် ကျောခင်းနေရာမှ ထလိုက်သည်။ တည်ငြိမ်နေသော ကျူးမြစ်ကိုငေးကြည့်ရင်း သူ့စကားကို ဆက်လိုက်လေသည်။

"ငါလေ…ဆရာဝန်ဖြစ်ပြီဆိုပြီး ပျော်ရတဲ့စိတ်ထဲမှာ ကြီးလေးတဲ့တာ ဝန်ကြီးတစ်ရပ်ကလည်း အလိုလိုပေါ်လာတယ်၊ ငါ့တာဝန်နဲ့ မိသားစုအခြေအနေကို

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့တွေ အသိဆုံးပါကွာ၊ ဒီကာလတာရှည်ပြီး စရိတ်အကုန်အကျများလှတဲ့ ဆေးတက္ကသိုလ်ကိုတက်ရတယ်ဆိုတာ ငါ့အတွက်ဆိုရင် သိပ်မိုက်မဲတဲ့ စွန့်စားမှုကြီးတစ်ခုပါပဲ၊ သူတကာလို ပြည့်ပြည့်စုံစုံမဟုတ်ဘဲ ချို့ငဲ့တဲ့ဘဝ စတိုင်ပင်လေးရလို့သာ"

"ငါ ဒီကျောင်းကို စရောက်တဲ့နှစ်မှာ ငါ့အဖေရုံးစာရေးကြီးက မကျန်းမာလို့ပင်စင်ယူလိုက်ရတယ်။ ငါ့အမေကလည်း နိုးရိုးအအ မလုပ်တတ်လုပ်တတ်နဲ့ စီးပွားရေးလုပ်တော့လည်း လူလိမ်ခံရ၊ ငါတို့အိမ်ဆိုင်လေးကလည်း ငါ့အတွက်ပို့ရတာရယ်၊ ငါ့အဖေနေမကောင်းလို့ ဆေးကုရတာရယ်နဲ့ အစုဆိုရင် အရင်းပြုတ်ပြီး ကွမ်းယာလေးပဲ ရောင်းနိုင်တော့တယ်။ အကြွေးကလည်း ဝိုင်းဝိုင်းလည်လို့နောက်ဆုံး ကြံရာမရတာနဲ့ အိမ်ရောခြံရော ရောင်းလိုက်ရတယ်။ နောက်ဆုံးအားလုံးရဲ့ဂိုးရောဟာ ငါပဲ သူငယ်ချင်းတို့ရေ။ ငါ့ဖေဖေ မေမေ ညီလေး ညီမလေးတွေအားလုံးဟာ ငါဆရာဝန်ဖြစ်လာမယ့်အချိန်ကို မျှော်လင့်တကြီး စောင့်နေကြတာ။ ဒီနေ့ ငါ ဆရာဝန်ဖြစ်တဲ့နေ့၊ ငါ့ရဲ့ဝမ်းအသာရဆုံးနေ့တစ်နေ့ပဲပေါ့ကွာ"

"ငါဝမ်းသာပါတယ်ကွာ၊ ငါ့ဘဝဟာ ငါတစ်ယောက်တည်း လုပ်ချင်ရာလုပ်လို့မရနိုင်ပေမယ့် မိသားစုကုန်ဆီခန်းဖြစ်ပြီး ငါ့ရဲ့ဆရာဝန်ဘဝကို အားကိုးတကြီးမျှော်လင့်နေတဲ့ မိဘတွေကိုမသေခင်မှာ ငါအတတ်နိုင်ဆုံး ကျေးဇူးဆပ်ရတော့မယ်။ ငါ့အပြန်ကို တောက်ပရွှန်းလက်တဲ့ မျက်လုံးလေးတွေနဲ့ အားကိုးတကြီးမျှော်နေမယ့် ညီလေး ညီမလေးတွေအတွက်လည်း ငါဟာ အစ်ကိုကောင်းပီသရလိမ့်မယ်"

ပြောရင်းပြောရင်း သူ့အသံသည် ဆို့နင့်လာလေသည်။

"ငါဟာ ငါ့ဘဝကို ငါမပိုင်ဘူး။ ငါဘာပဲလုပ်လုပ် ငါ့ရင်ထဲ နှလုံးသားထဲမှာက မလှုပ်နိုင်အောင် ချည်နှောင်တုပ်ဆိုင်းထားပြီးသား။ မင်းတို့အားလုံး အသိပါကွာ၊ ငါဘယ်လိုခံစားခဲ့ရတယ် ဘယ်လိုမြိုသိပ်ခဲ့ရတယ်ဆိုတာ ဘဝမှာအချစ်ရဆုံးချစ်သူကို တွေ့ခဲ့ပါလျက်နဲ့ အသည်းနှလုံးကို ကြိုးနဲ့တုပ်ပြီး ချစ်ပါတယ်ဆိုတဲ့စကားကို ဘယ်လိုမှပြောမထွက်နိုင်ခဲ့တာ ပင်မြင့်ကချစ်သူကို ငါ့ရဲ့နှုတ်ခွာတဲ့



ဘဝထဲ မေ့မသွားရက်နိုင်လို့ ချစ်စကားတစ်ခွန်းပြောရင် ခေါင်းညိတ်တော့မယ်ဆိုတာသိပါလျက်နဲ့ နောက်ကိုဆုတ်ခဲ့ရတာ၊ ဒါတွေအားလုံး ပြီးဆုံးခဲ့ပါပြီကွာ၊ ဘာပဲဖြစ်ဖြစ် ငါကျေနပ်ပါတယ် . . . ငါကျေနပ်ပါတယ်ကွာ"

ဆွေးမြည့်စွာပြောနေသော စကားသံသည် တစ်စတစ်စ တိမ်ဝင်သွားလေသည်။ အို . . . သူငယ်ချင်းတစ်ယောက် ငိုရှိုက်နေပြီလေ၊ ငိုလိုက်စမ်းပါသူငယ်ချင်း ဒီညမှာ ခံစားချက်တွေမှန်သမျှကို မန်းကျုံးရေပြင်မှာ ဖွင့်အန်ထားရစ်ခဲ့ရတော့မည် မဟုတ်လား။

သူချစ်သူ၏ ဝင်းပပမျက်နှာသည် ရီဝေနေသော သူ၏မျက်လုံးအိမ်ထဲဖွတ်အတင်း ဝင်ရောက်လာလေသည်။ "ခင်လေး" ရယ် ကိုယ့်အသည်းအိမ်လေးထဲက ထွက်သွားပါတော့။ ချစ်တဲ့သူကို ချစ်ပါတယ်လို့တောင် ပြောဖို့သတ္တိမရှိသူကိုခင်လေးက ယောကျ်ားမပီသတဲ့သူ၊ သူ့ရဲ့ဘဝကြောင်တဲ့သူလို့ အပြင်တင်မှန်းရင်လည်း ခံရမယ့်ကိုယ်ပါကွယ်။ ချစ်သူ့မျက်နှာကို သူဘယ်လိုမှကို မေ့ပျောက်၍မရနိုင်၊ ခုချိန်ဆို ခင်လေးတစ်ယောက် အိပ်ရာထက်တွင် မျက်လုံးလေးမှိတ်၍ တိတ်တိတ်ကလေး အိပ်စက်နေရှာမည်။

သူ၏တင်းကျပ်နေသော စိတ်အစဉ်သည် ပေါက်ကွဲ၍ ထွက်သွားလေသည်။ နောက်မှဖြစ်ချင်ရာဖြစ် ခင်လေးဆီ အခုချက်ချင်း အရောက်ပြေးသွားပြီးအိပ်နေမယ့်ခင်လေးကို ဝမ်းသာအားရနှိုးလို့ "ခင်လေးကို မောင်ချစ်တယ်" ဟူသော အပြောချင်ဆုံး စကားလေးတစ်ခွန်းကို ပြောလိုက်ချင်ပါသည်။

မျက်ရည်စက်တို့သည် သူ၏မျက်ဝန်းတွင် ကွဲလဲခိုနေကြလေသည်။ ကြေကွဲသောနှလုံးသားသည် တစ်စချင်းပဲ့ကြွေ၍ သွားလေပြီလား။ သူ့မျက်ရည်စက်ကလေးများသည် ကျုံးရေပြင်သို့တစ်ပေါက်ပြီးတစ်ပေါက် ကျဆင်းသွားလေသည်။ ငါးကလေးတွေရယ် . . . ကိုယ့်မျက်ရည်စက်လေးတွေကြောင့် မင်းတို့လေးတွေ အိပ်ရာကနိုးသွားမယ်ဆိုရင် ကိုယ့်ကို ခွင့်လွှတ်ကြပါကွယ်၊ နက်ဖြန်အိမ်ပြန်ရောက်လို့ အိမ်ရှေ့ကနေ အပြုံးမျက်နှာနဲ့ကြိုနေကြမယ့် ဖေဖေနဲ့မေမေ ညီလေးညီမလေးတွေကို တွေ့လိုက်ရရင် ကိုယ်ဆက်ပြီး မငိုနိုင်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ တိတ်ဆိတ်သွားပြန်လေသည်။ တင်ဝင်းသည် ပိုရှိုက်လို့အားရသွားပြီနှင့်တူသည်။ သူသည် အနောက်ကျုံးထိပ်ရှိ ဆက်သွယ်ရေးမျှော်စင်မှ မီးနီနီလေးကို ခပ်ငေးငေး စိုက်ကြည့်နေလေသည်။ ထို့နောက်ကျုံးရေပြင်ကို ငုံ့ကြည့်မိသည်။ ကျုံးရေပြင်သည် ကြည်လင်နေသည်။ ရေမှော်များကြားမှ လူးလာခေါက်တုံ့ ကူးခတ်သွားသော ငါးကလေးများ၏အရိပ်ကို သူမြင်လိုက်ရလေသည်။

သူ့စိတ်ထဲတွင် ငါးကလေးများ၏ဘဝကို အားကျစိတ်များဝင်ရောက်လာလေသည်။ လှပကြည်လင်တဲ့ ကျုံးရေပြင်ထဲမှာ မင်းတို့လိုအပူပင်ကင်းကင်း ကူးခတ်ချင်ပါဘိတော့သည်။ နက်ဖြန်ဆို အပြောကျယ်တဲ့လောကပင်လယ်ထဲမှာ သူတို့ စတင်ကူးခတ်ကြရတော့မည်။ လောကပင်လယ်သည် ကျုံးရေပြင်လို တည်ငြိမ်ကြည်လင်နိုင်ပါ့မလား။ လှိုင်းလုံးဝဲဂယက်ကြီးများ၊ သားစားငါးမန်းများ၊ ပင်လယ်တွင်းလေပြင်းမုန်တိုင်းများသည် သူတို့အား ခြောက်လှန့်နေကြလေပြီ။

နောက်ဆုံး အမိတက္ကသိုလ်ရင်ခွင်မှ အတောင်စုံလင်၍ ပျံထွက်သွားကြတော့မည့်ငှက်ငယ်ကလေးများအဖြစ် သူတို့၏ဘဝကို တင်စားမိလေသည်။ "ဆရာဝန်ဘွဲ့" ဆိုတဲ့ တောင်ပံကလေးတစ်စုံကို တပ်ဆင်ပေးလိုက်ပြီဖြစ်တဲ့ အမိတက္ကသိုလ်. . .

လေပြင်းမုန်တိုင်းထဲမှာ လွင့်ပါသွားတော့မယ့် သားငှက်ကလေးတွေဟာ ပုံပြင်ထဲကလို နိုးသားစားပြုတွေရှိရာ ရောက်သွားကြမှာလား၊ ဒါမှမဟုတ် သူတော်စင်ရသေ့တွေဆီကိုပဲ ရောက်သွားကြမှာလား။ သူတို့ဆက်၍မတွေးနိုင်မတွေးတတ်ကြတော့ပါပြီ။

(၅)

တိတ်ဆိတ်နေသော မေတ္တာပေါင်းကူးတံတားပေါ်မှ မြင့်စိုး၏စကားသံပေါ်ထွက်လာပြန်လေသည်၊ "ငါလေ "ငွေ" ဆိုတာကြီးကို သိပ်မုန်းတာပဲကွာ။ သိပ်မုန်းတယ်လို့သာ ဆိုနေရတယ် ဒီလောကကြီးရဲ့ နေရာတိုင်းလောက်နီးနီး



မှာ "ငွေ" ဟာ အဓိကကျနေတယ် ဆိုတာကိုလည်း မယုံချင်ပါဘဲနဲ့ ယုံနေရပြန်တယ်။ လောကမှာ "ငွေ" ဆိုတာ မလိုအပ်တဲ့နေရာ၊ ငွေမရှိဘဲ စိတ်ချမ်းသာနိုင်တဲ့နေရာလေး တစ်နေရာရှိရင် သိပ်ကောင်းမှာပဲကွာ"

မိုးကောင်းကင်မှ ငွေကြယ်ပွင့်ကလေးများသည် သူ၏မျက်စိထဲတွင် "ငွေ" များအဖြစ်သို့ ပြောင်းလဲသွားလေသည်။ မျက်လုံးအစုံကိုတင်းကျပ်စွာမှိတ်ထားလိုက်မိသည်။

"ငါတို့တွေ ငွေကို ဘယ်လောက်မုန်းမုန်း၊ နက်ဖြန်ကစပြီး ငွေကိုရှာရတော့မယ်ဆိုတာ ဘယ်လိုမှလက်မခံချင်ပေမယ့် လက်ခံရတော့မယ်။ ဆရာဝန်ဖြစ်ဖို့ "၇" နှစ်တိတိ ငါတို့ရင်းနှီးခဲ့ရတာ ငါတို့ရဲ့ဦးနှောက်တွေ နှလုံးသားတွေတင်မကဘူးသူငယ်ချင်းတို့ရေ၊ ဟောဒီ ငွေဆိုတဲ့သတ္တဝါကိုလည်း ရင်းနှီးခဲ့ရတာ။ ဟိုးရွာကငါ့မိဘဆွေမျိုးတွေရဲ့ချွေးနဲ့စာတွေနဲ့ရင်းနှီးပြီးမှ "မန္တလေးဆေးတက္ကသိုလ်" မှာ ငါပညာသင်နိုင်ခဲ့တာ၊ ဒါကိုမင်းတို့လည်း အသိပါပဲကွာ၊ ငါ့ကို ငွေနဲ့ကူညီဖြည့်ဆည်းထားတဲ့ ငါတို့ရွာကဆွေမျိုးတွေကို ငါဘာနဲ့ကျေးဇူးပြန်ဆပ်ရမှာလဲ သိချင်စမ်းတော့တယ် သူငယ်ချင်းတို့ရာ . . . ငါ့ကိုပြောကြပါဦး"

သူ့စကားကို မည်သူကမျှဝင်၍ မစွက်ဖက်ကြပါ။ သူ့မေးခွန်း၏အဖြေကိုလည်း ဖြေစရာမလိုပါ။ အဖြေသည် ရှင်းနေပါသည်။ ဟောဒီညလေးမှာတော့ သူငယ်ချင်းခံစားရသမျှကို လွတ်လပ်ပွင့်လင်းစွာ ပြောချင်ရာပြောစမ်း၊ သူငယ်ချင်းနှင့်အတူ ထပ်တူထပ်မျှ ခံစားမိကြမည်ဖြစ်လေသည်။

"ငါလေ . . . ဆရာဝန်ပညာနဲ့ ငွေကို အားသာငမ်းငမ်း မရှာချင်ပါဘူး။ ဒါပေမဲ့လောကမှာလူဆိုတာ ကိုယ်ယုံကြည်ရာ လက်ခံရာကိုသာ မဆုတ်မနစ်တစ်ယောက်တည်း လုပ်ချင်ရာလုပ်လို့ဖြစ်နိုင်သလား။ အနှောင်အဖွဲ့သံယောဇဉ်တွေ တာဝန်ဝတ္တရားတွေ သိတတ်တဲ့စိတ်တွေနဲ့ ကင်းလွတ်နိုင်တဲ့သူဆိုတာ ရှိနိုင်ရဲ့လား၊ စဉ်းစားကြည့်ပါဦး သူငယ်ချင်းတို့ရာ"

"ငါတို့တွေ ဟိုတုန်းကစိတ်ကူးယဉ်ပြီး အားကျခဲ့ရသလို ဟိုး တောကြိုတောင်ကြားထဲကိုသွား၊ ဘဝတစ်ခုလုံးကို ကိုယ်ကျိုးစွန့်မြုပ်နှံပြီးလုပ်ရမယ့် နှလုံး

www.burmeseclassic.com

www.burmeseclassic.com



လူဆရာဝန်စစ်စစ်တွေ ဖြစ်ဖို့ဆိုတာ လက်တွေ့မှာ ဖြစ်နိုင်ပါ့မလား။ ဒီနေ့ကစပြီး ငါတို့တွေဟာ စိတ်ကူးယဉ်ကမ္ဘာထဲကနေ လက်တွေ့ကမ္ဘာကြီးထဲကို ဝင်ရောက်လာရပြီ။ စိတ်ကူးနဲ့လက်တွေ့ဆိုတာ တစ်ထပ်တည်းကျနိုင်ရင် သိပ်ကောင်းမှာပဲကွာ"

"ငါလေ တစ်ခါတစ်ခါ ဒီလောကကြီးထဲက ထွက်ပြေးလိုက်ချင်တယ်။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူးကွာ၊ လောကကြီးထဲမှာ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘဝကုသိုလ်ကံချင်း တူနိုင်တာမှမဟုတ်တဲ့။ ကိုယ့်ဘဝကိုယ်မပိုင်တဲ့ သူတွေလည်းရှိတယ်။ တစ်ချိန်တည်းမှာ ကိုယ့်မိဘဆွေမျိုးတွေ အားလုံးအတွက် သိတတ်ရမယ့်ဘဝ၊ တကယ်တမ်းကျတော့ ဒီကျေးဇူးတရားတွေ တာဝန်ဝတ္တရားတွေဆိုတာလည်း ဘယ်သူကမှ အတင်းအကြပ် ပြဋ္ဌာန်းပေးလိုက်တာတော့ မဟုတ်ပါဘူးကွာ။ ပစ်ပယ်မယ်ဆိုရင်လည်း ပစ်ပယ်နိုင်တာပဲပေါ့။ ဒါပေမဲ့ လူတစ်ယောက်အနေနဲ့ သိတတ်တဲ့စိတ်ဆိုတာ ရှိမလား။ ပစ်ပယ်သင့်သလား။ ပစ်ပယ်ရမလားဆိုတာ စဉ်းစားလာရတယ်ကွာ"

"ခုနက တင်ဝင်းပြောသလိုပဲ သူလည်း သူ့မိသားစုအတွက် တာဝန်ယူရတော့မယ်။ ငါဆိုရင်လည်း ငါ့ကိုဆရာဝန်ဖြစ်လာအောင် ဝိုင်းဝန်းကူညီခဲ့တဲ့ ကျေးဇူးတွေကို ဆပ်ရတော့မယ်။ ဘာနဲ့ဆပ်ရမလဲ၊ မေတ္တာအပြည့်နဲ့ ကျေးဇူးတင်ပါတယ်လို့ အကြိမ်တစ်ထောင်ပြောရင်ရော အားလုံးကကျေနပ်ကြမှာလား။ နောက်ဆုံးစဉ်းစားကြည့်လိုက်တော့ . . ."

သူ့အသံသည် ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ ဆက်၍မပြောနိုင်တော့တာလား။ မပြောလိုတော့တာလား၊ ဘာပဲဖြစ်ဖြစ်လေ သူ့ကိုဘယ်သူကမှ ထပ်မမေးတော့ပြီ၊ အတွေးကမ္ဘာထဲတွင် အားလုံးနစ်မြောနေကြလေသည်။

မြင့်စိုးသည် မန်းကျူးချောင်းကို စိုက်ကြည့်နေရင်းမှ ငယ်စဉ်ကသင်ခဲ့ရသော မြန်မာစကားပြေ လက်ရွေးစဉ်စာအုပ်ထဲမှ တက္ကသိုလ်ဝင်းမွန်၏ "ဆားဒယ်" ကလေးကို မြင်ယောင်မိလေသည်။ ဆားဒယ်ကလေးသည် ချောင်းတွင်ကွေ့ကာဝိုက်ကာ ချာချာလည်နေသည်။ တအားကျုံးလှော်လိုက်တိုင်း ရေထဲသို့



ခဏခဏ မှောက်ကျသွားလေသည်။

ဆားဒယ်ကလေး မှောက်လဲလိုက် ပြန်ထလိုက် လုပ်နေချိန်တွင် လှေငယ်များ သောက်တူကြီးများသည် ကုန္ဒြေရှစွာဖြင့် ဖြောင့်တန်းစွာ ကျော်ဖြတ်သွားကြလေပြီ။ သူတို့ကို နည်းနည်းလေးမှငဲ့မကြည့်ဘဲ ခရီးပန်းတိုင်သို့ ချောမောစွာသွားနေကြသော အောင်မြင်သူတို့ကိုကြည့်မိရင်း ဆားဒယ်ကလေးကိုသာ စီးရသောသူ့ဘဝကို ဝမ်းနည်းအားငယ်ရမည်လား။ လှေပေါ်မှလူများကို မနာလိုစိတ်ဝင်ရမည်လား။ ခရီးမရောက်နိုင်သော ဆားဒယ်ကလေးကိုပစ်ထားခဲ့ပြီး သောက်တူလှေကြီးပေါ်သို့ တက်လိုက်ရမည်လား။

အတွေးစိတ်တို့သည် ဆားဒယ်ကလေး ရေထဲသွားနေသကဲ့သို့ ကွေ့ကာဝိုက်ကာ ဖြစ်နေလေသည်။ သူများတွေက တိုက်ကြီးတွေ တစ်လုံးပြီးတစ်လုံး ကားသစ်ကြီးတွေ တစ်စီးပြီးတစ်စီး ချမ်းသာနေတဲ့အချိန်မှာ တဲပုတ်ကလေးထဲက ဆေးခန်းထဲမှာ နားကြပ်ကလေးတစ်လက်နဲ့ လှော်ခတ်ရင်း နေပျော်တတ်တဲ့စိတ်မျိုးတွေ ငါတို့မှာ ရေရှည်ရှိနိုင်ပါ့မလား။ အရာရာသည် လေးလေးနက်နက်တွေးလေ ခက်ခဲရှုပ်ထွေးလာလေ ဖြစ်လေသည်။

(၆)

လှမိုးသည် သူငယ်ချင်းနှစ်ယောက်၏ စကားများကို နားထောင်ရင်းမှ သူတို့၏ဘဝကို စာနာစွာခံစားရပြီး ရင်ထဲဆို့နင့်လာလေသည်။

"သူငယ်ချင်းတို့ရာ ငါတို့ဟာ ဘဝတူတွေပါပဲကွာ။ ဒါကြောင့်လည်း တို့တွေ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်လာတာနဲ့တူတယ်။ တကယ်ဆိုတော့မင်းတို့ကမှ မိစုံဖစုံ ရှိသေးတယ်။ ငါဆိုရင် ငယ်ငယ်လေးကတည်းက ငါ့ဖေဖေဆုံးသွားခဲ့တာမို့ မေမေဟာ ကြက်မကြီးက ကြက်ကလေးတွေကို အစာယက်ကျွေးသလို တို့မောင်နှမအားလုံးကို ရှာကျွေးခဲ့တယ်။ ခုဆို မေမေသိပ်ပင်ပန်းနေပြီ၊ ငါမေမေ့နေရာ အစားဝင်ယူပြီး မေမေ့ကို အေးအေးဆေးဆေး အနားယူစေရတော့မယ်။ တစ်သက်လုံး ပင်ပန်းလှပြီဖြစ်တဲ့ မေမေ့ကို ငါ့အနားရိပ်မှာ ချွေးသိပ်

www.burmeseclassic.com

www.burmeseclassic.com



စေရမယ်"

ပြောရင်းပြောရင်း စိတ်ထဲတွင် မေမေ့မျက်နှာလပြည့်ဝန်းကို အလွမ်းများစွာနှင့်မြင်ယောင်မိရင်း သနားစိတ် ချစ်စိတ်တို့ဖြင့် လှိုက်လှဲစွာခံစားရမိလေသည်။ မျက်ရည်တစ်ပေါက်သည် ကျုံးရေပြင်ပေါ်သို့ ကျသွားပြန်လေပြီ။ ငါးလေးတွေရယ် . . . ဒီမျက်ရည်စက်လေးတွေကတော့ မေမေ့အတွက်ကျတဲ့ သားရဲ့မျက်ရည်မို့ စိတ်မဆိုးကြပါနဲ့နော်။ သားတို့သမီးတို့ကိုထွေးပြီး နောက်အိမ်ထောင်မထူဘဲ မေမေတစ်ယောက်တည်း ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရတာ သားမမေ့ပါဘူးမေမေ။ ငယ်ငယ်ကတည်းက သားကို သိပ်ထူးချွန်စေချင်တဲ့မေမေ၊ အဖမဲ့သား ရေနည်းငါးတွေပမာ မဖြစ်ရအောင် မေမေကြိုးစားခဲ့တာ သားရင်မှာ ထိခိုက်စွာခံစားရပါတယ်။

မေမေ့သားတစ်ယောက် ဆယ်တန်းကို ဂုဏ်ထူးတွေ အများကြီးနှင့်အောင်လို့ မေမေ့နေရာကို သားဝင်တော့မယ်လို့ ကောင်းပန်ခဲ့တာ ဘယ်လိုမှမရခဲ့ဘူး။ စာပေးစာယူနဲ့ ဘွဲ့တစ်ခုရရင် တော်ပါပြီလို့ သားပြောခဲ့တာ လုံးဝလက်မခံခဲ့တဲ့မေမေ။

မေမေ့သားကို ဆရာဝန်ကြီး ဖြစ်စေရမယ်တဲ့၊ မေမေ့နေရာသားဝင်ဖို့ စောပါသေးတယ်။ မေမေ့မှာ သားဆရာဝန်ဖြစ်တဲ့အထိ ရုန်းကန်ဖို့ အားမာန်တွေကျန်ပါသေးတယ်တဲ့လေ။ သားတို့တွေငယ်ငယ်က တောမှာနေတုန်း ဖေဖေတစ်ယောက် မြွေကိုက်ခံရပြီး ဆေးရုံကိုအမီမပို့နိုင်လို့ သေခဲ့ရတာ။ မေမေ့ရင်ထဲက အကျိတ်အခဲကြီးစွာ ဖြစ်ခဲ့ရသည်ကို သားသိပါတယ်မေမေ။ အဲဒီကတည်းက မေမေတစ်ယောက် သားကိုဆရာဝန်ကြီးတစ်ယောက် ဖြစ်စေချင်တဲ့အကြောင်း တဖွဖွပြောခဲ့တာ၊ မေမေ့ကိုချစ်တဲ့သားမို့ မေမေ့စကားသည် သားရဲ့ရည်မှန်းချက် ဖြစ်ခဲ့ပါတယ်မေမေ။ သားအတွက် မေမေနစ်ဆတိုးပြီး ပင်ပန်းခဲ့ရတာမို့ သားတစ်ယောက် တက္ကသိုလ်မြေမှာ လိမ်လိမ်မာမာနဲ့ ပညာကိုထူးချွန်အောင် ကြိုးစားခဲ့ပါတယ်မေမေ။

ဝတ္ထုတွေထဲက လက်တွေ့ဘဝတွေထဲက တခြားတက္ကသိုလ်ကျောင်း



သားတွေလို အပျော်အပါးတွေနဲ့လည်း သားနစ်မြောမနေပါဘူး။ တစ်ခါတုန်းက သားကျောင်းပိတ်လို့ မေမေ့ဆီပြန်လာတော့ သားကိုပြောခဲ့တဲ့ မေမေ့စကားကို ဘယ်လိုမှ မမေ့နိုင်ပါဘူးမေမေ။

"သားကို အတော်ဆုံး အထူးချွန်ဆုံး ဆရာဝန်ကြီးတစ်ယောက်အနေနဲ့ မေမေမသေခင် မြင်သွားချင်တယ်သားရယ်။ ဒီလိုပြောလို့ ငါ့သားကို ဘွဲ့တွေတစ်သီကြီးပိုက်ပြီး တိုက်ကြီးကားကြီးတွေနဲ့ လက်ဖျားငွေသီးနေတဲ့ ဆရာဝန်မျိုးဖြစ်စေချင်တယ်လို့ သားထင်ရင်မှားလိမ့်မယ်။ သာမန်ဆရာဝန်တွေတောင် မတတ်နိုင်တဲ့ လက်မြှောက်ရတဲ့ လူနာတွေရဲ့အသက်ကို ကယ်တင်နိုင်တဲ့ အထူးကုဆရာဝန်ကြီး ဖြစ်စေချင်တာပါသားရယ်"

မေမေ့အကြောင်းတွေးနေမိရင်းမှ လှမိုး သူ့စကားအဆက်ကို စောင့်မျှော်နေကြသော သူငယ်ချင်းတွေဘက် လှည့်လိုက်လေသည်။

"ငါ့မေမေဟာ သိပ်သနားစရာ ကောင်းတာပဲကွာ၊ ကံဆိုးမသွားလေရာကို မိုးလိုက်လို့ရွာတာလား မသိပါဘူး။ ဆင်းရဲတဲ့ကြားက ခုဆိုရင် သွေးတိုးရောဂါ ဆီးချိုရောဂါတွေပါ ရှိနေပြန်ပြီ၊ ငါ့ဘဝရဲ့အကြီးဆုံးတာဝန်က ငါ့မေမေနဲ့ အနီးဆုံးနေရာက မေမေ့ကိုခြေဆုပ်လက်နယ်ပြုရင်း မေမေ့ရောဂါကို ငါကုသပေးရတော့မယ်။ မေမေ့ခေါင်းပေါ်က ကြီးလေးတဲ့တာဝန်တွေကို ပခုံးပြောင်းယူပြီး ငါ့ညီလေး ညီမလေးတွေရဲ့ဘဝကို ငါဆက်ပြီး ပျိုးထောင်ပေးရတော့မယ်။ ငါ့ဘဝကို ငါကျေနပ်တယ်ကွာ၊ ငါတို့ဘဝတွေဟာ လေးနက်ပြီး အဓိပ္ပာယ်ရှိလာပြီကွ"

လှမိုးသည် မိမိတို့ထိုင်နေသော မေတ္တာပေါင်းကူးတံတားလေးကို ငေးကြည့်မိလေသည်။ ကျုံးရေပြင်မှဖြတ်သွားနိုင်အောင် ပေါင်းကူးပေးသော တံတားကလေး၊ ကြော့ရှင်းရှင်းတောင်မှမဟုတ်ပါဘူး။ မေတ္တာအပြည့်နဲ့ ပေါင်းကူးပေးသော တံတားလေးဖြစ်ပါသည်။ ဒီတံတားလေးရဲ့ဟိုဘက်ကမ်းက မန်းသီတာဥယျာဉ်ထဲရှိတဲ့ သစ်ပင်တွေပေါ်မှာ ဘွဲ့လွှန်ဒီဂရီအသီးတွေ ချိတ်ဆွဲထားသည်ဟု မှုံးယစ်နေသောအတွေးထဲ ယောင်ချာချာ မြင်ယောင်မိလေသည်။ မေတ္တာနှင့်ပေါင်းကူးထားသော တံတားကိုဖြတ်၍ တစ်ဖက်ကမ်းက ဘွဲ့လွှန်ဒီဂရီအသီးတွေကို ပြေး၍

www.burmeseclassic.com

www.burmeseclassic.com



နှုးဆွတ်ချင်မိလေသည်။ ခြောက် စိတ်ကူးတို့သည် ယဉ်ရှုကောင်းပါဘိ။

မမေဖြစ်စေချင်သော အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်ချင်လှပါသည်။ သို့သော် လျှောက်လှမ်းရမည့်လမ်းသည် ရှေ့တွင် ထင်းခနဲဖြစ်နေပါလျက် သည်လမ်းမပေါ်တက်နိုင်သည့်အင်အား မိမိမှာရှိပါရဲ့လားဟု အားငယ်စွာ တွေးမိပြန်လေသည်။

တောင်ကြီးတစ်လုံးကိုဖြိုနိုင်ခဲ့သော ခါချဉ်ကောင်တစ်ကောင်သည် သူ့ကိုယ်သူအထင်ကြီးစွာဖြင့် ဒီထက်အဆပေါင်း(၁၀၀)မကမြင့်သော တောင်ကြီးတစ်လုံးကို ထပ်၍ဖြိုရန် ကြံစည်နေပြန်လေပြီ။ ခြောက် နဂိုကမှမသန်ခဲ့သော ခါးကလေးသည် ပထမတောင်တစ်လုံးဖြိုအပြီးမှာ ဒဏ်ရာဒဏ်ချက်များ ရခဲ့ပြီဆိုသည်ကို သူမေ့နေပြီထင်ပါရဲ့။

ပညာရေးခရီးကို ဆက်ပေးမည့် ကျောထောက်နောက်ခံသည် မိမိမှာ ရှိပါ၏လော။ မိမိ၏အရည်အချင်း ဒါတင်မက မိဘတို့၏အရည်အချင်းသည်ရော ဘွဲ့လွန်သင်တန်းနှင့် ထိုက်တန်ပါ၏လော၊ မုဆိုးမဖိခင်အိုသည် မိမိအား အားမာန်တို့ကို မည်မျှအထိ ဆက်လက်ပေးစွမ်းနိုင်ပါဦးမည်နည်း။

မှုန်မှိုင်းမှိုင်းဖြစ်နေသော မျက်လုံးအစုံသည် မိုးလုံးအပြည့် ရေတွက်မကုန်နိုင်အောင်ရှိနေသော ကြယ်များအနက်မှ အရှေ့တူရူတွင်လင်းလက်ကာ တခြားကြယ်များ၏ အလင်းရောင်ကို ဖုံးလွှမ်းထားသော ငွေကြယ်တစ်လုံးကို ရုတ်တရက်မြင်လိုက်ရလေသည်။ သူ့စိတ်အစဉ်သည်လည်း မှုန်မှိုင်းနေရာမှ သူတွေ့ခဲ့ကြည်ညိုခဲ့ရသော မြန်မာ့နလုံးလှ ဆရာဝန်တစ်ယောက်ဖြစ်သည့် "နာဂတို့၏နတ်ဆရာကြီး ဒေါက်တာသိန်းလှိုင်" ကိုမျက်စိထဲတွင် မြင်ယောင်လာလေသည်။ ဟုတ်သည် . . . ဆရာကြီးသည် သူတို့အား ဘွဲ့ထူးဂုဏ်ထူးကြီးတွေရမှ လူသားတွေကို ပိုပြီးအကျိုးပြုနိုင်တာ မဟုတ်ကြောင်းကို ရှေ့မှမားမားမတ်မတ် ပြသခဲ့လေပြီ။

ရှေ့ဆောင်လမ်းပြသူကိုအားကျကြည်ညိုစိတ်သည် ဖိတ်ဖိတ်လျှံလာလေသည်။ စေတနာ ပါသနာ အနစ်နာ ကရုဏာတရားတို့နှင့်ပြည့်စုံသော ဆရာဝန်တစ်ယောက်ဖြစ်ဖို့ အဓိကကြိုးစားတော့မည်။ ဘွဲ့လွန်ဒီဂရီတွေမရလျှင်လည်း သူဝမ်းမနည်းတော့ပါပြီ။ ဒါဆိုရင်လည်း သူ့မမေကျေနပ်လိမ့်မည်ဟု သူအလေးအနက်ယုံကြည်ပါသည်။ အားငယ်တတ်သူ၏ မိမိကိုယ်မိမိ ဖြေသိမ့်သောစကားဟုထင်လျှင်လည်း ထင်ကြပါတော့။

"အရင်းအနှီး" ဟူသည် များစွာသောစကားတို့ကို ပြောတတ်စေလေသည်။ လောက၌ အရင်းအနှီးကြီးမားသူသည် အမြတ်အစွန်းများများကို လိုချင်တတ်ကြစမြဲ၊ အမြင့်သို့ရောက်လွန်းသောသူသည် အနိမ့်ဆုံးမှလူသားတို့နှင့် ဝေးကွာကြစမြဲ၊ ကြီးမားသောဘွဲ့ထူးဂုဏ်ထူးများသည် အတ္တအစွယ်ကိုကြီးမားသည်ထက် ကြီးမားလာစေတတ်သည်ကို ဆရာဝန်တွေကြားမှ ဆရာဝန်လောင်းတစ်ယောက် မယုံကြည်ချင်လောက်အောင် တွေ့ခဲ့သိခဲ့ပြီ မဟုတ်ပါလား။

ညသည် တိတ်ဆိတ်သည်ထက် တိတ်ဆိတ်လာလေသည်။ ကျုံးရေပြင်ကိုဖြတ်သန်းလာသော လေနုအေးက သူတို့အားညင်သာစွာ ကျီစယ်သွားလေသည်။ မှုးယစ်ဝေသော စိတ်အစဉ်သည်ပင် တစ်စတစ်စ ကြည်လင်လာလေသည်။

"ဒီလိုပဲသူငယ်ချင်းတို့ရေ...လောကမှာ အခြေအနေနဲ့ အချိန်အခါဟာ အရေးအကြီးဆုံးပါပဲကွာ၊ ငါတို့တွေ အခုနေသာ ဘာလုပ်ချင်တယ်၊ ဘာလုပ်သင့်တယ်နဲ့ ပြောနေကြပေမယ့် လက်တွေ့မှာတော့ ငါတို့တွေဟာ အခြေအနေနဲ့ အချိန်အခါကိုမူတည်ပြီး လုပ်မိလုပ်ရာလုပ်ကြရမှာပဲ"

"ဟုတ်တယ် . . . မင်းပြောတာကို ငါလက်ခံပါတယ်၊ ဒါပေမဲ့ ဖြစ်နိုင်ရင်တော့ တစ်ချိန်တည်းမှာ သုဝဏ္ဏသာမလို ရွှေအိုးလေးထမ်းလာတဲ့သားလေးဖြစ်လာရင်သိပ်ကောင်းမှာပဲ"

"ဟေ့ တင်ဝင်း . . . မင်း သိပ်စိတ်ကူးယဉ်မနေပါနဲ့တော့ကွာ၊ ငါတို့တွေဟာ ဘုရားအလောင်းတော် မဟုတ်ဘူးကွ၊ တစ်စုံတစ်ခုလိုချင်ရင်တော့ တစ်စုံတစ်ရာကို ပြန်ပြီးစွန့်လွှတ်ခဲ့ရမှာပဲ၊ ငါတို့ဟာ တစ်ချိန်တည်း တိုင်းပြည်နဲ့လူမျိုးအတွက်ရော မိဘဆွေမျိုးအတွက်ရော၊ ပြီးတော့ ဇနီးချောမယား အလှအတွက်ပါ



www.burmeseclassic.com

www.burmeseclassic.com



အရာရာတာဝန်ကျေတဲ့၊ ပြီးတော့ "ကိုယ်ရောစိတ်ရော" အရာရာချမ်းသာတဲ့ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ဆိုတာ တွေးကြည့်လေခက်ခဲလေပဲ သူငယ်ချင်း"

တိတ်ဆိတ်သောညယံတွင် သူတို့၏စကားသံသည် နန်းမြို့ရိုးကိုရိုက်ခတ်၍ ပဲ့တင်ပြန်လာသည်ဟုပင် ထင်မှတ်ရလေသည်။

"ဒီမယ် .. ငါတစ်ခုပြောမယ်ကွာ၊ နက်ဖြန်ဆို ငါတို့ခွဲရတော့မယ်၊ ခွဲရခါနီး ငါတစ်ခုမှာချင်တယ်ကွာ၊ ငါတို့တွေဟာ စိတ်တူဘဝတူ အချစ်ဆုံးသူငယ်ချင်းတွေပဲ၊ လောကမှာ လူရယ်လို့ရောက်ခဲ့တဲ့ဘဝကို ရတဲ့အချိန်လေးမှာမှ ငါတို့ဟာ လူသားတွေရဲ့အသက်ကို ကယ်တင်နိုင်မယ့် ဆရာဝန်တစ်ယောက်ဖြစ်ရတာကိုတော့ အလေးအနက် တန်ဖိုးထားသင့်တယ်လို့ ငါယုံကြည်တယ်ကွာ။ ဆရာဝန်တစ်ယောက်ရဲ့စိတ်အတ်ဟာ ဘုရားသခင်နဲ့ လူသားတို့ရဲ့ကြားမှာ ရှိရမယ်ဆိုတာကို လက်မခံဘူးဆိုရင်တောင် ကိုယ့်တွေဟာ မွန်မြတ်တဲ့ဆရာဝန်ဘဝကို အလွဲသုံးစားမလုပ်မိအောင် တင်ဝင်းပြောသလို "အဖြူရောင်သစ္စာပန်းလေးတစ်ပွင့်" မညှိုးနွမ်းရအောင်တော့ စောင့်ထိန်းရလိမ့်မယ်လို့ ငါထင်တယ်။ ကိုယ့်တွေအားလုံး သတိထားရမှာကတော့ ငွေဆိုတဲ့ချစ်စရာလိုလို မုန်းစရာလိုလိုနဲ့ ဒုက္ခပေးတတ်တဲ့ကောင်နောက်ကို အာသာငမ်းငမ်းနဲ့ မလိုက်မိဖို့ဘဲ။ ဒီတော့ ငါတို့သုံးယောက်ရဲ့ခွဲခွာမယ့်နောက်ဆုံးည၊ ဟောဒီ အလှပဆုံးနဲ့ လွမ်းစရာအကောင်းဆုံး ညလေးတစ်ညမှာ ထာဝရမပြောင်းမလဲ လှပတင့်တယ်နေမယ့် နန်းမြို့ရိုးနဲ့ မန်းကျုံးရေကြည်ကြည်ကို သက်သေတည်ပြီး ငါတို့ဟောဒီ "မေတ္တာပေါင်းကူးတံတားလေးပေါ်မှာ သစ္စာစကားလေးတစ်ခွန်း" ဆိုကြရအောင်။ ငါတို့ဟာ ဘယ်လိုအခြေအနေနဲ့ အချိန်အခါကိုပဲရောက်ရောက် "ဆရာဝန်ပီသတဲ့ဆရာဝန်" တွေဖြစ်အောင် အစွမ်းကုန် ကြိုးစားကြစတမ်းလို့လေ"

ဗူးစိုက်နားထောင်နေသော တင်ဝင်းက ရုတ်တရက်ထထိုင်လိုက်ပြီး "စိမ်လိုက်ကွာ လှမိုးပြောတာ ငါသိပ်သဘောကျသွားပြီ"

သူတို့၏စကားသံသည် ယုံကြည်ချက် မျှော်လင့်ချက်အပြည့်နှင့် အားမာန်တက်ကြွလာလေပြီ။ ဟုတ်သည် ... ယခုအချိန်သည် ဘဝကို မကျေမနပ်



ညည်းညူနေရမည့် အချိန်မဟုတ်၊ ဘဝကိုယ်စီသည် အလှကိုယ်စီရှိကြသည်ချည်း။ ရောက်ရာနေရာမှ ကျရာတာဝန်ကိုထမ်းကြမည့် လူသားတို့၏အားမာန်သည်သာ အဓိကပါတည်း။

ငိုင်းဖွဲ့တိုင်နေသော သူငယ်ချင်းသုံးယောက်တို့၏ ရင်တို့သည် လှိုက်လှဲစွာ လှုပ်ခတ်နေလေသည်။ နားကြပ်ကိုယ်စီ ကိုင်ဆောင်ရတော့မည့် လက်တို့သည် မြဲမြံစွာဆွဲကိုင်ထားမိကြလေပြီ။

"ဟောဒီညလေးကို တို့တစ်သက်လုံး မမေ့ကြစတမ်းကွာ၊ ဟောဒီညရယ် တို့သုံးယောက်ရယ် မေတ္တာပေါင်းကူးတံတားနဲ့ ကျုံးရေပြင်ရယ် နှစ်စဉ်နှစ်တိုင်းပြန်ဆုံကြရအောင်။ တို့သုံးယောက်လုံး ဘယ်နေရာ ဘယ်ဌာနကိုပဲရောက်ရောက် ဟောဒီ "ညလေး" ရောက်တိုင်း ရောက်ရာနေရာကနေ ဟောဒီ မေတ္တာပေါင်းကူးဘံတားလေးဆီ အရောက်လာကြရအောင်၊ တို့တစ်နှစ်တာ လုပ်ခဲ့တဲ့အလုပ်တွေ၊ တွေးမိတဲ့အတွေးတွေကို တစ်ညလုံး တို့ဒီလိုပဲ ရင်ဖွင့်ကြရအောင်၊ သစ္စာမတည်တဲ့သူကိုလည်း ဒီနေရာမှာ အပြစ်ပေးကြရအောင်ကွာ"

သူငယ်ချင်းသုံးယောက်၏ မျက်နှာများသည် ဝင်းလက်နေကြလေသည်။ ခွဲခွာရဖို့ သူတို့ ဝန်မလေးကြတော့ပါပြီ။ ခွဲခွာခြင်းဟူသည် ပြန်လည်တွေ့ဆုံခြင်း၏လမ်းစပဲ မဟုတ်ပါလား။ သူတို့၏စိတ်ဘဲတွင် နောက်နှစ်သည်လိုညလေးမှာပဲ သူတို့သုံးယောက် နားကြပ်ကိုယ်စီကိုင်ဆောင်၍ သည်နေရာလေးမှာ ဆုံတွေ့ကြရဦးမည်ကို ကြည်နူးစွာတွေးမိလေသည်။

အရှေ့ဘက်မှ လင်းရောင်နီ ပေါ်ထွက်လာလေပြီ။ မေတ္တာပေါင်းကူးတံတားလေးသည် နံနက်ခင်း၏အရှေဉ်းတွင် ဖြူစင်လှပနေလေသည်။ မကြာမီ နီရဲသောနေမင်းကြီးသည် အရှေ့ရိုးမတောင်တန်းကြီးဆီမှ ပေါ်ထွက်လာမည်။

အရုဏ်သည် ထွန်းသစ်လာပြီတကား။

### ချစ်စွာသောစာဖတ်သူ

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ငွေကြယ်ပွင့်များ မိုးလုံးပြည့်

www.burmeseclassic.com

www.burmeseclassic.com



လင်းလက်သောညတစ်ညတွင် မန္တလေးဆေးတက္ကသိုလ်ကျောင်းဆင်းစ ဆရာဝန်အသစ်စက်စက်ကလေးသုံးဦးသည် မန္တလေးကျုံးနံဘေးတွင် ခွဲခွာခါနီးနှုတ်ဆက်စေားကို ဆိုခဲ့ကြလေ၏။ သူတို့၏ ငယ်ရွယ်နုပျိုသော ဖြူစင်သန့်ရှင်းသော "နှလုံးသား" သည် အဖြူရောင်သစ္စာပန်းပွင့်ကလေးများနှင့် တူလှစွာ၏။

ဆရာဝန်ဘွဲ့တည်းဟူသော တောင်ပံကိုတပ်ဆင်၍ လေအဟုန်တွင် ပျံသန်းထွက်ခွာကြတော့မည့် ငှက်ငယ်ကလေးများ၏ တောင်ပံတဖျပ်ဖျပ်ရိုက်ခတ်သံသည် စိတ်လှုပ်ရှားရင်ခုန်ဖွယ်ရာအတိ။ အနှစ်နှစ်ဆယ်ဟူသော အချိန်ကာလသည် အရာရာကိုပြောင်းလဲစေနိုင်သည် မဟုတ်ပါလော။ လောကမုန်တိုင်း၏အလယ်တွင် လွင့်မျောပျံသန်းခဲ့ကြသော ငှက်ငယ်ကလေးများ ယခုအခါဘယ်သောင်ဘယ်ကမ်းသို့ ဆိုက်နေပြီမသိ။ မုန်တိုင်း၏ခေါ်ဆောင်ရာနောက်ကို လွင့်မျောပါမသွားရအောင် ကြံ့ကြံ့ခံအံတုပြီး မိမိတို့ဦးတည်ပျံသန်းခဲ့ရာ ပန်းတိုင်ကိုမှ ရောက်ပါလေစ။ မာန်ကြီးခဲ့သော ခါချဉ်ကောင်ကလေး၏ ခါးသည်ရော သွင်သွင်ကျိုးခဲ့ပြီလား။ သူတို့၏ စိတ်ကူးယဉ်မျှော်မှန်းခဲ့သော အိပ်မက်ကမ္ဘာနှင့် တကယ့်လက်တွေ့ဘဝကရော မည်မျှကွာခြားနေပါသနည်း။

ထိုစဉ်တုန်းအခါက သူတို့တွေ မှန်းတီးရှုရာခဲ့သည့် "ငွေ" နှင့်ပတ်သက်သော သဘောထားသည် ပြောင်းလဲခဲ့ပြီလား။ အဖြူရောင်သစ္စာပန်းပွင့်ကလေးများ ညှိုးနွမ်းခဲ့ပြီလား၊ ညစ်ပေခဲ့ပြီလား။

သိလည်း . . . သိချင်စမ်းပါဘိ။


စိုးလည်း . . . စိုးရိမ်လှပါ၏။

## ၃

## အချစ် ဆိုသော ဆိုးအာဂ

www.burmeseclassic.com

www.burmeseclassic.com






## အချစ်ဆိုသောထိုအရာ

(၁)

"အနုဇေတာ့ အချစ်ကဘယ်မှာလဲ"

ဖမောင်...ရက်စက်လှချည်လား မောင်ရယ်။ ဟိုးအရင် မောင် တဖွဖွ ပြောခဲ့တုန်းက ကျွန်မကိုအချစ်ဆုံးဆို။ မောင့်မျက်နှာကို တစ်ကမ္ဘာထင် မိဘတွေ ရင်ခွင်ကို ခြေဖုံကန်ပြီး မောင့်နောက်ခိုးရာလိုက်ခဲ့ဟဲ့ ကျွန်မ...အခု ကျွန်မက မောင်အရင်ချစ်ခဲ့တယ်ဆိုကဲ့ ကျွန်မ မဟုတ်တော့ဘူး။ ဘာ...ဘာ ကျွန်မကိုယ် ထဲမှာဘာပင်နေတာယ်၊ ဘယ်လို..."ဖုတ်" ဝင်နေတယ် ဟုတ်စ။ ပြောရက်လိုက် တာမောင်ရယ်...ကျွန်မလေကျွန်မ မောင့်ကိုခဏလေးဖြစ်ဖြစ် တွေ့ချင်လိုက် တာ။ ကျွန်မရဲ့သားလေးနဲ့ သမီးလေးရော မောင်...ကျွန်မကို သူရဲ့သဘက်လို့များ သူတို့သဘောထားပြီး ကြောက်ရွံ့နေကြပြီလား။ အခုနေ ကျွန်မ အဖြောင့်တဆုံး က မောင့်ရဲ့ကြင်နာတဲ့အနမ်းကလေးတန်းမွှင့်ရယ်...ကျွန်မသားလေးနဲ့ သမီး လေးတို့နှစ်ယောက်လုံးကို ကျွန်မရင်ခွင်ထဲ ပွေ့ပိုက်ထားချင်တဲ့ဆန္ဒရယ်... ဒါပေမဲ့ကွယ်...အခုတော့ ကျွန်မတစ်ယောက်တည်းမှ တစ်ယောက်တည်း ရယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

"အချစ်နှင့်စတင်တွေ့ဆုံခြင်း"

ကျွန်မလေ မျက်လုံးကို အသာဖွင့်ကြည့်လိုက်တော့ ဟိုး အနောက်ဘက်မိုးကောင်ကင်မှာ ဝိုင်းစက်နေတဲ့ လမင်းကြီးကို မြင်ရတယ်။ ငွေလရောင်ဟာ ကျွန်မအနားမှာ အေးအေးမြမြလေး ဖြာကျလို့နေလေရဲ့။ ဟိုး . . . မောင်နဲ့စတွေ့တုန်းက ကျွန်မတို့အညာမြို့ကလေးက ဘုရားပွဲမှာပေါ့။ တပေါင်းလပြည့်နေ့ညမို့ လမင်းကြီးကအခုလိုပဲ ဝိုင်းဝိုင်းစက်စက်နဲ့ အလှကြီးလှလို့။ မောင်ကတစ်ရွာသား . . . ကျွန်မက အဲဒီဘုရားပွဲမှာ မိဘတွေရဲ့ဆိုင်ကို ဈေးကူရောင်းနေခဲ့တာ။ ကျွန်မ ကောင်းကောင်းမှတ်မိတာက မောင်က ကျွန်မဆီကပစ္စည်းလေးနည်းနည်းဝယ်ပြီးပိုက်ဆံအရွက်ကြီးကြီးပေးခဲ့တယ်။ ကျွန်မမှာ အကြွေကြီးပိုက်ဆံတွေ ပြန်အမ်းဖို့လုပ်နေချိန်မှာ မောင်က ကျွန်မမျက်ဝန်းထဲကို စူးစိုက်ကြည့်နေခဲ့တယ်။ ကျွန်မ ပြန်မကြည့်ပေမယ့် မိန်းကလေးတို့ရဲ့အတွင်းစိတ်က သိနေခဲ့တယ်လေ။ အဲဒီနေ့ကစပြီး မောင့်ကိုကျွန်မ စသတိထားမိတာ။ အဲဒီတုန်းက ကျွန်မ ရင်တွေခုန်လိုက်တာ မောင်ရယ် . . .

မောင်က အသားဖြူဖြူ။ အကျႌကလည်း အဖြူ။ ကချင်လုံချည်လေးနဲ့ ကျွန်မ မျက်စိထဲကမထွက်ဘူး။ မရက်တမ်းပြောရမယ်ဆိုရင်တော့ မဆွတ်ခင်ကတည်းက ညွတ်နေမိတာ ကျွန်မပါ။ နောက်တစ်ရက် ဆိုင်ကို မောင်ရောက်လာပြီး အပြန်မှာတော့ ကျွန်မလက်ထဲမှာ မောင် တိတ်တိတ်ကလေးပေးခဲ့တဲ့စာလေးတစ်စောင်ကို ကျစ်ကျစ်ကလေးဆုပ်လို့ပေါ့။ ဖြစ်ချင်တော့ မောင်ရယ် အဲဒီတုန်းက ကျွန်မကိုလေ အဖေတို့က အသက်ကြီးကြီး လူကြီးတစ်ယောက်နဲ့ အိမ်ထောင်ချထားပေးဖို့ဇွတ်တရွတ်ကြီး စီစဉ်နေတာ။ ကျွန်မဘယ်လိုမှ ငြင်းလို့လည်းမရ။ ဒါကြောင့် ဒီနေရာကနေ ထွက်ပြေးချင်နေတဲ့ အဲဒီအချိန်မှာ ကျွန်မဘဝထဲ မောင် ဝင်ရောက်လာခဲ့တာများ တကယ့်ကို အချိန်ကိုက်ပါပဲ။ မောင်က ကျွန်မဘဝရဲ့ ကယ်တင်ရှင်ကြီးပေါ့။



(၃)

"အချစ်အိမ်ကလေး တည်ဆောက်ခြင်း"

ကျွန်မမှတ်မိသေးတယ်။ မောင့်နောက်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လိုက်လာခဲ့တယ်နော်။ စာလေးတစ်စောင်ရေးခဲ့ပြီး ခေါင်းအုံးအောက်မှာထားခဲ့လို့မောင့်နောက်ကိုလိုက်ခဲ့တဲ့ညကလည်းအခုလိုပဲ လမင်းကြီးက ထိန်ထိန်သာလို့ပေါ့။ ကျွန်မလေ ကြောက်ကလည်းကြောက်၊ ပျော်ကလည်းပျော်။ ကျွန်မလက်ကို တင်းတင်းဆုပ်ထားခဲ့တဲ့ မောင့်လက်အစုံကလည်း နွေးထွေးပြီးမြဲမြံလှပါဘိ။ ကျွန်မတို့ဘယ်တော့မှ လက်တွဲမဖြုတ်ကြဘူးနော်လို့ နှစ်ဦးသားသစ္စာတွေဆိုခဲ့ကြ။ မေ့မရနိုင်ဘူးမောင်ရေ . . . အဲသလို ချစ်စကားတွေဆို၊ သစ္စာတွေပြုခဲ့တဲ့မောင် အခုတော့ ဘယ်ရောက်လို့နေပါလိမ့် မောင်ရယ်။ ကျွန်မ အခုလမင်းကြီးကိုကြည့်ရင်း ကြောက်လိုက်တာ။ ကျွန်မတစ်ယောက်တည်း . . . ဟောဒီလောကထဲ ကျွန်မတစ်ယောက်တည်း။

ကျွန်မလေ မောင့်ရဲ့နောက်ကို မိုးမမြင်လေမမြင်နဲ့ လိုက်လာခဲ့တာ၊ သတင်းစာထဲ မိဘတွေရဲ့ သမီးအဖြစ်မှစွန့်လွှတ်ခြင်းဆိုတဲ့ ကြော်ငြာပါလာတာတွေ၊ နောက် အဖေရောအမေရော နောက်နှစ်ပိုင်းအတွင်းမှာ ဆုံးပါးသွားခဲ့တာ၊ တစ်ဦးတည်းသော သမီးမိုက်တစ်ယောက် မိဘတွေ သေဆုံးသွားတာတောင် အကြာကြီးနေမှ သိခဲ့ရတာ၊ အချစ်ဆိုတာကို ကျွန်မရဖို့ အဲသလောက်တောင် ရင်းနှီးခဲ့ရတာ ယိုက်တန်ပါရဲ့လားမောင် . . .

"အချစ်" ဆိုတာ ဘာလဲ . . . ကျွန်မဟာ အချစ်ဆိုတာအတွက် ဘဝတစ်ခုလုံးပုံပြီး ကိုးကွယ်ခဲ့မိတယ်၊ ကျွန်မလေ ဒီကမ္ဘာလောကကြီးထဲက အပြီးအပိုင် ထွက်သွားရတော့မယ်။ ဖြစ်များဖြစ်နိုင်ရင် အဲဒီအချစ်ဆိုတာကို ကျွန်မရဲ့နှလုံးသားထဲက ခွဲစိတ်ပြီးထုတ်လို့ရရင် ထုတ်ပေးပါလားမောင်၊ ကျွန်မ နောက်ဘဝကို အဲဒီအချစ်ဆိုတာကြီး ယူမသွားပါရစေနဲ့။

ကျွန်မဟာ မောင်နဲ့အတူ ဟိုး အောက်ပြည်အောက်ရွာ မော်လမြိုင်နားက ရွာကလေးတစ်ရွာကို ရောက်လာခဲ့တယ်။ ဈေးနားမှာ မောင်က အအေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကလေးတစ်ဆိုင်ဖွင့် ကျွန်မကပိုင်းကူ၊ အိမ်ထောင်သည့်ဘဝအစဟာ လှပခဲ့။ ကျွန်မဟိုအရမ်း ပျော်ခဲ့ကြတယ်နော်။ တောင်ပေါ်ဘုရားလေးပေါ်မှာ မောင်နဲ့ကျွန်မ နှစ်ယောက်သား လက်ချင်းချိတ်ပြီတွဲလို့လျှောက်ခဲ့၊ ဘုရားပေါ်ကနေပြီး ဟိုးဝေးဝေးရှုခင်းတွေကြည့်ရင်းကြည့်နေခဲ့ကြ . . .

ဒီလိုနဲ့ပဲ ကျွန်မတို့မှာ ကလေးလေးနှစ်ယောက်ရခဲ့၊ သားလေး ဖိုးတိုးရယ်၊ သမီးလေး မိထားရယ်ပေါ့။ ကလေးတွေရယ်၊ ကျွန်မတို့ ဇနီးမောင်နှံရယ်၊ ပျော်ရွှင်ခဲ့တဲ့ အိမ်ထောင်စုကလေးရှိခဲ့တယ်။ ကျွန်မဘယ်လောက်တောင် ပျော်ရွှင်ခဲ့သလဲဆိုတော့ ဒီဘဝတွေ သေဆုံးသွားခဲ့တာတောင် မသိနိုင် မသိခဲ့လောက်အောင်ပါ။ ကျွန်မတို့အရပ်က လူကြီးတစ်ယောက်ရဲ့ မောင်လမြိုင်ဈေးကြီးထဲမှာ မမျှော်လင့်ဘဲဆုံတော့မှ သမီးမိုက်ဟာ အဖေအမေတို့ မရှိကြတော့မှန်း သိခဲ့ရ။ အဲဒီကျမှ ဘယ်လောက်ပဲပိုပို ကျွန်မရဲ့မိဘတွေနဲ့ ဘယ်လိုမှ မဆုံတွေ့နိုင်တော့။ ဒီသတင်းဟာက ကျွန်မအဖေမဟာလည်း သားဦးအိမ်ကင်းဆာရောဂါနဲ့ အမြင်းအထန်ခံစားပြီး သေဆုံးခဲ့ရတာတဲ့၊ ဗိုက်ကြီးကဖောင်းကားလာပြီး မစားနိုင် မအိပ်နိုင်နဲ့တဲ့၊ ဘုရား . . . ဘုရား . . .

(၄)

"အချစ်အိမ်ထဲ ရက်ရက်စက်စက် ဝင်ရောက်လာသောမုန်တိုင်း"

ကျွန်မတို့ရဲ့ဘဝယာဉ်အေးချမ်းတဲ့ မိသားစုကမ္ဘာလေးထဲ မုန်တိုင်းကြီးတစ်ခု ဝင်ရောက်လာလိမ့်မယ်လို့ မထင်မှတ်ခဲ့ဘူး၊ မောင်ရယ် . . . မနှစ်က ဒီလိုအချိန်လောက်မှာပဲပေါ့။ ကျွန်မစပြီး သတိထားမိလာတာက ကျွန်မဗိုက်ထဲမှာ ဖောင်းလာသလိုလို အစားစားပြီး ရင်ပြည့်သလိုလို ပေါ်လာသလိုလို ဟိုလိုလို ဒီလိုလိုနဲ့ အစာကြေဆေးတွေစားတော့လည်း မသက်သာ။ ဒါနဲ့ပဲ လမ်းထိပ်က ဆေးခန်းကို သွားပြခဲ့ရတယ်။ ဆရာက သေချာစမ်းသပ်စစ်ဆေးပြီး ကျွန်မဗိုက်ထဲမှာ အလုံးတစ်ခုစမ်းမိတယ်ဆိုပြီး မော်လမြိုင်ဆေးရုံကြီးကို အမြန်ဆုံးလွှတ်ပါလေရော။





မော်လမြိုင်ဆေးရုံက သားဖွားမီးယပ် ပြင်ပလူနာဌာနမှာပြ အထူးကုဆရာဝန်ကြီးက စမ်းသပ်စစ်ဆေး တီဗီအတတ်မှန်ရိုက်ပြီး ကျွန်မဗိုက်ထဲမှာ "သားဥအိမ်မှာ အလုံးကြီးရှိနေတယ်၊ အမြန်ဆုံး ဆေးရုံကိုတက်ပြီး ခွဲစိတ်ပစ်ရမယ်" လို့ ပြောပါလေရော။ ကျွန်မကြောက်လိုက်တာ။ ဆေးရုံဆိုတာကို တစ်ခါမှ မတက်ဖူးပါဘူး။ ဗိုက်ကို ဓားနဲ့ခွဲမှာကတော့ အကြောက်ဆုံး။ အိမ်ကိုအပြေးပြန်ပြီး မောင့်ကိုပြောပြီငိုခဲ့ရ။

မောင်နဲ့ကျွန်မ အတွေးချင်းတူတယ်၊ သူကလည်း ခွဲစိတ်ရမှာကို သဘောမတူဘူး။ ကြောက်ရကြီးလို့ထင်တယ်။ အဲဒီမှာတင် အိမ်နီးချင်းတွေထဲက ကျွန်မကို နှာမည်ကျော်ရေမန်းနဲ့ကုတဲ့ ဆေးဆရာရှိတယ်လို့ ပြောပါလေရော။ အဲဒီဆရာ ဘယ်လောက်တောင် စွမ်းတဲ့အကြောင်း၊ ရေကိုမန်းပြီးတိုက်ရုံ ဗိုက်ပေါ်ကနေ အဲဒီရေမန်းနဲ့ပွတ်ရုံနဲ့ (၉၆)ပါးရောဂါမှန်သမျှ အကုန်ပျောက်။ ဗိုက်ထဲက အလုံးအကျိတ်မှန်သမျှလည်း ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ လျှောကျပျောက်ပျက်သွားတဲ့အကြောင်း။ အဲဒီမှာ ရောကန်အသင့်ကြားအသင့်၊ ခွဲရမှာအလွန်ကြောက်တဲ့ ကျွန်မတို့ အဲဒီဆရာဆီ ရောက်သွားတော့တာပေါ့။ ဆရာကအပြောကောင်း ဥပမိရုပ်ကလည်းကောင်း၊ အဲဒီရေမန်းနဲ့ကုလိုက်တာ ဖြလလောက်လည်းကြာရော ကျွန်မတို့မှာစုဆောင်းထားတဲ့ ငွေကလေးလည်း ပြောင်ရှိန်မှာ ကျွန်မရဲ့ဗိုက်ထဲက အလုံးကကျတော့ ပိုလို့တောင်ကြီးလာပါလေရော။ ဗိုက်ကြီးတင်ရုံနဲ့က ပြောင်တင်းလာပြီး အစားအသောက်လည်း ကောင်းကောင်းမစားနိုင်တော့ဘူးလေ။

အဲဒီကျတော့မှ ကျွန်မအလွန်ကြောက်တဲ့ဆေးရုံကို နောက်တစ်ခေါက် ထပ်ရောက်သွားတော့တယ်။ ကျွန်မကိုမြင်တဲ့ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးက ကရုဏာဒေါသနဲ့ ပြောလိုက်တာ၊ အမြန်ဆုံးဆေးရုံတက်ပြီး ခွဲစိတ်ဖို့ပြောတာကို ကျွန်မက ဆေးရုံမတက်ဘဲပျောက်သွားခဲ့ပြီး ဖြလတိတိကြာမှ ပြန်ရောက်လာလို့တဲ့လေ။ ကျွန်မကလည်း ခေါင်းနာကိုမခံမရပ်နိုင်လွန်းလို့ဒီတစ်ခါခွဲပေးပါတော့ ဆရာကြီးရယ်လို့ တောင်းပန်တိုးလျှိုးရတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးခွဲစိတ်ဖို့ စီစဉ်ရတယ်။ ကျွန်မရဲ့ရောဂါက "သားဥအိမ်ကင်ဆာ" တဲ့။ လွန်ခဲ့တဲ့ ၆လလောက်တုန်းက ဆေးရုံရောက်ရောက်ချင်း ခွဲလိုက်ရင် အမြန်ပျောက်သွားမှာ။ အခုတော့ အပ်နဲ့ထွင်းရမယ့်ကိစ္စဟာ ကျွန်မတို့ရဲ့ မသိမလိမ္မာမှုကြောင့် ပုဆိန်နဲ့ပေါက်ရမယ့်ကိစ္စ ဖြစ်သွားခဲ့ပြီလို့ ဆေးရုံကဆရာဝန်ကြီးက ရှင်းပြတယ်။ ဒါပေမဲ့ သူ့အစွမ်းကုန်ကြိုးစားပြီး ခွဲပေးမယ်လို့ပြောပါတယ်။ ဒီတစ်ခါတော့ ကျွန်မ ထွက်မပြေးတော့ပါဘူး။ ခွဲစိတ်ဖို့သဘောတူတယ်။ ကျွန်မ မသေချင်သေးဘူး မောင်ရယ်။ မောင်နဲ့ကလေးနှစ်ယောက်နဲ့ ခွဲမသွားချင်ဘူး၊ ကျွန်မကိုမြန်မြန်လေး ဗိုက်ထဲကအလုံးကြီးကို ခွဲစိတ်ပေးပါတော့။

ကျွန်မ နောက်မှသိရတာက ဒီကင်ဆာဟာ ကျွန်မရဲ့ဗိုက်ထဲအနှံ့ ပျံ့နှံ့သွားခဲ့ပြီဆိုပဲ။ ဆရာကြီးက ကြိုးစားပြီးခွဲစိတ်ပေမယ့် အလာကောင်းသော်လည်း အခါနှောင်းခဲ့ပြီ။ သားဥအိမ်ထဲကနေ ပျံ့နှံ့သွားပြီဖြစ်တဲ့ ကင်ဆာဆဲလ်တွေဟာ ကျွန်မရဲ့ဝမ်းဗိုက်တစ်ခုလုံးထဲမှာ အမြစ်တွေကတွယ်ပြီး ကုန်စင်သွားအောင် မခွဲစိတ်နိုင်တော့ဘူးတဲ့။ ခွဲစိတ်ပြီး ကင်ဆာဆေးတွေသွင်းတော့ ကျွန်မဆံပင်တွေ အားလုံး ကျွတ်ထွက်ကုန်တယ်။

ခွဲစိတ်ပြီး ကျွန်မရဲ့ဗိုက်မှ အနာက တော်တော်နဲ့မကျက်ဘဲ ပြည်တွေ တည်ပါလေရော၊ ဗိုက်ကြီးကလည်း ဖျင်းတွေစွဲပြီး ပြန်ဖောင်းလာတယ်။ ကျွန်မ တစ်စထက်တစ်စ ပိန်ချုံးသွားလိုက်တာ အရိုးပေါ်အရေတင်ပဲ ကျန်တော့တယ်။ ဟိုးအရင်တုန်းက မောင်ချစ်လှပါတယ်ဆိုတဲ့ ကျွန်မရဲ့အလှအပတွေ အခုတော့ ဘယ်များရောက်သွားခဲ့ပြီလဲ။ ကျွန်မရဲ့အခြေအနေဟာလည်း တဖြည်းဖြည်းနဲ့ ပိုပြီးဆိုးလာခဲ့တယ်။

နောက်ဆုံးကျတော့ ဆရာဝန်ကြီးကိုတောင်းပန်ပြီး ဆေးရုံကဆင်းလာခဲ့တယ်လေ။ ကျွန်မရဲ့ရောဂါအခြေအနေကိုလည်း ကျွန်မ ကောင်းကောင်းရိပ်မိနေပါပြီ။ မောင့်ကိုလည်း ကျွန်မသနားလှပါပြီ။ သူ့ခမျာ ဆိုင်ကလေးကတစ်ဖက်၊ ဆေးရုံရောက်နေတဲ့ ကျွန်မအတွက်ကတစ်ဖက်၊ အိမ်မှာ ကလေးနှစ်ယောက် ကျောင်းသွားဖို့ကတစ်ဖက်၊ အလုပ်တွေရှုပ်လှပြီ။ အိမ်မှာရှိသမျှ ဗိုက်ဆံ၊ ပစ္စည်း



ဥစ္စာရှိရှိသမျှလည်း ကျွန်မရဲ့ဆေးကုစရိတ်သုံးရင်းနဲ့ ပြောင်ရှိတင်မက အကြွေးတွေတောင် အများကြီးတင်နေလောက်ပြီ။

## (၅)

## "အချစ်အိမ်ကလေး အစိတ်စိတ်အမြွှာမြွှာ ပျက်စီးခြင်း"

ကျွန်မလေ . . . စိတ်လျှော့လိုက်ပါပြီ။ ကျွန်မရဲ့ဘဝ နောက်ဆုံးအချိန်လေးတွေ ဘယ်လောက်မှ မကျန်တော့ဘူးဆိုတာ ကျွန်မသိတယ်။ အဲဒီကျန်တဲ့ အချိန်နည်းနည်းလေးကို ကျွန်မတို့မိသားစုရဲ့ အေးမြတဲ့အရိပ်လေးအောက်မှာပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကုန်ဆုံးသွားချင်မိပါတယ်။ ကျွန်မချစ်တဲ့မောင်ရယ် ကျွန်မရဲ့ သားနဲ့သမီးလေးတို့ရဲ့ အနီးမှာပဲ ကျွန်မ သေဆုံးသွားချင်ပါတယ်။

ကျွန်မဆေးရုံက အိမ်ပြန်ရောက်ရောက်ချင်း သားနဲ့သမီးတို့ကို အရင်ဆုံးရှာမိပါတယ်။ ကျောင်းသွားနေကြတဲ့အတွက် ချက်ချင်းမတွေ့ရဘူး။ ညနေ ကျောင်းဆင်းချိန်မှာ ကျွန်မသားနဲ့သမီးကို အနားကိုခေါ်ပြီး ပွေ့ဖက်ချင်လိုက်တာ ကလေးနှစ်ယောက်က ကျွန်မကို ကောင်းကောင်းမမှတ်မိသလို ဖြစ်နေတယ်။ ဟုတ်ပါရဲ့ . . . ကျွန်မရဲ့ရုပ်ရည်ကလည်း ဟိုး ဆေးရုံကိုမသွားခင်က အခြေအနေနဲ့ လုံးဝမတူတော့ပါဘဲ ပြောင်းလဲလို့သွားခဲ့ပြီ၊ အရိုးစုသာသာ အရိုးပေါ်အရေတင်၊ ဆံပင်တွေကလည်း ကျိုးတိုးကျဲတဲ ကျွတ်ထွက်ကုန်ပြီ။ ဗိုက်တစ်ခုလုံးကလည်း ပြောင်တင်းပြီး ဖျင်းစွဲထားလို့ ဖောင်းကားနေတယ်။ ဒါတင်မကပါဘူး . . . ဗိုက်က ခွဲစိတ်ထားတဲ့ဒဏ်ရာမှာလည်း ပြည်တွေစို့ရွှဲပြီး ညှီနံ့ပုပ်အဲ့အဲ့အနံ့က ရနေတယ် မဟုတ်လား။ ကလေးလေးတွေက ကျွန်မရဲ့အနားမှာ ကြာကြာမနေပါဘူး။ ခဏလေးနေတော့ အကုန်ထွက်ပြေး သွားကြပါလေရော။ သူတို့လေးတွေမရှိတော့မှ ကျွန်မ တိတ်တိတ်ကလေး မျက်ရည်ကျမိတယ်။

မောင်ကတော့ အဲဒီအချိန်ထိ ကျွန်မနားမှာ နေပါသေးတယ်။ ဒါပေမဲ့ မောင်ဟာ ဟိုးအရင်တုန်းက ကျွန်မကိုချစ်ခဲ့တဲ့ ကျွန်မကလည်းချစ်ခဲ့တဲ့ မောင်နဲ့တော့ မတူတော့ဘူး။ ကျွန်မသိတာပေါ့မောင် . . . ကျွန်မဟာ မောင့်ရဲ့မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တစ်ချက် စကားလေးတစ်ခွန်းကအစ ကျွန်မဟာ ဂရုတစိုက်နဲ့ အမြဲမှတ်မှတ်ရရ ဖြစ်နေသူပါ။ တဖြည်းဖြည်းနဲ့ မောင့်ရဲ့မျက်ဝန်းတွေထဲမှာ ကျွန်မကိုကြည့်နေတဲ့အချိန်မှာ အရင်တုန်းက စိုရွှန်းခဲ့တဲ့ "အချစ်" ဆိုတာက တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားခဲ့ပါပြီ။ ကျွန်မဆီလာတာ ကျွန်မနဲ့စကားပြောတာ မပြောမဖြစ်လို့ မကောင်းတတ်လို့ ဆိုတဲ့ပုံစံမျိုးတွေ တဖြည်းဖြည်းဖြစ်လာတော့ ကျွန်မရင်မှာ တစစ်စစ်နဲ့ အပြင်းအထန်နာကျင်ရတယ် မောင်ရယ် . . .

ကျွန်မလေ . . . ကျွန်မရဲ့ကုသိုလ်ကံကြမ္မာဟာ အဲသလောက်တောင်ဆိုးဝါးပါလားလို့ သိလိုက်ရတဲ့အချိန်မှာ ကမ္ဘာကြီးအိုးထိန်းစက်လိုပဲ ချာချာလည်ခဲ့ရပါတော့တယ်။ အဲဒါ လွန်ခဲ့တဲ့ ၅ရက်လောက်ကပေါ့။ နှုတ်ခမ်းမွေးနဲ့ လွယ်အိတ်ကြီးလွယ်ပြီး လူကြီးတစ်ယောက် ကြောက်စရာကောင်းတဲ့ မျက်နှာကြီးနဲ့ ကျွန်မဆီရောက်လာတယ်၊ မောင်ခေါ်လာတာလေ။ ကျွန်မမှာတော့ အဲဒီအချိန် စကားကိုတောင် ကျယ်ကျယ်မပြောနိုင်ဘဲ အိပ်ရာထဲမှာ ဘုန်းဘုန်းလဲနေခဲ့ပါပြီ၊ ဒါပေမဲ့ ကျွန်မရဲ့နားတွေကတော့ ကောင်းနေပါသေးတယ်။ သူတို့ပြောနေတာ ကျွန်မကြားရတယ်။

"ဒါဖုတ်ဝင်နေတာပဲ ခင်ဗျားမိန်းမ မဟုတ်တော့ဘူး။ အဲဒါမကောင်းဆိုးဝါးဝင်ပြီး ပူးကပ်နေတာ၊ အဲဒီ မကောင်းဆိုးဝါးကို ထုတ်ပစ်ရမယ်၊ ပြီးတော့ ဒီနေ့ကစပြီး ဘာဆိုဘာမှ မကျွေးနဲ့တော့၊ သူစားနေသမျှ အဲဒီဖုတ်ကောင်က ဝင်စားနေတာပဲ"

ဘုရား . . . ဘုရား မဟုတ်ရပါဘူး။ ကျွန်မလေ အော်ဟစ်ပြီး မဟုတ်တဲ့အကြောင်းပြောဖို့ကြိုးစားမိတယ်။ မောင်ရေ . . . မယုံနဲ့နော်။ ကျွန်မက မောင့်ချစ်ဇနီး၊ တကယ့်ကိုဇနီးအစစ်ပါမောင်ရယ် . . . အဲဒီလူကြီးကမှ ကျွန်မတို့ချစ်ခြင်းကိုဖြိုခွဲမယ့် မကောင်းဆိုးဝါး ဖုတ်ကောင်ကြီးအစစ်။ ကျေးဇူးပြုပြီး မောင်မယုံလိုက်ပါနဲ့ . . . မယုံလိုက်နဲ့နော်။ အကျယ်ကြီးအော်ပြောဖို့ ကြိုးစားပေမယ့် ကျွန်မမှာဘာအားအင်မှ မရှိတော့ဘူး။ လေသံသဲ့သဲ့လေးပဲ ထွက်တော့တယ် မောင်။ ကျွန်မပြောနေတာတွေ မောင်တစ်ယောက် ကြားမှကြားပါလေစ။



ကျွန်မလောက် ကံဆိုးတဲ့သူ လောကမှာရှိဦးမလား။ ကျွန်မဟာ လူစင်စစ်ကနေ မကောင်းဆိုးဝါး ဖုတ်ကောင်လို့ သတ်မှတ်ခြင်းခံလိုက်ရပြီ၊ အဲဒီလူကြီးမပြန်ခင် ကျွန်မပါးစပ်ထဲ အင်းကွက်တွေရေဖျော်ပြီး အတင်းတိုက်၊ ဂါထာတွေမန္တရားမျိုးစုံရွတ်ဖတ်ပြီး ကျွန်မရဲ့အိပ်ရာအောက်မှာလည်း ဘာပစ္စည်းတွေလည်းမသိ ထည့်သွားလေရဲ့။ ဒါတွေ ကျွန်မဂရုမစိုက်ပါဘူး။ ကျွန်မရင်မှာ နာကျင်အခံစားရဆုံးကတော့ အဲဒီစကားတွေကို မောင်တကယ့်ကို ယုံမှတ်သွားတာပါပဲ။ အဲဒီနေ့ကစပြီး မောင့်ကိုရော သားလေးဖိုးတီနဲ့ သမီးလေးမိထားတို့ကိုရော ကျွန်မမတွေ့ရတော့ဘူး။ သားနဲ့သမီးတို့ရေ . . . မေမေ့ကို ခဏလေးတောင် လာမတွေ့တော့ဘူးလားကွယ်။ ကြည့်စမ်း . . . ဝဋ်လည်တယ်ဆိုတာ ဒါကိုခေါ်တာနဲ့ တူပါရဲ့။ မေမေသေခါနီး ကျွန်မလို ဝေဒနာခံစားနေရချိန်မှာ ကျွန်မကိုများ အခုလိုပဲ တမ်းတနေလေမလား။ ဘုရား . . . ဘုရား သမီးမိုက်ကို ခွင့်လွှတ်ပါမေမေရယ်။ အခု ကျွန်မတို့မိသားစုပျော်ရွှင်စွာ တဒုတဝေးတည်းနေခဲ့တဲ့ အိမ်စုတ်ကလေးထဲမှာ ကျွန်မတစ်ယောက်တည်း . . . တစ်ယောက်ဆိုမှ တစ်ယောက်တည်း။ ကျွန်မတို့တည်ဆောက်ထားခဲ့တဲ့ အချစ်အိမ်ကလေးဟာ အစိတ်စိတ်အမြွှာမြွှာ ပျက်စီးသွားခဲ့ပြီပဲ။

(၆)

"အချစ်ဇာနိဂုံး"

အချစ်ဆိုတာ ဘာပါလိမ့်။ သံယောဇဉ် ဆိုတာကရော . . . ဒါတွေဟာဒီလိုပဲ အလွယ်တကူ ပျောက်ဆုံးသွားနိုင်ပါသလား။ ကျွန်မဟာ တကယ်တမ်းကျတော့ ကင်ဆာဝေဒနာကို အလူးအလိမ့်ခံစားနေရတဲ့ သေအံ့မူးမူး မောင့်ရဲ့ချစ်ဇနီးအစစ်ပါ။ ကျွန်မရဲ့ကိုယ်ထဲမှာ ကင်ဆာရောဂါဆိုတဲ့ မကောင်းဆိုးဝါးဝင်ရောက်နေတာ၊ မောင်တို့ပြောတဲ့ "ဖုတ်" ဆိုတဲ့အကောင် မဝင်ပါဘူး။ တကယ်တမ်းဖုတ်ဝင်နေတာ မောင်ပါလို့ ကျွန်မက မရဲတရဲပြောရင်ကော ကျွန်မကို မောင်စိတ်ဆိုးမှာလား။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးပါနဲ့မောင်ရယ် ... မောင့်ရင်ထဲမှာ အရင်ကရှိခဲ့တဲ့ အချစ်ဆိုတဲ့နေရာမှာ ဘာကများအစားထိုး ဝင်ရောက်လာလို့ပါလဲ။ ကျွန်မသိတယ် ... ကျွန်မကိုမောင်က အမြန်သေစေချင်တာ မဟုတ်လား။ မောင့်ဆန္ဒပြည့်ဝစေချင်တာမဟုတ်လား။ မောင့်ဆန္ဒပြည့်ဝစေရပါမယ် မောင်ရယ်။ ကျွန်မလေ ... ကျွန်မဘာကိုမှ မစဉ်းစား မတွေးတောတတ်တဲ့သူ ဖြစ်ချင်စမ်းပါဘိ။

အဲဒီ နှုတ်ခမ်းမွေးနဲ့ မကောင်းဆိုးဝါးလူကြီး ပြန်သွားပြီးကတည်းက မောင်ပါ ပျောက်သွားတော့တာပဲ။ အခုတော့ ကျွန်မတစ်ယောက်တည်း ဟောဒီ အရင်တုန်းက ကျွန်မတို့မိသားစု ပျော်ရွှင်စွာနေခဲ့တဲ့ အိမ်စုတ်ကလေးထဲမှာ။ အခုတော့လည်း အရင်ကသီရိဂေဟာလေးဟာ သုသာန်တစပြင်ပမာ တိတ်ဆိတ်လို့ ချောက်ချားဖွယ်ကောင်းလှတယ်။ ကျွန်မရဲ့အိပ်ရာနားမှာ မနက်ဆိုရင် ထန်းလျက်ခဲလေး လေးငါးခဲနဲ့ ရေတစ်ပုလင်းကို ဟိုဘက်အိမ်ကခိုင်းတဲ့ ကောင်မလေးက မြန်မြန်လာချပြီး ပြေးပါလေရော။ ဒါပါပဲ ... ကင်ဆာရောဂါရဲ့နောက်ဆုံးအဆင့်မှာ သေအံ့မူးမူးနဲ့ ဝေဒနာခံစားနေရတဲ့ အမျိုးသမီးတစ်ယောက်ရရှိတဲ့ ပြုစုကုသမှု ဂရုစိုက်မှုဟာ အဲဒါပါပဲ။ မယုံကြည်နိုင်လောက်အောင်ကို ဝမ်းနည်းကြေကွဲဖို့မကောင်းပေဘူးလား မောင်ရယ်။ ပြောရက်လိုက်တာ ကျွန်မဟာ ဝေဒနာခံစားနေရတဲ့ လူသားတစ်ယောက် မဟုတ်ဘူးတဲ့။ ပြီးတော့ ကျွန်မဟာ မောင့်ရဲ့ချစ်ဇနီးလည်း မဟုတ်တော့ဘူး။ ကလေးတွေရဲ့အမေလည်း မဟုတ်တော့ဘူး။ ကျွန်မဟာ မကောင်းဆိုးဝါး "ဖုတ်" တဲ့လား။

ကျွန်မ သေရတော့မှာပါ။ မသေခင်လေး ကျွန်မ အတောင့်တဆုံးက မောင့်ရဲ့ကြင်နာယုယမှု၊ မောင့်ရဲ့အချစ်ပါ။ အခုတော့ ...

တင်းကားလာတဲ့ ဗိုက်ကြီးကလည်း ကျွန်မကို ကျောက်တုံးကြီးနဲ့ဖိထားသလိုပါပဲ။ အသက်ရှူလို့တောင် ကောင်းကောင်းမရတော့ဘူး။ ကျွန်မလေ လှုပ်ရှားလို့လည်း မရတော့ဘူး။ ကျွန်မတစ်ကိုယ်လုံးမှာ လှုပ်ရှားနိုင်တာဆိုလို့ မျက်လုံးလေးပဲ ရှိတော့တယ်။

မောင်ရေ ... ဟိုး ကျိုးတိုးကျဲတဲ ထရံကွက်တွေကြားက ဖြာကျနေတဲ့



လရောင်လေးကို မြင်ရတယ်။ ဟိုးပြတင်းပေါက်က လှမ်းကြည့်တော့ လရောင်ဆမ်းတဲ့ညခြမ်းကို မြင်ရတယ်။ ဟိုးမိုးပေါ်မှာ လမင်းကြီး ဝိုင်းဝိုင်းစက်စက်ရှိနေမှာ မြင်ချင်စမ်းပါဘိ။ ဒီနေ့ တပေါင်းလပြည့်နေ့ ... မှတ်မှတ်ရရ မောင်နဲ့ကျွန်မ စတွေ့ခဲ့တဲ့ည။ ဟိုးအညာမှာ မောင်နဲ့စပြီး ဆုံစည်းခဲ့တဲ့ည။ အဲဒီတုန်းက မောင်က အကျီဖြူ ကချင်လုံချည်လေးနဲ့၊ မောင့်မျက်နှာမှာ ဖြူစင်တဲ့ အပြစ်ကင်းတဲ့ အပြုံးလေးနဲ့၊ ကျွန်မ မြင်မြင်ချင်းကို မြတ်နိုးတွယ်တာစွာ စွဲလမ်းခဲ့ရတဲ့ အပြုံးကလေးပေါ့ ...

မောင်ရေ ... ကျွန်မလေ အဲဒီအပြုံးကလေးကို မြင်နေရတယ်။ အဲဒီတုန်းက ဖြူစင်တဲ့ မြတ်နိုးဖွယ်ရာကောင်းတဲ့ မောင့်ရဲ့အချစ်ကိုလည်း လွမ်းဆွတ်တမ်းတခြင်းများစွာနဲ့ သတိရမိတယ်။ အဲဒီတုန်းက ကျွန်မတို့ ပျော်ရွှင်ခဲ့ကြတယ်နော်။ အဲဒီဘဝကလေးကို တစ်ခဏလေးပဲဖြစ်ဖြစ် ပြန်ပြီးရချင်စမ်းပါဘိ။

မောင်ရေ ... ကျွန်မရဲ့စိတ်တွေဟာ ကျွန်မရဲ့ခန္ဓာကိုယ်ကြီးထဲကနေ လွင့်မျောပြီး ထွက်သွားသလိုပဲ။ ဟိုး အတိတ်ကိုပြေးလွှားလို့ အချစ်ဆုံးမောင့်ကို လိုက်ရှာနေမိတယ်။ ဟိုးရှေးရှေးတုန်းက ကျွန်မကို ချစ်ခဲ့ဖူးတဲ့မောင် ... ကျွန်မကလည်းချစ်တဲ့ မောင်တစ်ယောက် အခုတော့ ဘယ်များပျောက်သွားပါလိမ့်။ ဟောဟိုမှာ ဘယ်သူပါလိမ့် ... ပြေးသွားတာ။ မောင်ရေ မပြေးပါနဲ့ ကျွန်မလိုက်လာပြီ ကျွန်မကိုခဏစောင့်နော်။ အပြေးမြန်တဲ့ မောင့်နောက်ကိုလိုက်ရင်း ကျွန်မ မောလိုက်တာ မောင်ရယ်။ မျက်စိတွေလည်းပြာဝေပြီး ဘာဆိုဘာမှ သဲသဲကွဲကွဲ မမြင်ရတော့ဘူး။ မောင်ရော ... မောင်ရော။ ဟိုးရှေ့မှာ ကျွန်မကို လှမ်းခေါ်နေတာ ဘယ်သူပါလိမ့်။ အလို ... အသံတစ်ခုကြားတယ်။ ဒါ မေမေ့အသံပဲ သမီးကောင်းကောင်းမှတ်မိတယ်။ မေမေ ကျွန်မကို ခေါ်နေပြီ။ လာပြီမေမေ ... ကျွန်မလာပါပြီ။

"မှတ်ချက်"

ယခု ဝတ္ထုကဲ့သို့ပင် သေအံ့မူးမူး လူနာတစ်ယောက်ရဲ့နောက်ဆုံးအချိန်ဟာ အင်မတန်မှ သနားစရာကောင်းလှပါတယ်။ သူတို့ရဲ့ဆန္ဒတွေ ဘာမှမ

www.burmeseclassic.com

www.burmeseclassic.com



တင်ပြနိုင်ရာတဲ့ အဖြစ်ဆိုးနဲ့ ရင်ဆိုင်နေကြရရှာပါတယ်။

လူတစ်ယောက် သေသွားပြီဆိုရင် ရုပ်ရောနာမ်ပါ ချုပ်ငြိမ်းသွားပါပြီ။ သက်မဲ့ရုပ်အလောင်းထဲကို တခြားသောသတ္တဝါ "ဖုတ်" "ပြိတ္တာ" တစ်ကောင်ကောင်က ဝင်ရောက်ပြီးလှုပ်ရှားလို့ မရနိုင်ပါဘူး။ ဗုဒ္ဓရဲ့တရားတော်အရလည်း မဖြစ်နိုင်ဘူး။ ဆေးပညာမှာလည်း မရှိဘူး။ သိပ္ပံနည်းနှင့်လည်း လက်ခံနိုင်စရာ မရှိတဲ့ ဖြစ်ရပ်ဆိုးကြီးပါ။

ရိုးသားလှတဲ့ တောသူတောင်သားတွေကြားမှာသာမက အသိဉာဏ်နည်းပါးလှတဲ့ မြို့နေလူတန်းစားတွေထဲမှာပါ ဒီ "ဖုတ်" ပြဿနာဟာ ရှိနေဆဲပါ။ ရေမန်း ဆီမန်းတွေနဲ့ ပျောက်စေဆရာတွေက လူသားစင်စစ် လူမမာကို "ဖုတ်" ဝင်နေတာပါဆိုပြီး ကယ်တင်ရှင်ကြီးလုပ်ကာ "ဖုတ်" ထုတ်ပေးနေတဲ့ ပယောဂဆရာတွေရဲ့ အန္တရာယ်ဟာ ကြီးမားလွန်းလှပါတယ်။

သေခါနီး ဝေဒနာမချိမဆံ့ ခံစားနေရရှာတဲ့ ကိုယ့်မိဘဘိုးဘွား ကိုယ့်ဇနီးမယား သားသမီးစတဲ့ လူမမာတွေဟာ လူမမာအစစ်ပါ။ "ဖုတ်" ဆိုပြီး သေအောင်လုပ်နေတာမှန်း သိသိကြီးနဲ့ ဘာမှမပြောနိုင် မဆိုနိုင် မတားဆီးနိုင်ရှာတဲ့ လူမမာတွေရဲ့အဖြစ်ဟာ ဘယ်လောက်များ ကြေကွဲစရာ ကောင်းလိုက်ပါသလဲ။ မြန်မာပြည်မှာ ဒါမျိုးတွေ နေရာအနှံ့အပြားမှာ ရှိနေသေးသည့်အတွက် တားဆီးကာကွယ်ပညာပေးရန် သင်ခန်းစာယူနိုင်စေရန် ဆရာဝန်တစ်ယောက်ရေးသားသော ဤဝတ္ထုကိုတင်ပြခြင်း ဖြစ်ပါသည်။

၄

# ဟိုးအတိတ်က မေ့မရအလွမ်း

www.burmeseclassic.com

www.burmeseclassic.com






## ဟိုးအတိတ်က မေ့မရအလွမ်း

"မောင်ရေ…ဒီနားလေးမှာ ခဏလောက် ရပ်ပါဦးနော်၊ စီစီ ဒီနေရာကလေးမှာ ခဏလေးနားချင်တယ်"

တကယ့်ကို လွမ်းစရာ ချစ်စရာ ညနေခင်းကလေးပါပဲ။ ဟိုး အနောက်ဘက် ရိုးမတောင်တန်းကြီးပေါ်တွင် နေလုံးနီနီက ဝင်လုဆဲဆဲ မေးတင်နေလေပြီ။ ကြည့်စမ်း…အိပ်တန်းတက်ဖို့ထင်သည်။ ငှက်ကလေးတစ်အုပ်က သူတို့ခေါင်းပေါ်မှ တကျီကျီတကျာကျာ အော်မြည်၍ ပျံသန်းသွားလေသည်။ သည်လိုအချိန် သည်လိုနေရာလေးမှာပဲ…

"သမီးရေ…မေမေ့အနား လာပါဦးကွယ်။ ရှေ့မှာမြင်ရတဲ့ ဟိုး မှိုင်းညို့ညို့တောင်ခြေ ရွာကလေးတစ်ရွာရှိတယ်။ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်တုန်းက မေမေက အဲသည်နေရာ အဲသည်ရွာကလေးမှာ ရောက်ရှိနေတဲ့ ဆရာဝန်မကလေးပေါ့"

"ဟုတ်လား မေမေ"

သမီးက သူ့မျက်နှာကို အံ့သြတကြီး ကြည့်နေလေသည်။ ဟုတ်လိမ့်မည်…သမီးကိုတစ်ခါမှ သည်အကြောင်းတွေ သူမပြောပြခဲ့ဘူးလေ။ နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာ နိုင်ငံရပ်ခြားမှာ နေထိုင်ခဲ့ကြပြီး ယခုမှအမိမြေသို့ တစ်ခေါက်တစ်ခါအလွမ်းပြေ အလည်အပတ် ရောက်လာခဲ့သည်ပဲ။ ယခု ပုဂံညောင်ဦးမှ ရန်ကုန်သို့ အပြန်ခရီးဖြစ်ပါ၏။ သူတို့မိသားစု နောက်တစ်ပတ်ဆိုလျှင် သည်မြေကိုခွဲခွာ၍ သူတို့နေထိုင်ရာ နိုင်ငံကြီးရှိရာသို့ ပြန်ရတော့မည်။

"မေမေရေ . . . သမီးကို အဲသည်အကြောင်း ပြောပြဦးလေ"

သမီးဆရာဝန်မလေး "ထွေး" ကို သူငေးကြည့်မိသည်။ အချိန်တွေ ပြေးလွှားကုန်ဆုံးသွားလိုက်တာ။

"မေမေ . . . သမီးတို့ အရွယ်လောက်မှာပဲပေါ့။ သည်ရွာရဲ့တိုက်နယ်ဆေးရုံကလေးကို လက်ထောက်ဆရာဝန်ရာထူးနဲ့ ပြောင်းရွှေ့ဖို့ အမိန့်စာထွက်လာခဲ့တယ်ကွယ်"

သမီးကို ပုံပြင်ကလေးတစ်ပုဒ်လို သူပြန်ပြောပြနေမိသည်။ သူ့စိတ်တွေသည် ဟိုး အတိတ်ရှိရာသို့ အမြန်ဆုံးပြေးလွှားနေလေသည်။ ဟုတ်သည် လွန်ခဲ့သော နှစ်အစိတ် . . . သူ့အသက် ၂၈နှစ်အရွယ် ဆရာဝန်ပေါက်စကလေး ဒေါက်တာစီစီပေါ့။ အဲသည်နေ့က သည်ရွာကလေးသို့ ဒပ်ဖရင်ဆေးရုံကြီးမှနေ၍ လက်ထောက်ဆရာဝန်ရာထူးနှင့် သွားရောက်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖို့ အမိန့်စာထွက်တဲ့နေ့ပေါ့။ ဒီရွာကလေး၏နာမည်ကို သူ့ဘဝမှာ တစ်ခါမှမကြားဖူး၍ မြန်မာပြည်၏ မြေပုံစာအုပ်ကြီးထဲမှာ လက်ကလေးထောက်ကာ အရှာကြီးရှာခဲ့ရသေးသည်။ အနီးဆုံးမြို့သာ တွေ့ခဲ့သည်။

ထိုအချိန်က သမီးအသက် ၂၈နှစ်လောက် တကောက်ကောက်နှင့် ပြေးလွှားဆော့ကစားနေပြီ။ ချစ်စရာကောင်းသော သမီးလေးအနားမှ သူခွာချင်လှ မခွာလို။ သူနှင့်အတူ ခေါ်သွားလို့လည်း မဖြစ်ချေ။ အဲသည် ရိုးမတောင်ခြေဆိုတာ ငှက်ဖျားပေါမှပေါ မဟုတ်လား။ သူ့ခင်ပွန်း ဒေါက်တာကိုကိုမောင်က ဟိုးနိုင်ငံကြီးဆီ တစ်ယောက်တည်း ရောက်နှင့်နေပြီး အစစအဆင်ပြေသည်နှင့် သူတို့သားအမိကို လှမ်းခေါ်တော့မည်။ မကြာမီ သူတို့ အဲသည်နိုင်ငံကြီးဆီသို့ သွားရောက်ရတော့မည်ပဲ။ သည်ရွာကလေးသို့ သူသွားဖို့ မဝံ့မရဲ ဖြစ်လွန်းနေသည်။ ကြည့်



စမ်း . . . ဘယ်လောက်ရယ်စရာကောင်းသလဲ။ ဟိုးကမ္ဘာတစ်ခြမ်းက နိုင်ငံကြီးတစ်နိုင်ငံသို့ သွားရမည်ကို မကြောက်ရွံ့သူက ကိုယ့်နိုင်ငံထဲက ကာဝန်ကျရာရွာကလေးတစ်ရွာကိုကျတော့ သွားဖို့အကြောက်ကြီး ကြောက်နေသည်လေ။ ထိုစဉ်မှာ သူ့ဖေဖေက ထူးဆန်းသောစကားတစ်ခွန်းကို ဆိုလေသည်။

"သမီးရေ . . . မကြာခင် သမီးက နိုင်ငံရပ်ခြားကို ရေကြည်ရာမြက်နုရာရှာဖွေပြီးသွားတော့မှာ မဟုတ်လား။ ဒီရွာကလေးကို အလည်အပတ်သဘောမျိုးပဲဖြစ်ဖြစ် ခဏလေးမသွားချင်ဘူးလား။ သမီးဘဝမှာ ဘယ်တော့မှမရနိုင်တော့မယ့် အတွေ့အကြုံ အသစ်အဆန်းလေး ရလိုရငြားပေါ့။ အဆင်မပြေရင်လည်း သမီးချက်ချင်း ပြန်လာနိုင်တာပဲ။ မြေးလေးကိုလည်း နောက်ဆံမတင်းနဲ့ ဖေဖေကို့မေမေတို့ ရှိသားပဲ"

သည်ဖေဖေ့စကားတစ်ခွန်းသည် သူမအား တွေဝေသွားစေခဲ့သည်။ ဟုတ်သည်လေ . . . သူ့ဘဝမှာ ဘယ်တုန်းကမှ ရန်ကုန်နယ်နိမိတ်ကို ကျော်ဖြတ်၍ ဝေးဝေးသို့ရောက်ဖူးသည်မရှိခဲ့။ ရန်ကုန်သူစစ်စစ် မြန်မာပြည်ထဲမှာ သည်လိုရွာကလေးတစ်ရွာရှိနေတာ သူ အခုမှကြားဖူးသည် မဟုတ်လား။ ခဏပဲဖြစ်ဖြစ် သွားလည်ကြည့်လိုက်ဦးမည်ဟု နောက်ဆုံး ဆုံးဖြတ်ချက်ချမိသည်။

သည်လိုနှင့်ပဲ သည်ရွာကလေးသို့ သူမတစ်ယောက်တည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ရောက်လာခဲ့လေသည်။ ဟိုးရှေ့နားမှာ တံတားတစ်ခုရှိသည်။ သူရောက်တော့ယိုင်နဲ့နဲ့နှင့် တံတားက အလယ်မှကျိုးကျနေသည်။ ကျော့ချမ်းစရာစကား ကြားရသေးသည်။ ယခင်တစ်လကပဲ သည်တံတားကျိုးကျ၍ ကားတစ်စီးပြုတ်ကျပြီး လူနှစ်ယောက်ပွဲချင်းပြီး သေဆုံးသွားခဲ့သေးသည်တဲ့။ သူတို့အားလုံး ဂျစ်ကားအစုတ်လေးပေါ်မှဆင်းကာ ဟိုးတံတားအောက်ခြေ လမ်းလွှဲကလေးအတိုင်း ဆင်းလျှောက်ကြရသေးသည်။

သူ တိုက်နယ်ဆေးရုံကလေးသို့ ရောက်ရှိတော့ တစ်ရွာလုံးက သူ့ကိုလာရောက်ကြိုဆိုနေကြသည်ကို တွေ့လိုက်ရသည်မှာ အသက်ရှုပင်မှားအောင်ရင်ခုန်မိပါသေးသည်။ နောက်မှသူသိရသည်မှာ သူသည် သည်ရွာကလေးသို့

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံးရောက်ရှိလာသော ဆရာဝန်ဆိုပဲ၊ တိုက်နယ်ဆေးရုံက ယခုမှစဖွင့်သည့် ဆေးရုံအသစ်စက်စက်ကလေးပင်။ ဆရာဝန်ဆိုတာ တစ်ခါမှမမြင်ဖူး၍ သူ့အား အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြ၏။ အပေါ်မှကျလာသည့် နတ်သမီးလေးလားဟု ထင်မှားနေသည်လားမသိ။

အဘွားကြီးတစ်ယောက်က သူ့လက်လေးကို အသာလာကိုင်သည်ကိုပင် သူမှတ်မိသည်။

"လုံမလေးက ချောလိုက်တာ မှန်နေတာပဲနော်။ လူအစစ်မှ ဟုတ်ရဲ့လားတော်။ လက်ကလေးတွေကလည်း နုနုနယ်နယ်လေးတွေ။ ဆရာဝန်ဆိုတာ သည်တစ်ခါပဲ မြင်ဖူးသေးတယ်...အမေတို့ရွာမှာ အကြာကြီးနေနော်"

အဲသည်တုန်းက သူခေါင်းညိတ်မိသလား၊ သူမမှတ်မိတော့ပေ။

"သမီးရေ... ရွာသူရွာသားတွေက မေမေ့ကို ဂရုစိုက်လိုက်ကြတာ၊ လေးစားလိုက်ကြတာကလည်း ရွာဦးဘုန်းကြီးပြီးရင် မေမေပဲလို့ထင်မိတယ်၊ မေမေ့ဘာသာ ထမင်းချက်စားဖို့တောင် မလိုဘူးကွယ်။ မေမေ့ကို လေးစားချစ်ခင်လွန်းကြတာကိုလည်း သမီးလေးကို မြင်စေချင်လိုက်တာ"

သူမှတ်မိပါသေးသည်။ သူတို့ရွာထွက်ကြက်ဥကလေးတွေ ဟင်းသီးဟင်းရွက်ကလေးတွေ သူ့အိမ်မှာ ဘယ်တော့မှမပြတ်။ သူ့အိမ်နားက ကြီးကြီးစောက သူ့ကိုအမြဲ ထမင်းဟင်းတွေ ချက်ပေးသည်ပဲ။ သူကလည်း ဘာဆိုဘာမှ ချက်တတ်ပြုတ်တတ်သူ မဟုတ်။ ရွာသူရွာသားတို့ ချက်ကျွေးသည့် ရွာထမင်း ရွာဟင်းကလေးတွေ သူစားရသည်မှာမမေ့နိုင်။ သူ့ဘဝမှာ ဖွတ်သား၊ မြွေသား၊ ဖားသား၊ ပဒတ်သား စသည့် အထူးအဆန်းအစားအစာကို ပထမဆုံးမြည်းစမ်းကြည့်ခဲ့ရသည်မှာ သည်နေရာပေပဲ။ ဖြစ်နိုင်လျှင် တစ်ခါလောက် ထပ်မြည်းကြည့်ချင်ပါသေးသည်။

သမီးကသူ့ကို အံ့သြတကြီးကြည့်နေသည်။ သူ့မေမေ သားဖွားမီးယပ်အထူးကု ဆရာဝန်မကြီးတစ်ယောက်သည် တစ်ခါတုန်းက သည်ရွာကလေးမှာ လက်ထောက်ဆရာဝန်မလေး လုပ်ခဲ့ဖူးသည်ဆိုသည်ကို သူမယုံနိုင်သလို ဖြစ်



နေသည့်ပုံပါပဲ။

"သမီးရယ်... သည်ရွာက ရွာသူရွာသားတွေက မေမေ့ကို ဆေးဆရာနတ်သမီးလေးလို့များ သတ်မှတ်လေသလားမသိဘူး။ မေမေ့ကို ယုံကြည်ချစ်ခင်လိုက်ကြတာ၊ သူတို့ရွာကလေးမှာ အရင်တုန်းက ဆရာဝန်ဆိုတာမှ မရှိတော့ ဆေးမြီးတိုလောက်နဲ့ပဲ ပြီးကြရတာ၊ ငှက်ဖျားဖြစ်ပြီး သေတဲ့သူတွေကလည်း အများကြီးပေါ့။ မေမေ့ဆေးတစ်ချက် တိုက်လိုက်ရင် ဖော်ရုံရောဂါက ချက်ချင်းပြေးတော့တာပဲ။ မေမေ့လက်နဲ့ထိလိုက်ရင် ရောဂါပျောက်သွားမယ်လို့များ သူတို့အောက်မေ့သလားမသိ။ ဆေးစွမ်းတယ်လို့များ ခေါ်လားမသိဘူးပေါ့။ မေမေလည်း စကားကလေး လာလည်သလိုနေမယ်၊ မဟုတ်ရင် ချက်ချင်းပြန်မယ်လို့ မှန်းထားရာကနေ တစ်လပြီးတစ်လ ကြာသွားခဲ့တယ်။ မထင်တောင် မထင်မှတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် တခြားတိုင်းပြည်တစ်ပြည်ကို မင်းသမီးလေးတစ်ပါးအဖြစ်နဲ့ ရောက်နေတယ်လို့တောင် ထင်မှတ်မှားမိတဲ့အထိ၊ ရောဂါကုသပေးလိုက်လို့ ပျောက်သွားရင်လည်း ကျေးဇူးတွေတင်လိုက်ကြတာ၊ တစ်ခါတလေများ မေမေ့ထက် အသက်အရွယ်ကြီးတဲ့ အမေကြီး အဖေကြီးတွေကအစ ရောဂါပျောက်သွားတဲ့အခါ မေမေ့ကိုထိုင်ပြီး ကန်တော့မယ်လုပ်နေလို့ အတင်းကြီးကို ဆွဲထားရတယ်သမီးရဲ့"

သမီးဆရာဝန်မကလေးက တကယ့်ကို မျက်လုံးအဝိုင်းသားနှင့်ကြည့်နေသည်။ သမီးကလေးအတွက် သူပြောသည့်စကားက ယုံတမ်းစကားပမာဖြစ်နေမည်မှာ သေချာသည်။ သူတို့တွေ ယခုအလုပ်လုပ်နေကြသော နိုင်ငံကြီးမှာ ဗိုက်ဆံကတော့ သောက်သောက်လဲရပါရဲ့၊ သို့သော်...အလုပ်လုပ်ရာတွင်တော့ အလွန်အလွန်ကို သတိထားရသည်မှာ ယခုသူတွင် သွေးတိုးရောဂါပင် ဖြစ်နေပြီ။ အမြဲတစေ စိတ်ပူပန်ရသည်မှာ လူနာတစ်ခုခု ဖြစ်သွားမည်ကိုပင်။ အနည်းငယ်မှားယွင်းသွားသည်နှင့် တရားစွဲခံရမည်မှာ သေချာသည်။ တစ်ခါတစ်ခါများ ဆေးကုနေသည်လား။ ကြိုးတန်းပေါ်ကလမ်းလျှောက်နေသည်လား ခွဲခြားမရအောင်ဖြစ်ရသည်။ ဗိုက်ဆံလည်းရပါရဲ့... သို့သော် ရသောလစာ၏ သုံးပုံတစ်ပုံက အာမခံ

www.burmeseclassic.com

www.burmeseclassic.com



ကြေးတွေ အခွန်တွေပေးရသည်။ လူနာတရားစွဲလာလျှင် ခုခံကာကွယ်ဖို့ အမြဲတမ်းကြိုတင်ပြင်ဆင်ထားရသည့်သဘောပေါ့။ လူနာနှင့်စကားပြောလျှင် ဆေးကုသလျှင်လည်း စကားတစ်ခွန်းမမှားအောင် သတိထားနေရသည်။ လူနာတွေကလည်း ဆရာဝန်ကိုသံသယကြီးစွာထား၍ ဆက်ဆံသည်။ အမှားတော့မလုပ်လိုက်နဲ့။ မှားလို့ကတော့ တရားစွဲပစ်လိုက်မည်ဆိုသည့် အဓိပ္ပာယ်ကို သူတို့မျက်လုံးထဲမှာ တွေ့နေရသည်လေ။ ဆေးကုသ၍ ရောဂါပျောက်သွားလျှင်လည်း ဘယ်တုန်းကမှ ကျေးဇူးတင်သည့်လက္ခဏာ မတွေ့ရ။ ငွေပေးနိုင်လို့ ဆေးကုပေးတာဘာမှကျေးဇူးတင်စရာမလိုဘူးဆိုတဲ့ မျက်နှာထားတွေနဲ့ချည်းပဲ။ မေမေတို့ဘက်က ဘာမှားမလဲဆိုတာ တစ်ချိန်လုံး စောင့်ကြည့်နေသလိုပဲ။ အလုပ်လုပ်ရင်းနဲ့ ကထိတ်ထိတ်ခံစားရသည်။ ကြာလျှင် နှလုံးရောဂါရမှာ သေချာသည်။ နိုင်ငံကြီးအကြောင်းတွေးရင်း ရွာကလေးမှာ နေစဉ်ကအကြောင်းကို သတိတရဖြင့် သမီးအားပြန်ပြောဖြစ်သည်။

"မေမေမွေးပေးရတဲ့ ကလေးတွေလည်း အများကြီးသမီးရဲ့။ သမီးမြင်စေချင်တယ် … မေမေ့ကစ်ယောက်တည်း ဆရာဝန်လေ။ သူနာပြုဆရာမကြီးတစ်ယောက်ရယ် မေမေရယ် လူနာတွေကိုခွဲစိတ်ခဲ့ရတာ၊ မေ့ဆေးပေးလည်း မေမေပဲ၊ ခွဲစိတ်တာလည်းမေမေပဲ။ အနီးဆုံးမြို့နယ်ဆေးရုံကို သွားဖို့ကလည်း သိပ်ခက်ခဲခဲ့တာ။ ပြီးတော့မေမေ့ကို အရမ်းအားကိုးကြတာဆိုတော့ မေမေပဲအရဲစွန့်ပြီး လုပ်ပေးရင်းကနေ မေမေ့ရဲ့စေတနာ မေတ္တာတွေရဲ့အကျိုးကြောင့်ထင်ပါရဲ့ … ခွဲသမျှအဖိတ်အစဉ် မရှိခဲ့ဘူးသမီးရေ"

သူတို့သားအမိနှစ်ယောက် စကားပြောနေသည်ကို ဒေါက်တာကိုကိုမောင်က ဘေးမှအသာ ငေးကြည့်နေလေသည်။ သူက ခွဲစိတ်ဆရာဝန်ကြီးလေ။ သူ့ဇနီးချောကလေး၏ ဟိုးနှစ်အစိတ်တုန်းက ဇာတ်လမ်းကလေးတွေကို သူကပါရောယောင်၍ နားထောင်နေသည်။

"စီစီပြောတဲ့အတိုင်းဆိုရင် မောင်ကဟိုမှာ အဆင်သင့်ဖြစ်ပြီ၊ စီစီတို့သားအမိ လိုက်ခဲ့တော့လို့ လှမ်းအကြောင်းကြားတော့ စီစီက ဒီရွာကလေးမှာပေါ့



ဟုတ်လား"

"ဟုတ်တယ်မောင်ရေ … အဲသည်တုန်းက မောင့်ဆီကိုလာချင်တာမို့ ဝမ်းသာလိုက်တာအရမ်းပဲ။ ဒါပေမဲ့ တစ်ချိန်တည်းမှာ ဒီရွာကလေးနဲ့ခွဲရမှာကိုလည်း စိတ်ထဲဝန်လေးနေမိတာ။ စီစီကိုယ့်ဘာသာတောင် မယုံချင်နိုင်လောက်အောင်ပါပဲမောင်"

ဟုတ်သည် … ဒေါက်တာစီစီတစ်ယောက် မောင့်ဆီက အကြောင်းကြားစာမရောက်ခင် ဖြစ်ခဲ့ရသည့်အဖြစ်ကလေးကတော့ တစ်သက်လုံးမမေ့နိုင်စရာပင်။ သူ့ဆရာဝန်ဘဝမှာ အမှတ်တရအဖြစ်ဆုံး အဖြစ်ကလေး။ သူ့မျက်ဝန်းတွေက ဝင်းလက်နေသလိုလို ရုတ်တရက် မှိုင်းမှုန်သွားသလိုလို ခံစားချက်မျိုးစုံကို သူမှတ်မိနေလေသည်။

"ဆရာမရေ … သမီးလေးရဲ့အသက်ကို ကယ်ပါဦးနော်"

တုန်တုန်ယင်ယင်နှင့် လယ်သမားကြီးတစ်ယောက်က ၁၂နှစ်အရွယ်သမီးကလေးတစ်ယောက်ကိုပွေ့ချီ၍ သူ့ဆေးရုံလေးရှိရာသို့ ရောက်လာခဲ့သည်။ ကလေးမလေးကပျော့ခွေကာ တစ်ကိုယ်လုံး ဖြူဆွတ်နေသည်။ ကြောက်လန့်လွန်း၍ သတိလည်းလစ်မတတ် ဖြစ်နေသည်။ နွေလယ်ခင်းလေးတစ်ခုတွင် အရေးပေါ်လူနာတစ်ဦးကြောင့် သူတို့ဆေးရုံတစ်ခုလုံး အသက်ဝင်လှုပ်ရှားသွားရတော့သည်။

သူ ကပျာကယာပင် ကလေးမလေးကို စမ်းသပ်ခုံပေါ်တွင် အမြန်ဆုံးတင်စေ၍ အမြန်ဆုံးမေးမြန်းစမ်းသပ် စစ်ဆေးရပါတော့သည်။ သူကလေး၏ ဗိုက်တွင်ပတ်ထားသော သွေးတွေစိုရွှဲနေသည့် ပုဆိုးစုတ်တစ်ထည်၏အောက်တွင် ဘာတွေများရှိသလဲ။ တွေးကြည့်လိုက်လျှင် ရင်တုန်စရာပင်။ ဖြစ်ပုံက … လယ်သမားကြီး လယ်ထဲသို့ထွက်သွားချိန်တွင် သည်ကလေးမလေးက သူ့ညီမလေးတွေစားဖို့ အိမ်ဘေးနားက မန်ကျည်းပင်ပေါ်တက်၍ မန်ကျည်းရွက်နုကလေးတွေ ခူးဆွတ်လေသည်။ အစ်မကြီးတော့ အမိအရာပေါ့လေ။ သူတို့အမေငှက်ဖျားရောဂါနှင့် လောကကြီးထဲက ထွက်ခွာသွားသည်မှာ အခါလည်လောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲ့ရှိပါပြီမည်။ မန်ကျည်းပင်ပေါ်က ပြုတ်ကျချိန်တွင် ကံဆိုးချင်တော့ အောက်က သစ်ငုတ်တစ်ခုပေါ်သို့ ဗိုက်နှင့်ကျသည်တဲ့လေ။ ဗိုက်တွင်ဒဏ်ရာရရှိပြီး သတိ တစ်ချက်လစ်သွားသည်။ တော်ပါသေးရဲ့... ညီမလေးတွေ၏ အော်သံကြောင့် အိမ်နီးချင်းတွေရောက်လာကြ၍ အဖဖြစ်သူလယ်တောက အပြေးပြန်လာတော့ သမီး၏အဖြစ်ဆိုးကို မြင်လိုက်ရလေသည်။ ဗိုက်ကဒဏ်ရာမှ အူတွေထွက်လာခဲ့သည်။ မမြင်ဝံ့သော အူအခွေလိုက်ကို ပုဆိုးစုတ်နှင့် အမြန်ထုပ်ရစ်ပတ်ကာ သည်ဆေးရုံကလေးသို့ ပြေးခဲ့ကြသည်ပေါ့။ သူတို့ရဲ့ အားကိုးချစ်ခင်သော ဆရာဝန်မလေးဒေါက်တာဘီဘီ ရှိသည်လေ။ သူတို့တင်စားခေါ်ဝေါ်သော နတ်သမီးဆရာဝန်မလေးပေါ့။

ပုဆိုးစုတ်ကို သတိကြီးစွာနှင့် ဖယ်ရှားလိုက်တော့ ဗိုက်တွင် အပေါက်တစ်ပေါက်ဖြစ်သွားပြီးသည့်အပေါက်ထဲက အူတွေအခွေလိုက် ထွက်နေသည်ကို အသည်းယားစွာပင် မြင်တွေ့လိုက်ရပါသည်။ ဘုရား ဘုရား... ကယ်တော်မူပါ။ သူ့အမြန်ဆုံး စစ်ဆေးစမ်းသပ်လိုက်တော့ ကလေးမလေးသည် ကံကြီးလှပါပေသည်။ တစ်ခါကည်း ပွဲချင်းပြီးသေနိုင်သော ဒဏ်ရာများ မရှိပါ။ ဗိုက်ထဲတစ်စိမ့်စိမ့် သွေးထွက်နေသည့်မှလွဲ၍ သေစေနိုင်လောက်သည့် လက္ခဏာများလည်းမရှိ။ ဒဏ်ရာသည် အရေးကြီးသည့် သွေးကြောမကြီးများ၊ အသည်း၊ ကျောက်ကပ်၊ ဆေးလုံးတို့နှင့်လည်း လွတ်သွားခဲ့ပါသည်။ ဗိုက်တွင် အပေါက်တစ်ပေါက်အဖြစ် သစ်ငုတ်ကထိုးဖောက်သွားခဲ့ပြီး သွေးကြောတချို့ ထိခိုက်မိနိုင်သည်။ အူကိုနည်းနည်းပါးပါး ထိခိုက်သွားနိုင်သည်။ သို့သော် မည်သူကမှ သေချာ သိနိုင်ပါမည်လဲ။ သည့်ဒဏ်ရာ သည်ရောဂါသည် မြို့နယ်ဆေးရုံကြီးသို့ အမြန်ဆုံးပို့ပြီး ခွဲစိတ်ကုသဖို့ အသင့်တော်ဆုံးပင်။ ထို့ကြောင့်လည်းစီးရန် မြို့နယ်ဆေးရုံအုပ်ကြီးထံသို့ အကြောင်းကြားစာရေးရန် လိုအပ်သောပဏာမ ကုသမှုများပြုလုပ်ရန် စီစဉ်ရပါတော့သည်။

ဤတွင်ပင် သူ့လုံးဝမမျှော်လင့်မထင်မှတ်ထားပါသော အဖြစ်ပျက်များ ဆက်တိုက်ဖြစ်ပေါ်လာခဲ့လေသည်။ လူနာမလေး၏ဖခင် လယ်သမားကြီးသည်



သူမ၏ရှေ့တွင် ဒူးထောက်ကာ ထိုင်ချလိုက်လေသည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုကြွေးရင်း တုန်တုန်ယင်ယင်နှင့်သူ့အား တောင်းပန်တိုးလျှိုးနေသည်ကို သူမြင်လိုက်ရတော့ ဘာလုပ်ရမည်ပင်မသိ ဖြစ်ရပြီ။

“ဆရာမကြီးရယ်... ကျွန်တော့်သမီးလေးရဲ့အသက်ကို ဆရာမကြီးလက်ထဲကို အပ်ပါတယ်ခင်ဗျာ။ မြို့ဆေးရုံကြီးကို မသွားပါရစေနဲ့။ ကျွန်တော့်မှာ ပိုက်ဆံကလည်း တစ်ပြားမှကိုမရှိ။ ပြီးတော့ ဒီလောက်အဝေးကြီးကို သွားရမှာ လမ်းကလည်း ကြမ်းပါဘိသနဲ့။ ကျွန်တော့်သမီးလေး အဲဒီကိုခေါ်သွားရင် လမ်းမှာတင်ပဲ သေသွားလိမ့်မယ်လို့ ကျွန်တော်ထင်နေမိပါတယ်။ ဒီမှာပဲ ဆရာမကြီး ကုသပေးပါခင်ဗျာ။ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ... မတော်တဆ ဆိတ်သုဉ်းသွားခဲ့မယ် ဆိုရင်တောင် ကျွန်တော်ကျေနပ်ပါတယ် ဆရာမကြီးရယ်”

သူမ အကြီးအကျယ် အံ့သြသွားမိပြီ။ သည့်လူနာ၏အသက်ကို မိမိ၏ လက်ထဲသို့အပ်သည်တဲ့။ သူဘာလုပ်ရမည်နည်း။ ထိုစဉ်မှာပင် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် တစ်ရွာလုံးမှလူများ သူတို့၏ဆေးရုံဝင်းထဲ ရောက်ရှိလာခဲ့ပြီ။ သွေးလှူချင် လှူမည့်သူတွေကလည်း အဆင်သင့်။ ရွာသူရွာသားအားလုံးကလည်း သူ့အား အယုံကြီးယုံကြသည်မို့ သူကိုသည်မှာပဲ ခွဲစိတ်ကုသပေးဖို့ ပိုင်းဝန်းတောင်းပန်ကြတော့သည်။ နောက်ဆုံးတော့ သူ့စွန့်စားဖို့ ဆုံးဖြတ်လိုက်မိပါသည်။ ရဲရင့်သည်ဟုပဲ ပြောရမည်လား မိုက်ရူးရဲဆန်လွန်းသည်လား သူဘာသာ မသိနိုင်တော့ပြီ၊ မှန်တော့မှန်ပါသည်... သွေးတွေတဖေါဖေါ ပန်းထွက်နေသည် မဟုတ်ပါသော်လည်း ဗိုက်ထဲတွင် သွေးကြောတစ်ခုခုပေါက်ပြီး စိမ့်ထွက်နေပုံရသည်။ လမ်းခရီးတွင် ကြာသွားခဲ့လျှင် ဆေးရုံကြီးသို့ မရောက်ခင်မှာပင် ကံကွေ့ချော သွားနိုင်သည်ပဲ။

“သမီးရယ်... မေမေလည်းစွန့်စားပြီး ခွဲစိတ်ရတော့တာပေါ့။ သမီးက သံ့ချင်မှသံ့မယ်။ မေမေ့ကို ကူညီမယ့်သူဆိုလို့ သူနာပြုဆရာမကြီးတစ်ယောက် ပဲရှိတာ။ မေမေပဲမေ့ဆေးပေး မေမေပဲခွဲစိတ်ရ။ ရင်ထဲမှာလည်း တဒိတ်ဒိတ်နဲ့ ခုန်နေတယ်သမီးရယ်။ ဘုရားကိုပဲ အကြိမ်ကြိမ်တပြီး ခွဲစိတ်ရတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ဒီလောက်အားကိုးကြတဲ့ လူနာတွေအတွက် မေမေက စွန့်စားရမှာ မဟုတ်လား။ ဘုရားမတာပဲသမီး…မေမေ့ရဲ့ဥာဏ်မှာ ကံကြမ္မာက ရှိနေခဲ့တယ် လေ။ ဗိုက်ကိုခွဲတော့ အူတွေဘေးက သွေးကြောငယ်လေးတစ်ခု ပေါက်သွားပြီး သွေးထွက်နေတယ်။ အူမှာလည်း တစ်နေရာတည်းပဲ ပေါက်သွားတဲ့လက္ခဏာ တွေ့ရတယ်။ အပေါက်ကလည်း ကံကြီးပေလို့ သိပ်အကြီးကြီးမဟုတ်ဘူး။ ဒါနဲ့ပဲ သွေးကြောကိုပိတ် အပေါက်ကိုပြန်ချုပ်ပြီး ဒ ၊ တွကို သေချာပြန်ဆေးကြောပြီး ဗိုက်ထဲပြန်ထည့် နောက်ဆုံးဗိုက်ကို ပြန်ပိတ်လိုက်ရတဲ့အချိန်ဟာ မေမေ့ဘဝမှာ အပျော်ဆုံး အကျေနပ်ဆုံး ကြည်နူးပီတိအဖြစ်ရဆုံး အချိန်ကလေးတစ်ချိန်ပါပဲ ကွယ်"

မှန်ပါသည်…အရာအားလုံးသည် ဘုရားတာ၍ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေရင်းကပင် အဆင်ပြေချောမောခဲ့သည်လေ။ နေ့စဉ် သည်လူနာ လေးအခန်းတွင် သူအလုပ်ရှုပ်ခဲ့ရပါ၏။ ဗိုက်ထဲတွင် သူမတွေ့ဘဲ ကျန်နေခဲ့သော ဒဏ်ရာမရှိပါစေနှင့်၊ ရောဂါပိုးမွှားတို့ မဝင်ပါစေနှင့်ဟုပင် သူနေ့စဉ်ဆုတောင်းခဲ့ ရလေသည်၊ သူ့စေတနာမေတ္တာတို့က သူ့ကိုကူညီလိုက်သည်ဟု သူယုံကြည် မိပါသည်။

ဆေးရုံပေါ်တွင် နှစ်ပတ်တိတိတက်ပြီး သည်ကလေးမလေး ပျော်ရွှင် ချောမောစွာ လန်းလန်းဆန်းဆန်းနှင့် အိမ်ပြန်ရတော့မည့်အချိန် ရောက်ရှိလာခဲ့ လေသည်။

"သမီးရယ်…မေမေလေ မျက်ရည်တွေတောင် ကျမိတယ်။ ကလေး မလေးရော သူ့ဖေဖေလယ်သမားကြီးရော ဘယ်လိုမှတားလို့မရဘူး။ မေမေ့ကို အတင်းဆိုင်ပြီး ကန်တော့ကြတော့တာပဲ။ ပြီးတော့ မေမေ့ကို သူတို့ရဲ့မြို့ထွက် ကြက်ဥကလေးတွေရယ် ပောာဒီပစ္စည်းကလေးရယ် ပေးသွားခဲ့တယ်၊ မေမေ့ ဘဝရဲ့အမှတ်တရအဖြစ်ဆုံး မေမေတန်ဖိုးအထားဆုံး လက်ဆောင်လေးတစ်ခု ပေါ့ကွယ်"

ဒေါက်တာစီစီသည် သူ၏ လက်ဗွေ့ဒီတ်ကလေးထဲမှ ပုတီးဖြူဖြူလေး



တစ်ကုံးကိုထုတ်လိုက်ပြီး ကိုကိုမောင်နှင့် သမီးလေးကို ပြလိုက်လေသည်။

သူ့ဘဝတစ်လျှောက်လုံး သူနှင့်အနီးဆုံးတွင် ရှိနေခဲ့သည့်ပစ္စည်း၊ သူ အမြတ်တနိုး တန်ဖိုးအထားရဆုံးပစ္စည်း၊ နေ့စဉ်အများဆုံး ကိုင်ဆောင်အသုံးပြု သောပစ္စည်းကိုပြပါဆိုလျှင် သည်စိတ်ပုတီးဖြူဖြူလေးကို သူပြရမည်ပင်။ ပုတီး လုံးကလေးများသည်ပင် နေ့စဉ်သူ့လက်နှင့် အကြိမ်ပေါင်းသိန်းသန်းမက ပွတ် တိုက်ထားသည်မို့ ပြောင်လက်ချောမွတ်နေလေသည်။ သည်နှစ်ပေါင်းအစိတ် အတွင်း ပုတီးကလေးကို နေ့စဉ်မှန်မှန်ကြီး သူစိတ်ခဲ့လေသည်။ ဟိုနိုင်ငံကြီးမှာ သူအလုပ်လုပ်ရတော့ ဗိုဈပင်ပုတီးကလေးကို စိတ်မိသေးသည်။ သူနှင့်ပုတီးက လေးသည် ခွဲခြား၍မရ။ သည်ပုတီးကလေးကို သူမ တယုတယမြတ်နိုးစွာ နမ်းရှုံ့ လိုက်မိလေသည်။

"မေမေ…ခု မေမေ့မျက်နှာကိုကြည့်ရတာ ကျက်သရေရှိလိုက်တာ။ မေမေ့ရဲ့ငယ်ငယ်တုန်းက ဆရာဝန်မလေးဘဝက အားကျဖို့ကောင်းလိုက်တာ နော်"

သမီးဆရာဝန်မလေး "ထွေး" ၏မျက်ဝန်းကလေးကို သူအသာကြည့် လိုက်သည်။ သူ့ကို ချစ်မြတ်နိုးသော အားကျသော ကြည်ညိုနေသော သမီးက လေး၏ မျက်လုံးလေးများသည် လင်းလက်နေလေသည်။ ထိုစဉ် ဟိုးအနောက် ဘက်ရိုးမဆီသို့ သူ လှမ်းမျှော်ကြည့်လိုက်မိသည်။

ခုနတုန်းက နီးမတောင်စောင်းတွင် မှေးတင်နေသော နေလုံးနီနီသည် လည်း ဟိုးတောင်၏အနောက်ဘက်သို့ ဝင်ရောက်သွားခဲ့လေပြီ။ မကြာမီ ညအ မှောင်သည် ချဉ်းနင်းဝင်ရောက်လာတော့မည်။ အိမ်ပြန်ဖို့အချိန်တန်လေပြီ၊ သူ တို့တွေ ပုဂံမှအပြန်ခရီးတွင် ရန်ကုန်သို့ ခရီးဆက်ရဦးတော့မည်။ ရန်ကုန်တွင် ရက်အနည်းငယ်နေပြီးလျှင် သူတို့တွေအားလုံး၏ အလုပ်ရှိရာ ကမ္ဘာတစ်ဖက် မြေမှနိုင်ငံကြီးမှ သူတို့၏အိမ်ရှိရာအရပ်သို့ ပြန်ရတော့မည်။

"ကိုင်း စီစီရေ…မောင်တို့တွေ ခရီးဆက်ကြဖို့နော်၊ နေဝင်သွားခဲ့ပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင်သည် စီစီ၏ပုခုံးကလေးကို အသာပွေ့ဖက်၍ ကားရှိရာသို့ ခေါ်လာခဲ့လေသည်။

ဒေါက်တာစီစီသည် ကားတံခါးကိုအသာပိတ်ပြီး ထိုင်ခုံတွင် နောက်မှီ၍ထိုင်ချလိုက်၏။ ပြီးတော့ မျက်ဝန်းအစုံကို မှေးမှိတ်ထားလိုက်မိလေသည်။ မကြာမီ ကားကလေးသည် မြို့ရှန်ကုန်ရှိရာအရပ်သို့ တရိပ်ရိပ်ပြေးလွှားနေပြီ။ သူ၏စိတ်အစဉ်သည် ဟိုးနှစ်ပေါင်းအစိတ်လောက်တုန်းက နပျိုလန်းဆန်းသွက်လက်သော ဆရာဝန်မလေးတစ်ဦး၏ ငယ်ဘဝ ရိုးမတောင်ခြေက ရွာကလေးတစ်ရွာသို့ပြန်ရောက်သွားလေသည်။ ထိုစဉ် သူ့မျက်ဝန်းအစုံမှ မျက်ရည်ပေါက်ကလေးများ သူသတိမပြုမိပါဘဲနှင့် တစ်ပေါက်ချင်း လိမ့်ဆင်းလာလေသည်။

သူသည် မကြာမီ သူ့အိမ်ရှိရာသို့ ပြန်ရတော့မည်။ သူ၏တကယ့်စစ်မှန်သော "အိမ်" သည် အဘယ်မှာနည်း . . . ဟိုး ကမ္ဘာ့တစ်ဖက်ခြမ်းက နိုင်ငံကြီးတွင်လား။ အလွမ်းဝေဒနာလေးတစ်ခုက သူ့နှလုံးသားထဲသို့ ညင်ညင်သာသာလေး ဝင်ရောက်လာလေသည်။ ဘယ်ကိုများ သူလွမ်းဆွတ်တသ နေပါသနည်း။ နိုင်ငံရပ်ခြားကအိမ်ကို လွမ်းနေသည်လား။ သူ၏ခေါင်းကလေးသည် မသိမသာယမ်းခါသွားလေသည်။ ပြီးတော့ သူ့မျက်ဝန်းမှ တလိမ့်လိမ့်နဲ့ စီးဆင်းလာသော မျက်ရည်တို့ကြားမှ ရိုးမတောင်ခြေက စိမ်းမြသော ရွာကလေးတစ်ရွာ၊ ပြီးတော့ ဆေးရုံငယ်လေးတစ်ခုကို ပြန်လည်မြင်ယောင်မိလေသည်။ ထိုစဉ်မှာပင် သတိမထားမိလိုက်ပါဘဲနှင့် သူ့လက်အစုံသည် လက်ကိုင်အိတ်လေးထဲမှ ပုတီးဖြူဖြူကလေးကို အသာထုတ်မိသွားသည်။ ဖြူဖြူချောချော ပုတီးလုံးကလေးများကို တစ်ခဏမျှ ငေးစိုက်ကြည့်မိသည်။ ပြီးတော့ မျက်ဝန်းကလေးကို မှေးမှိတ်ကာ ပုတီးလုံးကလေးများကို တချောက်ချောက်နှင့် စိတ်နေမိလေတော့သတည်း။

၅

# အချစ်
# အမုန်း

www.burmeseclassic.com

www.burmeseclassic.com






## အတ္တအမှား

သမီးရေ . . . မေမေလေ တုန်ယင်နေတဲ့လက်အစုံနဲ့ သမီးရဲ့ဒိုင်ယာရီစာအုပ်ကလေးကို ဖွဖွလေးကိုင်မိတယ်။ မျက်နှာဖုံးမှာ "မေစံပယ်ဖြူ" ဆိုတဲ့သမီးရဲ့နာမည်ကလေးကို လက်ရေးဝိုင်းဝိုင်းလေးနဲ့ ရေးထားလေရဲ့၊ စာအုပ်ကလေးကို ငေးကြည့်ရင်း မေမေ့မျက်လုံးအစုံက ဝေဝါးလာတယ်။ မေမေ့မျက်ဝန်းထဲ သမီးလေးရဲ့စံပယ်ပွင့်ကလေးလို ဖြူဖွေးနူးညံ့တဲ့ မျက်နှာကလေးကို မြင်နေမိတယ်။ သမီးလေး မေမေ့ကိုမြင်ရဲ့လား . . . မေမေလှမ်းခေါ်လိုက်ပါဦး သမီးရယ်။ မေမေ့ကို မုတ်မိပါတယ်နော်။ အို . . . ဒီလိုကြီး စိမ်းစိမ်းကားကားမကြည့်ပါနဲ့ မေမေမခံနိုင်ဘူး။ သမီးကိုမေမေ အရမ်းချစ်ပါတယ် သမီးရယ်။ သမီးလေးက စာအုပ်ရဲ့ပထမဆုံးစာမျက်နှာမှာ ရေးထားတာက . . .

"သမီးကို ဘယ်သူမှ မချစ်ဘူး" တဲ့ . . .

ပထမဆုံးစာမျက်နှာလေးကို မေမေ့လက်တွေက ဘယ်နှကြိမ်မြောက်မှန်းမသိ လှန်မိလိုက်တယ်ဆိုရင်ပဲ မေမေ့ရင်ထဲမှာ အနာကျင်ရဆုံး ခံစားစေခဲ့တဲ့ သမီးရဲ့ လက်ရေးဝိုင်းဝိုင်းလေးကို မြင်ရတယ်။ ဘယ့်နယ်ပြောလိုက်ပါလိမ့် . . .

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးဟာ မေမေတို့ရဲ့တစ်ဦးတည်းသော တန်ဖိုးမဖြတ်နိုင်တဲ့ သမီးလေး။ သမီးဖေဖေနဲ့ အိမ်ထောင်ကျပြီး ၅နှစ်တိတိ သားသမီးမရခဲ့ဘူး။ မေမေ့မှာသားသမီးလိုချင်ဇောနဲ့ အရှုးတစ်ပိုင်းပေါ့။ မြန်မာပြည်ရဲ့အကျော်ကြားဆုံး အိုဂျီဆရာဝန်ကြီးတွေ မေမေမပြဖူးတာမရှိဘူး။ မေမေ သားဆုမပန်ဖူးတဲ့ဘုရား ရန်ကုန်မှာ မရှိတော့ဘူး။ ဘုရားစေတီတိုင်းက ညောင်ပင်စောင့်ရုက္ခစိုးတွေတောင် နားငြီးလောက်အောင် ဆုတောင်းခဲ့ရ။ ကုန်ကုန်ပြောမယ်သမီးရယ်...ပေဒင်ယတြာတွေနိုင်းသမျှလုပ်လိုက်တာမှ နောက်ဆုံး နတ်ကနားပေးရမယ်ဆိုလို့တောင် ပေးလိုက်ရသေး။ ကံကောင်းထောက်မလွန်းလို့ သမီးလေး မေမေ့ဗိုက်ထဲကိုရောက်လာတော့ တစ်ကမ္ဘာလုံးမှာ အပျော်ဆုံးလူဟာ မေမေပဲပေါ့။

သမီးလေးကို မျက်နှာတစ်ချက် မညိုစေရဘူး။ သမီးဘာစားချင်သလဲ ဘာဝတ်ချင်သလဲ ဘာနဲ့ကစားချင်သလဲ ဘာမဆို လိုတရဖြစ်စေရမယ်။ ကြည့်စမ်း...အဲဒီလောက် လိုလေသေးမရှိထားပါလျက်နဲ့ အခု သမီးလေးရေးထားတာက ဒီလို...

"သမီးကို ဘယ်သူမှမချစ်ဘူး..."

"သမီးလေ...တစ်ယောက်တည်း အထီးကျန်အဖော်မဲ့သလို ခံစားနေရတယ်။ ဖေဖေနဲ့ဆို မတွေ့ရတာ ကြာလှပေါ့။ မနက်အစောကြီး ဂေါ့ဖ်ရိုက်ဖို့ ဖေဖေထွက်သွားပြီ၊ ပြီးရင် သူ့ရဲ့စက်ရုံ ကုမ္ပဏီတွေကိုဆက်သွားပြီး တစ်နေ့လုံးအလုပ်လုပ်မယ်၊ ညညဒင်နာသွားတယ်ဆိုလားပဲ၊ ညဉ့်နက်မှ ဖေဖေပြန်ရောက်လာမယ်။ မေမေကျတော့ရော သူ့ရဲ့စိန်ရွှေအရောင်းအဝယ်အလုပ်တွေနဲ့ အမြဲရှုပ်နေရော၊ မေမေက ဗိုလ်ချုပ်ဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားတယ်လေ။ သမီးလေးချမ်းချမ်းသာသာနေနိုင်ဖို့ဆိုပဲ ဖေဖေရောမေမေရော ရှာဖွေလိုက်ကြတာ သမီးကိုရွှေဘုံပေါ်မှာထားဖို့ပဲ။ သမီးကိုဂရုစိုက်ဖို့ အချိန်မပေးနိုင်ဘူး။ သမီးက စိန်ရွှေတွေထက် ဖေဖေမေမေတို့ရဲ့ချစ်ခြင်းမေတ္တာကို လိုချင်တာပါ။ ခုတော့ သမီးနားမှာ ဘယ်သူမှမရှိကြဘူး။ ဖေဖေနဲ့မေမေဟာ သမီးကို ချစ်မှချစ်ရဲ့လား..."

သမီးရယ်...ဖေဖေရောမေမေရော သမီးရဲ့စာကလေးကို ဖတ်ပြီးမှ



အကြီးအကျယ် နောင်တရခဲ့ရပြီ။ သမီးကလေး စိတ်ကျန်းမာရေးဆေးရုံကြီးကို တက်လိုက်ရပြီးတော့မှ သမီးရဲ့ခေါင်းအုံးအောက်ကနေ ဟောဒီစာအုပ်ကလေးကို မေမေတို့တွေ့ခဲ့ရတာ။ သမီးလေးရဲ့ခံစားချက်ကလေးတွေအားလုံး ဟောဒီစာအုပ်ကလေးထဲမှာ တစ်ယောက်တည်း ရင်ဖွင့်ထားခဲ့တယ်။ သမီးလေးရဲ့ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာမသိခဲ့တဲ့ မေမေတို့ရဲ့အပြစ်ပါ။ တစ်ဦးတည်းသော သမီးလေးကို ရွှေပေါ်မြတင်ထားခဲ့တယ်။ ဘာဆိုဘာမှ လိုလေသေးမရှိဘူးထင်ခဲ့တယ်။ ဒါပေမဲ့ အရေးကြီးဆုံးတစ်ခုကိုပေးဖို့ ဖေဖေရောမေမေရော မေ့လျော့ခဲ့ကြတယ်လေ။ အဲဒါကတော့...စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာပေါ့။ မေမေပေးပုံမယ် အရာရာ နောက်ကျမသွားသေးဘူး ဆိုရင်ပေါ့နော်။

မေမေ့သမီးလေးက နာမည်နဲ့လိုက်အောင် အေးဆေးတယ်။ စကားလည်းသိပ်ပြောလေ့မရှိဘူး။ သူ့ဘာသာသူ အခန်းထဲမှာ တစ်ယောက်တည်းနေတတ်တယ်။ သမီးက ငယ်စဉ်ကလေးဘဝကတည်းက စာတော်တယ်။ အတန်းထဲမှာဆိုရင်လည်း ဟိုဘက်ခြံကကောင်မလေး "နှင်းဆီနီ" နဲ့ အမြဲပထမ ဒုတိယလုနေကျ။ ကြည့်စမ်း... သူ့အမေနဲ့မေမေတို့ဟာ ငယ်ငယ်လေးကတည်းက ဟိုဘက်အိမ်ဒီဘက်အိမ် အိမ်နီးချင်းသူငယ်ချင်းချင်း အစစအရာရာမှာ ပြိုင်နေကျ။ သူတစ်ပြန်ကိုယ်တစ်ပြန် သူနိုင်ကိုယ်နိုင်ပြိုင်ကြရာက နောက်ဆုံး မေမေတို့ရဲ့ပြိုင်ပွဲဟာ သမီးလေးစံပယ်နဲ့ နှင်းဆီတို့ဆီ ရောက်သွားပါလေရော။

ဇာတ်လမ်းရဲ့အစဟာ ဒီလိုသမီးရဲ့... မနှစ်တုန်းက သမီးတို့ ၉တန်းအောင်စာရင်းတွေထွက်ပြီး သူ့သမီးနှင်းဆီက ပထမ၊ သမီးစံပယ်က ဒုတိယရတဲ့အချိန်။ မေမေ့သမီးရဲ့အရှုံးအတွက် မခံချိမခံသာဖြစ်နေချိန်မှာ တစ်ခုသောညနေစောင်းဧည့်ခံပွဲတစ်ခုမှာ မေမေနဲ့ နှင်းဆီတို့မေမေ ဆုံကြပါလေရော။ သူကဘယ်လိုကြွားသလဲဆိုတော့ သူ့သမီးနှင်းဆီကို အခုနှစ်၁၀တန်းမှာ ဘာသာစုံဂုဏ်ထူးနဲ့အောင်ပြီး တစ်ပြည်လုံးမှာ ပထမ ဒုတိယ တတိယထဲဝင်အောင် အစွမ်းကုန်မောင်းမှာဖြစ်တဲ့အကြောင်း၊ ကြီးလာရင်လည်း ဆရာဝန်မှ ရိုးရိုးဆရာဝန်မဟုတ်ဘဲ နိုင်ငံခြားက ဘွဲ့တွေတစ်သီကြီးနဲ့ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးတစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်လာဖို့ ရည်မှန်းထားကြောင်း ပေါင်ဖွာပေါင်ဖွာ ပြောပါလေရော။ မေမေဘယ်လောက်တောင် မခံချင်ဖြစ်လိမ့်မလဲဆိုတာ သမီးပဲစဉ်းစားကြည့်။

အဲဒီဖြည့်ခံပွဲက ပြန်လာတဲ့ညမှာ သမီးကိုမေမေ ထူးထူးခြားခြားစကားတွေ ပြောခဲ့တယ်လေ။ မခံချင်စိတ် ပြိုင်ချင်ဆိုင်ချင် အနိုင်ရချင်တဲ့စိတ်တွေက ဦးဆောင်နေတာမို့ သမီးလေးကို မေမေဖြစ်စေချင်ခဲ့တယ်။

တာဝန်ကြီးတစ်ရပ်ကို မဖြစ်မနေထမ်းဆောင်ရတော့မယ်ဆိုတဲ့ အမိန့်အာဏာရှင်ဆန်သွားတဲ့ စကားတွေပေ့ါ။ မျက်လုံးလေးအဝိုင်းသားနဲ့ နားထောင်နေတဲ့ သမီးလေးရဲ့စိတ်ထဲ ဘာတွေရှိမယ်ဆိုတာ မေမေဖြင့် တစ်ခါမှမစဉ်းစားမိခဲ့ဘူး။ ကြည့်စမ်းပါဦး . . . အဲဒီညက သမီးလေးရေးခဲ့တဲ့ စာလေးကိုဖတ်လိုက်ရတော့မှ သမီးလေးရင်ထဲ စိတ်ထဲကို မေမေမြင်လိုက်ရတော့တယ်။

"သမီး ဆရာဝန်မဖြစ်ချင်ဘူး . . ."

"မေမေကပြောတယ် . . . သမီးကြီးလာရင် သားဖွားမီးယပ်အထူးကု ဆရာဝန်မကြီးလုပ်ရမယ်၊ အခုနှစ်စာမေးပွဲမှာ ဟိုဘက်ခြံကနင်းဆီထက် သာရမယ်၊ ဘာသာစုံဂုဏ်ထူးတွေထွက် တစ်ပြည်လုံးအမှတ်အများဆုံး ပထမ ဒုတိယ တတိယရ၊ သမီးရဲ့ဆုယူနေတဲ့ဓာတ်ပုံ သတင်းစာထဲပါပြီး သမီးနာမည် ဟိုးဟိုးကျော်သွားရမယ်တဲ့။ သွေးရဲရဲ သံရဲရဲတွေ မကြည့်ရဲဘူး။ လူနာတွေ အော်ဟစ်ညည်းညူကြမှာကို မကြည့်ရက်ဘူး။ လူသေကောင်ကြီးတွေ ဖားကလေးတွေ ကြွက်ကလေးတွေ ခွဲစိတ်ဖို့ဆိုရင်တော့ သမီး သတိလစ်သွားမလားပဲ။ သွေးတွေမြင်ရင် မူးလဲမှာသေချာတယ်။ သမီးတကယ်လုပ်ချင်တာက ကလေးလေးတွေကိုစာသင်ပေးတဲ့ ကျောင်းဆရာမလေးဘဝ။ ကလေးလေးတွေ ချစ်စရာ့အသံကလေးတွေနဲ့ သံပြိုင်စာအံကြတာ ဘယ်လောက်များနားဝင်ချိုသလဲ။ သမီးသင်ပေးလိုက်လို့ကလေးလေးတွေစာတတ်သွားရင် ဘယ်လောက်များပျော်စရာကောင်းလိုက်မလဲမေမေ။ နပျိုလန်းဆန်းတဲ့ စိမ်းလန်းတဲ့ ပန်းကလေးတွေကို ပျိုးထောင်ရတဲ့ ကျောင်းဆရာမဘဝကို သမီးမြတ်နိုးတယ်။ ခုတော့ . . . မေမေကပြောတယ် ဆရာဝန်မကြီးဖြစ်ရမယ် ပြီးတော့ နင်းဆီထက်သာရမယ် တစ်ပြည်လုံးပထမရရ

BURMESE CLASSIC .com



မယ်တဲ့။ သမီးအတွက် မြင့်မားလွန်းမနေဘူးလား မေမေ။ မေမေ့ကိုမပြောရဲလို့သာ မပြောလိုက်ရတာ၊ မဖြစ်လာရင် ဘယ်လိုလုပ်မလဲ။ ဒါတွေဖြစ်လာရင် မေမေ စိတ်ချမ်းသာမှာလား၊ သမီးကိုချစ်မှာလား၊ မဖြစ်လာခဲ့ရင်ရော မေမေကသမီးကို မုန်းသွားမှာလား။ မေမေ့ကို စိတ်ချမ်းသာစေချင်ပါတယ် . . . မေမေမုန်းသွားမှာကိုကြောက်တယ်"

သမီးရေ . . . မေမေလေ အစကပြန်စလို့ရရင် စလိုက်ချင်ပါရဲ့။ မေမေဖြင့် သမီးကလေးဘာဖြစ်ချင်သလဲ၊ သမီးလေးစိတ်ထဲ ဘယ်လိုများခံစားရမလဲဆိုတာ တစ်ခါမှတောင် မစဉ်းစား မတွေးတောမိခဲ့လောက်အောင် မိုက်မှားခဲ့တာပါ။ ဘာကြောင့်များ မစဉ်းစားခဲ့မိပါလိမ့်။ ခုတော့ သမီးလေးဖြစ်ချင်တာကို မေးဖို့ထက် မေမေတို့ဖြစ်စေချင်တာတွေချည်းပဲ သမီးလေးကို အတင်းအကြပ်ပုံသွင်းပေးဖို့ ကြိုးစားမိပါလားကွယ်။ တကယ်တမ်းကျတော့ ဘယ်မိဘမဆို မိမိရဲ့သားသမီးကို အတော်ဆုံး အကောင်းဆုံးဖြစ်စေချင်တာက ဓမ္မတာပဲ မဟုတ်ဘူးလား သမီး။

မေမေတို့ရဲ့တစ်ဦးတည်းသောသမီးလေးကို ဂုဏ်ထူးတွေ ဘွဲ့ထူးတွေ တစ်သီကြီးနဲ့ တစ်နိုင်ငံလုံး ပထမရစေချင်တယ်။ ဒါဟာ သမီးကိုမေမေ ချစ်လို့ပါ။ ခုတော့ . . . မေမေချစ်တာဟာ "နစ်" ရာရောက်ခဲ့ပြီလား၊ မနိုင်ဝန်ကို သမီးလေးကို ထမ်းခိုင်းမိခဲ့ပြီလား။

အဲဒီနေ့ကစပြီး သမီးလေးကို မြန်မာနိုင်ငံရဲ့အကောင်းဆုံးကျောင်းမှာထား၊ အတော်ဆုံး အကျော်ဆုံး ကျူရှင်ဆရာတွေနဲ့ အကောင်းဆုံးဝိုင်းမှာထားပြီး ငွေတွေပုံအောလို့ သမီးလေး တစ်ပြည်လုံးမှာပထမရဖို့ ဟိုဘက်ခြံက နင်းဆီထက်သာဖို့ စီမံကိန်းချပြီး မေမေအစွမ်းကုန် ကြိုးစားတော့တယ်။ သမီးလေးကိုလည်း စာတွေကိုပိုင်နေအောင် စာမေးပွဲမှာ ဘာသာစုံအမှတ်ပြည့်ရရှိအောင် အစွမ်းကုန်ကြိုးစားဖို့ နေ့တိုင်းမေမေ တိုက်တွန်းတော့တာပဲ။ သမီးကလေးကို စက်ရုပ်လိုသဘောထားပြီး သံပတ်ကိုတင်နိုင်သမျှတင်လို့ အတင်းကိုမောင်းနှင်ခဲ့မိပြီ။ သမီးလေးခမျာမှာလည်း ကြိုးစားရှာတယ်။ မနက်ခင်း မိုးလင်းကမိုးချုပ်

www.burmeseclassic.com

www.burmeseclassic.com



တကုတ်ကုတ်နဲ့ စာဆိုမှစာ တစာတည်းစာ . . . သမီးလေး အနားမှယူပါလေစ၊ ကောင်းကောင်းမှ အိပ်ပါလေစ၊ အညောင်းအညာပြေ လေ့ကျင့်ခန်းရော လုပ်ပါလေစဆိုတာများ တစ်ခါမှတောင် မေမေဖြင့် မစဉ်းစားခဲ့မိပါဘူး။ သမီးကလေး မထတမ်းစာကြိုးစားလေ မေမေသဘောကျလေပဲ၊ မေမေ့ဆန္ဒပြည့်ရတော့မယ်ဆိုပြီး ဝမ်းတွေတောင်သာလို့ရယ်။ သမီးလေးရေးထားတာကို ဖတ်ကြည့်ပါဦး။ မေမေဖြင့် လိမ္မာလိုက်တဲ့သမီးလေးလို့ ရင်ထဲမှာကျဉ်ခနဲနေအောင် နာကျင်ခံစားရပါတယ်။

"သမီး အစွမ်းကုန်ကြိုးစားမယ် . . ."

"မေမေရေ . . . သမီးအခုစာတွေ အစွမ်းကုန်ကြိုးစားနေပါတယ်။ သမီးချစ်တဲ့ဖေဖေမေမေတို့ စိတ်ချမ်းသာအောင်လုပ်ပေးဖို့ သမီးမှာတာဝန်ရှိတယ်။ ဒါကြောင့် သမီးမျက်လုံးနစ်လုံးမှိတ်လို့ အိပ်တဲ့အချိန်ကလွဲရင် အချိန်တိုင်းစာတွေချည်း ကြိုးစားနေပါတယ်။ တစ်ခါတလေကျရင် အိပ်လို့တောင် ကောင်းကောင်း မပျော်ချင်ဘူး။ အိပ်မက်ထဲမှာလည်း စာတွေကျက်နေမိသလိုပဲ။ ဒါပေမဲ့ တစ်ခါတလေကျရင် သမီးစာတွေကျက်ရင်း ခေါင်းထဲမှာမိုက်ခနဲ ဖြစ်သွားတတ်တယ်။ တစ်ခါတလေ မောသလိုလို ရင်တုန်သလိုလိုနဲ့ သမီးတာဝန်မကျေမှာကို စိတ်ပူတယ်မေမေ။ သမီးဂုဏ်ထူးတွေအများကြီးနဲ့ အောင်ကိုအောင်မှဖြစ်မယ်။ တစ်ခါတလေများ စိတ်ထဲမှာတင်းကျပ်နေတာပဲ။ မတော်တဆ မအောင်မြင်ခဲ့ရင်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ရင်ထဲမှာ တထိတ်ထိတ်ပါပဲ။ ဘာပဲဖြစ်ဖြစ် မေမေတို့ကို ချစ်တယ်။ သမီးချစ်တဲ့မေမေတို့ စိတ်ချမ်းသာစေရမယ်"

သမီးရေးထားတဲ့ စာကလေးကိုဖတ်ပြီး မေမေ မျက်ရည်မကျဘူးဆိုရင်တော့ မေမေ့အသည်းနှလုံးဟာ ကျောက်တုံးကျောက်ခဲ ဖြစ်နေလို့ပဲဖြစ်မယ်။ ကြည့်စမ်းပါဦး . . . မွေးရကျိုးနပ်လိုက်တဲ့ သမီးကလေး။ မေမေတို့စိတ်ချမ်းသာဖို့ သူ့မှာတာဝန်ရှိသတဲ့၊ မေမေတို့ဖြစ်စေချင်တာကို သမီးမဖြစ်ဖြစ်အောင် ကြိုးစားပေးခဲ့တယ်တဲ့။ နုနယ်ငယ်ရွယ်တဲ့ သမီးလေးတစ်ယောက်မှာ ဒီလောက်တောင်ကြီးလေးတဲ့ တာဝန်ကြီးတစ်ရပ် ရှိသင့်ပါသလား။ ဘာကြောင့်များ မေမေတို့က



ဒီလောက် မစဉ်းစားမိခဲ့ပါလိမ့်။

ဒီလိုနဲ့ပဲ . . . နေ့တွေလစားလို့ သမီးတို့စာမေးပွဲဖြေရမယ့် ရက်တွေကို ရောက်ရှိလို့လာခဲ့ပါပြီ။ မေမေကိုယ်တိုင် ရွှေဆိုင်ပိတ်ပြီး သမီးလေးနောက်က တကောက်ကောက်လိုက်လို့ စောင့်ရှောက်ပေးခဲ့တယ်။ စာမေးပွဲခန်းထဲဝင်ခါနီးတိုင်း သမီးလေးကို ရည်မှန်းချက်အောင်မြင်ဖို့ မမေ့ဖို့ မေမေသတိပေးမိတယ်။ ဒါတွေဟာ မေမေသမီးကို အားပေးတာလို့ပဲ မေမေမှတ်ထင်ခဲ့မိတယ်။ မေမေ့အထင်မှားခဲ့မိပေါ့။ မေမေ့ရဲ့အပြုအမူတွေဟာ သမီးလေးကို အကြီးအကျယ်ဖိအားတွေ ပေးမိခဲ့တယ်ဆိုတာကို သမီးလေးရဲ့ဒိုင်ယာရီမှာဖတ်မိမှ မေမေသိခဲ့ရတော့ အရာရာနောက်ကျခဲ့ပြီ သမီးရေ။

"စာမေးပွဲဖြေရတာ အားမရဘူး မေမေ . . ."

"သမီး စိတ်ပူလိုက်တာမေမေ . . . စာမေးပွဲခန်းထဲဝင်ခါနီးတိုင်းမေမေကသမီးကိုသတိပေး၊ သမီးကလည်း စိုးရိမ်စိတ်အပြည့်နဲ့ဝင်သွား။ မေးခွန်းတွေက သမီးသိတာတွေချည်းပဲဆိုပေမယ့် သမီး စိတ်ပူနေလို့လားမသိဘူး၊ စာတွေရေးရတာ လက်တွေ တုန်နေသလိုလိုပဲ၊ သမီး အမှားအယွင်းလုပ်မိမှာ စိတ်ပူနေတယ်။ တစ်ပြည်လုံး ပထမရဖို့ဆိုရင် အမှားအယွင်း ရှိကိုမရှိရဘူးမဟုတ်လား။ ဖြေတော့ဖြေခဲ့တာပဲ၊ အိပ်ရေးတွေကလည်း ပျက်ခဲ့တာဆိုတော့ သမီးခေါင်းတွေက အမြဲရီဝေရီဝေ ဖြစ်နေသလိုပဲ၊ သမီးလေ အားမရဘူး၊ တာဝန်မှကျေပါ့မလား၊ မျှော်မှန်းထားတဲ့အတိုင်း မဖြစ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ။ မေမေတော့သမီးကို မုန်းသွားမှာပဲနော် . . . သမီး စိတ်ပူနေမိတယ် မေမေရယ်"

စာမေးပွဲပြီးသွားကတည်းက သမီးကလေးဟာ အခန်းထဲမှာပဲနေနေတယ်။ ဟိုးအရင်တုန်းကတည်းက သမီးဟာစကားနည်းပြီး အေးအေးဆေးဆေးပဲနေတတ်တာမို့ မေမေတို့က ပုံမှန်ပဲလို့ ထင်မှတ်ထားခဲ့မိတာ။ ဖေဖေမေမေတို့လည်း ဟိုအရင်တုန်းကအတိုင်းပဲ ကိုယ့်အလုပ်တွေနဲ့ကိုယ်ရှုပ်ပြီး သမီးလေးကို ကောင်းကောင်းဂရုမစိုက်မိပါဘူး။ သမီးလေးကလည်း တစ်ယောက်တည်းအခန်းအောင်းလို့ နေပါလေရော။ မေမေတော့ အဲဒီအချိန်မှာ သမီးလေးစာမေးပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အများဆုံးနဲ့ အောင်မြင်ပါစေကြောင်း နေ့စဉ်နဲ့အမျှ ဆုတွေတောင်းလို့ပေါ့။

ဒီလိုနဲ့ စာမေးပွဲအောင်စာရင်းတွေ ထွက်တဲ့နေ့ကို ရောက်လို့လာခဲ့ပါရော။ အဲဒီနေ့က သမီးတော့မသိဘူး၊ မေမေ့မှာ ရင်တွေခုန်လိုက်ရတာ။ မေမေကိုယ်တိုင် စာမေးပွဲဖြေခဲ့တုန်းကတောင် အဲဒီလောက်ကြီး မတုန်လှုပ်မိသလိုပဲ။ သမီးလေးဆိုရင် ဘာပြောကောင်းမလဲနော်။ သမီးလေးရဲ့မျက်နှာကို အဲဒီနေ့မနက်ကမြင်ရတာများ ဖြူဖျော့လို့ . . .

အောင်စာရင်းလည်းသိရော သမီးလေးမျက်နှာလေး ငယ်သွားလိုက်တာ၊ မေမေ့မှာလည်း ဘယ်လိုခံစားလိုက်ရမှန်းတောင် မပြောတတ်တော့ပါဘူး။ မေမေမူးမေ့ပြီး လဲကျမသွားတာ ကံကောင်းလို့ပေါ့။ ကြည့်လေ . . . မေမေ့သမီးက ဂုဏ်ထူး ၂ ခု၊ သမီးလေးအပြိုင်ကြဲရမယ့် နှင်းဆီနီက ဘာသာစုံဂုဏ်ထူး ၆ ခုနဲ့လေ။ ကြည့်စမ်း . . . မေမေ့စိတ်ထဲ ထောင်းခနဲဖြစ်သွားသလိုပဲ။ မေမေတို့ဒီပွဲမှာ အပြတ်အသတ်ကြီးကို ရှုံးနိမ့်ခဲ့ပါရောလား။

အဲဒီမှာမေမေလည်း ဘာတွေလုပ်လို့လုပ်မိမှန်း ကိုယ့်ဘာသာတောင် သတိမထားမိတော့ပါဘူး။ အရှုံးမီးဝိုင်းသလိုဖြစ်ပြီး သမီးလေးကို တအားအော်လိုက်မိတယ်။ ဘယ်တုန်းကမှ လေသံကိုတောင် မာမာမပြောခဲ့ဘူးတဲ့ မေမေက အော်လိုက်တော့ တုန်တက်သွားတဲ့သမီးလေးရဲ့ ကြောက်ရွံ့အားငယ် ဝမ်းနည်းသွားတဲ့မျက်နှာကို အခုပြန်စဉ်းစားလိုက်တိုင်း မေ့လို့မရနိုင်ဘူးသမီးရယ်။ သမီးရဲ့မျက်လုံးလေးတွေဆိုရင်လည်း ဝိုင်းဝိုင်းလည်သွားပါလေရော။

မေမေဒေါသတကြီးနဲ့ တအားအော်လိုက်မိတဲ့ စကားကတော့ "သမီးအသုံးမကျဘူး . . . မေမေ့ကိုအရှက်ခွဲတယ်" တဲ့။ မေမေ့တစ်သက်မှာ ဘယ်လိုမှ ပြုပြင်လို့မရတဲ့ အမှားကြီးတစ်ခုကို မေမေကျူးလွန်လိုက်မိတယ်ဆိုတာ မေမေသိလိုက်တဲ့အချိန်ကျတော့ မေမေ့ရဲ့အနားက သမီး ပြေးထွက်သွားခဲ့ပြီ။ မေမေ ဘယ်လိုမှတောင် လိုက်ခေါ်လို့မမီတော့ဘူး။ သမီးလေးက အခန်းထဲကိုဝင်ပြီး တံခါးကိုပိတ်လို့ ဂျက်ချထားလိုက်တာ မေမေဘယ်လိုမှတောင် ခေါ်လို့မရတော့ပါဘူး။



အဲဒီနေ့က သမီးအတွက်ရော မေမေ့အတွက်ရော ကမ္ဘာပျက်တဲ့နေ့။ သမီးလေးအခန်းထဲ ဝင်သွားကတည်းက ဘာဆိုဘာမှ မစားမသောက် ဘာသံမှ လည်းမကြားရ။ မေမေ့မှာလည်း အခန်းအပြင်မှာ ဒေါင်ချာစိုင်းနေပါရော။ သမီးဖေဖေကိုပါ မေမေလှမ်းခေါ်ပြီး သမီးလေးကို ချော့ဖို့ကြိုးစားတော့လည်း အချည်းနှီးပါပဲ။

သမီးလေးရေ . . . မေမေခေါ်တာ ထူးပါဦးကွယ်။ မေမေ့ကိုစိတ်ဆိုးသွားပြီလား။ မေမေမှားပါတယ် သမီး၊ မေမေ့ကိုခွင့်လွှတ်ပါ၊ တံခါးဖွင့်ပါဦး သမီးရယ်။ မေမေတို့ဘယ်လိုခေါ်ခေါ် သမီးဆီက ဘာတုံ့ပြန်သံမှမကြားရဘူး။ တဖြည်းဖြည်း နေ့လယ် ညနေ ညအချိန်တွေ တရွေ့ရွေ့နဲ့ ကုန်ဆုံးခဲ့။ အဲဒီတစ်ရက်ဟာ မေမေ့အတွက်တော့ တစ်ကမ္ဘာပါပဲကွယ်။ သမီးလေး မနက်ကတည်းက အခန်းထဲဝင်သွားခဲ့တာ ဘာမှလည်းမစားမသောက်နဲ့ သမီးလေးအသံလည်း မကြားရတာမို့ နောက်ဆုံးည ၁၀ နာရီမှာ သမီးလေးရဲ့တံခါးကိုဖျက်ပြီးတော့ အခန်းထဲဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ရတယ်။

မေမေတို့အားလုံးလည်း အခန်းထဲရောက်ရော ရင်နာကြေကွဲဖွယ်ရာကောင်းလှတဲ့ သမီးလေးရဲ့အဖြစ်ကို မြင်လိုက်ရပါလေရော။ ဖြူဖျော့ပြီး ဘာဆိုဘာမှ ခန့်မှန်းဖတ်ယူလို့မရတော့တဲ့ ခံစားချက်မဲ့မျက်နှာသေလေးနဲ့ သမီးလေးက စာကြည့်စားပွဲမှာ မတ်မတ်ကလေးထိုင်လို့၊ သမီးရဲ့မျက်လုံးအစုံက စာကြည့်စားပွဲရှေ့က နံရံမှာကပ်ထားတဲ့ စာတမ်းကလေးတစ်ခုကို စူးစူးစိုက်စိုက်ကြီးနဲ့ ကြည့်လို့၊ မေမေတို့အားလုံး အခန်းထဲဝင်ရောက်လာတာကိုလည်း သတိမထားမိ၊ ဘာဆိုဘာမှလည်း သိတော့တဲ့ပုံမရှိ။ သမီး ကိုယ့်ကိုယ်ကိုယ်တောင်မှ ရှိမှန်းသိသေးရဲ့လားမသိ။ မေမေတို့ကိုကြည့်ဖို့က ဝေလာဝေး . . .

သမီးလေးရဲ့ ပခုံးနှစ်ဖက်ကိုကိုင်ပြီး မေမေမျက်ရည်လည်ရွဲနဲ့ သမီးလေးကို ရင်ခွင်ထဲထည့်လို့ မျိုးစုံချော့မိတယ်။ သမီးကမေမေ့ကိုလည်း သိတော့တဲ့ပုံမရှိ။ မေမေမှန်းသိဖို့ နေနေသာသာ သူ့ဘာသာသူတောင် ဘာမှန်းမသိတဲ့ပုံနဲ့ ကြောင်ကြောင်ကြီးကြည့်လို့၊ နောက်ဆုံး . . . သတိလစ်ပြီး မေ့မြောသွားပါလေ

www.burmeseclassic.com

www.burmeseclassic.com



ရော။ ဟုတ်ပါရဲ့ တစ်နေ့လုံး ဒီကုလားထိုင်မှာ ဘာမှမစားမသောက်ဘဲ ထိုင်နေခဲ့ပုံရတဲ့သမီးလေး အားပြတ်ပြီးပုံလျက်သား လဲကျသွားတော့တယ်။

သမီးကို အရေးပေါ်ဆေးရုံကို ပို့လိုက်တယ်။ သမီးရဲ့စာကြည့်စားပွဲရှေ့မှာ ရေးကပ်ထားတဲ့ သမီးခုနက စူးစူးစိုက်စိုက် ကြည့်နေခဲ့တဲ့စာလေးကို မေမေမြင်ရတော့ မေမေရင်ကွဲမတတ် နာကျင်ခံစားရတယ်သမီးရယ်။

"ဖေဖေမေမေတို့ စိတ်ချမ်းသာအောင် ကြိုးစားရမှာ ငါ့တာဝန်" တဲ့။

တစ်နေ့လုံး ဒီစာကြည့်စားပွဲမှာထိုင်ပြီး သမီးလေးရေးသွားတဲ့ စာအုပ်လေးကိုတော့ သမီးရဲ့ခေါင်းအုံးအောက်မှာ ဖွက်ထားတာတွေ့ခဲ့ရတယ်။

အခု မေမေဖတ်နေတဲ့ စာအုပ်လေးပေါ့။ မေမေ့သမီးလေးတစ်ယောက် စိတ်ကျန်းမာရေးဆေးရုံကြီးမှာ ရောက်နေတယ်။ သမီးလေး နောက်ဆုံးရေးခဲ့တဲ့ စာလေးကို မေမေ အခုဖတ်နေမိတယ်။

"သမီး အသုံးမကျဘူး" ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ . . .

"သမီး တာဝန်မကျေဘူး၊ မိဘတွေစိတ်ချမ်းသာအောင် လုပ်မပေးနိုင်ခဲ့ဘူး။ နင်းဆီကိုလည်း သမီးရှုံးသွားပြီ။ ဘာသာစုံဂုဏ်ထူးထွက်ပြီး တစ်ပြည်လုံးပထမရဖို့နေနေသာသာ ဘိတ်ချီးမရတာ ကံကောင်း။ မေမေ့ကို အရှက်ခွဲမိပြီမို့ မေမေသမီးကို မုန်းသွားပြီ။ သမီးအသုံးမကျဘူး။ မေမေ့ကိုအရှက်ခွဲတယ်။ သမီးအသုံးမကျဘူး။ မေမေ့ကိုအရှက်ခွဲတယ်။ သမီးအသုံးမကျဘူး။ မေမေ့ကိုအရှက်ခွဲတယ်။ သမီးအသုံးမကျဘူး . . ."

မေမေနောက်ဆုံး သမီးလေးကို အော်ငေါက်လိုက်မိတဲ့ စကားလုံးနှစ်လုံးကို သမီးလေးဟာ အဲဒီ မှတ်စုစာအုပ်တစ်အုပ်လုံးပြည့်အောင် ထိုင်ရေးနေခဲ့တာပဲ။ ဒီနေ့ဟာ သမီးလေး စိတ်ကျန်းမာရေးဆေးရုံကြီးမှာ အတွင်းလူနာအဖြစ် တက်ရောက်ခဲ့ရတာ တစ်ပတ်တင်းတင်းပြည့်တဲ့နေ့။ သမီးလေးဟာ အလွန်ပြင်းထန်တဲ့ စိတ်ဝေဒနာတစ်ခုကို ခံစားရပြီး ဒီလိုဖြစ်သွားခဲ့တာလို့ ဆရာဝန်ကြီးက ရှင်းပြတယ်။ မိဘတွေစိတ်ချမ်းသာဖို့အလွန်ကြီးလေးတဲ့မနိုင်ဝန်ကို ထမ်းဆောင်ဖို့ကြိုးစားခဲ့ရင်း မအောင်မြင်လို့ စိတ်ဓာတ်ကျတဲ့အချိန်မှာ မိခင်ဖြစ်သူ၏ပြင်းထန်



တဲ့စကားနှစ်ခွန်းရဲ့ဒဏ်ရာဒဏ်ချက်ကြောင့် စိတ္တဇဖြစ်သွားခဲ့ရတာတဲ့။ မေမေ ဘယ်လိုဖြေရမလဲသမီးရယ် . . .

သမီးလေးဟာ အခုချိန်ထိ ဘာကိုမှမြင်ပုံလည်း မရတဲ့မျက်လုံးနဲ့ ရှေ့တည့်တည့်ကိုငေးစိုက်ကြည့်ရင်း ငုငုကြီးထိုင်နေဆဲ။ မေမေတို့ကိုလည်း ရှိတယ်လို့တောင် အသိအမှတ်မပြုဘဲနေဆဲ။ သူ့ကိုယ်သူလည်း ဘာဖြစ်လို့ဖြစ်မှန်းမသိတဲ့ပုံရှိနေဆဲ။ ဘယ်အချိန်ကျမှ သမီးလေး နဂိုပုံမှန်ပြန်ဖြစ်လာမှာပါလိမ့်။ ဘုရား ဘုရား . . . မဖြစ်လာခဲ့ရင် ဘယ်လိုလုပ်ရမလဲ။

သမီးရေ မေမေ့ကိုကြည့်ပါဦးလားသမီး . . . သမီးလေးကို မေမေမမုန်းပါဘူးကွယ်။ မေမေ့အရှက်ကိုလည်း သမီးခွဲတယ်ဆိုတာ မဟုတ်ပါဘူး။ သမီးအသုံးမကျဘူးဆိုတာလည်း မဟုတ်ရပါဘူး။ မေမေဘယ်လိုဖြေရမလဲ သမီးရယ်။ တကယ်အသုံးမကျတာ မေမေပါ။ မေမေတို့မိဘတွေရဲ့အမှားဒဏ်ကို သမီးလေး ခံခဲ့ရတယ်။ မေမေ့အမှားကို ဘယ်လိုများပေးဆပ်ရပါ့မလဲ။ သမီးလေး မေမေ့ကို ခွင့်လွှတ်ပါကွယ်။

သမီးလေးမြန်မြန် နေကောင်းလာပါတော့။ ရှေ့လျှောက်သမီးလေးကို မေမေတို့ အမှန်ကန်ဆုံးချစ်ပါ့မယ်။ သမီးလေးဖြစ်ချင်လှတဲ့ ကျောင်းဆရာမလေး ဖြစ်စေရမယ်။ သမီးကိုဘယ်သူနဲ့မှ မပြိုင်ခိုင်းတော့ဘူးနော်။ မေမေဖြစ်စေချင်တာချည်း အတင်းမဖြစ်ခိုင်းတော့ဘူး။ သမီးလေးအတွက် အချိန်တွေအများကြီးပေးပြီးတော့ သမီးလေးပြောမယ့်စကားတွေ မေမေနားထောင်မယ်။ သမီးလေး ဝါသနာပါတာ ဖြစ်စေရပါမယ်။ မေမေ လေးလေးနက်နက်ကြီးကို ကတိပေးပါတယ်ကွယ်။

သမီးရေ . . . မေမေငိုနေမိတယ်။ တုန်ယင်နေတဲ့လက်အစုံနဲ့ သမီးရဲ့ ဒိုင်ယာရီစာအုပ်ကလေးကို ပိတ်လိုက်မိတယ်။ မျက်နှာဖုံးမှာ "မေစံပယ်ဖြူ" ဆိုတဲ့ သမီးရဲ့နာမည်လေးကို မေမေမြင်ရတယ်။ မေမေ့မျက်ဝန်းထဲမှာ သမီးလေးရဲ့ စံပယ်ပွင့်ကလေးလို ဖြူဖွေးနူးညံ့တဲ့မျက်နှာလေးကို မြင်နေမိတယ်။ သမီးရော မေမေ့ကိုမြင်ရဲ့လား။ မေမေလို့ခေါ်လိုက်ပါဦး သမီးရယ် . . . မေမေ့ကိုမုန်းသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



လား။ သမီးကိုအချစ်ဆုံးဖြစ်တဲ့ အမိုက်တုံးကြီးမေမေ့ကို အမှားပြင်ဆင်ခွင့်လေး တော့ပေးပါဦး သမီးရယ် . . .

# ၆

# ကို့နှလုံးအိမ်ထဲက ထာဝရနှင်း

www.burmeseclassic.com

www.burmeseclassic.com






## ကိုနှလုံးအိမ်ထဲက ထာဝရနှင်း

ကို...နှင်း ဘာလုပ်ရမလဲကွယ်။ နှင်းရင်ထဲမှာ ဗလောင်တွေဆူနေပြီကော။ ဟိုးတစ်ခါတုန်းကလိုပဲ နှစ်ခုထဲကတစ်ခုကို ရွေးရပြန်တော့မယ်။ ဒီတစ်ခါကတော့ နောက်ဆုံးရွေးချယ်ခြင်းပဲတဲ့လား "ကို"။ နှင်း ဘာကိုရွေးချယ်ရမလဲ ကိုရယ်...ရွေးချယ်ရမယ့် နှစ်ခုလုံးကလည်း နှင်းရင်ထဲအသည်းထဲက အဖိုးမဖြတ်နိုင်တဲ့ "ရတနာ" တွေမို့ တစ်ခုကိုရွေးလိုက်တာနဲ့ စွန့်ခဲ့ရမယ့်ရတနာအတွက် နှင်းရင်ကွဲရပါတော့မယ်။ တစ်ဖက်ကကြည့်တော့လည်း နှင်းရင်ထဲ အသည်းထဲ ဒီတစ်သက်မှာမှ ဒီတစ်ယောက်တည်းကိုသာ ပုံပြီးချစ်ရသူ။ အဲဒီတစ်ယောက်ကလည်း ဟိုးတစ်ခေါက် နှင်းရဲ့ရွေးချယ်မှုကို မလွှဲမရှောင်သာ(နှင်းကိုချစ်လွန်းတဲ့စိတ် နားလည်ခွင့်လွှတ်တဲ့စိတ်နဲ့)ရင်ကွဲပက်လက် လက်ခံခဲ့ပြီး နှင်းရောက်လာမယ့်လမ်းက အမျှော်ကြီးမျှော်လင့်နေသူ။ သူကတော့ နှင်းရဲ့ "ကို" ပေါ့။ ဒီတစ်ခါမှထပ်ပြီး တခြားတစ်ခုကို ရွေးချယ်လိုက်တော့မယ်ဆိုရင်တော့ ကိုနဲ့ဒီတစ်သက်လွဲရတော့မယ်။ ကို့မျက်နှာကိုတောင် နှင်းတစ်သက် မတွေ့စေရတော့ပါဘူးလို့ "ကို" ပြောခဲ့တယ်နော်။

ဒေါက်တာဝေဝေနှင်းသည် သူ့ရှေ့က စားပွဲပေါ်တွင် စီရရီချထားသော

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံလေးများကို တစ်လှည့်၊ သူ့လက်ထဲကိုင်ထားသော လက်စွပ်လေးတစ်ကွင်းကိုတစ်လှည့် ငေးမောကြည့်နေရင်းမှ သူ့ဘာသာသူ သတိမထားမိပါဘဲ သူ့ရင်ထဲကစကားသံလေးများကို နှုတ်ဖျားမှတတွတ်တွတ် ရေရွတ်နေမိလေသည်။ ကွင်းချောလက်စွပ်ဝိုင်းဝိုင်းလေးကို လက်ညှိုးလေးနှင့် ဖွဖွလေးပွတ်လိုက်တော့ "K" ဟူသော ကိုနာမည်အတိုကောက် အင်္ဂလိပ်စာလုံးလေးကို စမ်းမိသည်။ဟိုး ယခင်က လက်ဖျားလေးများနှင့် တယုတယမြတ်နိုးစွာ ထိတွေ့ခဲ့သော "ကို" ပါး ပြင်ကို လွမ်းဆွတ်ခြင်းများစွာနှင့် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိလေသည်။

ပြီးတော့ ခုနကကြည့်နေခဲ့သော ဓာတ်ပုံလေးတစ်ပုံကိုလှမ်းယူပြီး စေ့စေ့ကြည့်လိုက်မိပြန်သည်။ သူရယ် သူ့လူနာ ကင်ဆာရောဂါရှင် ကလေးငယ်များရယ် တစ်စုတစ်ဝေး မိတ်ဆုံပျော်ပွဲစား ထွက်တုန်းကရိုက်ခဲ့သော အုပ်စုဓာတ်ပုံကလေးပင်။ ဓာတ်ပုံလေးထဲတွင်တော့ သူ့ရင်သွေးလေးများဟု စွဲမှတ်ထားသော ရောဂါဝေဒနာရှင်ကလေးများသည် သူတို့၏ရောဂါကိုပင် မေ့လျော့နေသယောင် အပြုံးလေးများကိုယ်စီနှင့် ချစ်စရာကောင်းနေလေသည်။ ရှေ့ဆုံးတန်း၏ဒုတိယမြောက်မှာ ပါးချိုင့်ကလေးပေါ်အောင် ပြုံးနေသောသမီးလေး "မိုးမိုး" ကို ငေးစိုက်ကြည့်ရင်း သူသတိမထားလိုက်ပါဘဲ မျက်ရည်လေးတစ်စက်က တိုက်တိုက်ဆိုင်ဆိုင် မိုးမိုး၏မျက်နှာလေးပေါ်သို့ ပေါက်ခနဲကျသွားတော့သည်။

ဟိုတစ်နေ့ကပဲ သမီးလေး၏(လောကမှထွက်ခွာသွားခဲ့သော)နောက်ဆုံးခရီးကို သူမျက်ရည်စက်လက်နှင့် လိုက်ပို့ခဲ့ရသေးသည်။ မိုးမိုး၏သွေးကင်ဆာကို သူတို့အနိုင်တိုက်ထုတ်နိုင်ပြီဟု ပြုံးပျော်ကြည်နူးစွာ ပီတိတွေဖြာခဲ့ပြီးမှ မမျှော်လင့်မထင်မှတ်ဘဲ ရောဂါဆိုးက ခေါင်းထောင်ထလာကာ လောကကြီးထဲမှ အပြီးအပိုင် ရက်ရက်စက်စက် ခေါ်ဆောင်သွားခဲ့လေသည်။

"အဖြစ်ဆိုးလှချည်လား သမီးလေးမိုးမိုးရယ်"

မိုးမိုး၏မိဘများကပင် ရှိုက်ကြီးတငင်ငိုကြွေးနေခဲ့သော သူ့ကို ဝိုင်းဝန်းနှစ်သိမ့်ခဲ့ရသေးသည်။

သူကလည်းသူ ... သူ့သူငယ်ချင်း ရောင်းရင်းတွေထဲက ဒေါက်တာ



ငြိမ်းချမ်းကပင် သူ့ကို ဝေဖန်စကားတွေနှင့် သတိပေးရလောက်အောင် သူ့နှလုံးသားတွေက နနယ်လွန်းနေသည်။ ယခုကဲ့သို့ သေမင်းခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားသော သူ့လူနာလေး တစ်ဦးတိုင်းအတွက် သူ့မှာမျက်ရည်တွေ လုံလုံလောက်လောက် ရှိပါရဲ့လား။ ရှင်းရှင်းလေးပြောရမည်ဆိုပါလျှင် ဆရာဝန်တစ်ဦးသည် ဤမျှလောက် ခံစားချက်နှလုံးသားတွေ နနယ်လွန်းလို့ဖြစ်နိုင်ပါ့မလား။ တကယ်တမ်းကျတော့ ... ဆရာဝန်တွေထဲမှာမှ သူ့လို ကင်ဆာအထူးကု ဆရာဝန်တစ်ဦး၏ နှလုံးသားသည် လက်နှင့်ထိလိုက်လျှင် ဒင်ခနဲမြည်သွားရအောင် မာကျောလှသည့် သံမဏိနှလုံးသားမျိုး ဖြစ်နေသင့်သည် မဟုတ်ပါလား။

ယခုလည်းကြည့်ဦးလေ ... သူ၏ရင်သွေးလေးများသဖွယ် သူမြတ်နိုးတွယ်တာနေမိသည့် သနားချစ်စဖွယ် ကင်ဆာဝေဒနာရှင် ကလေးများကိုခွဲခွာ၍ မသွားရက်နိုင်အောင် အကြီးအကျယ် ခံစားနေမိသည်ပဲ။ သူ့ကို ချစ်ခြင်းအနန္တနှင့် မြတ်နိုးစွာ ရွှေလက်ကိုကမ်းလျက် စောင့်ကြိုနေသော "ကို" ရှိရာ ဟိုးရပ်ဝေးမြေခြားကို သူလိုက်ပါသွားလျှင်ဖြင့် သူချစ်ခင်ရသော လူနာကလေးများနှင့် သူမွေးဖွားရာအမိမြေကို ရာသက်ပန် ခွဲခွာသွားရတော့မည်။

ထိုသို့တွေးမိလိုက်သည်နှင့် သူ့ဘာသာသူပင် သတိမပြုမိပါဘဲ ခေါင်းကလေးက သူ့အလိုလိုဆတ်ခနဲ ယမ်းခါသွားမိလေသည်။ အေးမြတိတ်ဆိတ်ငြိမ်သက်နေသော ညအလယ်တွင် ဤအိမ်တစ်လုံးလုံးမှာမှ သူတစ်ယောက်တည်း။ ထိုစဉ်မှာပင်ငြိမ်သက်စွာဖြင့်ထိုင်နေသော ဝေဝေနှင်းတစ်ယောက် ဆတ်ခနဲတုန်သွားလောက်အောင် လှုပ်နှိုးပေးလိုက်သော အသံတစ်သံကို ကြားလိုက်ရလေသည်။

"တုံ ... တုံ ... တုံ" ဟိုအရှေ့နားဆီ ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံပါပဲ။ အဲသည်နေ့ကို သူတစ်သက် မေ့တော့မည်မဟုတ်။ ဤအုန်းမောင်းခေါက်သံတွေကြောင့်လား၊ ဘာကြောင့်မှန်းမသိပါဘဲ အိပ်ရာထဲက လန့်နိုးလာခဲ့သော ညတစ်ည။ အိပ်မက်ဆိုးတွေကြောင့် ထိတ်လန့်တကြား နိုးထလာခဲ့ပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com



အခန်းနှင့်ကပ်လျက် သူ့မေမေအခန်းထဲ ပြေးဝင်လာခဲ့သည့်ည။ မေမေ့ခေါင်းအုံးဘေးမှာက မေမေကြိုက်နှစ်သက်သည့် စံပယ်ပန်းကုံးကလေးက မွှေးမြနေဆဲ။ မေမေကတော့ မလှုပ်မယှက် အိပ်မောကျနေလေရော့သလား၊ ဘာကြောင့်များ ဒီလောက်ကြီး ငြိမ်သက်နေရပါသနည်းဟူသော သံသယနှင့် မေမေ့မျက်နှာနား သူ့မျက်နှာအပ်ကြည့်တော့မှ ဝင်သက်ထွက်သက်ကို မရတော့ပြီ။ မေမေသည် အေးဆေးငြိမ်သက်စွာ မည်သည့်နှုတ်ဆက်စကားကိုမှမဆိုပါဘဲ သူမ၏အထွေးဆုံးသမီးလေးကို အပြီးအပိုင် ခွဲခွာသွားခဲ့ချေပြီ။

"ဩော် ... မေ့လို့" နှုတ်တစ်ရာစာတစ်လုံးဆိုသည့် စကားကဲ့သို့ပင်။ မေမေ့ခေါင်းအုံးအောက်က စာလေးတစ်စောင်က မေမေ့ကိုယ်စား နှုတ်ဆက်အမှာစကား ထားရစ်ခဲ့သည်။ ဝေဝေသည် စာကြည့်စားပွဲထက်မှ အသာထလာပြီး ခုတင်ထက်ခေါင်းအုံးအောက်တွင် တမြတ်တနိုးထားသည့် စာရွက်လေးတစ်ရွက်ကို တုန်ယင်သောလက်အစုံနှင့် လှမ်းယူလိုက်မိလေသည်။ မျက်ရည်စများနှင့် ဝေသီမှုန်ဝါးနေသော မျက်လုံးအစုံက မေမေ့လက်ရေး ညီညီညာညာလေးတွေကို သဲကွဲစွာမမြင်ရသော်လည်း အခေါက်ပေါင်းပင် မရေတွက်နိုင်လောက်အောင် ထောင်သောင်းမကဖတ်ပြီးသားမို့ မေမေ့စာလုံးတိုင်းကို အလွတ်ရနေပြီ။

"သမီးလေးနှင်း"

မေမေ့ကို ယုယုယယ ပြုစုခဲ့တဲ့ သမီးလေးနှင်း ... လူနာကို ကြင်ကြင်နာနာကုသပေးတဲ့ ဆရာဝန်မလေးနှင်း၊ ကင်ဆာဝေဒနာရှင် မေမေ့ရဲ့နောက်ဆုံးအချိန်ကလေးတွေမှာ သမီးလေးရဲ့အနားမှာ နေခွင့်ရခဲ့တာ မေမေသေပျော်ပါပြီကွယ်၊ သမီးလေးရဲ့ဆရာဝန်ဘဝမှာ မေမေ့လိုကင်ဆာဝေဒနာရှင်တွေကိုအထူးဂရုစိုက်ပြီး ပြုစုစောင့်ရှောက်ပေးဖို့ ကင်ဆာရောဂါရှင်တွေရဲ့ကိုယ်စား မေမေကပဲတောင်းဆိုပါရစေ ...

ဝေဝေနှင်းသည် မေမေ့စာလေးကို ရင်ခွင်မှာအပ်ရင်း မေမေခေါင်းချ



သွားခဲ့သော အိပ်ရာလေးနံဘေးသို့ အသာလှမ်းလျှောက်ခဲ့လေသည်။ ပြီးတော့ မေမေ့ခေါင်းအုံးလေးပေါ် ခေါင်းတင်ကာ ပက်လက်ကလေး လဲလျောင်းလိုက်မိလေသည်။ "မေမေရေ ... သမီးနှင်း ဘယ်လိုဆုံးဖြတ်ရပါ့မလဲ၊ အခုမနက်မိုးလင်းဂျနာရီကျရင် ကိုဆီက ဖုန်းလာတော့မယ်။ အဲဒီအချိန်မှာ သမီးဘဝနဲ့ရင်းရမယ့် ဆုံးဖြတ်ချက်တစ်ခုရဲ့အဖြေကို ပေးရပါတော့မယ်။ ဟိုးရပ်ဝေးမြေခြားက သမီးအလာကို အမျှော်ကြီးမျှော်နေမယ့် ကိုနဲ့ရင်ခွင်ထဲ အပြီးအပိုင် လိုက်သွားရလေမလား၊ ဒါမှမဟုတ် အခုမေမေခေါင်းချရာ အိမ်လေးမှာပဲ သေတစ်ပန်သက်တစ်ဆုံးနေပြီး သံယောဇဉ်တွယ်နေပြီဖြစ်တဲ့ ကင်ဆာရောဂါရှင် ကလေးလေးတွေကို မေမေမှာကြားခဲ့သလို ဆေးကုပေးရမှာလား။ ဟိုးငယ်ငယ်တုန်းကလို သမီးကို အကြံဉာဏ်တွေ ပေးလှည့်ပါဦးလား မေမေရယ်"

မေမေ့အခန်းကလေးကို မေမေရှိစဉ်တုန်းကအတိုင်း ခင်းကျင်းထားခဲ့သည်။ ပစ္စည်းတွေအားလုံး နေသားတကျ လုံးဝရွှေ့ပြောင်းခြင်းမပြုရ။ မေမေ့ရဲ့ခေါင်းအုံးလေးနံဘေးမှာ အမြဲတစေ မေမေအကြိုက်နှစ်သက်ဆုံး စပယ်ပန်းကုံးလေးတစ်ကုံးရှိရမည်။ ဝေဝေနှင်းသည် မွှေးပျံ့နေသော စံပယ်ပန်းရနံ့လေးကိုရှူရှိုက်ရင်း မျက်လုံးလေးကို အသာမှေးမှိတ် ထားလိုက်မိတော့သည်။

မေမေ ... မေမေ ... မေမေ့ကိုလွမ်းတယ် ...

ကိုကြီးနှင့် ကိုငယ်ကိုမွေးပြီး ဆယ်နှစ်တိတိကြာမှ မေမေ့အသက်၄၀ကျော်မှ နှင်းကိုမမျှော်လင့်ဘဲ ကိုယ်ဝန်ရခဲ့တာဖြစ်သည်။ သမီးအထွေးဆုံးလေးကိုရတော့ ဖေဖေရောမေမေရော ပျော်လို့မဆုံးခဲ့။ မိဘနှစ်ပါးစလုံးက ရှေးခေတ်တက္ကသိုလ်ဘွဲ့ရပညာတတ်။ ရုံးတစ်ရုံးက အရာရှိကြီးတွေဖြစ်သည်။ သမီးနှင်း၏ ပညာရေးကို အလေးအနက်ထားပြီး စဉ်းစားပေးခဲ့သောမေမေနှင့် အင်္ဂလိပ်လိုကဗျာလေးတွေ ရွတ်ရတာ၊ အင်္ဂလိပ်စကားကို မပြောမဖြစ်ပြောခဲ့ရတာ ဟိုးငယ်ငယ်လေးကတည်းက ...

နှင်း ၁၀နှစ်သမီးမှာ ဖေဖေမမျှော်လင့်ဘဲ ဆုံးပါးသွားခဲ့တော့ မေမေနှင့်နှင်းတို့နှစ်ယောက်သား တပူးကပ်ကပ် ကျန်ရစ်ခဲ့သည်ပဲ။ အစ်ကိုနှစ်ဦးစလုံးက

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ ကျောင်းသွားတက် အလုပ်လုပ်နေခဲ့ကြပြီ။ မေမေနှင့်နှင်းက သားအမိဆိုလည်းဟုတ်၊ ညီအစ်မဆိုလည်းဟုတ်၊ သူငယ်ချင်းတွေဆိုလျှင်လည်းဟုတ်ဟု ပြောရလောက်အောင် နီးနီးကပ်ကပ်ရှိခဲ့ကြသည်။

မေမေငယ်ငယ်က ဆရာဝန်ဖြစ်ချင်လွန်းခဲ့သည်။ မေမေတို့ခေတ်တုန်းက ယခုကဲ့သို့ ဘယ်နမှတ်ရမှ ဆေးတက္ကသိုလ်တက်ရမည်ဟူသော စနစ်မဟုတ်။ ဆရာဝန်ဖြစ်ချင်လျှင် ဘိုင်အိုဘာသာတွဲကို ယူရသည်။ မေမေဘိုင်အိုသင်တန်းသွားတက်ရင်း ဖားလေးတွေ ဝက်လေးတွေကို ခွဲရစိတ်ရသည်။ ဖားကိုခွဲခါနီး ဓားရာပေးတော့ ဖားလေးက မသေမရှင်ထခုန်ရင်း မေမေ့မျက်နှာနားရောက်တော့ မေမေလန့်ဖျပ် သတိလစ်သွားခဲ့သည်။ ထိုနေ့ကစ၍ နလုံးသားနုနယ်လွန်းသော မေမေတစ်ယောက် ဘိုင်အိုခန်းကထွက်ပြေးပြီး ရိုးရိုးဘီအေ ဝိဇ္ဇာဘွဲ့ကိုသာ ယူခဲ့ရသည့်အဖြစ်မျိုးနှင့် ကြုံခဲ့ရသည်။

သူ့တုန်းကမဖြစ်ခဲ့ရသော ဆရာဝန်ဘဝကို သမီးလေးနှင်းကျတော့မှ ပြန်ဖြစ်စေချင်သည်မှာ မေမေ၏အပြင်းအထန်ဆုံး ဆန္ဒပင်။ နှင်းမှာလည်းမေမေ့သွေးကအပြည့်... ဆရာဝန်ဖြစ်ချင်သည်၊ ကြောက်တတ်သည်၊ စိတ်နလုံးနူးညံ့သိမ်မွေ့လွန်းလှသည်၊ ဖားခွဲဝက်ခွဲတော့ မျက်လုံးကိုမှိတ်ထားခဲ့ရတာ၊ လူသေအလောင်းကြီးခွဲရတော့လည်း တအော့အော့တအန်အန်။ နှင်းနှင့်ဒီလို ခွဲစိတ်ခြားတွေ သွေးတွေသံတွေနှင့်တော့ လားလားမှမအပ်စပ်။ နှင်းချစ်သည်က ကလေးငယ်လေးတွေပင်။

ဆေးကျောင်းသူဘဝတစ်လျှောက်လုံး ပီတိပျော်ရွှင်စွာ အပြစ်ကင်းစင်စွာနှင့် ပညာကိုသာကြိုးစားသင်ယူရင်း ကုန်ဆုံးခဲ့မိလေသည်။ ကျောင်းသွားမည် ကျောင်းကအပြန်မေမေနှင့် ကျောင်းမှာဘယ်ဆရာတွေက ဘယ်လိုစာတွေသင်သည်၊ သူငယ်ချင်းတွေနှင့် ဘယ်လိုပျော်ရွှင်ခဲ့ကြသည်တို့ကို ပြောလို့ပင်မဝ။ ညဘက်သမီးစာတွေကျက်တော့ မေမေက သမီးနှင်းရဲ့ဘေးမှာ အိပ်ဖန်စောင့်ခေါ်မည်လား... သမီးလေးအိပ်မငိုက်အောင် လက်ဖက်သုပ် ကော်ဖီခွက်လေးတွေနှင့် မညည်းမညူ စောင့်ပေးရှာလေသည်။ သမီးမအိပ်မချင်း သူကလည်းမအိပ်။



နှင်းအကြီးအကျယ် အိပ်ငိုက်လွန်းမကငိုက်တော့ မေမေနှင့်နပန်းလုံးတမ်း ကလိထိုးတမ်း ကစားခဲ့ကြသည်မှာလည်း မမေ့နိုင်စရာပင်။

(မေမေ့အလုပ်က ပင်စင်ယူပြီးပြီမို့) မေမေ့ပင်စင် လစာကလေးရယ် ကိုကြီးနှင့်ကိုငယ်ကလည်း နိုင်ငံခြားမှာ အလုပ်လုပ်နေပြီမို့ မေမေ့ဆီ အသီးသီးပို့ပေးကြသော ထောက်ပံ့ငွေလေးများနှင့် သမီးနှင်းနှင့်မေမေတို့ မတောင့်မတ မကြောင့်မကြ နေနိုင်ခဲ့လေသည်။

ကျောင်းပြီးတော့အလုပ်ဝင် လက်ထောက်ဆရာဝန်ဘဝနှင့် ကလေးဆေးရုံကြီးသို့ တာဝန်ကျသည်။ ကြည့်စမ်း... ရေကန်အသင့်ကြာအသင့် နှင်းက ကလေးငယ်လေးများကို ချစ်မြတ်နိုးတတ်သည်လေ။

သည်ကလေးဆေးရုံကြီးမှာပဲ ညတစ်ညတွင်တော့ ကလေးငယ်လေးတစ်ယောက်လို ဖြူစင်သန့်ရှင်း အပြစ်ကင်းစင်သည့် အပြုံးမျက်နှာပိုင်ရှင် "ကို" နှင့်ဆုံစည်းခဲ့ရတော့သည်။

ပြန်တွေးမိလိုက်တိုင်း မျက်နှာတွေပူရှိန်းနေအောင် ရှက်သွေးဖြာရတဲ့ အထိ ကို့ပုံစံက ပိပိရိရိနှင့် အပိုးကျိုးလွန်းနေသည်ကိုး။

အဲသည်ညက သူ့အလုပ်ခွင် ဂျူတီဝင်ဝင်လာချင်း "ward" တစ်ခုလုံး သွေးလွန်တုပ်ကွေးရောဂါရှင် ကလေးလူနာတွေနှင့် စည်ကားချင်တိုင်းစည်ကားနေခဲ့သည်။ ဝေဝေနှင်းတို့ ဆရာဝန်တွေတစ်ညလုံး တစ်မှေးမှေးဖို့ နေနေသာသာ ထိုင်တောင်မထိုင်ရအောင် အလုပ်ရှုပ်ခဲ့သည့်ည။ သူ့တစ်သက်လုံး ဘယ်သောအခါမှာမှ ပေါ်ပေါက်လာတော့မည်ဟု မထင်ခဲ့သော "အချစ်" ဆိုသော ထိုခံစားချက်သည် ဤမျှလောက် ယားရှိတောင်မကုတ်အားအောင် အရေးပေါ်ကလေးလူနာတို့နှင့် ရှုပ်ထွေးလှစွာသော ညဂျူတီတစ်ခု၏ ကလေးဆေးရုံကြီးအတွင်းမှာ စတင်ဝင်ရောက်လာခဲ့လေသည်။ "အချစ်" ဆိုသောအရာသည် မည်သို့သောအရာမှ စတင်လာပါသနည်း။ ချစ်ခြင်းအစ မျက်စိကလို့လည်း ပြောကြသည်။ တချို့ကလည်း ကိုယ့်ချစ်သူကို သူရဲကောင်းလို ကိုးကွယ်အားထား ကြည်ညိုလေးစားရာမှ စသည်တဲ့... တချို့ကလည်း ချစ်ခြင်းအစ သနားကရုဏာသက်ခြင်းမှဟု

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆိုကြလေသည်။

ဝေဝေနှင်း၏အချစ်ကတော့ နည်းနည်းတစ်မူထူးသည် ထင်ပါသည်။ ချစ်ခြင်းအစ အားတုံ့အားနာဖြစ်ခြင်းမှ သို့မဟုတ် ရက်ကိုးရက်ကန်းဖြစ်ခြင်းမှ ဆိုလျှင်ရော . . . သူတို့နှစ်ဦး စတွေ့ခဲ့ပုံ ကြုံဆုံခဲ့ပုံကို ကြည့်ပါဘိ။

အလုပ်တွေ ရှုပ်ယှက်ခတ်နေချိန် သွေးလွန်တုပ်ကွေး ကလေးလူနာ အသစ်တစ်ယောက်အား သူစမ်းသပ်မေးမြန်းနေချိန် သွေးပေါင်တိုင်းဖို့ လိုအပ်လာသည်။ သူ့အနီးတွင် BP Cuff (သွေးပေါင်ချိန်တိုင်းကိရိယာ) တစ်ခုမှမရှိ။ သူဘေးကို ဝေ့ဝိုက်ကြည့်လိုက်တော့ လားလား . . . ဟောက်စ်ဆာဂျင်အသစ်လေးနဲ့ တူပါရဲ့။ အသားဖြူဖြူ ပိန်ပိန်ပါးပါး သွက်သွက်လက်လက် ဖြူစင်သန့်ရှင်း အပြစ်ကင်းသည့် ကလေးဆန်သော မျက်နှာရှင်၊ နားကြပ်လေးကို လည်ပင်းမှာလွယ်ထားသော ဆရာဝန်ငယ်ငယ်လေးတစ်ဦး သူ့နားက ကသုတ်ကရက်ဖြတ်သွားတာ မြင်လိုက်ရ၏။

"ဟေ့ ဖိုးသား . . . ချာတိတ် မမကို BP Cuff လေး ယူပေးစမ်းကွာနော်၊ ဟုတ်လား . . . မြန်မြန်လေးနော် အရေးကြီးလို့"

ဝေဝေနှင်းတို့ လက်ထောက်ဆရာဝန်တွေက မိမိတို့ထက်ငယ်ရွယ်သော အလုပ်သင်ဆရာဝန်လေးများကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုသဘောမထား။ အထက်စီးကညာဝါး၍ အကြောလေးနှင့် ခိုင်းစေတတ်ကြလေသည်။ ဟောက်စ်ဆာဂျင်လေးများကလည်း သူတို့ကို "မမ . . . မမ" နှင့် အပြုံးချိုချို လိုတာထက်ပို၍ အပိုးကျိုးကျိုးလေးကူညီပေးရင်း မြှောက်ပင့်ညာဝါး အစားကောင်းလေးများ ကပ်စားရလေမလားဟု သူ့ဟာနှင့်သူတော့ အဆင်ပြေနေတတ်သည်ကိုး။ သည်ကောင်လေးကလည်း ခိုင်းရတာဖင်ပေါ့ပါဘိခြင်း။

"ဟုတ်ကဲ့မမ . . . ယူပေးပါ့မယ်၊ ခဏလေးနော်"

သူ လက်တိုလက်တောင်းခိုင်းစေသမျှ သွက်သွက်လက်လက် ကူညီပေးနေခဲ့သော ဟောက်စ်ဆာဂျင်ချာတိတ်သည် နောင်တစ်နေ့တွင် သူ့ရင် အသည်းနှလုံးတွေအားလုံးကို ပိုင်စိုးသွားတော့မည်ဖြစ်သော "ကို" ဖြစ်လာလိမ့်



မည်ဟု ဝေဝေနှင်း မည်သို့မည်ပုံ ထင်မြင်ပါလိမ့်မည်နည်း။ သို့သော် သူ့ရဲ့ဖြူစင်အေးချမ်းလွန်းသော အပြုံးလေးကို မြင်မြင်ချင်း အမည်မဖော်နိုင်သော ထူးဆန်းသည့်ခံစားချက်လေး တစ်စုံတစ်ရာကတော့ သူ့မရင်ထဲ ဖြစ်သွားခဲ့သည်ကိုတော့ မညာစတမ်းဝန်ခံရလိမ့်မည်။

ထူးခြားသည့်ခံစားမှုသည် အားတုံ့အားနာ ဖြစ်ရခြင်းလား၊ ရက်ကိုးရက်ကန်းဖြစ်ရခြင်းလား၊ ထိုညပိုင်းကျမှ သူ "ချာတိတ် . . . ချာတိတ်" နှင့်ခေါ်ခေါ်ပြီးခိုင်းချင်ရာခိုင်းခဲ့သော ဟောက်စ်ဆာဂျင်လေးသည် ထိုနေ့ကျမှ သူတို့ဆေးရုံသို့ မဟာသိပ္ပံ ဘွဲ့လွန်သင်တန်းတက်ရန် ရောက်လာခဲ့သော သူတို့ထက်အတန်းကြီးသည့် ဆရာဝန်တစ်ဦးဖြစ်နေမှန်း သူ့သူငယ်ချင်းယမင်းက မျက်လုံးပြူးမျက်ဆန်ပြူးနှင့်ပြောတော့မှ သိရတော့သည်လေ။

"ဟေ့ နှင်းစုတ် . . . ချာတိတ် ချာတိတ်နဲ့ ခိုင်းချင်ရာခိုင်းနေတဲ့ ကောင်လေးကို နင်ဘာထင်နေလို့လဲ"

"ဟဲ့ . . . ယမင်းရဲ့အခုမှ ပိုစတင်ပြောင်းလာတဲ့ ဟောက်စ်ဆာဂျင်အသစ်လေး မဟုတ်လား။ လိမ္မာတယ်လေ ဖင်ပေါ့တယ် ခိုင်းတိုင်းလုပ်တယ် ချစ်စရာလေး . . . ဟီဟိ အိမ်ကိုတောင်ခေါ်သွားရင် ကောင်းမလားမသိဘူး"

ယမင်းတစ်ယောက် သူ့ရင်ဘတ်သူဖိပြီး သူ့ကို . . .

"အမလေးလေး . . . နှင်းစုတ်လေး ညည်းခိုင်းနေတဲ့ငနဲလေးက ဒီနေ့မှစပြီး ကျောင်းစတက်တဲ့ "MSC First Year Student" (မဟာသိပ္ပံပထမနှစ်ကျောင်းသား) ငါတို့ထက်သုံးနှစ်စီနီယာဟဲ့။ သူက မန္တလေးက ကျောင်းပြီးတာမို့ ငါတို့ မသိလိုက်တာဟ . . . သူငယ်ချင်းရ"

သည်စကားကြားကြားချင်း ဝေဝေနှင်း မျက်နှာတစ်ခုလုံး ရှိန်းခနဲဖိန်းခနဲဖြစ်အောင် ပူထူသွားခဲ့လေသည်။ ပထမတော့ "အားနာ" သည်လား၊ ဘာလားမသိ။

"ဟယ် ကြည့်စမ်း . . . ဒါဆိုရင် သူ ဘာရည်ရွယ်ချက်နဲ့ ငါခိုင်းသမျှ ရိုရိုကျိုးကျိုး ဖင်ပေါ့ပေါ့နဲ့ လုပ်ပေးနေရတာလဲ။ ငါ့ကိုလည်း "မမ . . . မမ" နဲ့။ ဒါငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



သက်သက် မှင်သေသေနဲ့ နောက်တာလားမသိဘူး။ နေနှင့်ဦး ငါနဲ့တွေ့မယ်"

ရှက်ရမ်းရမ်းသည် ဆိုသည့်စကားက သည်နေရာမှာတော့ ကွက်တိပဲလို့ ပြောရမည်လားမသိ။

ဝေဝေနှင်းဟူသော ခါတိုင်းတော့ရှိုးရိုးအေးအေးနှင့် စကားနည်းလှစွာသော ဆရာဝန်မလေးတစ်ယောက် အဲသည်အခိုက်အတန့် အချိန်လေးအတွင်းမှာတော့ မြွေပေါက်မလေးကဲ့သို့ ပါးပျဉ်းထောင်နေသည်ဟု ပြောရမည်လားမသိ။ ထိုချာတိတ်ရှေ့သို့ ခါးထောက်ရင်း . . .

"ဒီမှာ ဒီမှာ . . . ဆရာကဆရာဆို ဘာကြောင့် ကျွန်မခိုင်းတာတွေ လုပ်နေရတာလဲ။ ကျွန်မကို သက်သက်နောက်နေတာလား၊ အရှုးလုပ်နေတာလား၊ မျက်နှာကမှင်သေသေနဲ့ စိတ်ထဲကတော့ "ရယ်" နေတယ်မဟုတ်လား"

အဲသလို သူ့စွာတေးလုပ်တော့လည်း "ကို" ဖြစ်လာမယ့် ချာတိတ်က သူ့မှာ ဘာဆိုဘာမှ အပြစ်မရှိတဲ့ပုံစံမျိုးနဲ့ သူ့ကိုပြုံးပြရင်း . . .

"အစ်ကိုက ညီမရှက်သွားမှာစိုးလို့ . . . ခိုင်းသမျှကို ကူညီလုပ်ပေးနေတာပါ။ အစ်ကိုကတောသားမို့ ဒီဆေးရုံကြီးကို ဒီနေ့မှရောက်တော့ ဘာဆိုဘာမှမသိသေးဘဲ အရမ်းကိုစိမ်းနေတယ်။ ဒါကြောင့်ညီမတို့လို ဒီဆေးရုံကြီးမှာ လုပ်တာကြာနေပြီဖြစ်တဲ့ ဆရာဝန်တွေဆီက အစစအရာရာကို သင်ယူရမှာပဲလေ။ အစ်ကိုက ပထမနှစ် "MSC" ကျောင်းသားပါ။ ကျောင်းသားဆိုတော့ အားလုံးဆီကပညာကို ယူနေရမှာပဲမဟုတ်လား။ စိတ်မဆိုးပါနဲ့နော်၊ အရှုးလုပ်တာလည်းမဟုတ်ရပါဘူး"

"တတ်လည်းတတ်နိုင်တဲ့ ကို" နှင်းရဲ့စိတ်ထဲမှာတော့ အဲသည်နေ့ကတည်းက တစ်စုံတစ်ရာဖြစ်သွားခဲ့တာ အမှန်ပါပဲကွယ် . . . နှင်းတစ်ယောက်ရဲ့ရိုးရှင်းလှတဲ့၊ ဘာဆိုဘာမှမရှိဖြူစင်သန့်ရှင်းနေတဲ့ အသည်းနှလုံးထဲ တစ်စုံတစ်ရာဟာ အသိမပေးဘာမပေးနဲ့ ဝင်ရောက်လာခဲ့ပြီဆိုတာ လက်မခံချင်ဘဲ လက်ခံခဲ့ရပါပြီ "ကို" ရယ်။

ဆေးရုံကြီးရဲ့ "ward" တစ်ခုတည်းအတူ လုပ်ဖော်ကိုင်ဖက်ချင်းဆို



တော့ "ကို" ရယ် နှင်းရယ် နှစ်ဦးသားမသိမသာနဲ့ ရင်းနှီးခင်မင်လာခဲ့ကြတာ။ နှစ်ဦးစလုံးက စာရှုးကဗျာရှုး၊ စာပေဝါသနာပါသူချင်းမို့လို့ တခြားသူတွေထက် ပိုပြီးစကားတွေပြောစရာ တစ်ပုံကြီးရှိလာကြတာ ဘယ်သူကဘယ်သူ့နား ကပ်ခဲ့တာလဲ။ အခုနေပြန်စဉ်းစားကြည့်တော့ နှင်းကပဲစပြီး သူ့ကို "ညိုမြလုပ်ခဲ့လေသလား" လို့ ရင်ထဲမှာမလုံမလဲ ဖြစ်ရသေးသည်။

အဲဒီနေ့နှင်းက ရုံးချုပ်ဆေးရုံက တာဝန်ပေးလို့ သင်တန်းတစ်ခုတက်နေတာ။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘဲ ကိုနဲ့တွေ့ချင် စကားတွေပြောချင်စိတ်တွေ တဖွားဖွားပေါ်လာခဲ့တယ်။ ဒါနဲ့ပဲ နီးရာဖုန်းတစ်ခုကနေ ကို့ဆီဖုန်းဆက်လိုက်မိတယ်။ ဒီနေ့ နေ့လယ်သင်တန်းကိုတော့ လစ်တော့မယ်ပေ့ါ။

"ဆရာ . . . အားလား၊ အားရင် ကျွန်မကို ကော်ဖီတိုက်"

ကိုက ခဏတော့ငိုင်သွားသည်။ ကြည့်ရတာ မအားဘူးနဲ့တူပါရဲ့ . . . ဟုတ်တယ် "MSC" ကျောင်းသားတွေဆိုတာ စာသင်ရတာတစ်ဖက် အလုပ်တစ်ဖက်နဲ့ အမြဲလိုလို ပြေးလွှားအလုပ်များနေကြတာ။ သူ့ဆီက တော်တော်နှင့်စကားပြန်မရဘဲ ဆိုင်းတိုင်းတိုင်းလုပ်နေတော့ ရှက်သွားပြီး ရမ်းလိုက်မိတော့သည်။ မရှက်ဘဲနေမလား သူကပဲ စဉ်းစားနေရသေးတယ်။ ယောကျ်ားမဟုတ်တာကျနေတာပဲ။ မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာကို ဒီလိုပဲမသိသားဆိုးရွားစွာ မသိကျိုးကျွံပြုရသလား။

ဒါနဲ့ပဲ "တော်ပါတော့ဆရာရယ် . . . မအားရင်လည်းပြီးတာဘဲ။ တော်ပြီနောက်လည်းဘယ်တော့မှ ကော်ဖီမတိုက်နဲ့တော့" လို့ ခပ်ဆတ်ဆတ်လေးငေါ့ပြောလိုက်တော့ သူက အဲဒီကျမှ ပျာပျာသလဲ . . .

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ ပရော်ဖက်ဆာ စာသင်ချိန်ရှိနေလို့ပျ။ အဲသလိုတော့ စိတ်မကောက်ပါနဲ့ အတန်းလစ်ပြီး ကော်ဖီတိုက်ပါ့မယ်"

အဲသလိုနဲ့ နှစ်ယောက်စလုံး ဆေးရုံကလစ်ပြီး ကော်ဖီဆိုင်ကိုရောက်သွားကြတယ်။ တခြားဘယ်သူနဲ့မှ ပြောစရာမရှိတတ်တဲ့ ပင်ကိုစကားနည်းအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးလှတဲ့ ဝေဝေနှင်းဆိုတဲ့ မိန်းကလေးဟာ "ကို" နဲ့တွေ့တော့မှ ဘာကြောင့်များ သာလိကာမလေး ဖြစ်သွားရတာလဲ၊ "ကို" ပြောသမျှ စကားတွေကိုလည်း နား ထောင်လို့မဝလောက်အောင် ကြားပြီးရင်းကြားချင်ရင်း ဖြစ်လာရသလဲ။ ကိုရယ် နှင်းရယ် . . . ချစ်သူတွေဘဝ ရောက်သွားရတာလည်း မှတ်မှတ်ရရပါပဲ။

အဲသည်နေ့က ကိုနဲ့ကော်ဖီအတူသောက်ဖို့ ချိန်းထားခဲ့တယ်။ နှင်းက ကော်ဖီဆိုင်မှာ စောင့်နေတာ။ ကိုကတော်တော်နဲ့ ရောက်မလာဘူး။ ကိုတို့နေတဲ့ ဘက်ကို မီးသတ်ကားတွေဥဩဆွဲပြီး ရုတ်ရုတ်သဲသဲ ပြေးလွှားကြတာကို တွေ့ရ တယ်။ အဲ . . . ဒုက္ခပါပဲ၊ ကြည့်ရတာ ကိုတို့ရပ်ကွက်မှာတော့ မီးတွေလောင်နေပြီ။ ကိုတစ်ယောက် ရောက်မလာနိုင်တော့ဘူးလို့ဘဲ တွက်လိုက်မိတယ်။ တကယ် တမ်းကျတော့ . . . နှင်းရယ်ကိုရယ်က တစ်နေ့မတွေ့ရရင် မနေနိုင်ကြတဲ့ဘဝမျိုး သူငယ်ချင်းလည်းမက ချစ်သူလည်းမကျတဲ့ "ဘင်္ဂလားသူငယ်ချင်းတွေ" ပေ့ါ။

အဲသည်နေ့က မီးတွေလောင်လို့ ကိုနဲ့မတွေ့ရတော့ဘူးလို့ စိတ်ပျက် လက်ပျက်နဲ့ ပြန်တော့မယ်အလုပ်မှာ ကိုတစ်ယောက် မောကြီးပန်းကြီးနဲ့ ရောက် လာပါလေရော။ ကို့မျက်နှာကိုမြင်ရတဲ့ အကြိမ်အခေါက်ပေါင်းများစွာမှာ ဒီတစ်ခါ လောက် ပျော်ရွှင်ဝမ်းမြောက်ရတာမျိုး တစ်ခါမှမကြုံဖူးပါဘူး။ ပျော်လိုက်တာလေ ကို့ကိုမတွေ့ရတော့ဘူးလို့ ထင်နေဆဲမှာ မမျှော်လင့်ဘဲ ကို့မျက်နှာကို တွေ့လိုက် ရတာကိုး။ ကိုပြောခဲ့တဲ့ စကားလေးကိုလည်း နှင်းတစ်သက်လုံး မေ့နိုင်တော့မှာ မဟုတ်ဘူးကွယ်။

"အစ်ကိုတို့အိမ်နားမှာ မီးတွေလောင်နေတယ် နှင်းရေ၊ အဲဒီမီးတောက် တွေကြားက ဖြစ်ချင်ရာဖြစ်ဆိုပြီး ထွက်လာခဲ့တာ"

အဲသလိုကျတော့လည်း နှင်းဘယ်လို စိတ်ကောင်းပါ့မလဲ။

"အစ်ကိုကလည်း အဲသလိုကြီး ဘာကြောင့်ထွက်လာရတာလဲ။ အခု နှင်းနဲ့တွေ့မှာက ကော်ဖီသောက်ဖို့ပဲ မဟုတ်လား။ ဒီနေ့မတွေ့ရလည်း နောက်နေ့ တွေ့နိုင်တာပဲမဟုတ်လား အစ်ကိုရယ်"

အဲဒီအချိန်မှာ အစ်ကိုပြောခဲ့တဲ့ စကားလေးဟာ နှင်းရဲ့အသည်းနှလုံး



ထဲထိ ထိုးဖောက်ပြီး ဝင်ရောက်သွားပါလေရော . . .

"မသိပါဘူးကွာ . . . အစ်ကိုသိတာက တစ်ခုတည်း၊ အခုအချိန်မှာ နှင်း ကိုအရမ်းနဲ့ တွေ့ချင်နေတာကိုး၊ တခြား ဘာမှမသိတော့ပါဘူးကွာ"

ညည်းညည်းညူညူလေး ဟန်ဆောင်ခြင်းကင်းမဲ့စွာ ပြောလိုက်တဲ့ ကို့ ရဲ့စကားလေးရယ် ကို့ရဲ့အမူအရာလေးရယ်က ကို့ရဲ့အချစ်ကို မမျှော်လင့်ဘဲဖွင့် ဟလိုက်တဲ့ အဓိပ္ပာယ်ကိုဆောင်တယ်လို့ နှင်းရင်ထဲသိလိုက်ရပါတယ်။ ဒါပေမဲ့ မသိစိတ်တွေထဲမှာတော့ တစ်နေ့မတွေ့ရ မနေနိုင်လောက်အောင် ခင်တွယ်နေ ကြပြီဆိုတာ ဖွင့်မပြောလည်း သိနေကြပြီလို့ ပြောနိုင်ပြီပေ့ါ။

ကိုဟာလေ . . . ရှက်ကိုးရှက်ကန်းနဲ့ ဘာဆိုဘာမှ မသိနားမလည်သ လိုမျိုး သိပ်လုပ်တတ်တာ။

တစ်ရက်မှာတော့ ကို့စိတ်အမှတ်ကို သိလိုက်ရတဲ့ အဖြစ်လေးတစ်ခု မထင်မှတ်ဘဲ ဖြစ်သွားတော့တယ်။ အဲဒီနေ့က ကော်ဖီဆိုင်မှာ နှင်းတစ်ယောက် တည်းစောပြီး ရောက်နေခဲ့တယ်။ ကို့ကိုစောင့်ရင်း နှင်းလေ စာရွက်လေးတစ် ရွက်မှာ မရည်ရွယ်ပါဘဲ စာကြောင်းလေးတစ်ကြောင်းကို ရေးနေမိတယ်။ အဲဒီ ကော်ဖီဆိုင်မှာ တိုးတိုးလေးဖွင့်ထားတဲ့ သီချင်းလေးရဲ့ခေါင်းစဉ်ပါ။

"Ko, You will always on my mind" တဲ့။ ရေးပြီးပြီးချင်းမှာပဲ စာရွက်လေးကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ ဆွဲယူသွားပါလေရော။ ကြည့်စမ်း ကိုမကောင်းဘူးကွာ . . . ဘယ်အချိန်ကတည်းက နှင်းရဲ့နောက်ဘက်ကို ရောက် နေသလဲမသိ၊ နှင်းရေးထားတဲ့ စာရွက်လေးကို ကို့လက်ထဲက လုယူလို့လည်း မရတော့ဘူး။

ကိုက အဲဒီစာရွက်လေးကို တစိမ့်စိမ့်ကြည့်ရင်း နှင်းကိုလည်း ရှေ့တည့် တည့်မှာထိုင်ရင်း စူးစိုက်ကြည့်နေသလိုပဲကွယ်။

အဲဒီအချိန်မှာ နှင်းသိတာက တစ်ခုတည်းရယ်။ နှင်းရဲ့နှလုံးသားဟာ တဒုန်းဒုန်းနဲ့ လှုပ်ခုန်နေပြီး နှင်းမျက်နှာတစ်ခုလုံးဟာလည်း နီရဲပူထူနေတယ် လို့လေ။ ရင်တွေခုန်လိုက်တာကိုရယ် . . .

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကိုနဲ့လက်ရေးနဲ့ စာရွက်ကလေးက နှင်းခေါင်းငုံ့ပြီးစိုက်ကြည့်နေခဲ့တဲ့(ကိုကိုလည်းမကြည့်ရဲဘဲ ရှက်ရှက်နဲ့ လုပ်မိလုပ်ရာ လုပ်နေခဲ့တဲ့) စားပွဲပေါ်ပြန်ရောက်လာပါရော ... နှင်းလေ မရဲတရဲနဲ့ပဲ စာရွက်ကလေးကို လှမ်းကြည့်လိုက်မိတယ်။ ကိုနဲ့ရဲ့နှလုံးသားကို ထွင်းဖောက်ပြီးမြင်လိုက်ရတဲ့ စာကြောင်းလေးတစ်ကြောင်းက နှင်းရေးထားတဲ့ စာရဲ့အောက်မှာ ဒီလို ...

"Hnin, You're always in my heart" တဲ့ ...

အဲဒီနေ့မှာပဲ ကိုနဲ့နှင်း ချစ်သူဘဝကို အတိအလင်း ရောက်ရှိလို့သွားခဲ့ပါတယ်။ မချစ်ဖူးသေးတဲ့ အချစ်ရူးလေးနှင်းအတွက် ကိုသည်သာသူ့ကမ္ဘာ ကိုသည်သာသူ့အတွက် အရာရာပဲလို့ ပြောရလိမ့်မယ်ထင်ပါရဲ့။ တစ်ခုပဲ ... ကို့အကြောင်းကိုတော့ နှင်း သေသေချာချာ မသိခဲ့ရိုးအမှန်၊ ဆေးရုံမှာ ကိုနဲ့နှင်းတို့တွေ့ဆုံပြီး ချစ်ခဲ့တဲ့ကမ္ဘာလေးရယ်၊ အိမ်မှာ မေမေနဲ့နှင်းတို့ရဲ့ချစ်စဖွယ်မိသားစုကမ္ဘာလေးရယ်ကို အကြီးအကျယ် ခြိမ်းခြောက်လှုပ်ခါသွားစေနိုင်တဲ့ အဖြစ်အပျက်ကြီး နှစ်ခု တစ်ပြိုင်တည်းလိုလို ဖြစ်လာခဲ့တဲ့နေ့ရက်ကို ရောက်လာခဲ့ပါတော့တယ်။

ပထမဆုံး ထိတ်လန့်တကြား ဖြစ်သွားရတဲ့ကိစ္စကတော့ တစ်ရက်မှာ မေမေရေချိုးပြီး ထဘီရင်ရှားနဲ့ သနပ်ခါးသွေးနေတုန်း နှင်းနောက်ကနေ တိတ်တိတ်လေး မေမေ့ကိုလှမ်းဖက်ပြီး စနောက်လိုက်မိတာပါပဲ။ မေမေဟာ ရုတ်တရက်နာကျင်သွားသလို အော်ဟစ်လိုက်တယ်။ နှင်းရဲ့လက်နစ်ဖက်ဟာ မေမေ့ရင်သားပေါ်ရောက်ပြီး အားနဲ့ဖိမိသွားတာကိုး။ အဲဒီတော့မှ နှင်းလည်းအလန့်တကြားနဲ့ မေမေဘာကြောင့် နာကျင်သွားရတာလဲဆိုတာကို သေသေချာချာ မေးမြန်းစမ်းသပ်ရတော့တာပေါ့။ အဲဒီတော့မှ မေမေ့ရဲ့ညာဘက်ရင်သားမှာ အဖုအကျိတ်ကြီးတစ်ခုရယ် ချိုင်းမှာအဖုအကျိတ်တွေရယ် နှင်းအလန့်တကြား စမ်းသပ်တွေ့ရှိလိုက်မိတော့တယ်။ "ကြည့်စမ်းပါဦး မေမေရယ် ... ဘယ်လိုဖြစ်တာလဲ၊ သမီးကို ဒီအကျိတ်တွေဖြစ်နေတာ ဘာလို့မပြောတာလဲ"

မေမေ့ခမျာလည်း သမီးနှင်းရဲ့ပျက်ယွင်းနေတဲ့မျက်နှာကို စူးစမ်းသလို ထိတ်လန့်တကြားကြည့်ပြီး "မေမေလည်း သတိမထားလိုက်မိဘူး သမီးရဲ့ အခု



သမီးဖက်လိုက်မှ နာသလိုဖြစ်သွားခဲ့တာ။ ဟုတ်တော့ဟုတ်ပါရဲ့ ... မေမေက ဝဝဖြိုးဖြိုး၊ ရင်သားကလည်း ထွားထွားကြီးဆိုတော့ အထဲမှာ အဖုအကျိတ်ကြီးဖြစ်နေတာ တော်တော်နဲ့ သတိမထားမိနိုင်ဘူး ဖြစ်နေတာပေါ့။

နှင်းလည်း နေ့မဆိုင်းဘဲ မေမေ့ကိုခေါ်ပြီး သူ့ရဲ့ဆရာ ပါမောက္ခခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးကိုဝင်းဆီ ပြေးပါလေရော။ နှင်းစိတ်ပူသလိုပါပဲ၊ မေမေ့ရဲ့ရင်သား အဖုအကျိတ်ကြီးဟာ ကင်ဆာလို့ မသင်္ကာစရာ မျက်လုံးပြူးချင်စရာရောဂါဆိုးကြီး ကျရောက်လာပြီဆိုတဲ့ လက္ခဏာပါပဲ။ အမြန်ဆုံးဆေးရုံတင်ပြီး ရင်သားကို ခွဲစိတ်ကုသရတယ်။ မေမေ့ရောဂါက ရင်သားတင်မက ချိုင်းကြားထဲထိ အကျိတ်တွေပျံ့နှံ့ရောက်နေပြီမို့ မေမေ့ခမျာ ခွဲစိတ်ပြီးတာနဲ့ ဓာတ်ရောင်ခြည်နဲ့ဆက်ပြီး ကုသရပြန်တယ်။ ကင်ဆာဆိုတဲ့အမည်ကို ကြားပြီဆိုကတည်းက ဒါဟာ သေမင်းတမန်ရဲ့ခေါ်သံပဲလို့သိနေတဲ့ ပညာတတ်မေမေ့ခမျာမှာ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားပါတော့တယ်။ နှင်းက အနားမှာဂရုတစိုက်နဲ့ မေမေ့ကို ကြင်ကြင်နာနာ ယုယုယယ ပြုစုပေးလို့ပဲ မေမေ့ခမျာ တစ်ဝက်သက်သာရာရတော့တာပေါ့။

အဲဒီအချိန်မှာ နှင်းရဲ့အသည်းကို ခွဲတော့မယ့်အဖြစ်တစ်ခု မမျှော်လင့်ဘဲဖြစ်လာပါတော့တယ်။ အဲဒါကတော့ နှင်းမမျှော်လင့်ထားခဲ့တဲ့ ကို့ရဲ့ရာဇသံလို့ ပြောရမလားပဲ။ အစကနှင်းသိခဲ့တာ ကိုဟာ တစ်ဦးတည်းသောသား၊ ကို့ရဲ့မိဘတွေက အဝေးမှာ(ဘယ်လောက်ဝေးဝေးမှာလဲတော့ သေချာမသိ) အခုရက်ပိုင်းလေးကျမှ ကိုဟာနှင်းကို သိပ်လေးနက်တဲ့အသံနဲ့ တိုးတိုးလေး တိုင်ပင်ပါတော့တယ်။

ကိုတစ်ယောက် မိဘတွေရှိရာ ဟိုးရပ်ဝေးမြေခြား တိုင်းတစ်ပါးကို အမြန်ဆုံးလိုက်သွားတော့မယ်တဲ့။ အစတုန်းကတော့ ကိုကဒီမှာပဲ အပြီးအပိုင်နေတော့မယ်လို့ ဆုံးဖြတ်ပြီးပုံရပါတယ်။ အခုတော့ ဟိုးရပ်ဝေးမြေခြားမှာ သူ့ဖေဖေအသည်းအသန်ဖြစ်နေပြီး သူ့မေမေတစ်ယောက်တည်း ပြုစုစောင့်ရှောက်နေရင်းတပ်ဦးတည်းသောသားလေးကို အပူတပြင်းလှမ်းခေါ်လေပြီတဲ့၊ မလွှဲသာမရှောင်

www.burmeseclassic.com

www.burmeseclassic.com



သာနဲ့ ကိုကတော့ လိုက်သွားရတော့မယ်။ ကိုနဲ့ရဲ့ဆရာဝန်ဘဝကိုလည်း အဲဒီနိုင်ငံမှာပဲဆက်ပြီး တိုးတက်အောင်လုပ်ဖို့လည်း မိဘတွေက စီစဉ်ပြီးပြီတဲ့။ အဲဒီမှာ နှင်းလေးကို ကိုနဲ့နောက်လိုက်ဖို့ အတင်းခေါ်ပါလေရော။

နှင်းရဲ့ဘဝမှာ ပထမဆုံးနဲ့ အခက်ခဲဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချရပါတော့မယ်။ ကိုရယ် နှင်းဘက်က စဉ်းစားကြည့်ပါဦးကွယ်။ ကိုနဲ့မျက်နှာတစ်ကမ္ဘာလို့ထင်ပြီး တစ်ဘဝလုံးပုံပြီး ချစ်ခဲ့ရသူပါ။ ကိုသာခေါ်မယ်ဆိုရင် ဟိုးစကြဝဠာရဲ့တစ်ဖက်စွန်းကိုပဲ သွားရသွားရ နှင်းက မညည်းမညူလိုက်ရဲသူပါ။ ဒါပေမဲ့ကွယ် နှင်းမေမေတစ်ယောက် ကင်ဆာရောဂါကို အလူးအလဲတိုက်ခိုက်ပြီး စိတ်ဓာတ်ကျဆင်း အိပ်ရာထဲလဲနေချိန်လေးမှာ ဘယ်လိုလုပ်ပြီး ကိုနဲ့နောက်ကို လိုက်နိုင်ပါ့မလဲ။ ဘယ်လိုရက်စက်တဲ့ နှလုံးသားမျိုးနဲ့ မေမေ့ကို သည်လိုနေရာမျိုးမှာ တစ်ယောက်တည်း ထားသွားနိုင်ပါ့မလဲ။ ကိုကြီးနဲ့ကိုငယ် နှစ်ယောက်စလုံးကလည်း တိုင်းတစ်ပါးမှာ အိမ်ထောင်ကိုယ်စီနဲ့ လိုအပ်တဲ့ငွေတွေပို့ပေး၊ တစ်ပတ်တလေလာလည်ပေးရုံ မျက်နှာပြရုံပဲတတ်နိုင်တာ။ မေမေကိုယ်တိုင်ကလည်း ဖေဖေခေါင်းချသွားတဲ့ ဒီအိမ်လေးကခွဲခွာပြီး ဘယ်ကိုမှသွားနိုင်မှာ မဟုတ်ဘူးဆိုတာ နှင်းအသိဆုံးပေါ့။

သည်လိုနဲ့ နှင်းရဲ့ရင်ခွင်ထဲကနေ ကိုဟာ ရုတ်တရက် ပျောက်ချင်းမလှပျောက်ဆုံးသွားပါတော့တယ်။ မျက်ရည်လည်ရွဲ ကျန်ရစ်ခဲ့တဲ့ နှင်းတစ်ယောက် မေမေ့ကိုပြုစု၊ ဆေးရုံကိုသွား(အဲဒီအချိန်မှာ နှင်းလည်း မဟာသိပ္ပံသင်တန်းသားဖြစ်နေပြီ)ကျောင်းတက်၊ ဘွဲ့လွန်စာမေးပွဲတွေဖြေနဲ့ နေ့တွေလစား လတွေကိုနှစ်စားလို့ အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးပြီး နှင်းတစ်ယောက် ကလေးအထူးကုဆရာဝန် ဖြစ်လာပါတော့တယ်။

မေမေလည်းပြန်ပြီး ကျန်းမာလာခဲ့တယ်။ နှင်းလည်း ကိုနဲ့ကိုလွမ်းရတဲ့ ဝေဒနာတွေကို မရမကဖြေဖျောက်လို့ အပူရုပ်ကို ဟန်လုပ်လို့ဖုံးထားရင်း အချိန်တွေကုန်လွန်လာခဲ့တယ်။ ကိုနဲ့ဆီကလည်း လွမ်းတဲ့သတိရတဲ့ ချစ်နေသေးတယ်ဆိုတဲ့စာတွေ မှန်မှန်ရောက်နေဆဲ၊ ကိုနဲ့ဆီလိုက်ခဲ့ဖို့လည်း ဖွဲ့ကောင်းကောင်းနဲ့ခေါ်



နေဆဲ။ နှင်းကလည်း မေမေ့ကို ခွဲပြီးတော့မသွားနိုင်။ မေမေကလည်း ဒီအိမ်လေးနဲ့ ဒီတစ်သက် ခွဲမယ်မဟုတ်ဘူး ဆိုတာကိုလည်း သိနေတာမို့ ခေါင်းမာမာနဲ့ငြင်းနေရဆဲ . . .

တစ်ရက်မှာတော့ မေမေတစ်ယောက် ချောင်းတွေဆိုး၊ ရင်ဘတ်ထဲကအောင့်သလိုလို ဖြစ်လာပါတယ်။ နှင်း တော်တော်လေး စိုးရိမ်ပူပန်သွားမိတယ်။ မေမေ ရိုးရိုးအအေးမိပြီး ချောင်းဆိုးတာပဲဖြစ်ပါစေလို့ ဆုတောင်းခဲ့ပေမယ့် မေမေ့ရဲ့ရင်ဘတ်ဓာတ်မှန်ကို ကြည့်လိုက်တော့ နှင်း ရင်တွေကြေကွဲရပါပြီ။ ဘုရား ဘုရား . . . မေမေ့ရဲ့ အဆုတ်တစ်ခုလုံးမှာ ကင်ဆာဆဲလ်ပြန့်ကြဲလာပြီး ပျံ့နှံ့ကုန်ပြီဖြစ်တဲ့ လက္ခဏာတွေက အပြည့်ပါပဲလား။ ခွဲစိတ်ဓာတ်ကင်ပြီး ငြိမ်သွားပြီလို့ ယူဆယုံကြည်ရတဲ့ ကင်ဆာဆဲလ်တွေဟာ မေမေ့ရဲ့ ကုတ်နှစ်ဖက်လုံးထဲကို အပြည့်အသိပ် ဝင်ရောက်လာခဲ့ပြီကောကွယ်။ နှင်းတစ်ယောက် ဆောက်တည်ရာမရလောက်အောင် စိတ်ထိခိုက်ခံစားလိုက်ရတယ်။ ပြီးတော့ မေမေ့ကိုလည်း ဒီရောဂါဆိုးကြီးအကြောင်းကို အသိမပေးတော့ဘဲ အတတ်နိုင်ဆုံးဖုံးဖိဖို့ အကြံအစည်တွေစနစ်တကျလုပ် ဓာတ်မှန်အကောင်းတစ်ခုနဲ့လဲလှယ်ပြီး ရိုးရိုးချောင်းဆိုးတဲ့ပုံစံမျိုးပါလို့ ဖော့ပြီးပြောခဲ့တယ်။ သူ့ဆရာတစ်ယောက်နဲ့တိုင်ပင်ပြီး ကင်ဆာဆေးတွေသွင်းဖို့စီစဉ်တော့တယ်။ မေမေ့ကိုလည်း မေမေအင်မတန်ကြောက်တဲ့ ဆေးရုံကို ခေါ်မသွားတော့ဘူး။ အိမ်မှာပဲထားပြီး ကင်ဆာဆေးတွေကို အားဆေးတွေပါလို့ လိမ်ညာပြောပြီး သွင်းပေးဖို့ကြိုးစားခဲ့တယ်။

မေမေ့အကြောင်း သူအသိဆုံး။ ဒီတစ်ကြိမ် ကင်ဆာတွေပြန်ကြွလာပြီဆိုတဲ့အကြောင်းသိရင် ကင်ဆာဆေးတွေပါလို့လည်းသိရင် လုံးဝအသွင်းခံတော့မှာမဟုတ်ဘူး။ မေမေ အေးအေးဆေးဆေးပဲ သေပါရစေတော့သမီးရယ်လို့ ဟိုးတုန်းက တောင်းဆိုထားခဲ့ဖူးတာ သူမမေ့သေးဘူးလေ။ ဒါကြောင့် မျက်စိစုံမှိတ် ငြင်းဆန်ပြီး မေမေ့ကိုလိမ်ညာခဲ့ ဆေးတွေသွင်းခဲ့ မေမေ တစ်ရက်ကလေးပဲပိုပြီး အသက်ရှည်ရှည် အမြတ်ပဲလေ။ သမီးတစ်ယောက်အနေနဲ့ရော ဆရာဝန်တစ်ယောက်အနေနဲ့ပါ ဒီလိုလုပ်ရလိမ့်မယ်လို့ ရင်နာနာနဲ့ ဆုံးဖြတ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း သူပြောသမျှ ယုံကြည်နေပုံပါပဲ။ ဆေးတွေသွင်းပေးတော့လည်း သမီးရယ် မသွင်းလို့မရဘူးလား။ မေမေ အားရှိနေပါပြီလို့ ပြောရှာတယ်။ ဒီလိုနဲ့ပဲ မေမေ့ရဲ့အခြေအနေဟာ ဘယ်လိုပဲဆေးတွေသွင်းသွင်း မဟန်တော့တဲ့အချိန် ရောက်လာခဲ့ပေါ့။ အဲဒီရက်လေး တစ်ရက်ကိုတော့ ဘယ်လိုမှမမေ့နိုင်။

အဲဒီနေ့က ဆေးရုံကစောစောလေး ပြန်လာခဲ့တယ်။ နှင်းတစ်ယောက်သူ့ရဲ့စာကြည့်စားပွဲလေးကိုလည်းမြင်ရော ရင်ထဲထိတ်ခနဲ ဖြစ်သွားတော့တာပဲ။ သူမနက်က ရှုပ်ပွနေအောင်ပုံထားခဲ့တဲ့ စာအုပ်တွေအားလုံး ရှင်းလို့လင်းလို့ စာအုပ်လေးတွေစီရရီနဲ့ သန့်ရှင်းသပ်ရပ်လို့။ ချက်ချင်းပဲ သူ့ဗီရိုရဲ့ အောက်ဆုံးထပ်လေးကို ဖွင့်ကြည့်လိုက်မိတယ်။ သွားပါပြီ… မေမေ့ဓာတ်မှန်အစစ်ရယ် သူ့ဆရာနဲ့တိုင်ပင်ပြသထားတဲ့ ဆေးမှတ်တမ်း ဝှက်ထားခဲ့တဲ့နေရာလေးကို ကြည့်လိုက်တော့ သူသိလိုက်ပါပြီ။ ဘုရား… ဘုရား သူညာတာတွေအားလုံး မေမေသိသွားပါရောလား။ သူ့မေမေက ပါဠိဓေတ်ပေါင်းက တက္ကသိုလ်ဘွဲ့အောင်ရဲ့ ပညာတတ်တစ်ယောက်ပဲလေ၊ ပေါ့သေးသေးမှ မဟုတ်တာ။ အဲဒီအချိန်မှာ မေမေ သူ့အခန်းထဲ ဝင်ရောက်လာခဲ့တယ်။ သစ်ရွက်ကလေးလေတိုက်လို့ လွင့်လာသလို ဘာသံမှမကြားရ။

"သမီးရယ်… မေမေ တစ်ခုပြောချင်လို့" မေမေ စကားစလိုက်တော့မေမေ့ကို အားရပါးရဖက်တွယ်ပြီး ပါးစပ်ကိုပါးနဲ့အပ်ကာ "မေမေ သမီးကိုချစ်ရင်အခုပြောမှာတွေအားလုံးကို ဘာဆိုဘာမှ မပြောပါနဲ့နော်" လို့ မျက်ရည်အပြည့်နဲ့ပြောမိတော့တယ်။ မေမေ့ကိုဖက်ပြီး အားရပါးရငိုနေတဲ့ သမီးလေးနှင်းကို မေမေက မျက်ရည်လေးတွေသုတ်ပေးရင်း အားပေးခဲ့တယ်။

"သမီးကလေးရယ်… မေမေ အစောကြီးကတည်းက သိပြီးသားပါ။ သမီးရဲ့မေတ္တာ စေတနာတွေအားလုံးကို မေမေသိနားလည်တယ်။ ဘယ်လိုမှ စိတ်ထဲမဖြစ်နဲ့နော်၊ ဒီနေ့ မေမေ့ကို အားဆေးသွင်းပေးရမယ့်နေ့ မဟုတ်လားသွင်းလေ…"



အပြုံးလေးခပ်အေးအေးနဲ့ ကြည့်နေခဲ့တဲ့ မေမေ့ရဲ့ပိန်လှီနေပြီဖြစ်တဲ့လက်ကို ဆေးထိုးအပ်သွင်းရတာလောက် ခက်ခဲပြီး လက်တွေတုန်ယင်နေခဲ့တာနှင်း ဘယ်လိုမှ မမေ့နိုင်တော့ပါဘူး။ မေမေကတောင် တုန်ယင်နေတဲ့ သမီးလေးရဲ့လက်ကို တင်းတင်းဆုပ်ပြီး ပြန်အားပေးခဲ့သေးတယ်။

"သမီးလေးသွင်းပေးတဲ့ အားဆေးတွေကြောင့် မေမေ အရမ်းအားရှိနေပါပြီကွယ်"

မေမေရေ… သမီးကလည်း မေမေ့ကိုညာ မေမေကလည်း သမီးကိုညာ။ ညာနေမှန်းလည်း တစ်ယောက်နဲ့တစ်ယောက် သိနေတဲ့အဖြစ်မျိုး ဘယ်လိုများမေ့ပစ်လို့ ရမှာတဲ့လဲ။ မေမေဟာ ဒီဝေဒနာဆိုးကြီးလက်ကလွတ်ပြီး ဖေဖေ့နောက်အမြန်ဆုံး လိုက်သွားချင်လှပြီ။ ဒီဆေးတွေထပ်သွင်းပြီး ဒုက္ခတွေထပ်မများချင်တော့ဘူးဆိုတာကို နှင်းသိပါလျက်နဲ့ ဆရာဝန်မလေးတစ်ဦးအနေနဲ့ သမီးတစ်ယောက်အနေနဲ့ မေမေ့ကို သမီးနှင်းရဲ့အနားမှာ တစ်ရက်လေးပဲပိုပြီး နေခွင့်ရရ၊ ရသလောက်ဆွဲမှာပဲ ဆိုတဲ့အတွေးနဲ့ ကင်ဆာဆေးတွေကို အားဆေးဆိုပြီးညာသွင်းခဲ့မိတယ်။

အဲဒီနေ့ကစပြီး ဘယ်လောက်မှ မကြာလိုက်ဘူး မေမေတစ်ယောက်တိတ်တိတ်ဆိတ်ဆိတ်လေးပဲ နှင်းဆိုတဲ့သမီးလေးကို ထားရစ်ခဲ့ပြီး တမလွန်ကိုထွက်ခွာသွားခဲ့တာ အခုလိုမျိုး အုန်းမောင်းတွေ ခေါက်သံကြားရတဲ့ မနက်ခင်းစောစောကြီးပဲပေါ့။

မေမေဆုံးပါးသွားချိန် မေမေ့ရဲ့ ခေါင်းအုံးအောက်မှာ ထားရစ်ခဲ့တဲ့စာလေးကိုဖတ်ရပြီး မကြာပါဘူး၊ တိုက်တိုက်ဆိုင်ဆိုင် နိုင်ငံရပ်ခြားကို ကလေးကင်ဆာပါရဂူ သင်တန်းစေလွှတ်ဖို့ လျှောက်လွှာတွေ ခေါ်တော့တာပါပဲ။ သူ့အမြန်ဆုံး လျှောက်လွှာတင် ဝင်ခွင့်စာမေးပွဲဖြေခွင့်ရ၊ ဗလသင်တန်းကို သွားတက်ခွင့်ရခဲ့တယ်။ မေမေ့လိုပဲ ကင်ဆာဝေဒနာ ခံစားနေရတဲ့ ကလေးလေးတွေကို တစ်သက်တာလုံး ဘဝတစ်ခုလုံးပုံပြီး ကုသပြုစုပေးတော့မယ် မေမေရေ။

တစ်ရက်… သူ သင်တန်းတက်တဲ့ဆေးရုံမှာ ရောက်လာတဲ့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့စကားကြောင့် မေမေ့ကိုသတိရပြီး ငိုလိုက်ရတာ မမေ့နိုင်စရာပါ။ ကလေးလေးက သွေးကင်ဆာဖြစ်နေရရှာတာ၊ မိဘတွေက သူ့ကို ပေးပြီးမသိဘူး။ ရိုးရိုးရောဂါတစ်မျိုးပါလို့ လိမ်ညာထားတယ်။ ပြီးတော့ ဆေးတွေသွင်းပြီး ကျောင်းကိုတက်စေတယ်။ တခြားကလေးတွေလိုပဲ သူတို့သားလေးကို ပုံမှန်ကျောင်းသွားနိုင်အောင်လို့ စီစဉ်တယ်။ ကလေးလေးကလည်း လိမ္မာလိုက်တာမှ ကြိုးစားပြီး ကျောင်းကိုသွားခဲ့ပါတယ်။ တစ်ရက်တော့ နေမကောင်းလို့ ကျောင်းမှာမူးမိုက်လဲကျပြီး ဆေးရုံရောက်လာခဲ့တယ်။ နှင်းလေးကို တိုးတိုးလေး ပြောခဲ့တယ်လေ။ နှင်းနဲ့ဒီကလေးက သံယောဇဉ်တွေတောင် တွယ်ရစ်ခင်မင်နေခဲ့ပြီ။ သူပြောခဲ့တဲ့စကားလေးကိုကြည့် . . .

"ကျွန်တော် သွေးကင်ဆာဖြစ်နေမှန်း သိနေတာကို ဖေဖေမေမေတို့ မသိကြဘူး ဒေါက်တာရယ်၊ သူတို့ကကျွန်တော့်ကို ညာထားကြတယ်။ ကျွန်တော်ကလည်း ကျွန်တော်သိနေမှန်း သူတို့မသိအောင် ညာထားတယ်။ သူတို့တွေက ကျောင်းတက်စေချင်တယ်။ ကျွန်တော်ကတော့ ဒီလောကကြီးထဲ သိပ်ကြာကြာကြီးမနေရတော့မယ့် အချိန်လေးနည်းနည်းမှာ ကျောင်းကိုလည်း သွားမတက်ချင်တော့ပါဘူး။ အိမ်ထဲမှာပဲ ငြိမ်ငြိမ်လေးနေပြီး ညီလေးနဲ့ကစားချင်တယ်။ ပြီးတော့ ညီလေးကြီးလာရင် သူ့အခန်းထဲထည့်ဖို့ ပန်းချီကားလေးတစ်ကား ဆွဲထားခဲ့ချင်မိတယ်။ အခုတော့ မိဘတွေအလိုကျ ကျောင်းသွားတက်နေရတော့ ညီလေးရဲ့အနားမှာလည်း မနေနိုင်ဘူး၊ ပန်းချီကားလည်း မဆွဲနိုင်ဘူး" တဲ့ . . . ကြည့်စမ်း သူနဲ့မေမေ ဖြစ်ခဲ့တဲ့အတိုင်းပါပဲလား။ မေမေ့ရဲ့နောက်ဆုံးကျန်တဲ့ အချိန်လေးမှာ မေမေဘာလုပ်ချင်သလဲဆိုတာ မမေးခဲ့မိဘူး။ ကင်ဆာဆေးတွေကိုလည်း မျှော်လင့်ချက်ကင်းမဲ့နေမှန်း သိသိကြီးနဲ့ အားဆေးတွေပါလို့ ညာပြီးသွင်းခဲ့မိတဲ့ သမီးမိုက်လေးနှင်းကို ခွင့်လွှတ်ပါမေမေရယ်လို့ နောင်တကြီးစွာနှင့် ငိုကြွေးမိတော့တယ်။ ခုတော့ မေမေ့သမီးလေးနှင်းဟာ ကင်ဆာဝေဒနာရှင် ကလေးငယ်လေးတွေကို အထူးကုသပြုစုပေးနေရတဲ့ အထူးကုဆရာဝန်မလေး ဒေါက်တာဝေဝေနှင်းပေါ့။ မေမေ ကောင်းကင်တစ်နေရာကကြည့်ပြီး သာဓုခေါ်နိုင်ပါစေမေမေ။ သူ့ဘဝကြီး



တစ်ခုလုံးကိုပုံအောပြီး ဝေဒနာရှင်လေးတွေကို ဆေးကုပေးရတဲ့ဘဝ သူပျော်မွေ့လှပါတယ်။ တစ်ခုပဲ . . . သူကုသပေးရင်းနဲ့ မလွှဲမရှောင်သာ သေမင်းနောက်ကို လိုက်သွားတဲ့ ကလေးလေးတွေအတွက် မျက်ရည်တွေ မခန်းခြောက်နိုင်အောင် ရှိနေဆဲ။

အခုတော့ . . . ဘဝရဲ့တစ်ဆစ်ချိုးအကွေ့ကို လုံးဝရောက်ခဲ့ပြီ။ ကိုကဟိုးအဝေးတစ်နေရာကနေ ရာဇသံပေးခဲ့ပြီကော။ "နှင်းရေ . . . နှင်းမေမေလည်း မရှိတော့ဘူး။ ကို့ဆီ လိုက်ခဲ့ပါတော့လားကွယ်။ နှင်းကို စောင့်ခဲ့ရတာ နှစ်ပေါင်းများလှပါပြီ။ ဒီတစ်ပတ် နှင်းနဲ့ကိုဆုံတွေ့ပြီး တူတူနေချင်လှပြီ။ ဒီတော့ ကို့နောက်လိုက်လာပါတော့မယ် ဆိုတဲ့စကားလေး ကြားပါရစေ။ နှင်းကို့ကို မချစ်တော့ဘူးဆိုရင်တော့ ကို့အသံကိုလည်း နှင်းမကြားစေရတော့ပါဘူး။ ကို့မျက်နှာကိုလည်း နှင်းဒီတစ်သက် မတွေ့စေရတော့ပါဘူး။ နောက်တစ်နေ့မနက် ကိုနဲ့နှင်း ကော်ဖီဆိုင်လေးမှာ "You'll always on my mind" လို့ပြောခဲ့တဲ့ နှစ်ပတ်လည်နေ့လေးပဲဖြစ်တာမို့ နှင်းရဲ့နောက်ဆုံးစကားလေးကို ကြားပါရစေ။ ကို့ဆီ လိုက်လာမယ် လိုက်မလာဘူး ဒီနှစ်ခွန်းထဲက တစ်ခွန်းကို ရွေးချယ်ပေးပါတော့ကွယ်။ ကို့မှာလည်း ကို့မေမေကိုခွဲပြီး ကို့အလုပ်တွေကိုပစ်ပြီး ပြန်လာလို့ မဖြစ်တော့ဘူးဆိုတာ နှင်းလည်းအသိပဲ။ ကို မနက်ခုနစ်နာရီမှာ ဖုန်းဆက်မယ်။ နှင်းရဲ့ နောက်ဆုံးဆုံးဖြတ်ချက်ကို စောင့်မျှော်နေမယ်နော်"

ကို့ရဲ့အသံလေးကို ကြားနေရသလိုပါပဲ ကိုရယ် . . . "Hnin, You're always in my heart" တဲ့လေ။ နှင်းလေ . . . နှင်းရဲ့စိတ်အစဉ်ဟာ ဟိုးတိမ်တိုက်တွေထဲ လွင့်မျောသွားသလိုလို၊ ဟိုးအဝေးကြီးက ကို့ဆီကိုပဲ အပြေးလေးသွားနေသလိုလို ခံစားနေရတယ်ကွယ်။ ကိုရေ . . . နှင်းလိုက်လာပြီလေ၊ နှင်းကိုကြိုပါဦးကွယ်။

အဲဒီတစ်ချိန်တည်းမှာပဲ ဓာတ်ပုံလေးထဲက သူ့လူနာ ကလေးငယ်တွေရဲ့ "ဆရာမ မမနှင်းရေ...သားတို့သမီးတို့ကို ပစ်သွားတော့မှာလား" အလိုမေမေ့ခေါင်းအုံးဘေးက မေမေချစ်တဲ့ စံပယ်ပန်းရနံ့လေးက မွှေးပျံ့လှချည်လားကိုရေ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုတို့ဆီမှာရော စံပယ်ဖြူဖြူလေးတွေ ပွင့်ရဲ့လားကွယ်။ အလို...

"ကလင်...ကလင်" ဖုန်းသံပါလား။ ရုတ်တရက် အိပ်မက်ထဲကလန့်နိုးသွားခဲ့ပြီ။ ဒါ ကိုဆီကဖုန်းပဲ ဒေါက်တာဝေဝေနှင်းတစ်ယောက် စည်ခန်းထဲကတယ်လီဖုန်းဆီ အိပ်ရာထဲမှ အပြေးလေးထအသွား သူ့ရင်ဘတ်ပေါ် တင်ထားခဲ့တဲ့ လက်စွပ်ကလေး ချွင်ခနဲလွင့်သွားပြီး ကြမ်းပြင်ပေါ် တစ်လိမ့်ချင်းလိမ့်ဆင်းသွားသည်ကိုပင် သတိမထားမိလိုက်တော့ပေ။

"ကိုရေ...နှင်းလာပြီ"

# ၇

# မောင်

www.burmeseclassic.com

www.burmeseclassic.com






## မောင်ပဲပြော

ညဟာ နက်သထက် နက်လာလေရဲ့...သည်ညလည်း ထုံးစံအတိုင်း အိပ်လို့မရတဲ့ည။ အိပ်မပျော်လေတိုင်း မောင့်အကြောင်းတွေကိုပဲ စဉ်းစားတွေးတောနေမိပြန်ပါရော။ မောင်ရေ...အခု မောင်ဘယ်မှာလဲ၊ လွမ်းတယ်မောင်ရယ် မောင့်အကြောင်းတွေးမိတော့ ကျွန်မလေ လက်နဲ့ပိုက်ကို အသာလေး ဖွဖွစမ်းလိုက်မိတယ်။ ကျွန်မရဲ့ဝမ်းကြာတိုက်ထဲမှာ မောင်နဲ့ကျွန်မတို့ရဲ့ရင်သွေးကလေး ရှိလေရဲ့မောင်။ ခုလောက်ဆို သူကလေးရော အိပ်မောကျနေလေမလား။ သူကလေးရဲ့ကံကြမ္မာ ဘယ်လိုများဖန်လာလေမလဲ၊ ကျွန်မကရော ဘာတွေဖြစ်လာမလဲ။ ကျွန်မတို့နှစ်ယောက်ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး အရေးအကြီးဆုံး ဆုံးဖြတ်ချက်တစ်ခုကို ဒီနေ့ည ကျွန်မချရပါတော့မယ်။ ကျွန်မ ဘာလုပ်ရမလဲမောင်ရယ် မောင်မရှိတော့တဲ့ လောကကြီးထဲမှာ အခုတော့ ကျွန်မတစ်ယောက်တည်း။

မောင်နဲ့နောက်ဆုံး တွေ့ခဲ့တဲ့နေ့၊ ကမ္ဘာကြီးတစ်ခုလုံး ဒိုးထိန်းစက်ပမာ ချာချာလည်ခဲ့ရတဲ့ နေ့လေးတစ်နေ့ကို ကျွန်မရဲ့ဘဝမှာ ဘယ်လိုများ မေ့ပျောက်ပစ်လို့ရနိုင်မှာတဲ့လဲ မောင်ရယ်။ အဲဒီနေ့တုန်းက ကျွန်မချစ်တဲ့မောင်က ရုပ်အင်္ကျီ အဖြူကလေးနဲ့ ကချင်လုံချည်ကလေးဝတ်လို့ ကျွန်မမျက်စိထဲမှာ မောင်ကဖြူစင်

www.burmeseclassic.com



သပ်ရပ်ပြီး ချောမွေ့နေရော။ "မောင်ကျွန်မကို ချစ်လားဟင်" အဲဒီနေ့က ဒီမေးခွန်းလေးကို ကျွန်မမေးမိတယ်။ ဟောဒီလောကကြီးထဲ ကျွန်မအလိုချင်ဆုံး အတမ်းတဆုံး အမက်မောဆုံးက မောင့်ရဲ့အချစ်ပါ။

မောင်နဲ့ကျွန်မ အရမ်းပျော်ခဲ့ကြတယ်နော် . . . အိမ်ထောင်သက်သုံးနှစ်မှာ ကျွန်မတို့ရဲ့အချစ်ဗိမာန်လေး လှပခဲ့ပါတယ်။ မောင်က ရည်မှန်းချက်အလွန်ကြီးမားတဲ့ သားဖွားမီးယပ် ဆရာဝန်တစ်ယောက်၊ မြန်မာပြည်က ဘွဲ့လွန်ဒီဂရီတစ်ခုရပြီးတာတောင် မကျေနပ်နိုင်သေးဘဲ အင်္ဂလန်နိုင်ငံကပေးမယ့် တော်ဝင်ပါရဂူဘွဲ့ကိုမှ လိုချင်သတဲ့။ မောင့်ကိုချစ်လွန်းလို့ မျက်စိအောက်က အပျောက်တောင်မခံနိုင်ဘူးဆိုပေမယ့် မောင်ရဲ့ကြီးမားတဲ့ ရည်မှန်းချက်ပြည့်ဝစေဖို့ ပါရမီဖြည့်ရမှာက ကျွန်မရဲ့တာဝန် မဟုတ်ပါလား။ ဒီလိုနဲ့ အင်္ဂလန်ကို ပညာတော်သင်ထွက်ခွာဖို့ အမိန့်ကျလာပါလေရော။ မကြာခင် ခရီးထွက်ခွာတော့မယ့် မောင်နဲ့ကျွန်မ မခွဲခွာခင်ကလေးမှာ မောင်နဲ့စပြီးတွေ့ခဲ့တဲ့ ပန်းခြံကလေးကို အမှတ်တရပျော်ပွဲစားထွက်ခဲ့ကြတယ်။ ပထမဆုံးစတွေ့တဲ့နေ့က မောင်ဝတ်ခဲ့တဲ့ အင်္ကျီလေးနဲ့လုံချည်လေးကို မောင့်ကို ဝတ်စေခဲ့တယ်။ ကျွန်မ ဘယ်လောက်တောင် စိတ်ကူးယဉ်သလဲနော်။

ရေကန်ကြီးတစ်ခုရဲ့ဘေးကို ကျွန်မတို့အရောက် ဟိုး မလှမ်းမကမ်းမှာ လှပတဲ့ကြာပန်းလေးတစ်ပွင့်ကို မြင်ပါရော။ ခွဲခွာခါနီးအမှတ်တရ မောင်ပေးမယ့် ပန်းလေးတစ်ပွင့်ကို ကျွန်မလိုချင်မိတယ်။ မောင်ကိုယ်တိုင်ခူးပေးမယ့် ပန်းလေးတစ်ပွင့်ပေါ့။ "မောင် ကျွန်မကိုချစ်ရင် ဟိုကြာပန်းကလေး ခူးပေးနော်" ကျွန်မပူဆာတော့ ကျွန်မမျက်နှာကို မောင်က ပြုံးပြီးကြည့်နေတယ်။ အဲဒီ မောင့်ရဲ့အပြုံးကို ကျွန်မတစ်သက် မမေ့နိုင်ဘူးမောင်ရယ်။ "ချစ်လိုချင်ရင် မောင်ခူးပေးမှာပေါ့ ပန်းကလေးလောက်ကတော့ အပျော့၊ ရှုံကြယ်ကိုတောင် ဆွတ်ပေးချင်တာ"

ဟုတ်ရဲ့လားမောင် . . . အင်္ကျီဖြူဖြူကလေးကိုချွတ်၊ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ရေကန်ထဲ မောင်ဆင်းသွားခဲ့တယ်။ ဒူးအထက်လောက်နက်တဲ့ ရေထဲ မောင်တစ်လှမ်းချင်း ဆင်းသွားခဲ့၊ ဟော . . . ဟော ကြာပန်းလေးနား မောင်



ရောက်တော့မယ်။ အဲဒီအချိန်မှာပဲ လုံးဝမမျှော်လင့် မထင်မှတ်တဲ့ အဖြစ်အပျက်တစ်ခု ရုတ်တရက် ဖြစ်လာခဲ့ပါတော့တယ်။ ဝူးဝူးဝါးဝါးနဲ့ ရုတ်တရက်အော်ဟစ်ပြီး ရေထဲမှာမောင် လဲကျသွားခဲ့တယ်လေ။ အဲသည်မှာ ကျွန်မတို့ကမ္ဘာလေး ပျက်စီးသွားတော့တာပဲ မောင်ရယ်။

ကျွန်မလည်း ကြောက်လန့်တကြားနဲ့ အော်ဟစ်ပြီး လာကြပါဦး . . . ကယ်ကြပါဦးနဲ့ အကူအညီတွေခေါ်၊ ရေထဲကို အမြန်ပြေးဆင်းလို့ မောင့်ကိုပွေ့ရေတိမ်နစ်ခဲ့တယ်ဆိုတာ ဒါပဲလားမောင်။ ဘယ်လိုမှကို မယုံကြည်နိုင်စရာ အဖြစ်အပျက်တွေ ဖြစ်ခဲ့တာပါလား။ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်တွေပဲ ဖြစ်ခဲ့လေသလား ထင်ယောင်မှားမိ။

မောင် ကျွန်မအပါးကနေ ထာဝရ ခွဲခွာသွားခဲ့ပြီကော . . . အင်္ဂလန်ခရီးကို တစ်ခဏခွဲခွာရမှာတောင် တစ်ဘဝစာ ပူပန်စိုးရိမ်ခဲ့တဲ့ကျွန်မကို ခုတော့တစ်ယောက်တည်းထားရစ်ခဲ့ပြီး မောင်က တမလွန်ကို ထွက်ခွာသွားခဲ့ပြီ။ အဖြစ်အပျက်တွေဟာ မြန်ဆန်လွန်းလှပြီး မောင်ရဲ့တန်ဖိုးရှိလှတဲ့ဘဝကို တစ်ခဏချင်းမှာ အဆုံးသတ်သွားစေခဲ့တာ ဘာကြောင့်မှန်း ဘယ်သူမှရေရေရာရာ မပြောနိုင်ခဲ့တော့ဘူးမောင်ရယ်။ ဟိုးငယ်စဉ်တုန်းက မောင့်မှာရှိခဲ့ဖူးတဲ့ "Epilepsy" အမည်ရတဲ့ ဝက်ရူးပြန်ရောဂါကြောင့် မောင်ရုတ်တရက် လဲကျသွားခဲ့လေသလား။ ရေအောက်က မမြင်နိုင်တဲ့ အဆိပ်ရှိတဲ့ အကောင်တစ်ကောင်ကပဲ မောင့်ကို ကိုက်လိုက်လေသလား။ ဘယ်သူကမှ သေသေချာချာ ရေရေရာရာမသိ၊ သိတော့ရောမောင်က တမလွန်ကနေ ပြန်ရောက်လာမှာတဲ့လား။

ခုတော့ ကျွန်မနားမှာ မောင်မရှိတော့ဘူး။ မောင် အဝေးကိုပြေးထွက်သွားခဲ့ပြီ။ မောင်မရှိတော့တဲ့ လောကကြီးထဲမှာ အခုတော့ ကျွန်မတစ်ယောက်တည်းရယ်ပေါ့။ မောင်သေသွားတာ ကျွန်မကြောင့်၊ ဟုတ်တယ် . . . ကျွန်မသာဒီပန်းကလေးကို မခူးခိုင်းခဲ့ရင် မောင် ဒီရေထဲကို ဆင်းမှာမဟုတ်ဘူး။ ရေထဲမဆင်းရင်ရေနစ်ပြီး မောင်မသေတော့ဘူးပေါ့။ မောင်ရေ . . . နာရီလက်တံတွေကို နောက်ကိုပြန်ပြီး ရစ်ပစ်လိုက်လို့ရရင် သိပ်ကောင်းမှာပဲနော်။ အဲဒါဆို ဘွာတေး ကျွန်မဒီ

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းလေး မလိုချင်တော့ပါဘူး မောင်ရယ်။ ကြာပန်းတွေကိုမုန်းတယ်။ ကျွန်မကိုယ့်ကိုယ်ကိုယ်လည်း မုန်းတယ်။ ဘဝမှာနေသာနေရ ပျော်တယ်ဆိုတာလည်း မရှိတော့ဘူး။ အထီးကျန်လှတဲ့ဘဝ မောင်မရှိတော့တဲ့ဘဝ မောင့်ကိုတမ်းတမ်းတတ လွမ်းနေရတဲ့ဘဝ ကျွန်မရဲ့ဘဝဟာ ဘာများအဓိပ္ပာယ် ရှိနေပါသေးသလဲ မောင်ရယ်။

မောင်မရှိတော့ဘူးဆိုတာနဲ့ ကျွန်မတစ်ယောက်တည်း ယူကျုံးမရဖြစ်ပြီး အရူးတစ်ပိုင်း ဖြစ်သွားခဲ့တော့တယ်။ အိပ်ရမှန်းမသိ စားရမှန်းမသိ ကိုယ့်ဘာသာလည်း ကိုယ်ဘာတွေလုပ်လို့ လုပ်နေမှန်းမသိ ဘာတွေဖြစ်လို့ဖြစ်နေမှန်းမသိ ရှင်နေရက်နဲ့ သေသလိုဖြစ်ခဲ့ရ ကျွန်မဘဝ။ အဲဒီဘဝကို ရုတ်တရက် လှုပ်နှိုးလိုက်တဲ့ အဖြစ်အပျက်ကလေးတစ်ခု တစ်နေ့မှာ ဖြစ်လာခဲ့တော့တယ်။

ကျွန်မအခန်းအောင်းပြီး ရေလည်းမချိုး ထမင်းလည်းကောင်းကောင်းမစား အိပ်ရာထဲတခွေခွေနဲ့ ပေပေတေတေနေခဲ့မိတာ ဘယ်လောက်တောင်ကြာသွားမှန်း သတိလည်းမထားမိ။ နောက်ဆုံး မေမေတို့ကစိတ်ပူပြီး ကျွန်မကိုနိုင်တဲ့ ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်း "မြတ်" ကို အကူအညီတောင်းပါလေရော။ ကျွန်မကိုဘယ်လိုမှ သူတို့နိုင်အောင် မပြောနိုင်ခဲ့ဘူးမဟုတ်လား။

ဒီလိုနဲ့မြတ်တစ်ယောက် ကျွန်မဆီရောက်လာပြီး ကရုဏာဒေါသောနဲ့ တဗျစ်တောက်တောက်ဆူပူ ကျွန်မကို အိပ်ရာထဲကအတင်းဆွဲထူ ရေချိုးခန်းထဲအတင်းခေါ်သွားပြီး ကိုယ်တိုင်ရေချိုး ခေါင်းလျှော်ပေးပါရောလား။ ကျွန်မကိုဆပ်ပြာတိုက်ပေးရင်းနဲ့ မြတ်တစ်ယောက် အကြီးအကျယ် မျက်နှာပျက်သွားတာကို သတိပြုမိလိုက်တယ်။ "ဟော ကြည့်စမ်းနွယ် ... မင်းရဲ့ရင်သားက အခု ကိုယ်စမ်းလို့ရတဲ့ အကျိတ်ကြီးဖြစ်နေတာက ဘယ်လောက်ကြာပြီလဲ" ဘာလဲနဲ့ ကျွန်မကို မေးခွန်းတွေတရစပ် မေးတော့တာပါပဲ။ "ဟုတ်ပါရဲ့မြတ်ရယ် ... ကိုယ်လေ ကိုယ့်ဘာသာတောင် အသက်ရှင်နေမှန်း မသိလောက်အောင် အူကြောင်ကြောင်နဲ့ အချိန်တွေကုန်ဆုံးသွားခဲ့တာ မောင်မရှိတော့တဲ့ အချိန်ကတည်းကပေါ့"

ကျွန်မ ဘာဆိုဘာမှ သတိလည်းမထားမိ ဘာမှန်းကိုမသိ မြတ်ကမေး



တော့ ကျွန်မဘာဆိုဘာမှ မဖြေနိုင်ခဲ့ဘူး။ မိန်းမတို့ရဲ့ဓမ္မတာ ရာသီတောင်မလာတာ ကြာခဲ့ပြီနဲ့တူတာပဲ။ သူနာပြုဆရာမပီပီ မြတ်ဟာကျွန်မကို အဲသည်နေ့မှာပဲ အချိန်မဆိုင်းတော့ဘဲ သူ့ရဲ့ဆရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇော်ဝင်းဆီကို ခေါ်သွားတော့တာပါပဲ။ ကျွန်မလည်း သူဆွဲခေါ်ရာနောက် အူကြောင်ကြောင်နဲ့လိုက်သွားခဲ့တယ်။ ဆရာကြီးက စိတ်ရှည်လက်ရှည်နဲ့ မေးမြန်းစမ်းသပ်ပြီးတော့ သွေးစစ်ဆီးစစ် အာထရာဆောင်းတီဗီရိုက် အားလုံးပြီးသွားချိန်မှာတော့ ဘယ်လိုမှ မမျှော်လင့်မထင်မှတ်တဲ့ ကံကြမ္မာက ပေးအပ်လိုက်တယ်လို့ဆိုရမယ့် လက်ဆောင်နှစ်ခုက ကျွန်မဆီမှာတစ်ပြိုင်နက်တည်း ရောက်ရှိနေပြီဆိုတာ သိလိုက်ရပါတော့တယ်။ ပထမတစ်ခုက ကျွန်မရဲ့ရင်သားတစ်ဖက်မှာ ကင်ဆာလို့ မသင်္ကာစရာ အကျိတ်လုံးကြီးတစ်ခု၊ နောက်လက်ဆောင်တစ်ခုကတော့ ကျွန်မရဲ့ဝမ်းကြာတိုက်ထဲမှာ ကျွန်မနဲ့မောင်တို့ရဲ့ ရင်သွေးကလေး ... မောင်ရဲ့ကိုယ်ပွားကလေး။

ခံစားချက်ကင်းမဲ့စွာနဲ့ အရူးတစ်ပိုင်းကြီးဖြစ်နေခဲ့တဲ့ ကျွန်မရဲ့ရင်ထဲကို ခံစားချက်ပေါင်းစုံ ရောထွေးပေါင်းစပ်ပြီး ရောက်လာခဲ့တော့တယ်မောင်ရေ။ ပထမလက်ဆောင်က "သေမင်းတမန်" လေ။ ကင်ဆာဆိုတာ လူသားတစ်ယောက်ကို "သေစေ" လို့အမိန့်ချလိုက်တဲ့ ကြောက်မက်ဖွယ်ရာ သင်္ကေတတစ်ခုမဟုတ်လား။ မိမိရဲ့ခန္ဓာကိုယ်ထဲမှာ သေမင်းရဲ့အလံ လာစိုက်ပြီဆိုတာ သိလိုက်ရချိန်မှာ ဖြစ်သွားခဲ့တဲ့ ထိတ်လန့်တဲ့ခံစားမှုက တစ်မျိုး၊ နောက်လက်ဆောင်တစ်ခုဖြစ်တဲ့ ကျွန်မရဲ့ဝမ်းကြာတိုက်ထဲက မောင့်ရဲ့မျိုးဆက် ရင်သွေးကလေး၊ မောင့်ရဲ့ကိုယ်စားထားရစ်ခဲ့တဲ့ ကိုယ်ပွားကလေး။ ဝမ်းသာလိုက်တာ မောင်ရယ် ... မောင် သေဆုံးသွားပြီး ကျွန်မကိုစွဲလမ်းတဲ့စိတ်နဲ့ ကျွန်မဗိုက်ထဲ ဝင်စားတာတော့ မဖြစ်နိုင်ဘူးနဲ့တူပါရဲ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ဝမ်းဗိုက်ထဲက လူသားကလေးဟာ မောင့်ကိုယ်စားထားရစ်ခဲ့တဲ့ သင်္ကေတပဲလို့ ကြည်နူးဝမ်းမြောက်စွာ ကျွန်မခံစားလိုက်ရတယ်။

အဲဒီနောက်ပိုင်း အဖြစ်အပျက်တွေက ဇယ်ဆက်သလိုမြန်ဆန်ခဲ့တယ် မောင်ရေ။ ပထမဆုံး ကျွန်မရင်သား ကင်ဆာအကျိတ်ကို ခွဲစိတ်ခဲ့ရတယ်။ ဆေး

www.burmeseclassic.com

www.burmeseclassic.com



ရုံမှာ တစ်ပတ်တိတိ ကြာခဲ့တယ်။ ခွဲစိတ်ထားတဲ့ အသားစအဖြေ "Histology Report" ကို အသေးစိတ် လေ့လာပြီးတဲ့အခါမှာ ခွဲစိတ်ဆရာဝန်ကြီးက ကျွန်မကို ရှင်းပြခဲ့တော့တယ်။ ကျွန်မရဲ့ရင်သားကအကျိတ်ဟာ "ကင်ဆာရောဂါ" ဖြစ်တာ သေချာသွားခဲ့ပြီ။ ချိုင်းကြားက အကျိတ်တွေအထိ ပျံ့နှံ့နေခဲ့ပြီ။ ဆက်ပြီးပျံ့နှံ့မယ့်လက္ခဏာတွေ အန္တရာယ်တွေရှိနေတာမို့ ခွဲစိတ်ကုသမှုပြီးပေမယ့် နောက်ထပ်ကုသမှုနှစ်ခုကို ဆက်ပြီးခံယူရဦးမယ်။ တစ်ခုက ဓာတ်ရောင်ခြည်နဲ့ကုသမှု "Radiotherapy"၊ နောက်ထပ်တစ်ခုကတော့ ကင်ဆာဆေးတွေပေးပြီးကုသမှု "Chemotherapy"၊ ပြီးတော့ ကျွန်မရဲ့သားဥအိမ် "Ovary" နှစ်ခုကို ခွဲစိတ်ပြီးတော့ပဲဖြစ်ဖြစ် ဓာတ်ရောင်ခြည်နဲ့ပဲဖြစ်ဖြစ် ဖျက်ဆီးပစ်ဖို့။ ကျွန်မရဲ့အသက်ဆက်လက်ရှင်သန်ရေးအတွက် ဒီဆေးကုသမှုတွေအားလုံး ခံယူရမှာဖြစ်တယ်။

ခေတ်သစ်ဆေးပညာရဲ့ထူးခြားချက်လို့ ပြောရလေမလား။ ကျွန်မဟာ ခွဲစိတ်ဆရာဝန်ကြီးနဲ့ရော၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးနဲ့ရော၊ ဓာတ်ရောင်ခြည်နဲ့ ကင်ဆာရောဂါအထူးကုဆရာဝန်မကြီး အပါအဝင် ပါရဂူကြီးများနဲ့ တွေ့ဆုံခဲ့ရတယ်။ ကျွန်မကို ဆရာဝန်ကြီးတွေက သနားစဖွယ် မုဆိုးမကလေးအဖြစ်နဲ့ရော၊ မောင့်ရဲ့ဇနီးအဖြစ်နဲ့ရော အစစအရာရာ ကြင်ကြင်နာနာနဲ့ ဂရုတစိုက်ရှိကြပါတယ်။ ပြီးတော့မှ ဘယ်လိုဘယ်ပုံ ဆေးကုသမှုကို ခံယူရမယ်ဆိုတာကိုလည်း ဘက်ပေါင်းစုံက ရှင်းလင်းပြောပြခဲ့တယ်။

အခက်ခဲဆုံး ပြဿနာဟာ အဲဒီမှာ စတင်ခဲ့တော့တာပါပဲ။ လူနာဟာ ကျွန်မတစ်ယောက်တည်းဆိုရင် ကုသမှုဟာရှင်းပြီး ဘာကိုမှ မေးခွန်းထုတ်စရာမရှိပေမယ့် အခုတော့ ကျွန်မဗိုက်ထဲမှာ ကျွန်မနဲ့မောင်တို့ရဲ့ရင်သွေးကလေးက ရောက်လို့နေခဲ့ပြီလေ။ ကျွန်မရဲ့ကိုယ်ဝန်ဟာ အခု ၁၁ပတ်တိတိရှိခဲ့ပြီ။ သုံးလနီးပါးပေါ့။ သဘောက ကျွန်မခံယူရမယ့် ဓာတ်ရောင်ခြည်၊ ကျွန်မသောက်မယ့်ဆေး၊ ဒီကုသမှုတွေအားလုံးဟာ ကျွန်မရဲ့ဝမ်းကြာတိုက်ထဲက ရင်သွေးကလေးဆီကို သေချာပေါက် ရောက်သွားတော့မှာ။ ဒီနုနယ်ငယ်ရွယ်လှသေးတဲ့ ရင်သွေးလေးကိုပါ ထည့်ပြီးစဉ်းစားမယ်ဆိုရင်တော့ ပြဿနာဟာ ခက်ခဲရှုပ်ထွေးလာခဲ့ပြီပေါ့။



အခက်ခဲဆုံးအပိုင်းကို ရောက်လာခဲ့ပြီ မောင်ရေ။ အဲဒါကတော့ ကျွန်မအခုဆက်လက်ပြီး ခံယူရမယ့်ကုသမှုကို ကျွန်မက ကိုယ်တိုင်ရွေးချယ်ရမယ်ဆိုတဲ့ကိစ္စပါပဲ။ အဲဒီ ခေတ်သစ်ဆေးပညာကို "Informed Choice" လို့ခေါ်သတဲ့။ ဘယ်လိုများ ရွေးချယ်ရမလဲမောင်။ ကျွန်မတော့ ရူးရပါတော့မယ်။ အခုအချိန်မှာ မောင့်ကိုတမ်းတမှုက သိပ်ကိုပြင်းထန်တယ်မောင်။ မောင်သာရှိခဲ့ရင် ကျွန်မဘာကိုရွေးချယ်ရမယ်ဆိုတာ မောင်က ဆုံးဖြတ်ပေးမှာလေ။ မောင်က ဆရာဝန်ကြီးမဟုတ်လား။ အခုတော့ ကျွန်မဘာကို ရွေးချယ်ရမလဲမောင်ရယ်။ ဆရာဝန်ကြီးတွေရှင်းပြခဲ့တဲ့ ကုထုံး "၃" ခုထဲက တစ်ခုကို ရွေးချယ်ရမှာ။

နံပါတ်(၁)ကုထုံးက လူနာနံပါတ်(၁)ဖြစ်တဲ့ ကျွန်မရဲ့အသက်ကို ဦးစားပေးဖို့ပါပဲ။ ကျွန်မရဲ့သက်တမ်းကို ရှည်စေချင်ရင် ဓာတ်ရောင်ခြည်နဲ့ပြု၊ ကင်ဆာဆေးတွေပေးဖို့ အမြန်ဆုံးစီစဉ်ရမယ်။ ဒီလိုလုပ်ဖို့ ကျွန်မရဲ့ဝမ်းကြာတိုက်ထဲက ရင်သွေးလေးကို အရင်ဆုံးရှင်းထုတ်ပစ်ရမယ်။ ရှင်းရှင်းပြောရမယ်ဆိုရင်တော့ ကလေးလေးကို ဖျက်ချပစ်ဖို့ သတ်ပစ်ဖို့ပါပဲ။ ကုသမှုကို အမြန်ဆုံးနဲ့အထိရောက်ဆုံးလုပ်မယ်ဆိုရင် ကျွန်မရဲ့ရောဂါ မပျံ့နှံ့ဖို့၊ ပျောက်ကင်းဖို့ အခွင့်အရေးပိုရှိလာမယ်။ ဆက်ပြီးအသက်ရှင်နေနိုင်ဖို့ အခွင့်အလမ်း ပိုများတယ်ပေါ့။

နံပါတ်(၂)ကုထုံးကတော့ လူနာနံပါတ်(၂)ဖြစ်တဲ့ ကျွန်မရဲ့ဗိုက်ထဲက ရင်သွေးကလေးရဲ့အသက်ကို ဦးစားပေးဖို့ပါပဲ။ ဒီကလေးလေးကို ဘာဆိုဘာမှ မထိခိုက်စေဘဲ အသက်ရှင်နိုင်လောက်တဲ့ အချိန်အထိ စိတ်ရှည်လက်ရှည်စောင့် (အနည်းဆုံး ၅လလောက်)ပြီးရင် ခွဲစိတ်ပြီးတော့ ကလေးကိုမွေး။ ဒီကြားထဲမှာ ဘာဓာတ်ရောင်ခြည်မှလည်း မပြုနဲ့၊ ဘာဆေးမှလည်း မပေးနဲ့၊ ခွဲမွေးပြီးတော့မှ ကျွန်မကိုပေးဖို့ လိုအပ်တဲ့ ဓာတ်ရောင်ခြည်တွေ၊ ကင်ဆာဆေးတွေပေးဖို့ပဲ။ အဲဒီနည်းကတော့ မိမိရင်သွေးကလေးရဲ့အသက်ကိုဦးစားပေးပြီး မိမိရဲ့အသက်နဲ့ လောင်းကြေးထပ် အလဲအလှယ်လုပ်တဲ့နည်းပါပဲ။ ဘာကုသမှုမှမရဘဲ စောင့်နေတဲ့ ၅လအတွင်းမှာ ကင်ဆာဆဲလ်တွေက တစ်ကိုယ်လုံး ဘယ်လောက်ပျံ့နှံ့သွားနိုင်မယ်ဆိုတာတော့ ကမ္ဘာသကာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၃)ကုထုံးကတော့ လူနာနှစ်ယောက်လုံးကို ဘယ်သူ့ကိုမှပိုပြီး ဦးစားမပေးဘူး။ တန်းတူပဲထားပြီး ကုသတဲ့နည်းပါပဲ။ ကလေးကိုဖျက်မချပစ်ဘူး။ ကုသမှုတွေကိုပေးတဲ့အခါမှာ ကလေးကိုတတ်နိုင်သလောက် ထိခိုက်မှုမရှိရလေအောင် သေချာထိန်းထိန်းသိမ်းသိမ်းနဲ့ အကာအကွယ်လုပ်ပြီးပေးတဲ့နည်း။(တကယ်တမ်း ဒီကုသမှုတွေကြောင့် ကလေးမှာ ဘာတွေဖြစ်လာမယ်၊ ဘယ်လိုတွေထိခိုက်မယ် ဆိုတာကတော့ ကမ္ဘာ့သဘာလို့ပဲ သဘောထား)သူ့ကုသိုလ်နဲ့ ကိုယ့်ကုသိုလ်ကံကြမ္မာကို အဆုံးအဖြတ်ပေးခိုင်းမယ်။ ကိုယ်ကတော့ လုပ်စရာရှိတာဆက်လုပ်ဆိုတဲ့ကုထုံး။

ကိုင်း မောင်ရေ . . . ကျွန်မ ဘာလုပ်ရမလဲကွယ်။ ဒီည အမှောင်ကွယ်ပျောက်လို့ နံနက်မိုးသောက် အလင်းရောက်ချိန်ကျရင် ဆရာဝန်ကြီးကို ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ပြောပြရတော့မှာ။ ကျွန်မ စဉ်းစားလိုက်တိုင်း ခေါင်းထဲရောက်လာတာကတော့ မောင့်ရဲ့ကိုယ်ပွား ကျွန်မရဲ့ဝမ်းဗိုက်ထဲက ရင်သွေးကလေးပေါ့။ ဟောဒီလောကကြီးထဲ ချောချောမောမောနဲ့ ဘေးမသီရန်မခ ရောက်လာစေချင်တယ်။ ကျွန်မရဲ့သက်တမ်းကို ရှည်ချင်တာနဲ့ ဘာဆိုဘာမှ အပြစ်မရှိရှာတဲ့ မောင့်ရဲ့ရင်သွေးကလေးကို သတ်ပစ်ရမယ်ဆိုရင်တော့ ကျွန်မလောက်ရက်စက်တဲ့သူရှိပါဦးမလား မောင်ရယ်။ မောင်လည်း ကျွန်မကြောင့်သေရ၊ မောင့်ရဲ့ရင်သွေးကလေးလည်း ကျွန်မကြောင့်ပဲသေရမယ်ဆိုရင် ကျွန်မဘယ်လိုစိတ်ထားနှလုံးသားနဲ့များ ဆက်ပြီးအသက်ရှင်နိုင်မှာတဲ့လဲ မောင်ရယ်။ အဲသလိုကြီး မရက်စက်ပါရစေနဲ့။

ဒါပေမဲ့ ကျွန်မစဉ်းစားမိတာ တစ်ခုရှိသေးရဲ့မောင်။ ကျွန်မရဲ့ခန္ဓာကိုယ်ထဲမှာ သေမင်းဆိုတဲ့ ကင်ဆာရောဂါဆိုးကြီး ဝင်ရောက်နေပြီ။ အခုနေနဲ့အမြန်ဆိုသလိုပဲ ကုသမှုခံယူသည်ဖြစ်စေ မခံယူသည်ဖြစ်စေ သေရတော့မှာ ရာနှုန်းပြည့်သေချာတယ်၊ ကျွန်မတို့ရဲ့ရင်သွေးကလေးကို ကျွန်မ ရှောရှောရှူရှူ မွေးပေးနိုင်ခဲ့တယ်ပဲ ထားပါတော့၊ မကြာခင်မှာ ကျွန်မပါ သေဆုံးသွားရတော့မယ်ဆိုရင်ဖြင့် မောင်လည်းမရှိ ကျွန်မကလည်းမရှိ အမိရောအဖရောမဲ့တဲ့ ရေနည်းငါးလေးပမာ



လောကအလယ်မှာ မျက်စိသူငယ်နားသူငယ်နဲ့ ကျန်ရစ်ခဲ့ရတော့မယ် မဟုတ်ပါလား။ ကျွန်မတို့ရဲ့ရင်သွေးလေးကို ဟောဒီ ပရိယာယ်မာယာ ကြွယ်ဝလှတဲ့လောကကြီးထဲ တစ်ယောက်တည်း မထားခဲ့ရက်ပါဘူး။ အဲသည်လိုဖြစ်မယ့်အစား ဒီလောကကြီးထဲကို နဂိုကတည်းက ရောက်မလာတာမှ ပိုမကောင်းပေဘူးလားလို့လည်း တွေးနေမိပြန်တယ်။

ရင်သွေးလေး အထဲမှာရှိမှန်း သိသိကြီးနဲ့တော့ ဓာတ်ရောင်ခြည်တွေ၊ ကင်ဆာဆေးတွေ ယူရမယ်ဆိုတာ ကျွန်မစဉ်းစားဖို့ မဝံ့ရဲပါဘူး။ ပေးလိုက်မိကာမှ မတော်တဆများ ကျွန်မတို့ရဲ့ရင်သွေးကလေး တစ်စုံတစ်ရာ ထိခိုက်မိသွားပြီး ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ . . . ကံဆိုးလွန်းတဲ့ ဒုက္ခိတလေးအဖြစ် မွေးဖွားလာခဲ့ရင် ကျွန်မဘယ်လိုများ ဖြေဆည်လို့ရနိုင်ပါ့မလဲ မောင်ရယ်။

မောင်ရေ . . . ကျွန်မလေ အခု အိပ်ရာထဲ လူးလိမ့်နေမိရဲ့၊ ဟော ဟိုးဝေးဝေးက နာရီသံချောင်းခေါက်သံ သုံးချက်တိတိ ကြားလိုက်ရတယ်။ မောင့်ကို တမ်းတမ်းတတ လွမ်းလိုက်တာ . . . ကျွန်မဆီလာခဲ့ပါဦး။ ကျွန်မဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာ ပြောပါဦးမောင်ရယ်။ ဘာလိုလိုနဲ့ ကျွန်မမျက်ခွံတွေ လေးလံလာပြီ၊ အိပ်ချင်လာပြီလား မသိပါဘူးနော်။ ဟော ကျွန်မအိပ်ပျော်သွားပြီ ထင်ပါရဲ့၊ အိပ်မက်ကမ္ဘာထဲ ကျွန်မရောက်သွားပြီ။ ဟိုးရှေ့နားမှာ လူတစ်ယောက် ရပ်နေသလားလို့ . . . အဲဒါ မောင်များဖြစ်နေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျွန်မ အမြန်ဆုံးပြေးသွားမိတယ်။ သူနဲ့တဖြည်းဖြည်း နီးလာပြီ။ ဟုတ်တယ် . . . အကျႌဖြူဖြူကလေးနဲ့ ကချင်လုံချည်ကလေးနဲ့ မောင်မှမောင်အစစ်။ ကျွန်မကိုသူက လက်ထဲကပစ္စည်းဖြူဖြူကလေးတစ်ခုကို လှမ်းပေးနေပါလား။ သေချာလည်းမြင်လိုက်ရော ကျွန်မလေ . . . ရင်ထဲမှာ ကျဉ်ခနဲနာနေအောင် နာကျင်ခံစားလိုက်မိတယ်။

မောင်ကမ်းပေးနေတဲ့ပစ္စည်းဖြူဖြူကလေးက ဟိုးရေကန်ထဲမှာ ကျွန်မတို့တွေ့ခဲ့ရတဲ့ ကြာပန်းဖြူဖြူကလေးရယ်လေ . . .

www.burmeseclassic.com

www.burmeseclassic.com



ငါသည်လည်း မကြာမီ သေရဦးမည်။

ငါ့အိမ် ငါ့နေရာ ငါ့စည်းစိမ်

ငါ့ရာထူး ငါ့သား ငါ့မယား . . .

အားလုံးကို ငါထားရစ်ခဲ့ရမည်။

ငါနှင့်အတူ ဘာတွေ သယ်ဆောင်သွားမည်နည်း။

ငါ၏ပန်းတိုင်ကရော . . . အဘယ်မှာနည်း။

သံသရာခရီး . . . ဘယ်လောက်ဝေးသေးသနည်း။



# ၈

# ဆရာဝန်တစ်ဦး၏ ရင်ခွင်ဂူအတွင်းမှ သံဝေဂမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com






## ဆရာဝန်တစ်ဦး၏
## ရင်ခွဲရုံအတွင်းမှ သံဝေဂမှတ်တမ်း

ကျောက်စားပွဲပေါ်တွင် အလောင်းကောင်ကြီးသည် ပက်လက် . . . ပြူးကျယ်နေသော မျက်လုံးအစုံက ရင်ခွဲရုံမျက်နှာကြက်ကို စူးစိုက်ကြည့်နေသယောင်။ ဆံပင်တို့က ဖိုးရိုးဖားရား ရင်ခွဲရုံထဲမှ ပုပ်အဲ့အဲ့အနံ့ကလည်း အော်ဂလီဆန်စရာ။ သည်နေ့ သကြံန်အကြတ်နေ့ . . . အပြင်ဘက်လမ်းမပေါ်မှ ဖြတ်သွားသောကားများပေါ်က သကြံန်တေးသံများသည် ရင်ခွဲရုံထဲသို့ပင် ခုန်ပေါက်ဝင်ရောက်လာလေသည်။

ညတုန်းကတော့ သူသည် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး . . . ယခုတော့ သူ့ဗိုက်က ပြားချပ်နေ၏။ ဗိုက်တွင် ကန့်လန့်ဖြတ်ခွဲစိတ်ထားသော ဒဏ်ရာကိုမြင်ရ၏။ သူ့ဗိုက်ထဲမှရင်သွေးငယ်က လောကကြီးထဲအရောက် သူကတော့ လောကကြီးထဲမှ ပျောက်ကွယ်သွားခဲ့ပြီ။ သည်ရင်ခွဲရုံတွင် ကျွန်တော် ရောက်ရှိနေသည်မှာ တစ်နာရီကျော်ပြီ။ အိပ်ရေးပျက်ထားသောကြောင့် မျက်လုံးတွေက ရီဝေဝေ။ ခေါင်းကလည်း မခံမရပ်နိုင်အောင် ကိုက်ခဲနေပါ၏။ သို့သော် ကျွန်တော်အနားမယူနိုင်သေးပါ။

ကျွန်တော်တို့ညကတစ်ညလုံး သေမင်းနှင့် သူနိုင်ငါနိုင် အပြိုင်လွန်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသောလူနာသည် ယခုအခါ ရင်ခွဲရုံကျောက်သလင်းထက်တွင် မလှုပ်မယှက် လဲလျောင်းနေချေပြီ။ ဤပွဲတွင် ကျွန်တော်တို့ကရှုံး၍ သေမင်းကအပြတ်အသတ် အနိုင်ယူသွားခဲ့ပါ၏။ ကျွန်တော်တို့အစွမ်းကုန် ကြိုးစားကုသခဲ့သည့်ကြားမှ အရှုံး ပေးလိုက်ရသည်ကို မကျေနပ်နိုင်။ လူနာသည် မည်သည့်အကြောင်းကြောင့်များ သေဆုံးသွားခဲ့ရပါသနည်းဟူသော ပုစ္ဆာ၏အဖြေကို သိလိုဇောဖြင့် ယခုပြုလုပ်နေ သည့် ရင်ခွဲစစ်ဆေးချက်အဖြေကို စိတ်ရှည်လက်ရှည် စောင့်နေမိလေသည်။

ကျောက်သလင်းပေါ်မှ လူနာကို(ယခုတော့ လူသေဖြစ်သွားပြီ)စူးစိုက် ကြည့်နေရင်းမှ ညတုန်းကအဖြစ်အပျက်များသည် ကျွန်တော့်အတွေးအိမ်တွင် ရုပ်ရှင်ပြသသလို အစီအရီ ပေါ်လာလေ၏။ ညဦးပိုင်းက ကျွန်တော်တို့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ဤလူနာသည် ပြင်းထန်ဆိုးဝါးလှသော ကိုယ်ဝန်အဆိပ်တက် သောရောဂါ "Eclamptic Fits" ဖြင့် သနားစဖွယ် သတိလစ်မေ့မြော၍ ရောက် ရှိလာခဲ့၏။ နွမ်းပါးသော လက်လုပ်လက်စား ဖြစ်ပုံရသော ကိုယ်ဝန်ဆောင်မိခင် သည် ဤကိုယ်ဝန်ကို မည်သည့်ကျန်းမာရေးဌာနတွင်မှ ဂရုတစိုက် အပ်နှံထားပုံ မရချေ။ ကံကောင်းထောက်မ၍ သူ့ဗိုက်ထဲက နွေစေ့လစေ့ ရင်သွေးငယ်ကတော့ ရှန်းကန်လှုပ်ရှားနေဆဲ။

"ညနေတုန်းကတော့ သူ ခေါင်းအရမ်းကိုက်ပြီး အန်ချင်တယ်။ မျက်စိ လည်း ကောင်းကောင်းမမြင်ရသလိုပဲလို့ ပြောနေပါသေးတယ်။ ကျွန်တော်တို့က လည်း အရေးမကြီးခဲ့ဘူးလို့ပဲထင်ပြီး ဒီအတိုင်းပဲနေမိတာ။ နောက်တစ်နာရီကြာ တော့ ဖြန်းခနဲလဲကျပြီး တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးပြီး သတိလစ်သွား တော့မှ ကားငှားပြီးဆေးရုံကို အပြေးအလွှားနဲ့ လာခဲ့ရတာ" ဟု ပြောပြနေသော သူ့မ၏ခင်ပွန်းကို ကျွန်တော် မြင်ယောင်နေမိပါ၏။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦး ရုတ်တရက် ခေါင်းအပြင်းအထန်ကိုက်သည်၊ အန်သည်၊ အမြင်ဝေဝါးသည်၊ ရင် ခေါင်းမှအောင့်သည် စသည်တို့သည် ကိုယ်ဝန်ဆိပ်တက်ရောဂါဖြင့် တက်ချက် သတိလစ်မသွားမီ သတိပေးသည့် အရေးကြီးလက္ခဏာများ ဖြစ်ကြပါပေသည်။ သည်လိုခံစားရပြီဆိုလျှင် အနီးဆုံးဆေးရုံဆေးခန်းသို့ အမြန်ဆုံးပြသ၍ အချိန်မီ



ဆေးကုသခံယူရမည်ကို မသိရှာကြသူများအား ကရုဏာဒေါသ ဖြစ်မိပါ၏။ မရှိ တာထက် မသိတာကခက်သည်ဟူသော ဆိုရိုးလည်းရှိသည် မဟုတ်ပါလား။

ညက သူမ ရောက်ရှိလာသည်နှင့် ကျွန်တော်တို့ ဆရာဝန်ဆရာမအား လုံး အပြေးအလွှားနှင့် အလုပ်များကြတော့၏။ တက်နေသောသွေးတိုးကို အမြန် ထိန်းချုပ်၊ နောက်တစ်ခါထပ်ပြီး မတက်ချက်သွားရအောင် လိုအပ်သောဆေးဝါး များကို အကြောမှသွင်း H.D.U "High Dependency Unit" အထူးကြပ်မတ် ကုသဆောင်တွင် တာဝန်ကျသော ဆရာဝန်ဆရာမများက အနီးကပ်ပြုစုကုသ၍ အခြေအနေကို တည်ငြိမ်မှုရအောင် ရှေးဦးစွာ ကြိုးစားကြရလေသည်။ အစပိုင်း တွင်တော့ ကံတရားသည် ကျွန်တော်တို့ဘက်က အလေးသာသည်။ သူ၏သွေး တိုးကို ထိန်းချုပ်နိုင်၏။ နောက်တစ်ခါလည်းထပ်၍ မတက်ချက်သွားတော့ပေ။

ဤသို့သော ကြောက်မက်ဖွယ်ကောင်းလှသည့် ကိုယ်ဝန်အဆိပ်တက် ရောဂါမျိုး "Pre-eclampsia" သည် ကျွန်တော်တို့နိုင်ငံမှ မိခင်ပေါင်းများစွာ၏ ဇီဝိန်ကို နှစ်စဉ် ရက်ရက်စက်စက် ခြွေချနေ၏။ ဘာအကြောင်းကြောင့်မှန်းလည်း မသိဘဲ ကိုယ်ဝန်ဆောင်မိခင်များကိုသာ ရွေး၍ဖြစ်စေသော ဒီလိုရောဂါမျိုးသည် သွေးပေါင်ချိန်တိုင်းကြည့်၍ သွေးဖိအားတိုးနေခြင်း(အပေါ်သွေး ၁၄၀/အောက် သွေး၉၀အထက်) "Hypertension" ဆီးချက်ကြည့်၍ ဆီးထဲတွင် "protein" ဓာတ်များပါလာခြင်း "Proteinuria" တို့ဖြင့်သာ သိနိုင်ပါ၏။ စောစောစီးစီးသိ၍ ထိထိရောက်ရောက် ကုသပေးနိုင်မှ မိခင်များ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင် မည်။ ဒါကြောင့်လည်း ကိုယ်ဝန်ဆောင်မိခင်တိုင်းသည် ကျန်းမာရေးဌာနများတွင် မိမိကိုယ်ဝန်ကို စောစီးစွာ စနစ်တကျအပ်နှံ၍ အချိန်မှန်ပြသဖို့ သွေးပေါင်ချိန်မှန် မှန်တိုင်းဖို့ လွန်စွာအရေးကြီးလှပေသည်။

ကိုယ်ဝန်ကို မည်သည့်နေရာတွင်မှ အပ်နှံမထားဘဲ ယခုကဲ့သို့ မရှုနိုင် မကယ်နိုင် သေကောင်ပေါင်းလဲဖြစ်မှ ဆေးရုံသို့အပြေးအလွှား ရောက်ရှိတော်မူ လာကြသည့် ပေါ့ဆလှသော လူနာများကိုကြုံရတိုင်း ကျွန်တော်တို့ ကရုဏာဒေါ သရင်ထုမနာ ဖြစ်ရ၏။ ကိုယ်ဝန်ဆိပ်တက်သောရောဂါသည် ကြောက်မက်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှပါ၏။ သွေးတိုးနေသည်ကို မသိလိုက်ဘဲ ဆေးမကုဘဲထားပါက သွေးဖိအားသည် တိုးသည်ထက်တိုးလာကာ ၎င်းမြင့်မားလှသော သွေးဖိအား၏ဒဏ်ကို မခံနိုင်သော ဦးနှောက်ထဲမှပါးလွှာသော သွေးကြောနံရံလေးများ ပေါက်ကွဲ၍ ဦးနှောက်တွင်းသွေးယိုပြီး "cerebral Haemorrhage" မရှုမလှ သေဆုံးနိုင်၏။ မျက်လုံးရှိ သွေးကြောကလေးများ ပေါက်ထွက်ပြီး "Retinal Haemorrhage" မျက်စိကန်းနိုင်၏။ အဆုတ်၊ နှလုံး၊ ကျောက်ကပ်၊ အသည်းများ၌ ဒဏ်ရာဒဏ်ချက်များရ၍ သေဆုံးနိုင်၏။ ထို့ပြင် ကလေးဆီသို့သွားသော အချင်းမှသွေးကြောများကျဉ်းသွား၍ ရင်သွေးဆီသို့ အာဟာရများ ကောင်းစွာမရောက်တော့ဘဲ ရင်သွေးငယ်ကြီးလိုသေးငယ် ပေါင်မပြည့်ခြင်း၊ အာဟာရပြတ်၍ အမိဝမ်းတွင်းမှာပင် သေဆုံးခြင်းတို့ ဖြစ်စေနိုင်၏။

ကျွန်တော်တို့ သားဖွားမီးယပ် အထူးကုဆရာဝန်များတွင် ပြုစုစောင့်ရှောက်ရမည့်လူနာသည် တစ်ပြိုင်နက်တည်းမှာပင် တစ်ဦးထက်ပိုနေပါ၏။ မိခင်သည်လည်းလူနာ ဗိုက်ထဲက ကလေးငယ်သည်လည်း လူနာပင်မဟုတ်ပါလား။ (တစ်ခါတစ်ရံ အလွန်တရာ သိမ်မွေ့စွာရှုပ်ထွေးသော အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ခက်ခက်ခဲခဲချကြရ၏။ ကလေး၏အသက်ကိုငဲ့လျှင် မိခင်၏အသက်ကို ပေးလိုက်ရမည့် ပြဿနာမျိုးရှိသလို မိခင်၏အသက်ကို ထောက်ထားသောအားဖြင့် နေ့မစေ့သော ကလေးပေါက်စကလေးများကို မလွှဲမရှောင်သာ မွေးဖွားပေးရသည့် အခါများလည်း ရှိတတ်ပါ၏။)

အရေးပေါ်ခွဲစိတ်မွေးဖွားခြင်းသည် ချောချောမောမော အောင်အောင်မြင်မြင်နှင့် ပြီးဆုံးသွားလေ၏။ အရွဲပဲ့ဟူသော ကလေးငယ်၏ငိုသံသည် ခွဲခန်းထဲရောက် ဆရာဝန်ဆရာမအားလုံးနှင့် လူနာမိသားစု၏စိတ်နှလုံးကို ရွှင်ပြုံးစေလေသည်။ ခွဲစိတ်မှုအပြီး H.D.U(အထူးကြပ်မတ်ကုသဆောင်)ထဲသို့ပြန်ပို့၍ ဂရုတစိုက်နှင့် စောင့်ကြည့်ကုသပေး၏။ အရာအားလုံးသည် အဆင်ပြေသွားပြီဟုထင်မှတ်ပြီးကာမှ ည၂နာရီခွဲခန့်တွင် လူနာရုတ်တရက် အသက်ရှူရပ်သွားသည်ဟူသောသတင်းဆိုးက အားလုံးကို လှုပ်နှိုးလိုက်လေ၏။ ကျွန်တော်တို့အားလုံး အ



ပြေးအလွှားနှင့် အလုပ်များကြပြန်၏။ အခုန်ရပ်သွားသောနှလုံးကိုပြန်ခုန်အောင်ကြိုးစားကြသော်လည်း အမောသာအဖတ်တင်၏။ ရပ်သွားသောနှလုံးသည်ပြန်မခုန်လာတော့ပေ။ ကျွန်တော်တို့မှာလည်း သူ့မိသားစုဝင်များနှင့်အတူ ဝမ်းနည်းကြေကွဲကြရ၏။

ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ခဲ့သည့်ကြားမှ လူနာဆုံးပါးသွားခဲ့ရသည်မှာ အဘယ်ကြောင့်နည်း။ သိလိုလှပါ၏။ မကြာမီ သည်အဖြေကိုသိရတော့မည်။ လူနာ၏ခန္ဓာကိုယ်အတွင်းမှ ပထမဆုံး အဆုတ်၊ အသည်း၊ နှလုံး၊ ကျောက်ကပ်များကို ခွဲစိတ်၍ စေ့စေ့စပ်စပ် ကြည့်ရှုရပါ၏။ ပြစ်ချက်က သေချာမတွေ့ရသေးပေ။ နောက်ဆုံးအဆင့်အနေဖြင့် ဦးခေါင်းခွံကိုခွဲဖြတ်၍ ဦးနှောက်ကိုကြည့်ရတော့မည်။ လွှဖြတ်သံတဂျီဂျီသည် နားထဲတွင်အူနေ၏။

ကျွန်တော်သည် တဂျီဂျီနှင့်မြည်နေသော လွှသွားက သူ့ဦးခေါင်းခွံကိုတိုက်ဖြတ်နေသည်ကို ငေးကြည့်နေမိ၏။ မကြာမီ ဤဦးခေါင်းခွံထဲမှ ကျွန်တော်တို့ကြည့်ချင်သော ဦးနှောက်ကိုမြင်ရတော့သည်။ လူသားတစ်ဦးသည် သူ၏ချစ်ခင်သောမိသားစုကို ရုတ်တရက် မထင်မှတ်ဘဲခွဲခွာကာ တမလွန်ခရီးသို့ ထွက်ခွာသွားခဲ့ပြီ။ မနေ့တုန်းက လှုပ်ရှားပြောဆို၍ လောကဖာတ်ခုံပေါ်တွင် ကပြနေခဲ့သူသည် ယခုတော့လည်း ကျောက်သလင်းပေါ်တွင် အခန့်သားလဲလျောင်းနေပြီ။ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေရှာသော သူ့အိမ်သားကိုမြင်ယောင်၏။ မျက်ရည်စက်လက်နှင့်တွေ့ခဲ့ရသော သူ၏သမီးကလည်း သနားစဖွယ်၊ ညက သူ့ဗိုက်ထဲမှ ခွဲစိတ်မွေးဖွားခဲ့သော သားငယ်လေးသည်လည်း ယခုလောက်ဆို နို့ဆာ၍ငိုနေပေရော့မည်။

ကျွန်တော်သည် အတွေးနယ်ထဲ နစ်မြောနေမိ၏။ မကြာမီ ကျောက်သလင်းထက်မှ လဲလျောင်းနေသော ကိုယ်ခန္ဓာသည် မြေကြီးထဲရောက်သွားတော့မည်။ သို့မဟုတ် မီးသင်္ဂြိုဟ်မည် ဆိုပါလျှင်လည်း ပြာမှုန့်ကလေးများဖြစ်သွားပေတော့မည်။ ချစ်ခင်သူတို့ကို ထားရစ်ခဲ့၍ ဘဝတစ်ပါးသို့ ပြောင်းသွားသူသည် မည်သည့်ဘဝသို့ မည်သည့်အရာများကို သူနှင့်အတူတစ်ပါတည်း သယ်ဆောင်သွား

www.burmeseclassic.com

www.burmeseclassic.com



မည်နည်း။

မွေးဖွားခြင်းမှသည် သေဆုံးခြင်းဆီသို့ သွားရသောခရီးသည် ဘဝမည်၏။ ဘဝဇာတ်ခုံပေါ်တွင် အမျိုးမျိုးအဖုံဖုံကစုန်၍ ကျရာအခန်းမှ ပါဝင်ကပြခဲ့ကြ၏။ အလှည့်ကျမန္တြကြစတမ်း။ သို့သော် အချိန်တန်၍ ဇာတ်ခုံပေါ်မှ ကန့်လန့်ကာကျလာပြီဆိုလျှင်တော့ မိမိ၏အခန်းကဏ္ဍ ပြီးဆုံးပြီပေါ့။ သွားလေဦးတော့ ခရီးသွားဧည့်သည်ရေ။

ငါ့အိမ် ငါ့ယာ ငါ့နေရာ ငါ့ရာထူး ငါ့စည်းစိမ်ဥစ္စာ ငါ့လင် ငါ့သား ငါ့မယား ဒါတွေအားလုံးကိုထားရစ်၍ လက်ချည်းသက်သက် ခရီးဆက်ရပြီ ဘယ်ကိုနည်း။ သွားကြားထိုးတံလေး တစ်ချောင်းလောက်ကိုများ သူ သယ်ဆောင်သွားနိုင်ပါသလား၊ တကယ်တမ်း သူသယ်ဆောင်သွားနိုင်သည်ကတော့ သူပြုခဲ့သမျှ ကောင်းမှုမကောင်းမှုတွေချည်းသာပင်။ သယ်ဆောင်သွားသော ကောင်းမှုမကောင်းမှုတို့ပေါ်မူတည်၍ လူ့ဘဝ နတ်ဘဝ တိရစ္ဆာန်ဘဝ ပြိတ္တာဘဝ ငရဲဘဝ စသည်စသည် လှသူ မလှသူ ဆင်းရဲသူ ချမ်းသာသူ ဂုဏ်မြင့်သူ ဂုဏ်နိမ့်သူ အမျိုးမျိုးအဖုံဖုံဖြင့် ကွဲပြားခြားနားကြရခြင်း ဖြစ်ပေမည်။

ငါသည်လည်း တစ်နေ့တွင်သေရမည်မှာ မြေကြီးလက်ခတ်မလွဲ။ မည်သည့်နေ့မှာ မည်သို့မည်ပုံ သေရမည်ကိုမသိ။ ငါအသေကောင်းပုပ်က မြေကြီးထဲရောက်၍ ငါဆိုသော ငါကရော ဘယ်ကိုဆက်ရဦးမည်နည်း။ သံသရာခရီးသွား ငါသွားမည့်ခရီးလမ်းသည် ဆုံးရောဆုံးပါဦးမည်လား။

ဟိုးလွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်က ဤကမ္ဘာပေါ်တွင် သိဒ္ဓတ္ထဟု အမည်ရှိသော မဟာလူသားတစ်ဦးသည် ယခု ငါမြင်နေသော သူသေ သူနာ သူအို ရဟန်းတို့ကိုမြင်၍ သံဝေဂကြီးစွာရရှိကာ ယင်း အို နာ သေ ဘေးဆိုးတို့မှကင်းလွတ်ရာ နိဗ္ဗာန်သို့သွားရာ မဂ္ဂင်လမ်းကို ညွှန်ပြဆုံးမထားရှိခဲ့လေ၏။

ငါသည်ရော အဘယ်သို့နည်း။ ဓားသွားပေါ်မှ ပျားရည်စက်ကလေးများကိုလျက်ရင်း ဘဝကိုပျော်ပိုက် မက်မောနေတုန်းလား၊ အို နာ သေ ဘေးတို့မှဝေးရာပြေးမည့် မဂ္ဂင်လမ်းပေါ် ရောက်ရှိနေပြီလား။ မိမိကိုယ်ကို မေးခွန်းများစွာ မေးမိ



နေလေ၏။

"ဆရာ ဆရာ ... ဒီမှာကြည့်စမ်းပါဦး" ဟူသော ကျယ်လောင်သည့်အသံက ကျွန်တော့်ကို အတွေးကမ္ဘာမှ လှုပ်နိုးလိုက်၏။ ကျွန်တော့်မျက်စိတွင် မြင်လိုက်ရသည်က ညိုမဲသောသွေးခဲတို့ဖြင့် ပျက်စီးနေသော ဘယ်ဘက်ဦးနှောက်တစ်ခြမ်း၊ အခြားတစ်ဖက်တွင်တော့ ဖြူဖွေးနေသော ပုံမှန်ဦးနှောက်တစ်ခြမ်း။

သည်လူနာ အဘယ်ကြောင့် သေဆုံးခဲ့ရသည်ဆိုသည့် "Cause of Death" သည် ဦးနှောက်သွေးကြောပေါက်၍ သွေးယိုခြင်း "Cerebral Haemorrhage" ဖြစ်ပါ၏။ သက်ပြင်းမရသည့် သေကိုသေမည့်ရောဂါပင်။ အကယ်၍သာ ဦးနှောက်သွေးယိုခြင်းကို မမြင်ခဲ့ရသော် ဤလူနာသေဆုံးရခြင်းကိစ္စတွင် ကျွန်တော်တို့ ဆေးကုသခြင်းအပိုင်းကို သေချာစွာစိစစ်ရတော့မည်။

သည် "case" ကို သည်လကုန်ပြုလုပ်မည့် လစဉ်ပုံမှန်အစည်းအဝေး "SCR Meeting"(Statistics, Critical Incidence Reporting)တွင် တင်သွင်းရမည်ဖြစ်ပါ၏။ သည်လူနာရောက်ရှိလာပုံ ဆေးကုသပုံအဆင့်ဆင့် အရေးပေါ်ခွဲစိတ်မွေးဖွားမှု ငိုကြွေးသောကလေးငယ် ခွဲစိတ်အပြီး ရုတ်တရက် သေဆုံးသွားသောမိခင်၊ သေဆုံးရသော အကြောင်းရင်းကို ရှာဖွေရသည်။ ရင်ခွဲစစ်ဆေးတွေ့ရှိချက် မှတ်တမ်းတို့အားလုံး အသေးစိတ်ကို ဆရာဝန်များအားလုံးရှေ့တွင် တင်ပြရမည်ဖြစ်ပါသည်။ ဤလူနာသည် အဘယ်ကြောင့်များ သေဆုံးသွားခဲ့ရပါသနည်း။ မိမိတို့ဆရာဝန်များ၏ မှားယွင်းဆုံးဖြတ်မှုကြောင့်လား၊ ပေါ့ဆမှုကြောင့်လား၊ အကြီးဆုံးပါမောက္ခ ဆရာဝန်ကြီးမှသည် အငယ်ဆုံးအလုပ်သင်ဆရာဝန်ကလေးများအထိ ဆရာဝန်အားလုံးတို့သည် စိတ်ဝင်စားဖွယ် လူနာအားလုံး၏ မှတ်တမ်းများကို ဝိုင်းဝန်းဆွေးနွေးပြီး အဖြေရှာကြမည်။ မိမိတို့၏ချို့ယွင်းချက် မှားယွင်းချက် အားနည်းချက်များကိုပြန်လည်သုံးသပ်၍ သင်ခန်းစာထုတ်ယူကြရမည်ဖြစ်ပါသည်။

ကျွန်တော်သည် ရင်ခွဲရုံမှ ပြန်လည်ရောက်ရှိသည်နှင့် အိပ်မပျော်နိုင်သေးဘဲ အနားလည်းမယူနိုင်သေးပါဘဲ မှတ်တမ်းနှစ်ခုကို ရေးဖြစ်လေ၏။ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



က ဆရာဝန်တစ်ဦး၏ "ပညာရပ်ဆိုင်ရာမှတ်တမ်း" (ရင်ခွဲတွေ့ရှိချက်မှတ်တမ်း) သည်မှတ်တမ်းကိုရေးရင်း မိမိ၏ကိုယ်ဝန်ကို မည်သည့် ကျန်းမာရေးဌာနတွင်မှ မအပ်နှံခဲ့သော ပေါ့ဆသည့်လူနာကို တစ်ဖန်ပြန်လည်၍ မြင်ယောင်မိပြန်သည်။ အသိပညာဆင်းရဲမှုလား၊ ငွေကြေးဆင်းရဲမှုလား . . . ငွေကြေးကြောင့်ဟု ပြောရအောင်ကလည်း အစိုးရကျန်းမာရေးဌာနများ၌ ငွေတစ်ပြားတစ်ချပ်မှ မပေးရဘဲ ကိုယ်ဝန်ကိုအပ်နှံနိုင်သည်မို့ သူ့အားသတ်လိုက်သည်မှာ အသိပညာဆင်းရဲခြင်းနှင့် ပေါ့ဆခြင်းတို့ဖြစ်မည်ဟု ထင်မြင်မိပါသည်။

စနစ်တကျနဲ့ ကိုယ်ဝန်ဆောင်အပ်နှံ၍ပြသခြင်း၏အရေးကြီးပုံ၊ ကိုယ်ဝန်အဆိပ်တက်ရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံတို့ကို ပြည်သူတစ်ရပ်လုံး နားလည်သဘောပေါက်အောင် ကြိုးစားရမည့် ကျန်းမာရေးပညာပေးခြင်း၏ အရေးကြီးပုံကိုလည်း ဆင်ခြင်မိလေသည်။

နောက်မှတ်တမ်းတစ်ခုကတော့ သံသရာခရီးသွား လူသားတစ်ဦး၏ ဤ "ဘဝသံဝေဂမှတ်တမ်း" ဖြစ်ပါ၏။ ဤမှတ်တမ်းကို ဤသို့နိဂုံးချုပ်လိုပါ၏။

ငါသည်လည်း မကြာမီ သေရဦးမည်၊
ငါ့အိမ် ငါ့နေရာ ငါ့စည်းစိမ်
ငါ့ရာထူး ငါ့သား ငါ့မယား . . .
အားလုံးကို ငါထားရစ်ခဲ့ရမည်၊
ငါနှင့်အတူ ဘာတွေ သယ်ဆောင်သွားမည်နည်း၊
ငါ၏ပန်းတိုင်ကရော . . . အဘယ်မှာနည်း၊
သံသရာခရီး . . . ဘယ်လောက်ဝေးသေးသနည်း၊

၉

# သေရာပါအောင် ရက်စက်တဲ့ ဓားတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com






# သေရာပါအောင် ရက်စက်တဲ့ ဓားတစ်ချက်

(၁)

ဘုရား…ဘုရား…မဲမဲမှောင်နေတာပဲ…

ဒုက္ခ…ဒုက္ခ…အရေးထဲကျမှ မီးကလည်း ပျက်သွားတယ်။

"သမ္ဗုဒ္ဓေ…အဌဝီသဉ္စ" ဟဲ့ ဟဲ့…အဲဒီနောက်ကဘာလဲ…မမှတ်မိတော့ဘူး။ ဒီနားလေးက လူကလည်း ပြတ်လိုက်တာ၊ ကိုယ့်ခြေသံကို အကျယ်ကြီးပြန်ကြားနေရတာဟာ စိတ်ချောက်ချားစရာ…မကြောက်ဘဲနေပါ့မလား။ ဒီဘေးနားမှာက ရင်ခွဲရုံရှိတယ်လေ။ ရင်ခွဲရုံဆိုတာ လူသေတွေထားတာ။ အခုလောလောဆယ်တောင် လူသေတစ်ယောက် ဟုတ်ပေါင်…တစ်လောင်းရှိနေသေးတယ် မဟုတ်လား။

မနေ့ညနေတုန်းက ဟိုးလေးတကျော်နဲ့ လူတွေအများကြီး လာကြည့်ကြတာလေ။ မိန်းကလေးအလောင်းတစ်လောင်း ဧရာဝတီမြစ်ထဲမှာ ပေါ်လာလို့ နောက်ဆုံးကျ ထုံးစံအတိုင်း ရင်ခွဲရုံထဲကို ရောက်လာသပေါ့။ အို…ထုံးစံအတိုင်း ကောလာဟလတွေလား ဘာတွေလားမသိ…လူတွေက မျိုးစုံသောဇာတ်လမ်းတွေ ထင်ရာမြင်ရာတွေ လျှောက်ပြောကြတယ်။ ဒီကောင်မလေးက ဆံပင်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ရှည်လေးနဲ့ တက္ကသိုလ်ဒုတိယနှစ်ကျောင်းသူ ချောချောလေးတဲ့။ သူ့ထူးခြားချက်ဟာ သူ့ရဲ့ဆံပင်ရှည်ကို ဘယ်တော့မှ စည်းနှောင်ထားတာမျိုးမလုပ်ဘဲ ဖားလျားလေးချထားတတ်သတဲ့။ သူ့ဆံပင်ရှည်တွေဟာ ညာဘက်မျက်နှာလေး တစ်ခြမ်းကို အမြဲဖုံးထားတဲ့ ပုံစံမျိုးတဲ့ . . . သူ့ပုံစံက အမိုက်စားလေးဆိုတော့ တက္ကသိုလ်ရဲ့ မောင်မယ်သစ်လွင်တွေထဲမှာ "Fresher Queen" အဖြစ်နဲ့တောင် အရွေးခံခဲ့ရသေးသတဲ့။

သူ့နောက်က တက္ကသိုလ်ကျောင်းသားတွေ ရစ်သီရစ်သီနဲ့ သူ့ရဲ့အချစ်ကို ရရှိဖို့ကြိုးစားခဲ့ကြတာ မျက်စိကိုနောက်နေရောတဲ့။ ဒီကောင်မလေးကလည်း သိပ်သိပ်ကိုမာနကြီး . . . ဘယ်သူ့ကိုမှ သိပ်ဂရုမစိုက်ဘူး။ လမ်းလျှောက်ရင်လည်း ဘယ်သူ့ကိုမှ ကြည့်လေ့မရှိဘူးဆိုပဲ။ ပထမတစ်နှစ်လုံးမှာ မူနိုင်တင်းနိုင်လွန်းတဲ့ မိန်းကလေး ဒုတိယနှစ်ထဲရောက်တော့ အင်မတိအင်မတန် ဖွဲ့ကောင်းတဲ့တောင်ပေါ်သားလေးတစ်ယောက်ကို ခေါင်းညိတ်အဖြေပေးလိုက်သတဲ့။ သူတို့ရဲ့ပထမဆုံးချိန်းတွေ့တဲ့နေ့ . . . ညနေပိုင်းမှာပဲ ကောင်လေးက ဘာဆိုဘာမှ မပြောမဆိုနဲ့ တက္ကသိုလ်နယ်မြေထဲက ပျောက်သွားသတဲ့။ ဘာဖြစ်လို့ ဒီကောင်လေးပျောက်သွားရတာလဲ။

သို့လောသို့လောနဲ့ ထင်ရာမြင်ရာတွေကို ပြောနေတုန်းမှာပဲ ဒီကောင်လေးပျောက်သွားပြီး ဒုတိယရက်မှာ ဧရာဝတီမြစ်ထဲ အလောင်းပေါ်လာတာတဲ့။ ဆံပင်ရှည်ဖားလျားနဲ့ ကောင်မလေးကလည်း အဆောင်မှာမရှိတော့ဘူး။ ဘယ်ရောက်သွားပါလိမ့် . . . ကောင်လေး ဘယ်ရောက်သွားလဲဆိုတာ ခုထိမသိရသေးပေမယ့် ကောင်မလေး ဘယ်ရောက်သွားလဲဆိုတာတော့ သူ သိနေတယ်။ အခု ဟောဒီ ရင်ခွဲရုံထဲမှာပေါ့။

ဒေါက်တာငြိမ်းချမ်းတစ်ယောက် "သမ္ဗုဒ္ဓေ" ဂါထာကို ခြေတစ်ပေါင်ကျိုးရွတ်ဆို၍ ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နဲ့ လမ်းလျှောက်နေပြီ။ သူကလည်းသူ တစ်ခါတစ်ရံ အရဲကိုးလွန်းသည်။ သူ့ကိုယ်သူ အင်မတိအင်မတန်သတ္တိရှိသော မည်သူ့ကိုမျှ ဒုက္ခမပေးချင်သော အားမကိုးသော၊ သူ့ကြောင့်



သူများအလုပ်ပိုမှာ မလိုလားသောစိတ်ဓာတ်တွေက ဒီတစ်ခေါက်မှာတော့ သူ့ကို ရေရေလည်လည်ကြီးကို ဒုက္ခပေးပြီ။ ညကြီးနက်နက်ကျမှ ဆေးရုံမှာ အရေးပေါ်လူနာရောက်သည်လေ။ အဲသည်တုန်းက သူ့ကို အလုပ်သင်ဆရာဝန်လေးတစ်ယောက် ဆိုင်ကယ်နှင့် လာခေါ်လေသည်။ လူနာက ဟိုဘက်ရွာလေးတစ်ရွာမှာ ကလေးမွေးရင်းမွေးရင်းနဲ့ မမွေးနိုင်၊ ဗိုက်ကိုဝိုင်းတွန်းကြရာမှ သားအိမ်ပေါက်ကွဲထွက်လာသော အရေးပေါ်လူနာ . . . ဒါကြောင့် သူကိုယ်တိုင် အမြန်ဆုံးဆေးရုံသို့ အပြေးသွားပြီး အရေးပေါ်ဗိုက်ခွဲ ပေါက်ကွဲသွားသော သားအိမ်ကြီးကို ခွဲစိတ်ဖယ်ရှားပစ်ခဲ့ရသည်။

ခွဲစိတ်မှုအပြီး ကြည့်လိုက်တော့ ညသန်းခေါင်ကျော်နေပြီ။ ခွဲစိတ်ပြီးချိန်မှာ "ward" ထဲ တစေ့တစောင်းလှမ်းကြည့်တော့ ညကြီးသန်းခေါင်မှာ ရှိရှိသမျှဆရာဝန်တွေအားလုံး ပျားပန်းခပ်မျှ အလုပ်ရှုပ်နေကြသည်။ မွေးလူနာတွေ သွေးသွန်ပြီးရောက်လာတဲ့လူနာတွေ တစ်ပြုံတစ်မကြီးနဲ့ သူတို့လေးတွေအားလုံး ရေရေလည်လည် အလုပ်ရှုပ်နေပြီမို့ အသည်းမာမာနှင့် တိတ်တိတ်ဆိတ်ဆိတ်လေး တစ်ယောက်တည်း အိမ်သို့ လမ်းလျှောက်ပြန်လာခြင်းပင်။

အဲသည်တုန်းက မနေ့ညနေတုန်းက ရောက်လာခဲ့သော ဧရာဝတီမြစ်ထဲက အလောင်းအကြောင်းလည်း သတိမရ၊ သူ့ကိုယ်သူ အင်မတန်သတ္တိရှိသူတစ်ဦးဟု ယူဆမိတာလည်းပါမှာပေါ့။ ခုတော့တစ်ယောက်တည်း လမ်းလျှောက်လာရင်း လမ်းမှာမီးတွေအားလုံး ပြတ်တောက်သွားသည်။ ကြည့်ရတာ တစ်မြို့လုံး ပြတ်တဲ့မီးနှင့် တူသည်။ ဖြစ်ချင်တော့ သူ့မှာ လက်နှိပ်ဓာတ်မီးကလည်း ပါမလာ။

ဟော . . . လေက ဝုန်းခနဲ တစ်ဝေါဝေါနှင့် တိုက်ခတ်လာပါ၏။ သူဖြတ်လျှောက်ရာလမ်းက ကုက္ကိုပင်ကြီးတွေအုပ်ဆိုင်းကာ နေ့ခင်းဆိုလျှင် နေပြောက်မှပင်မထိုးအောင် စိမ်းစိုအုပ်မှိုင်းနေသည့်လမ်း . . . ထိုစဉ်မှာပင် သူ့နောက်က တစ်ရှပ်ရှပ်နှင့် ခြေသံလိုလို ကြားရသည်ထင်သည်။

ဘုရား . . . ဘုရား အရှေ့ဘက်သွား ငြိမ်းချမ်းရေ၊ နောက်ကို လုံးဝလှည့်မကြည့်နဲ့ . . . အရေးထဲကျမှ သူ၏ကျောပြင်ကို ရေခဲရေနှင့် ရုတ်တရက် ဖြန်းပက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို ဖြန်းခနဲအေးစက်သွား၏။ ကျောချမ်းသည် ဆိုသည့်စကားဟာ ဒါကို ဆိုလိုတာဖြစ်လိမ့်မည်။ လေတစ်ချက်ဝေ့သည်၊ မိုးငွေ့မှုံ့ရိပ်တွေ လေထဲမှာပါပုံရ၏။ ထိုစဉ်မှာပင် လျှပ်စီးတစ်ချက် ပြက်သည်။ ညအမှောင်မှာ မည်းနေသောလမ်းတစ်ခုလုံး တစ်ခဏ လင်းထိန်သွား၏။

သူမည်သို့မျှ ထိန်းချုပ်ထားမရတော့ဘဲ သူ့မျက်နှာက နောက်ဘက်သို့ လှည့်မိသွားပြီ။ ဘုရား ... ဘုရား သူ့နောက်နားမှာ ကပ်လျက်လိုက်လာသူတစ်ဦးကို မြင်၏။ ဆံပင်တွေဖားလျားချလို့ မျက်နှာတစ်ခြမ်းက ဆံပင်တွေဖုံးနေ၍ တစ်ခြမ်းကိုပဲမြင်ရသည်။ ဘယ်ဘက်မျက်လုံးတစ်လုံးက မီးဝင်းဝင်းတောက်နေသည့်အလား သူ့လက်ထဲတွင် တစ်ခုခုပါပုံရ၏။ လက်ကိုမြှောက်ပြီး ပါးစပ်ကနေ တစ်စုံတစ်ရာကို ဟစ်အော်လိုက်သည် ထင်သည်။ ထိုစဉ်မှာပင် "ဝုန်း ဂျိန်း ... ဝရုန်း" ဟူသည့် မိုးခြိမ်းသံကြီးကို သူ့နောက်ဆုံးကြားလိုက်ရပြီး သူ့ခေါင်းတစ်ခုလုံး ပူခနဲ ကျင်ခနဲ ခံစားလိုက်ရကာ သူ့လောကတစ်ခုလုံး မှောင်အတိ ကျသွားလေတော့သည်။

(၂)

ဖြန်းခနဲ သူ့မျက်နှာကို ရေစက်ရေပေါက်တွေကျလာ ... သူရုတ်တရက် လန့်နိုးသွားလေ၏။

"ဒေါက်တာငြိမ်းချမ်း ဒေါက်တာငြိမ်းချမ်းမဟုတ်လား ... မျက်လုံးဖွင့်စမ်းပါဦးရှင်"

ဖွင့်လိုက်သော သူ့မျက်ဝန်းအစုံသည် ကျိန်းစပ်နေ၏။ ရုတ်တရက် ဘာဆိုဘာမှ မမြင်နိုင်သလို အမှောင်ထုကြီးကိုသာ မြင်ရသလိုပဲ၊ ဟော ... မျက်လုံးတွေကြည်လာချိန်မှာ ထူးဆန်းအံ့သြဖွယ်နေရာတစ်ခုလုံး အမှောင်ဖုံးနေပြီး တစ်နေရာတည်းကွက် လင်းထိန်နေလေ၏။ ထိုလင်းထိန်နေသော အကွက်ထဲမှာက ဆံပင်ရှည်ဖားလျားချထားသော ဖြူဖွေးဝင်းပသည့် အသားအရေပိုင်ရှင် မိန်းမပျို လေးတစ်ယောက်၊ သူ၏မျက်နှာညာဘက်ခြမ်းမှာ ဆံပင်တွေဖုံးအုပ်နေ၏။ ဘယ်



ဘက်ပါးလေးက ဖြူဖွေးဝင်းစိုကာ သွေးကြောမျှင်ကလေးတွေပင် မြင်ရလောက်အောင် ကြည်လင်ရှင်းသန့်နေ၏။ မျက်လုံးတွေကတော့ သူမြင်ခဲ့ဖူးသမျှ မျက်လုံးတွေထဲ အစူးရှအတောက်ပဆုံး မျက်လုံးတွေပါပဲ။

ဝင်းဝင်းတောက်နေသော မျက်လုံးအစုံက သူ့ကို စူးစူးရဲရဲကြီးကြည့်နေ၏။ အခုနတုန်းက စကားပြောလိုက်တာ သူလား ...

"သူ့ကို ဒေါက်တာငြိမ်းချမ်းလား ... မျက်လုံးဖွင့်ပါဦးရှင်" ဟုပြောလိုက်သောစကားသံလေးက ချိုချိုလေးဟုထင်ရပါသော်လည်း လက်နဲ့တောက်လိုက်လျှင် "တင်" ခနဲ မြည်သွားတော့မတတ် မာထန်လွန်းနေသလိုပါပဲ။

ချက်ချင်းပင် သူ့ခြေလက်တွေကို လှုပ်ရှားဖို့ကြိုးစားကြည့်လိုက်သည်။ ဘုရား ဘုရား ... ဒုက္ခတော့ လှလှကြီးရောက်ပြီကော၊ သူ့ခြေတွေလက်တွေအားလုံးကို ကြိုးတွေနှင့် အထပ်ထပ်ချည်နှောင်ပြီး သူသည် ကျောက်သလင်းတစ်ခုပေါ်တွင် ပက်လက်ကြီး လဲလျောင်းနေလေ၏။ လုံးဝလှုပ်ရှားမရတော့ပြီ။ သူ့တစ်ကိုယ်လုံးကိုလည်း အဝတ်နက်ကြီးတစ်ခုနှင့် ဖုံးလွှမ်းတုပ်နှောင်ထားပြီး မျက်နှာလေးတစ်ခုကိုသာ ဖော်ထား၏။ မျက်လုံးတွေချာချာလည်ကာ ရောက်ရှိနေသောနေရာကို ဘယ်နေရာပါလိမ့်ဟု သူမှန်းဆကြည့်လိုက်သည်။ တစ်ခန်းလုံးပိန်းပိတ်အောင်မှောင်မဲနေပြီး ထိုမိန်းကလေး၏ မျက်နှာတစ်ခုတည်း အလင်းရောင်ထွက်နေသလို ဝင်းပနေ၏။ ထိုစဉ်မှာပင် လျှပ်စီးတစ်ချက်လင်းလက်ကာ တစ်ခန်းလုံး ရုတ်တရက်ကြီး စက္ကန့်ပိုင်းမျှ လင်းထိန်သွားလေတော့၏။ သူချက်ချင်းပင် မှတ်မိသွား၏။

အို ဘုရား ဘုရား ... ငါရောက်နေတာ ငါတို့ဆေးရုံက ရင်ခွဲရုံကြီးထဲမှာပါလား၊ ငါလဲလျောင်းနေတဲ့နေရာဟာ ရင်ခွဲရုံထဲက ကျောက်သလင်းကြီးပေါ်မှာပါလား။ သူ့တစ်ကိုယ်လုံး အေးစက်တုန်ယင်သွားတော့၏။ ကြောက်လန့်တုန်လှုပ်ခြင်းသည် သူ့အသွေးအသားထဲကတစ်ဆင့် မြီးညှောင့်ရိုးထိအောင် တစိမ့်စိမ့် ဝင်ရောက်လာချေပြီ။

"ဒေါက်တာငြိမ်းချမ်း ကျွန်မပြောတာကို နားထောင်ပါ ... ရှင့်ရဲ့မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွေကို ဟိုးခေါင်မိုးပေါ် တည့်တည့်ကြည့်လိုက်စမ်း . . . လုံးဝမျက်တောင်မခတ်နဲ့၊ လွန်ခဲ့တဲ့ ၁ဂနှစ်လောက်တုန်းက အောက်တိုဘာ၄ရက်နေ့ သီတင်းကျွတ်လပြည့်နေ့ ညတစ်ညမှာ ရှင်ခွဲစိတ်မှုတစ်ခုကို လုပ်ခဲ့တယ်၊ အဲဒီတုန်းက ရှင်ခွဲခဲ့တဲ့ အဖြစ်အပျက်ကလေးကို ပြန်ကြည့်လိုက်စမ်းပါဦး"

သူမ၏စကားလုံးတွေသည် သူ၏ဦးနှောက်ကို ထိုးဖောက်လိုက်တော့ မည့် မြားတံများကဲ့သို့ ချွန်မြထက်မြက်လွန်းနေသည်။ သူကြည့်နေသော ရင်ခွဲရုံ ခေါင်မိုးက မျက်နှာကြက်သည် ရုပ်ရှင်ပိတ်ကားတစ်ခုကဲ့သို့ အသွင်ပြောင်းသွား၏။

သူ့ကိုယ်သူပြန်မြင်နေပြီး လွန်ခဲ့သော၁ဂနှစ် သူ ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်း ဒုတိယနှစ်ကျောင်းသားဘ၀ နပျိုသောလူငယ်ဆရာဝန်လေး တစ်ဦး ရန်ကုန်မြို့ဗဟိုအမျိုးသမီးဆေးရုံကြီး၏ ခွဲစိတ်ခန်းကြီးထဲက ခွဲစိတ်ခုတင်ဘေးတွင် ဓားတစ်ချောင်းကိုင်ဆောင်ကာ ခွဲစိတ်နေသည့်အသွင်။

တော်ပြီ တော်ပြီ မှတ်မိပြီ . . . ဆက်ပြီး မကြည့်ချင် မကြည့်ရဲ၊ သူမျက်လုံးကို မှိတ်ဖို့ကြိုးစား၏။ သို့သော် မှိတ်၍မရ၊ သူ့ပါးစပ်မှ အားပါးတရ အလန့်တကြားအော်ဟစ်ဖို့ ကြိုးစား၏။ အခုချက်ချင်း ဒီရုပ်ရှင်ကို ရပ်ပစ်ပေးပါ။ မကြည့်ရဲ မကြည့်ချင်လို့ပါ . . . သူ့အစွမ်းကုန် အကျယ်လောင်ဆုံး ဟစ်အော်လိုက်သောအသံတွေသည် လည်ချောင်း၀မှာပဲ လုံး၀ပျောက်ဆုံးသွားလေ၏။

"မရဘူး ဒေါက်တာဦးငြိမ်းချမ်း . . . ရှင်သေချာ ကြည့်ကိုကြည့်ရမယ်"

"မကြည့်ပါရစေနဲ့တော့ ဒီမြင်ကွင်း ဒီဖြစ်ရပ်ဟာ သူ့ကို ဆောင်းတွင်း အိပ်မက် ကယောက်ကယက်ဆိုသလိုပဲ အိပ်မက်ဆိုးတွေ ထောင်သောင်းမက မက်စေခဲ့ပြီးသားမို့ အခုထပ်ပြီး မကြည့်ပါရစေနဲ့တော့လို့ တောင်းပန်နေတာပါ။ သို့သော် သူ့အသံက တစ်ချက်ကလေးမှ အပြင်သို့မထွက်။ ထိုမိန်းမလှလေးကတော့ သူပြောသမျှကို အလုံးစုံကြားသိနေပုံရ၏။

"ရှင်ကတော့ မေ့ပစ်ချင်မှာပေါ့လေ . . . လုပ်ခဲ့တဲ့သူပေကိုး၊ ခံရတဲ့သူကတော့ ဒီတစ်သက်မကဘူး၊ ဆယ်သက်ဆယ်ကမ္ဘာ ဘယ်တော့မှကိုမမေ့ဘူး



ရှင်ရဲ့သိရဲ့လား"

သူ့နှုတ်တွေ လုံးဝဆွံ့အသွားပြီး သူ့နဖူးကနေ ချွေးသီးချွေးပေါက်တွေ စိမ့်ကျလာသလို ခံစားရ၏။ မေ့ပစ်ချင်တာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ ဘယ်တော့မှ ဘယ်လိုမှ မေ့လို့မရပါဘူးဗျာ။

ရင်ခွဲရုံ၏ခေါင်မိုးပေါ်က ရုပ်ရှင်ကားကို သူမကြည့်လို မမြင်လိုပါဘဲနှင့် အသေးစိတ်ကြီးကိုမြင်နေရ၏။ သူ့လက်ထဲက ဓားကလေးသည် သွက်လက်စွာ ပြေးလွှားနေပါ၏။ လူနာကိုယ်ဝန်ဆောင်မိခင်၏ ဝမ်းဗိုက်အရေပြားတွေကို တစ်လွှာပြီးတစ်လွှာနှင့် ခွဲဖောက်လာခဲ့ရာမှ နောက်ဆုံး ဝမ်းဗိုက်တစ်ခုလုံးပွင့်သွားပြီး နီရဲနေသော သားအိမ်ကြီးကိုမြင်ရပြီ။

ဘုရား ဘုရား . . . သားအိမ်အောက်ပိုင်း တစ်ခြမ်းလုံးသည် တီကောင်ကဲ့သို့သော အလုံးတုတ်တုတ်နဲ့ တွန့်လိမ်ကောက်ကွေးနေသည့် သွေးကြောကြီးတွေဖုံးလွှမ်းကာ ကြောက်မက်ဖွယ်ရာ အသွင်ကိုဆောင်နေ၏။ မကြာမီနှစ်ပိုင်းအတွင်းမှာ သားဖွားမီးယပ်အထူးကု ဆရာဝန်ဖြစ်လာတော့မည့် ဆရာဝန်လေးဒေါက်တာငြိမ်းချမ်း၏ လက်တွေသည် မသိမသာ တုန်ယင်နေလေပြီ။ လူနာက ရတ်တရက် သွေးဆင်းပြီး ရောက်ရှိလာခဲ့သည့်လူနာ။ လက္ခဏာတွေအားလုံးကို သေချာဆန်းစစ်ကြည့်တော့မှ အချင်းက သားအိမ်၏အောက်ပိုင်းမှာ နေရာမှား၍ လာရောက်တွယ်ကပ်နေခြင်း "Placenta Praevia"။ ထိုနေရာမှားနေသော အချင်းမှသွေးဆင်းသော လူနာအချင်းသည် သူခွဲစိတ်ကာ ကလေးကို ဆွဲထုတ်ပစ်ရမည့် သားအိမ်နံရံမှာ တည့်တည့်ကြီးကပ်နေ၏။ အချင်းနောက်သို့ ရောက်ရှိနေသော သွေးကြောကြီးတွေက တွန့်လိမ်ကောက်ကွေးကာ သူ့ကို စိန်ခေါ်နေသကဲ့သို့ရှိ၏။

ကလေးကို အမြန်ဆုံးခွဲစိတ်ထုတ်ယူမှ အသက်ကို ကယ်တင်နိုင်မည်။ ရှေ့ကတားဆီး ပိတ်ကွယ်ထားသောအချင်းကိုဖြတ်တောက်ခွဲဖောက်ပြီး ကလေးကိုထုတ်ယူဖို့ကလွဲ၍ တခြားရွေးချယ်စရာ နည်းလမ်းမရှိ၊ သူ့တော်တော်ကြာကြာကြီးကို ဓားကိုကိုင်၍ ချီတုံချတုံ ဖြစ်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူ့လက်ကစားကို အသာဆကာ ကိုင်မြှောက်လိုက်ပါ၏။ သူ့မျက်နှာမှာ မြင်တွေ့နေရတာက ဆုံးဖြတ်ပြီးပြီ လုပ်ကိုလုပ်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်သည့်သဏ္ဌာန် အံကိုကြိတ်လိုက်၍ လေကြွက်သားလေးတွေ တစ်ချက်လှုပ်ရှားသည်ကိုပင် မြင်နေရ၏။ သူ၏ဓားကိုင်ထားသော လက်ကလေးသည် မသိမသာ တုန်ယင်နေပါ၏။

ကဲ မတတ်နိုင်ဘူး ... လာလေရော့ ဓားကလေးသည် သွေးကြောကြီးတွေ အပြွတ်လိုက်ကြီးရှိနေသော သားအိမ်နံရံကို စတင်၍ လှီးဖြတ်လိုက်လေပြီ၊ ဝေါခနဲ သွေးနီနီရဲရဲတွေ ပန်းထွက်လာ၏။

"စုပ်ပါကွ ... suction suction" သူ့ကိုကူညီနေသော လက်ထောက်ဆရာဝန်က ပိုက်နှင့်သွေးတွေကို စုပ်ယူဖို့ကြိုးစား၏။ သို့သော် ထွက်သည့်သွေးက ပင်လယ်ကြီးတမျှမို့ စုပ်အားကမနိုင် ... သူ့ဓားကလေး တစ်ချက်ရပ်တန့်သွား၏။ ပြီးတော့မှ ထပ်၍ထပ်၍လှီး၏။ သွေးတွေနှင့်ဖုံးလွှမ်းနေသော သွေးပင်လယ်ကြီးကာဆီးနေသော သားအိမ်နံရံကို လှီးရင်းလှီးရင်းနဲ့ သူ့ဓားက ဘယ်ရောက်၍ဘယ်ရောက်မှန်း မမြင်ရ၊ သူ့လက်ကခံစားချက်ကတော့ ဓားဦးက ကလေးဆီကိုရောက်နေပြီ။ ရပ် ... ရပ် ချက်ချင်းရပ်ပြီး ထပ်ခါထပ်ခါလှီးနေသော ဓားသွားက လုံးဝရပ်သွားပြီ။ သူ့လက်တွေနှင့် သားအိမ်နံရံကို အတင်းဆွဲဖြဲကာ ကလေးကို နှိုက်ထုတ်၏။ သွေးတွေနှင့်ရဲနေသော ကလေးလေး ခြေကားရား လက်ကားရားနှင့်ထွက်လာ၏။ သူနာပြုဆရာမလေးကို လှမ်းပေး၏။

"မိန်းကလေးမိန်းကလေး...ဖြူဖြူချောချော ချစ်စရာလေးတော့" ဟု သူနာပြုဆရာမလေး၏ အားပါးတရ ဟစ်ကြွေးသံကိုကြားရ၏။

သူက သွေးတွေဒလဟော ထွက်နေသော သားအိမ်နံရံကို အမြန်ဆုံးချုပ်၊ ထိုအချိန်မှာပင် ကလေးဆရာဝန်ဆီမှ "အလို ... ကြည့်စမ်းပါဦး" ဟူသော အာမေဋိတ်သံကြီး ပေါ်ထွက်လာ၏။ သူ့လှုပ်ရှားမှုတွေ ချက်ချင်းရပ်တန့်သွား၏။ သူ့တစ်ကိုယ်လုံး တောင့်တင်းသွားသလို ခံစားရ၏။ ကလေးဆရာဝန်က ကလေးလေးကို သူ့ကိုပြသည်။ သူ့မျက်လုံးအစုံ ပြူးကျယ်သွားလေပြီ။



ဖြူဖွေးသန့်စင်ပြီး လှပချစ်စဖွယ်ကောင်းလှသည့် သမီးမိန်းကလေး၏ ညာဘက်ပါးပြင်မှာ သူ့လက်ချက်ဓားဒဏ်ရာကြီး နစ်ချက်တောင်မှပါလား...ထို ဒဏ်ရာမှ သွေးတွေထွက်နေ၏။

"ဆရာရေ ... ဒီဒဏ်ရာကကြီးတယ် ကျွန်မချုပ်ပေးရလိမ့်မယ်" ဟု ကလေးဆရာဝန်ကပြော၏။

သူ၏မျက်လုံးအစုံကို စုံမှိတ်ပြီး ခေါင်းကိုခါယမ်းဖို့ ကြိုးစား၏။ ဘုရားဘုရား ... ကံကောင်းလို့ မျက်လုံးကိုမထိုးဖောက် မလှီးဖြတ်မိတာပါ၊ သီသီလေးကပ်လွဲသွားတယ်။ ထိုစဉ်မှာပင် သူကြည့်နေသော ရုပ်ရှင်ကားက ခေါင်းမိုးပေါ်မှ ပျောက်ကွယ်သွားပြီး စကားသံတစ်ခု ထွက်လာလေ၏။

"ကိုင်း ဆရာ ... ဒေါက်တာငြိမ်းချမ်း ရှင်မှတ်မိသွားပြီ မဟုတ်လား။ ရှင့်လက်ချက်ဓားဒဏ်ရာဟာ ဒီမိန်းကလေးသေတဲ့အထိ ပါသွားတော့မယ့် ဒဏ်ရာလေ၊ အဲဒီအတွက် ရှင့်မှာ အပြစ်မရှိဘူးလား၊ အဲဒီအပြစ်တွေကို ဘယ်လိုနည်းနဲ့ အလျော်ပေးမလဲ"

သူ သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေးကြီး ချလိုက်လေသည်။ မှန်သည်...သိပ်မှန်သည့်စကား သွေးထွက်အောင်မှန်သည့်စကား သူ့လက်ချက်ဖြစ်သော ကလေးမလေး၏မျက်နှာ ပါးပြင်ပေါ်ကဓားဒဏ်ရာသည် ဒီတစ်သက်ပါသွားတော့မှာ သေချာပါသည်။ ထိုဓားချက်သည် ထိုနေရာမှာပဲ ရှိနေသည်တဲ့လား။ မိန်းကလေးရယ် အဲသည်ဓားချက်ဟာ အဲဒီဆရာဝန်ရဲ့နှလုံးသားကိုလည်း ထိုးဖောက်လိုက်သလို ခံစားခဲ့ရပါတယ်။

ညတွေ တော်တော်များများမှာ အိပ်မက်ဆိုးတွေမက်ခဲ့တာ သူတွေ့ရသမျှ မိန်းကလေးငယ်ငယ်ရဲ့ပါးပြင်မှာ အမာရွတ်ကလေး တစ်ခုကိုတွေ့တိုင်း ဒီမိန်းကလေးများလားဟု သူ့စိတ်ထဲ ကြေကွဲဝမ်းနည်းခဲ့ရတာ ...

အဲဒီလိုဖြစ်ပြီးကတည်းက ကလေးကိုခွဲစိတ်ပြီးမွေးတိုင်း သူ့ဓားချက်ကို အဲသည်နေရာလေးရောက်တိုင်း သားအိမ်နံရံ ပါးပါးလေးရဲ့အောက်မှာ ကလေးရဲ့ မျက်နှာ နားရွက် ခြေထောက် လက် စသဖြင့် တစ်ခုခုရှိတယ်။ မထိခိုက်မိအောင်

www.burmeseclassic.com

www.burmeseclassic.com



သတိထားဖို့ ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်၍ အထူးဂရုစိုက်ပြီး ခွဲစိတ်ခဲ့သည်။ သူခွဲစိတ်သည်ကိုကူညီသည့် ဆရာဝန်ကလေးများအားလည်း သူ ငယ်စဉ်ကမှားခဲ့ဖူးသည့်အမှားလေး ဆောရီးနော် အမှားလေးမဟုတ်...အမှားကြီးကို သူအမြဲဖြောင့်ချက်ပေးဝန်ခံပြီး သူတို့လေးတွေ သူ့လိုမမှားဖို့ သင်ခန်းစာယူဖို့အမြဲသင်ကြားပေးခဲ့ပါသည်။ ဒါတင်မကသေး ခွဲစိတ်မွေးဖွားခြင်း သင်ခန်းစာကို ဆေးကျောင်းသားလေးတွေကို သင်ကြားပေးတိုင်း သူ့အမှားကိုဝန်ခံ၍ ထိုသို့သောအမှားမျိုးကို မျိုးဆက်သစ်ဆေးကျောင်းသား ဆရာဝန်လောင်းလေးတွေ ထပ်မမှားရလေအောင် ရင်ထဲက နာကျင်သောနလုံးသားနှင့် သူအမြဲပြောပြ သင်ကြားပေးခဲ့ပါသည်။

ထိုစဉ်မှာပင် "ကဲ ဒေါက်တာငြိမ်းချမ်းရေ . . . ရှင့်ရဲ့မှားချက်ဟာ ဘယ်လောက်ရက်စက်လဲဆိုတာ ဆက်ပြီးကြည့်စမ်းပါဦး"

ချက်ချင်း ခုနကရပ်သွားသော ရုပ်ရှင်ကားကထပ်ပေါ်လာ၏။ ဧရာဝတီမြစ်ကမ်းဘေးက ချစ်သူတွေတွေ့ဆုံကြသည့် ချစ်သူ့နေရာလေး . . . ဧရာဝတီမြစ်ပြင်မှ လေနုအေးလေးတွေက မိန်းမလှလေး၏ ဆံပင်ရှည်ရှည်ကလေးများကို တဖျပ်ဖျပ် ယိမ်းနွဲ့နေစေ၏။ ခုံတန်းလျားလေးပေါ် ထိုင်နေသော ရှမ်းချောချောလေး တစ်ဦး၏ပုံ ပေါ်လာ၏။ ဘယ်ဘက်ပါးနုနုကလေးကို အနမ်းပန်းလေးတစ်ပွင့် ခြွေလိုက်သည့်မြင်ကွင်းက ကြည်နူးအားကျဖွယ်အတိ . . . လှပပါဘိခြင်း။

ထိုစဉ်မှာပင် ကောင်လေးက ညာဘက်ပါးပြင်ပေါ်တွင် ဖုံးလွှမ်းနေသည့် ဆံနွယ်ကလေးတွေကို လက်ကလေးနှင့် အသာဖယ်ရှားဖို့ ကြိုးစား၏။ ပိုင်းသွားသောမျက်ဝန်းကလေးနှင့် မျက်နှာကို ခါယမ်းလိုက်ချိန်မှာ မြစ်ပြင်ကိုဖြတ်တိုက်လာသော လေခပ်ပြင်းပြင်းတစ်ချက်က ဆံနွယ်ကလေးတွေကို ဖယ်ရှားလိုက်၏။ ရုတ်တရက် ဖျတ်ခနဲပေါ်သွားခဲ့သော ပါးပြင်ကိုကြည့်ပြီး ကောင်လေး၏မျက်နှာသည် သိသိသာသာကြီး ပျက်သွားသည်ကိုမြင်ရ၏။ ဘာစကားတစ်ခွန်းမှထပ်၍ မပြောနိုင်တော့ဘဲ မှင်တက်သွားသည့်သဏ္ဍာန် . . .

ပြီးတော့ ကြေကွဲဝမ်းနည်းခြင်းတွေ ယှက်သန်းနေသည့် မိန်းကလေး၏မျက်နှာ၊ တစ်ဦးနှင့်တစ်ဦး ဘာဆိုဘာမှ စကားမပြောနိုင်တော့ဘဲ နှစ်ဦးသား



ကြောင်တောင်တောင်ကြီး ကြည့်နေကြသည့်သဏ္ဍာန် . . . ပြီးတော့မှ မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်၍ ခုံတန်းလေးမှ ရုတ်တရက်ထကာ ပြေးထွက်သွားသည့် သဏ္ဍာန်ကို မြင်လိုက်ရပြီးချိန်တွင်တော့ ရုပ်ရှင်ကားလည်းပျောက် တစ်ခန်းလုံးလည်း မှောင်အတိကျသွားတော့၏။

"ကဲ ဆရာဒေါက်တာငြိမ်းချမ်းရေ...ဆရာဝန်တစ်ယောက်ရဲ့လက်ကလေးတစ်ချက် လွှပ်တာမှားသွားတာနဲ့ လူတစ်ယောက်ရဲ့ဘဝတစ်ခုလုံး ပျက်စီးသွားစေတယ်ဆိုတာကို ဆရာ့ကိုသိစေချင်လို့ အခုလို ခေါ်ပြရတာပဲဖြစ်ပါတယ်။ ဆရာရယ် ဒီလိုလုပ်တာ သမီးကိုခွင့်လွှတ်ပါနော်၊ ဆရာ့ကို သမီးဖြစ်သလို ဖြစ်စေရမယ်ဆိုပြီး လက်စားချေမလို့ စိစဉ်ထားတာ အခုကြည့်လိုက်တော့ ဆရာ့ရဲ့ရုံးစံကတော်တော့်ကိုနှောင်တရပြီး ဆေးကျောင်းသားလေးတွေ ဆရာ့လိုမဖြစ်ရအောင် နှောင်မမှားအောင် သင်ပေးတယ်ဆိုတာကို သိလိုက်ရတာမို့ ကျေပါပြီဆရာရယ် ဆရာပြန်တော့နော် . . . ဆရာ့ကို သမီးပြုမိမှားမိခဲ့တဲ့ အပြုအမူအတွက် ဆရာ့ကို ကန်တော့လိုက်ပါတယ်"

ပြောပြောဆိုဆို သူ့လက်ကလေးနှစ်ဖက်နှင့် လက်အုပ်ကလေးချီကာ ဒေါက်တာငြိမ်းချမ်း၏ ရင်ဘတ်ပေါ်တင်ကာ ရှိခိုးကန်တော့လေတော့သည်။ ထိုအခါကျမှပင် ဒေါက်တာငြိမ်းချမ်းတစ်ယောက် မိန်းကလေး၏ ချစ်စဖွယ်မျက်နှာလေးပေါ်က ဘယ်ဘက်ပါးပေါ်တွင် နက်မှောင်သောဆံနွယ်စကလေးများ အုပ်မိုးလျက်ရှိသော ညာဘက်ပါးပြင်ကို အနီးကပ်မြင်ရ၏။

ကြည့်ရင်းကြည့်ရင်းနှင့် စိတ်ထဲတွင် မခံမရပ်နိုင်လောက်အောင် တင်းကျပ်ဆို့နင့်သော ခံစားမှုတစ်ခု ပေါ်ပေါက်လာပြီး . . .

"သမီးရေ . . . သမီးခုနက ကိုင်ထားတဲ့ဓားနဲ့ ဆရာ့ရဲ့ပါးကို လှီးလိုက်ပါလားကွယ်၊ လက်စားချေပစ်လိုက်စမ်းပါ . . . လှီးပစ်လိုက်စမ်းပါ မကန်တော့ပါနဲ့ ခွင့်မလွှတ်ပါနဲ့" ဟု ဆောက်တည်ရာမရဖြစ်ကာ သူ အဆက်မပြတ် အော်ဟစ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

"ဆရာ . . . ဆရာ . . . သတိရလာပြီလား"

"ကို . . . ကို . . . သတိထား . . . သတိထား" ဟုသူ့အား အဆက်မပြတ်အော်ခေါ်သံများကို ကြားရ၏။

"ဆရာ ဘာတွေပြောနေတာလဲ၊ သတိထားနော် . . . အခု ဆရာအိမ်ကိုပြန်ရောက်နေပြီ၊ ဘာမှမဖြစ်ဘူး" ဟု တပည့်ကလေးများ၏ အားပေးသံ။ ပြီးတော့ သူ့ဇနီးမရွှေသက်၏ . . . "ဒါကြောင့်ပြောတာ ကိုဟာ တော်တော်ခက်တဲ့ကို ဒီလမ်းမှောင်မှောင်ကြီးကို တစ်ယောက်တည်း ညကြီးမင်းကြီး မလျှောက်ပါနဲ့လို့ သက် ဘယ်လောက်ပြောပြော နားမထောင်ဘူး . . . အခု မသေကောင်းမပျောက်ကောင်း သစ်ကိုင်းကျိုးကျပြီး ခေါင်းပေါ်ကျကာ သတိမေ့သွားတာ တော်ပါသေးရဲ့ ကိုရာ . . . နောက်ဆိုရင် သက်ပြောတဲ့စကား နားထောင်ရမယ်နော်" ဟူသော ဗျစ်တောက်ဗျစ်တောက် ဆူညံဆူညံအသံကို ကြားရ၏။ (ခါတိုင်း ထွက်ပြေးချင်လောက်အောင် စိတ်ရှုပ်စရာကောင်းသော်ငြားလည်း) အခုတော့ ထိုဆူညံပူညံအသံကို ကြားရခြင်းလောက် ဝမ်းမြောက်ပျော်ရွှင်ဖွယ်ရာ ကောင်းသည့်အချိန်မရှိဟုပင် ထင်မြင်မိပါတော့သတည်း။

၁၀

# တာမလွန်မှ

# မပါလေတော့

www.burmeseclassic.com

www.burmeseclassic.com





## တမလွန်မှဖတ်ပါလေတော့

(၁)

ဆေးရုံကော်ရစ်တာတစ်လျှောက် သူတစ်လှမ်းချင်း လျှောက်လာလေသည်။ နေ့စဉ်လူနာတွေကို လှည့်လည်ကြည့်ရှုနေကျ၊ ဟိုးထောင့်က ခုတင်လေးတစ်ခုအနီးသို့ ရောက်လာပြီ။ ဒေါက်တာငြိမ်းချမ်းသည် ခုတင်ရှိရာသို့ တစ်ချက်ငေးကြည့်လိုက်မိ၏။ သူ့ရင်ထဲ လိုက်ခနဲဖြစ်သွားသော ခံစားချက်...နှလုံးသားထဲက တစစ်စစ်ကိုက်ခဲနာကျင်မှုကို သူရုတ်ချည်း သတိပြုလိုက်မိ၏။ ခုတင်ကလေးက ဟာလာဟင်းလင်း။ ဤခုတင်ကလေးပေါ်မှာ သူ့အလာကို မျှော်လင့်တကြီးနှင့် အစောင့်မျှော်ကြီး စောင့်မျှော်နေလေသည့် ငယ်ငယ်ဆိုသော လူနာမလေးတစ်ယောက် ခုတော့ ဘယ်ဆီဘယ်ဝယ် ရောက်နေပါလိမ့်။

လစ်လပ်နေပြီဖြစ်သော ခုတင်နံဘေးတွင် တစ်ယောက်တည်း ငိုင်ငိုင်ကြီးရပ်နေမိလေသည်။ သူ့နောက်ကလိုက်လာသော ဆရာဝန်နှင့် သူနာပြုဆရာမများအား "မင်းတို့သွားနှင့်ကြနော် ဆရာဒီနားမှာ ခဏနေခဲ့ဦးမယ်..." ဟူသော စကားတစ်ခွန်းကို ပြောမိ၏။

ခုတင်လေးပေါ်သို့ သူ တင်ပလ္လင်အသာထိုင်မိပြီ၊ ဟာလာဟင်းလင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော ခုတင်ထက်ဝယ် သူတစ်ယောက်တည်း။

"ငယ်ငယ် ... နေကောင်းလား သက်သာရဲ့လား၊ ကိုကြီးကိုပြောပါဦး" ဟု သူပြောလိုက်မိသလား။ အေးစက်နေသော ငယ်ငယ့်လက် ဖြူဖျော့ဖျော့လေးတွေ၏ အတွေ့အထိ ... သူ့မျက်ဝန်းတွေမှာ ဝေဝေဝါးဝါး။

"ကိုကြီးရယ် ... ငယ်ငယ်လေ လက်ထပ်ပြီးတာနဲ့ ကလေးလေးတစ်ယောက် မြန်မြန်မွေးပေးချင်တယ်၊ ရမှာမဟုတ်လားဟင်" ဟု ငယ်ငယ်ပြောလိုက်လေသလား။

သူ့မျက်လုံးအစုံကို မှိတ်လိုက်ပြီး ခေါင်းကိုဆတ်ခနဲ ခါယမ်းလိုက်မိလေသည်။ သူ၏မျက်လုံးအစုံက မြင်ရသောမြင်ကွင်းကို မကြည့်ရဲ၊ မကြည့်ရက်တော့သည်မို့ တင်းတင်းမှိတ်ကာ ခေါင်းကိုဆတ်ခနဲ ခါယမ်းမိလိုက်လေတော့သည်။

(၂)

"ဘုရား ... ဘုရား ဖြစ်ရလေခြင်း ငယ်ငယ်ရယ်"

ငယ်ငယ်ကတော့ မေ့ဆေးအရှိန်နှင့် လုံးဝအိပ်မောကျ သတိလစ်နေချေပြီ။ ဝမ်းဗိုက်မှာ ဒေါင်လိုက်ခွဲစိတ်ထားသော ခွဲကြောင်းကတစ်ဆင့် ငယ်ငယ့်ဗိုက်ထဲက ကလီစာတွေအားလုံးကို မကြည့်ရက်ချင်စရာ မြင်တွေ့နေရပြီလေ။ သားအိမ်ကင်ဆာ အဖုအကျိတ်တွေက ဝမ်းဗိုက်တစ်ခုလုံး ပျံ့နှံ့ရောက်ရှိနေပြီ။ စုပ်စက်ဖြင့် စုပ်ထုတ်ရသော သွေးရောင်လွှမ်းနေသည့် အရည်တွေကြားထဲ အကျည်းတန်လှသည့် ကင်ဆာအဖုအကျိတ်တွေ၊ ဘယ်ဟာကသားအိမ်လဲ ဘယ်ဟာကသားဥပြွန်လဲ ဘာဆိုဘာမှ ခွဲခြား၍မရနိုင်အောင် "ကင်ဆာ" အဆင့်ကဂိတ်ဆုံးရောက်နေပြီ။ သူ့လက်တွေဖြင့် ဝမ်းဗိုက်ထဲအသာနှိုက်ကာ အသည်းရှိရာသို့ စမ်းကြည့်လိုက်မိ၏။ အိုး ... အဖြစ်ဆိုးလှချည်လား ငယ်ငယ်ရယ်။ ပြောင်ချောနူညက်နေရမည့် အသည်းတစ်ပြင်လုံးမှာ အဖုအကျိတ်တွေဖြင့် ကြမ်းတမ်းခက်ထန် မာကျောနေပါရောလားကွယ်။

ကင်ဆာအဖုအကျိတ်တွေက အသည်းပြင်တစ်ခုလုံးကိုဖုံးအုပ်သွားခဲ့



ပြီကော။ ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဖျတ်လတ်သွက်လက်နေကျ လက်အစုံသည် ခဲဆွဲထားသကဲ့သို့ နေးကွေးနေချေပြီ။ ငယ်ငယ့်ရောဂါဝေဒနာတွေအား ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ ရှင်းလင်းပျောက်ကင်းသွားအောင် ခွဲစိတ်ကုသပေးချင်လှသော သူ့မေတ္တာစေတနာတွေ အနှ သူဘာဆက်လုပ်ရမည်နည်း။

ဒီကင်ဆာ အဖုအကျိတ်တွေအားလုံးကို ဖယ်ရှားပစ်လိုက်ရင်ကော ငယ်ငယ့်ရောဂါက ပျောက်သွားမည်တဲ့လား။ အူတွေ ... အူတွေ အထွေးလိုက်ကြား ဘာဆိုဘာမှ ခွဲခြားမရအောင် ပျံ့နှံ့ထိုးဖောက်နေပြီဖြစ်သော ကင်ဆာအဖုအကျိတ်တွေကို အတင်းကာရော ဖယ်ရှားဖို့ကြိုးစားလျှင် အူတွေ အကုန်ပေါက်ကုန်လိမ့်မည်။ အဲသည်အခါ စေတနာက ဝေဒနာဖြစ်ရေချမည်။

ဖြစ်ချင်လုပ်ချင်တာထက် ဖြစ်သင့်လုပ်သင့်တာကို ဦးစားပေးရမည်။ ဘယ်လိုအချိန်တွင် ခွဲစိတ်မှုတစ်ခုကို ရပ်တန့်ပစ်ရမည်ဆိုသည်ကို သူ သိဖို့လိုပါသည်။ ရနိုင်သမျှ ဖယ်နိုင်သမျှ အဖုအကျိတ်တွေကို ဖယ်ရှားပစ်ပြီး အူတွေ သွေးကြောကြီးတွေ ထိခိုက်ဒဏ်ရာရခြင်းမရှိသေးခင် တိုက်ပွဲက အမြန်ပြန်ဆုတ်ခွာရမည်မဟုတ်လား။

"ငယ်ငယ်ရယ် ... ဒီထက်စောစောလေး ကိုကြီးဆီ ရောက်လာခဲ့ရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲနော်။ ခုတော့ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပါရောလား"

(၃)

ငယ်ငယ့်ကို သူ ပြန်လည်တွေ့ဆုံခဲ့ရသော အဖြစ်လေးကို သူ ပြန်မြင်ယောင်လိုက်၏။ သူငယ်ငယ် ကျောင်းသားဘဝတုန်းက အချစ်ဆုံးသူငယ်ချင်း "ကိုမိုး" အသည်းအသန်ဖြစ်နေသည်။ သူ့အား တမ်းတနေသည်ဟု သတင်းရ၍ ဖန်ခါးမြေမှ ရန်ကုန်သို့ အစည်းအဝေးကိစ္စနှင့် ခေတ္တရောက်ခိုက် ရန်ကုန်ဆေးရုံကြီးသို့ ပြေးခဲ့ရပါ၏။ အောင်မြင်ပျော်ရွှင်နေသော လူလတ်ပိုင်းအရွယ် အင်ဂျင်နီယာကိုမိုး၏ အူမကြီးထဲ ကင်ဆာဆိုသည့်ရောဂါဆိုးကြီးက ဝင်ရောက်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးခြင်းခံရပြီးမှ သေမင်းနှင့် နင်လားငါလား အနိုင်နွဲ့ရင်း မီးစာကုန်ဆီးခန်း တော့မည့် အချိန်ကလေးမှာပဲ သူအချိန်မီ ရောက်သွားခဲ့ခြင်းဖြစ်ပါသည်။

"သူငယ်ချင်း . . . မင်း ငယ်ငယ့်ကို မှတ်မိလား"

သူတို့မောင်နှမနှစ်ယောက်က ဆယ်နှစ်တိတိကွာသည်။ သူတို့ဆော့ကစားသည့်နေရာသို့ ညီမလေးငယ်ငယ့်ကို ချီပိုးထိန်းကျောင်းနေကျမို့ သူငယ်ချင်းအားလုံး၏ ညီမငယ်လေးအဖြစ် ကြီးပြင်းလာခဲ့သည်။ ချစ်စရာကောင်းသည့် မျက်လုံးပြူးပြူးလေးနှင့် ချောချောလှလှ ကော်ပတ်ရုပ်လေးနှင့်တူသည့် မိန်းကလေး။ သူတို့ခုတင်ဘေးတွင် ရပ်နေရာက ပြုံးပြုံးလေးနှုတ်ဆက်သည့် ငယ်ငယ်။ ဟိုးငယ်စဉ်က ခေါ်ခဲ့သည့်နာမည်ကိုပဲ ပြန်ခေါ်သည်က အတိတ်ကိုပြန်လွမ်းချင်စရာ။ ငယ်ငယ်က သူ့အစ်ကိုကြီးကို "ကိုကြီး" ဟုခေါ်သည်။ အစ်ကိုကြီး၏သူငယ်ချင်းကိုလည်း "ကိုကြီး" ဟုပင်ခေါ်သည်ကိုး။ ငယ်ငယ်က . . .

"ကိုကြီးရဲ့စာဖတ်ပရိသတ်ပါ၊ ကိုကြီးနဲ့ပြန်ဆုံတာ ဝမ်းသာလိုက်တာ"

"သူငယ်ချင်းရေ ငါတော့မကြာခင်မှာ သွားရတော့မယ် . . . ဒီညီမလေး ငယ်ငယ့်ကို မင်းလက်ထဲအပ်ခဲ့မယ်နော်၊ ညီမလေးကို စောင့်ရှောက်ပါကွာ" ဟု အပ်နှံသွားခဲ့ရှာသော နောက်ဆုံးစကားလေးကို သူ တစ်သက် ဘယ်တော့မှမေ့ တော့မည်မဟုတ်။ သူဖန်ခါးမြေသို့ပြန်ပြီး လပိုင်းလေးအတွင်းမှာပဲ သူငယ်ချင်း၏ နာရေးကြော်ငြာကို သတင်းစာတွင် ဖတ်လိုက်ရလေသည်။

(၄)

ငယ်ငယ့်စာလေးတွေကို သူဖတ်ရသည်။ ငယ်စဉ်သူတို့လက်ပေါ်ကြီးပြင်းလာခဲ့သည့် ကျောင်းဆရာမလေး ငယ်ငယ်က သူ့ရဲ့စာဖတ်ပရိသတ်၊ သူရေးသည့်စာလေးတွေကို ဖတ်ပြီးတိုင်း ဝေဖန်အကြံပြု အားပေးနေကျ . . . ခဏခဏ မဆုံကြပေမယ့် စာချင်းအဆက်အသွယ် အမြဲရှိ၏။

"ကိုကြီးရဲ့စာလေးတွေ ဖတ်ရတော့ ငယ်ငယ့်စိတ်ထဲ အားတွေပိုရှိလာတယ်။ အလုပ်ထဲမှာလည်း စိတ်ကိုထားတတ်လာပါတယ်။ အဲသလိုစိတ်ကိုအား



ပေးတဲ့ စာလေးတွေကို ဆက်ရေးပါနော်" ဟူသော စာလေး စကားလေးတွေက စာရေးသူတစ်ဦးအား စာဆက်ရေးဖြစ်အောင် ရေးချင်အောင် တွန်းအားပေးခဲ့ လေသည်။

သူချစ်သူ သဘော်သားလေးတစ်ဦးနှင့် ယခုဝါကျွတ်လျှင် လက်ထပ် တော့မည်။ သုံးနှစ်သုံးမိုးချစ်ခဲ့သော ချစ်သူနှစ်ဦး၏ လက်ထပ်ပွဲသို့ တက်ဖို့အား ခဲထားသော ဒေါက်တာငြိမ်းချမ်းတစ်ယောက် ခုတော့ဖြင့် ခဲလေသမျှ သဲရေကျ ဖြစ်ရပြီကော။

"ငယ်ငယ်လေ အခုတလော ဗိုက်ထဲက မကောင်းဘူး။ ရင်ပြည့်သလို ရင်ကယ်သလို အစာမကြေသလိုနဲ့ ဗိုက်ထဲကနေ အောင့်အောင့်နေတယ်" ဟု စာရကတည်းက . . .

"ငယ်ငယ်ရေ မပေါ့နဲ့နော် . . . ဆရာဝန်နဲ့ သေချာပြ" ဟု သူတိုက်တွန်း ရသေးသည်။ အဲဒီစာရပြီးနောက်ပိုင်း ငယ်ငယ်နှင့် အဆက်အသွယ် ပြတ်သွားခဲ့ ၏။ နောက်ဆုံး သူ့ထံမှောက်သို့ ငယ်ငယ်ရောက်ရှိလာတော့ သူ အကြီးအကျယ် စိတ်မကောင်း ဖြစ်ရလေတော့ပြီတည်း။

"ဒေါ်လေးခင်ရယ် . . . ဘယ့်နှယ်လုပ်ပြီး အခုမှ ရောက်လာခဲ့ရတာလဲ။ ရောဂါစဖြစ်ကတည်းက ကျွန်တော့်ဆီကို အကြောင်းကြားပြီး အမြန်ခေါ်ခဲ့တာမ ဟုတ်ဘူး။ ကျွန်တော်လည်း နည်းနည်းပေါ့သွားတယ်။ ဒီလိုမှန်းသိရင် ကျွန်တော် ကိုယ်တိုင်လာခေါ်ပြီး ဆေးကုပေးမှာပေါ့။

ငယ်ငယ့်မေမေ ဒေါ်လေးခင်ကိုပဲ မကျေမနပ်နှင့် သူ ဆူပူအပြစ်တင်မိ တော့သည်။ ဗိုက်ဖောင်းလာတာကို ဆရာဝန်နှင့် သေချာမပြဘဲ သူတို့မြို့ကလေး ၏အနီးနား ရွာလေးတစ်ရွာတွင် နာမည်ကြီးနေသော ပျောက်စေဆရာတစ်ဦးထံ ထုံးမန်းရေမန်းနှင့် သွားကုနေသတဲ့။ ဖလတိတိကြာမြင့်ပြီး ဗိုက်ကပူသထက်ပူပြီး ဖောင်းလာတော့မှ သူ့ထံ ရောက်လာခဲ့တဲ့အဖြစ်ပင်။

"ငယ်ငယ်ရယ် . . . ကိုကြီးရဲ့စာတွေကို ဖတ်တယ်ဆို၊ မင်းမေမေက ရှေး လူကြီးမို့ ဒီလိုလုပ်တာထားပါတော့။ မင်းကပညာတတ်လည်းဖြစ် ကိုကြီးရဲ့စာဖတ်

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်လည်း ဖြစ်ရက်သားနဲ့ ဒီလိုလုပ်တာတော့ ငယ်ထိပ်ကို နာနာလေးခေါက်ပစ်ဖို့ပဲ ကောင်းတော့တယ်" ဟု သူဆူပူတော့လည်း ခေါင်းကလေးငုံ့လျက် ငြိမ်ခံနေသည်။ သူ့အပြစ်နဲ့သူကို့ . . . အမြန်ဆုံးခွဲစိတ်ကုသဖို့ ပြင်ဆင်ကာ ခွဲစိတ်ပါ၏။

သို့သော် ငယ်ငယ်၏အဖြစ်က အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီ။ ကင်ဆာအဖုအကျိတ်တွေက ဝမ်းဗိုက်တစ်ပြင်လုံးပျံ့နှံ့ပြီး အသည်းသို့ပင်ရောက်ရှိသွားပြီမို့ ဒေါက်တာငြိမ်းချမ်းက ဘာများတတ်နိုင်ဦးမည်နည်း။

"တတ်နိုင်တာကတော့ ကင်ဆာဆေးတွေကိုပေးပြီး ဆက်ကုရမှာပဲ ဒေါ်လေးခင်" ဟု သူကပြောတော့ "သားရယ် . . . သားကြီးတုန်းကလည်း ခွဲစိတ် ကင်ဆာဆေးတွေ ပေးခဲ့ပေမယ့် ဘယ်လောက်မှမခံဘူး၊ သေတာပဲမဟုတ်လား။ ဒီဆေးတွေပေးလို့ရော ဘာထူးမှာလဲကွယ်" ဟု ဒေါ်လေးခင်ကဆိုပါသည်။

တိုက်ပွဲတစ်ပွဲတွင် မည်သည့်အချိန်၌ လက်နက်ချ အရှုံးပေးရပါမည်နည်း။ နောက်ဆုံးအချိန်အထိ နောက်ဆုံးထွက်သက်အထိ ဇွဲမလျှော့အားမပျော့ဘဲ အနိုင်မခံအရှုံးမပေး ဆက်ပြီးတိုက်ပွဲဝင်ရမည် မဟုတ်လား။ စစ်မရောက်ခင်ကတည်းက မြားကုန်နေပြီဆိုသော အဖြစ်မျိုးကို သူတို့မည်သို့ရင်ဆိုင်ဖြေရှင်းကြပါမည်နည်း။

ကင်ဆာကို တိုက်ခိုက်ဖို့က ခွဲစိတ်ကုသနည်း၊ ဓာတ်ရောင်ခြည်နည်း၊ ကင်ဆာဆေးများပေးနည်းဟူ၍ နည်းလမ်းအသွယ်သွယ် ရှိပါသည်။ ကင်ဆာရောဂါဟူသည် အလွန်ပျံ့နှံ့ပွားများတတ်သည့် ထိုးဖောက်အမြစ်တွယ်တတ်သည့် ရောဂါဆိုး၊ သည်ရောဂါဆိုးကြီးကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်ဖို့က စောစောသိပြီး ထိထိရောက်ရောက် ကုသဖို့က အရေးအကြီးဆုံး။ ယခု ငယ်ငယ်၏အဖြစ်က တော်တော်နောက်ကျမှ သိရခြင်း၊ ခွဲစိတ်၍လည်း မအောင်မြင်တော့ခြင်း။

ခွဲစိတ်အပြီးတွင်လည်း ဝမ်းဗိုက်ထဲမှ ရေဖျင်းတွေက တစ်ခဏအတွင်းမှာပင် ဖောင်းကားတင်းပြည့်လာခြင်း၊ လူကလည်း အရိုးပေါ်အရေတင်သကဲ့သို့ အစာလည်းမဝင်ဘဲ ပိန်ချုံးချည့်နဲ့သွားခြင်း၊ မျက်စိရှေ့တွင် ကြည့်ရင်းကြည့်ရင်း



ပန်းလေးတစ်ပွင့် ညှိုးရော်ခြောက်သွေ့သွားသည့် ပုံသဏ္ဌာန်က ဒေါက်တာငြိမ်းချမ်းကို ရင်နင့်အောင် ခံစားရစေပါသည်။

ဘာပဲဖြစ်ဖြစ်လေ သူ့ညီမလေး အရင်းအချာကဲ့သို့ ချစ်ခင်တွယ်တာရသော ငယ်ငယ်ကလေးကို သူတတ်နိုင်သရွေ့ ဆေးကုပေးချင်ပါသည်။ ကင်ဆာရောဂါကို ကုသရာတွင် ဆရာဝန်တို့ရင်ထဲ အသည်းထဲ ထားရှိရမည့်စကားလေး တစ်ခွန်းက သူ့ရင်ထဲ ပဲ့တင်ထပ်နေချေသည်။

"**To cure sometimes**

**To relieve often**

**To comfort always**"

တစ်ခါတစ်ရံတွင် လုံးဝပျောက်ကင်းဖို့ တတ်နိုင်သည်။

အခါများစွာတွင်တော့ ဝေဒနာကို သက်သာစေသည်။

လူနာကို အားပေးနှစ်သိမ့်ဖို့ကတော့ အမြဲထာဝရရှိရမည့် ဆရာဝန်၏ တာဝန်ဝတ္တရားသာတည်း။

"ညီမလေးငယ်ငယ် ဒီနေ့နေရတာ သက်သာရဲ့လား . . . ကိုကြီးကိုပြောပါဦး" ဟု လက်ကလေးကို ယုယုယယ ကြင်ကြင်နာနာကိုင်ပြီး အားပေးစကားပြောရပါသည်။

အစာမဝင်တော့သည့် ငယ်ငယ့်အား အကြောဆေးပုလင်းကြီးများကို ချိတ်ကာ အားပြန်ပြည့်စေရ၏။ နာကျင်ကိုက်ခဲမှုအတွက် သက်သာအောင်ဆေးပေးရသည်။ ဗိုက်ထဲဖောင်းကားပြည့်တင်းလာသောရေများကို ပိုက်နှင့်စုပ်ထုတ်ပစ်ရသည်။ ကင်ဆာဆေးများကိုပေးပြီး ကုသကြည့်သေးသည်။ မျှော်လင့်ချက် ကနည်းလှပေမယ့် ကုသိုလ်ကံတရားကများ ကိုယ့်ဘက်ကရှိလေမလား၊ ရေနစ်သူသည် ကောက်ရိုးမျှင်ကလေးကိုပင် အတင်းဆွဲယူသကဲ့သို့ပင်။

နောက်ဆုံးတွင်တော့ ဒေါက်တာငြိမ်းချမ်း မကြုံချင်မဆုံချင်ဆုံး နေ့ကလေးတစ်နေ့ကို ရောက်လာချေပြီတည်း။ ငယ်ငယ်၏အခြေအနေက နေ့လားညလား မခွဲခြားနိုင်လောက်အောင် ဆိုးရွားလာသည့်အချိန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးခင်က သူနှင့် တိုင်ပင်ပါတော့သည်။

"သားဆရာရယ်...ဒေါ်လေးကတော့ ငယ်ငယ့်ကို အိမ်ပြန်ခေါ်သွားချင်ပြီကွယ်။ အိမ်ပြန်ရမယ့် ခရီးကလည်း ဝေးတယ်။ အခုအချိန်လေးမှာ ခေါ်ချင်ခေါ်နိုင်မှပဲ ဟုတ်ရင် ဒီမှာပဲငယ်ငယ့်ကို ပစ်လိုက်ရမလား မသိဘူးနော်"

ဒေါက်တာငြိမ်းချမ်းခမျာ သက်ပြင်းကိုသာ အကြိမ်ကြိမ် ချရပါတော့သည်။ သူဘာများ တတ်နိုင်ဦးမည်နည်း။

"ငယ်ငယ်လေးရဲ့ဆန္ဒအတိုင်း ဖြစ်စေရမှာပေါ့ ဒေါ်လေးခင်၊ သူဘာဖြစ်ချင်တာတဲ့လဲ။ သူ့ဘဝရဲ့ နောက်ဆုံးအချိန်ကလေးမှာ သူဖြစ်စေချင်သလိုဖြစ်ဖို့ လိုက်လျောပေးရမှာ ကျွန်တော်တို့အားလုံးရဲ့ တာဝန်ပဲမဟုတ်လား"

"ကိုကြီးရေ...ငယ်ငယ်လေ ကိုကြီးကို နှုတ်ဆက်ကန်တော့ခဲ့ပါတယ်။ ငယ်ငယ်လေ မွေးရပ်မြေမှာပဲ ပြန်ပြီးနားချင်ပြီ ကိုကြီးရယ်။ ကိုကြီးတုန်းကလည်း ဒီလိုပဲလေ ... နောက်ဆုံးအချိန်လေးတွေမှာ အိမ်ကိုပဲ ပြန်သွားခဲ့တာပဲ။ ကိုကြီးလည်း စာတွေဆက်ရေးနော်...ငယ်ငယ် ကိုကြီးစာတွေကို ဆက်ဖတ်ချင်ပါသေးတယ်"

ငယ်ငယ်၏ နောက်ဆုံး နှုတ်ဆက်စကားလေးကို သူ မချည့်သည့်ရင်နှင့် အံကိုတင်းတင်းကြိတ်ကာ နားထောင်ခဲ့ရပါ၏။

"သွားတော့ ငယ်ငယ်ရေ . . . သွားတော့နော်"

ငယ်ငယ့်လက်ကလေးကို အသာဆုပ်ကိုင်ရင်း မည်သည့်ဆုကိုမှ မပေးနိုင်တော့ပါဘဲ သူ့ရဲ့နှုတ်တွေက ခဲဆွဲထားသကဲ့သို့ လေးလံလွန်းနေတာကို ငယ်ငယ်သိပါလေစ။

(၅)

"ငယ်ငယ်ရေ...ကိုကြီးလေ အခု သတင်းစာမဖတ်ဘူး။ သတင်းစာရဲ့နောက်ဘက်ကစရေရင် ဒုတိယစာမျက်နှာလေးမှာ ငယ်ငယ့်ရဲ့နာမည်လေးကို မြင်ရမှာ စိုးကြောက်လှတယ်ကွယ်"



ခုတင်လေးပေါ်ထိုင်ရင်း ဒေါက်တာငြိမ်းချမ်း၏ အတွေးတွေက လေထဲလွင့်မျောချင်ရာ မျောနေမိလေသည်။

"ကိုမိုးရေ မင်းနောက်ကို မင်းရဲ့...ပြီးတော့ ငါ့ရဲ့ညီမလေး ငယ်ငယ်လိုက်လာနေပြီကော၊ သူ့အသက်ကို ငါတတ်တဲ့ဆေးပညာတွေနဲ့ မကယ်တင်နိုင်ခဲ့တာ ခွင့်လွှတ်ပါကွာ"

သူ့ရင်တွေ အကြီးအကျယ် လှုပ်ရှားနေချေပြီ။ စာရေးသူတစ်ဦး၏ရင်ထဲ ဤမျှလောက် ခံစားနေရပြီဆိုလျှင် သူ့ကလောင်ဖျားမှ ထိုခံစားချက်ကလေးကို စာလုံးလေးများအဖြစ် သီကုံးဖွဲ့နွဲ့မိတတ်စမြဲ။ ဒေါက်တာငြိမ်းချမ်းသည် ခုတင်လေးပေါ်တွင် ထိုင်နေရာမှ ဘာလုပ်၍လုပ်မိမှန်း မသိသည့်သူတစ်ယောက်ကဲ့သို့ အသာထရပ်လိုက်မိပြီ။ သူ့ရုံးခန်းထဲက စာရေးစားပွဲဆီသို့ တစ်လှမ်းချင်းထွက်လာခဲ့သည်။ စာရွက်ဖြူဖြူလေးပေါ်သို့ သူ့ရင်ထဲက စာလုံးကလေးတွေကို သီကုံးရေးသားတော့မည်။

"ငယ်ငယ်ရေ . . . မင်းအကြောင်းလေးကို ကိုကြီးနှလုံးသားနဲ့ ရင်းနှီးပြီး စာလေးတစ်ပုဒ်ရေးနေမိပြီ။ ကိုကြီးကို စာဆက်ရေးပါဦး၊ ကိုကြီးရဲ့စာလေးတွေကို ဖတ်ချင်တယ်ဆိုတဲ့ ငယ်ငယ် . . . ဟောဒီငယ်ငယ့်အကြောင်း ရေးထားတဲ့စာလေးကိုရော မင်း ဘယ်လိုနှလုံးသားနဲ့ စိတ်ထားနဲ့ ဖတ်မှာတဲ့လဲ။ ဒီဘဝမှာတော့ ဒီစာလေးကို မဖတ်စေချင်ပါဘူးကွယ်။ တမလွန်ဆိုတဲ့ နေရာလေးတစ်ခုကို ရောက်ရှိသွားပြီဆိုတော့မှ ကိုကြီးရေးတဲ့ မင်းရဲ့အကြောင်း ဒီစာလေးကို ဖတ်ပါလေတော့"

ဟု ဒေါက်တာငြိမ်းချမ်းတစ်ယောက်တည်း မည်သူမျှမကြားအောင် တိုးတိုးလေး ပြောနေမိတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်စစ်စစ်တစ်ယောက်ဟာ . . .

ချစ်ခြင်းမေတ္တာ သနားခြင်းကရုဏာတရား

ဝမ်းမြောက်ခြင်း မုဒိတာတရားတွေနဲ့ ပြည့်စုံရုံနဲ့

မလုံလောက်ဘူး၊ အရေးကြီးဆုံးရှိရမှာက

"ဥပေက္ခာတရား" ဖြစ်တယ် ငြိမ်းချမ်းရေ . . .

ချစ်ခြင်းမုန်းခြင်းတွေ ကင်းစင်တဲ့အရာရာဟာ

ကံတရားရဲ့ပြဋ္ဌာန်းချက်ကို နာခံရတာပါလားဆိုတဲ့

လျစ်လျူရှုခြင်းတရားမရှိဘဲ မင်း

ဆရာဝန်စစ်စစ်မဖြစ်နိုင်ဘူး သူငယ်ချင်း၊

မင်းကပါလိုက်ပြီး ဝမ်းပန်းတနည်းနဲ့

ငိုကြွေးနေမယ်ဆိုရင် . . .

# ၁၁

# ပိုင်ချင်စမ်းသည့် ဥပေက္ခာ နှလုံးသား

www.burmeseclassic.com

www.burmeseclassic.com






## ပိုင်ချင်စမ်းသည့် ဥပေက္ခာနှလုံးသား

(၁)

“ဆရာရေ…ကယ်ပါဦး။ ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်း မသိတော့လို့ပါ။ အိမ်ကိုလည်း မပြန်ရဲဘူးဆရာ။ သူနဲ့လည်း မတွေ့ရဲဘူး။ တွေ့ရင်လည်းဘာပြောရမှန်း မသိပါဘူးဆရာရယ်။ အဖြစ်ကဆိုးလွန်း မြန်လွန်းလို့ ကျွန်တော်ကိုယ်တိုင်တောင် အခုထိတကယ်ဖြစ်သွားတာမှ ဟုတ်ရဲ့လားလို့။ အိပ်မက်မက်နေတာဖြစ်သွားရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ထဲမှာ ယောင်ချာချာကြီး ဖြစ်နေတယ်ဆရာ”

“လာ…လာ ကိုမျိုး။ ဟောဒီ ကုလားထိုင်မှာ သေချာထိုင်ပြီးတော့ ဖြစ်ကြောင်းကုန်စင်ကို သေချာပြောပြပါဦး”

သူ ဆေးရုံရုံးခန်းသို့ ရောက်ရောက်ချင်းမှာပဲ သူ၏အလာကို မျှော်လင့်ကြီးစွာစောင့်နေပုံရသော ကိုမျိုးတစ်ယောက် အူယားဖားယားပြေးလာပြီး ကရားရေလွှတ် တတွတ်တွတ်နဲ့ ပြောလေတော့၏။ သူ့ပုံစံကိုကြည့်ရတာ ပုံမှန်မဟုတ်။ တစ်စုံတစ်ရာတော့ အကြီးအကျယ်မှားယွင်းနေတာ သေချာပါသည်။ ထိုင်ရမလို ထရမလို ဆောက်တည်ရာမရ။ မျက်လုံးတွေက ရီဝေဝေ။ မျက်ဝန်းမှာ မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



စတွေ့ဝေ့သီလျက်။ ခေါင်းကစုတ်ဖွားအကျီလုံချည်တွေကလည်း တွန့်ကြေလျက် တစ်ညလုံးမအိပ်ရသေးကြောင်း သက်သေခံမည့် အူတီးအူကြောင်ပုံစံကလည်း အထင်းသား။ စကားတွေကလည်း တောင်ရောက်မြောက်ရောက်။ သူပြောသော စကားတွေကို ဒေါက်တာငြိမ်းချမ်း ရုတ်တရက် မည်သို့မျှနားမလည်နိုင်။

ထို့ကြောင့်လည်း သူ့ရုံးခန်းထဲက ကုလားထိုင်မှာ သေချာထိုင်ခိုင်းပြီး ပြောဖို့ လမ်းဖွင့်ပေးရတော့သည်။ အဲသည်တော့မှ ကုလားထိုင်ပေါ် ဝုန်းခနဲထိုင်ချ၊ လက်ဝါးပေါ်မျက်နှာကို အုပ်ချလိုက်ပြီး အားပါးတရကြီး ရှိုက်ငင်ငိုကြွေးလေတော့သည်။ ယောက်ျားရင့်မာကြီးတစ်ယောက်မို့ ထိန်းချုပ်ထားခဲ့ပုံရသော မျက်ရည်ပေါက်ကြီးများကို ယခုတော့ သွန်ချနေရပြီကော။

ဒေါက်တာငြိမ်းချမ်းလည်း သူ့စားပွဲပေါ်တွင်ရှိသော တစ်ရှူးပေပါလေးများကို လက်ကမ်းပေးလိုက်သည်။ ငိုပါစေလေ...အားရပါးရကြီးကို လွတ်လွတ်လပ်လပ်ကြီး ငိုစမ်းပါလေ့စေ။ သူ မည်သည့်စကားတစ်ခွန်းမှ မပြောပါဘဲ တိတ်ဆိတ်ငြိမ်သက်စွာ စိတ်ရှည်လက်ရှည်ကြီး စောင့်ဆိုင်းနေလေသည်။ ဘဝတွင် တစ်ခါတစ်ရံ မလွှဲမရှောင်သာ ရင်ဆိုင်ကြုံတွေ့ရသော ရက်စက်ပြင်းထန်သည့် လောကဓံ လှိုင်းတံပိုးကြီးတွေအောက်မှာ မွန်းကျပ်ပိတ်လှောင်နေသည့် အဖြစ်ဆိုးမျိုးတွေ ရင်ဆိုင်ရတတ်သည်။ အဲသည်အခါတွင် အားပါးတရ ရှိုက်ငင်ငိုကြွေးလိုက်ရခြင်းကလည်း စိတ်ခံစားချက်တွေကို တစ်စိတ်တစ်ဒေသ ဖြေလျှော့ပေးနိုင်သည် မဟုတ်ပါလား။ ရယ်မောခြင်း ငိုကြွေးခြင်းတို့မည်သည် တိရစ္ဆာန်တို့နှင့် လားလားမျှမတူဘဲ ကွဲပြားခြားနားသော လူသားပီသသည့် ပြယုဂ်တစ်ခုပါပေ။ အားပါးတရ ငိုလိုက်စမ်းပါဦး ကိုမျိုးရေ။

ကိုမျိုးနှင့်တိုးတိုးတို့ ဇနီးမောင်နှံနှင့် ခင်မင်ရင်းနှီးခဲ့ရသည်မှာ တစ်နှစ်ကျော်လောက်ရှိပြီ။ သူတို့နှစ်ဦး ဒေါက်တာငြိမ်းချမ်းဆီကိုရောက်လာတာ နောက်ထပ်ကလေးတစ်ယောက် ထပ်လိုချင်လို့ပါ။ သူတို့ရဲ့တစ်ဦးတည်းသောသားလေး ဖိုးချို သုံးနှစ်သားအရွယ်လောက်မှာ ကလေးကသူ့မေမေကို သူနှင့်ဆော့ကစားဖို့ ညီလေးတစ်ယောက်ကို မွေးပေးဖို့ပူဆာသတဲ့။ သူတို့တွေကလည်း နောက်ထပ်



ကလေးလိုချင်၊ စောင့်မျှော်ကြိုးပမ်းပါသော်လည်း တော်တော်နှင့်မရရှိသည်မို့ စိတ်ပူပန်လာချိန်၊ ဖိုးချိုကလည်း နေ့စဉ်တကျီကျီနှင့် ပူဆာနေသည်မို့ နောက်ထပ်သားသမီးရစေကြောင်း ဒေါက်တာငြိမ်းချမ်းထံသို့ လာရောက်အကူအညီတောင်းကြခြင်းပင်။

အဲသည်ကတည်းက ကိုမျိုးတို့မိသားစုလေးနှင့် စတင်သိကျွမ်းခင်မင်ခဲ့ကြခြင်းဖြစ်သည်။ သူတို့နှစ်ယောက်လာတိုင်း သားလေးဖိုးချိုက အမြဲပါသည်။ ကလေးပေါင်းများစွာနှင့် ကြုံဖူးဆုံဖူးပါသည်။ များသောအားဖြင့် ကလေးတွေက ဆရာဝန်ဆိုလျှင် သရဲသဘက်ကို မြင်သကဲ့သို့ ထိတ်လန့်ကြောက်ရွံ့တတ်စမြဲ။ သို့သော် ဤကလေးဖိုးချိုကတော့ တစ်ဘာသာထူးခြားသည်။ သူ့ကို ဦးဦးဆရာဝန်ကြီးဟုခေါ်ပြီး ခွဲတတ်နွဲ့တတ်သည်။ သူတို့လာတိုင်း "ဒါ ဦးဦးဆရာဝန်ကြီးစားဖို့ မုန့်...မုန့်" ဟု ဖိုးချိုကအမြဲတစေ မုန့်ထုပ်လေးကိုင်ကာ ရှေ့ဆုံးမှဝင်လာစမြဲ။

"ဦးဦးနော်...သားသားဖို့ ညီလေးတစ်ယောက်ရအောင် လုပ်ပေးရမယ်" ဟု သူ့ကို အမြဲပူဆာတတ်သည့် ကလေးပါ။

ကံကောင်းထောက်မစွာနှင့်ပင် မကြာမီအချိန်အတွင်းမှာ တိုးတိုးတစ်ယောက် ကိုယ်ဝန်ရလာသည်။ ဖြစ်များဖြစ်ချင်တော့ ကိုယ်ဝန်က တစ်ယောက်တည်းမဟုတ်...အမြွှာလေး။ သူတို့အားလုံး ပျော်လိုက်သည့်ဖြစ်ခြင်း။ အပျော်ဆုံးကတော့ ဖိုးချိုလေးပဲဖြစ်လိမ့်မည်။ ကိုယ်ဝန်ကိုလာပြတိုင်း ဖိုးချိုလေးပါလာသည်။ တဖြည်းဖြည်းလရင့်လာတော့ အာထရာဆောင်းတီဗီထဲမှာ အမြွှာလေးတွေက ယောက်ျားလေးတွေမှန်းသိတော့ ဖိုးချိုလေး ခုန်ပေါက်ပျော်မြူးနေသည်မှာ ဘေးကမြင်ရသူတွေပင် သူ့ခာတ်ကူးပြီး ကချင်ခုန်ချင်စိတ်တွေ ဝင်လာတော့သည်။

"ဦးဦးရေ...ညီလေးနှစ်ယောက်ကတစ်ဖက် သားသားကတစ်ဖက် ဘောလုံးကန်မယ်။ ဦးဦးဆရာဝန်ကြီးက ဒိုင်လူကြီးလုပ်ပေးနော်" တဲ့။

ယခုဆိုလျှင် တိုးတိုးပင် နေ့စေ့လစေ့ နောက်တစ်ပတ်ဆိုလျှင် ခွဲစိတ်မွေးဖွားဖို့ အစစအရာရာအားလုံး အဆင်သင့်ဖြစ်နေပါပြီ။ ထိုကဲ့သို့အချိန်မျိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးတစ်ယောက် အူယားဖားယားကြီးနှင့် ရုတ်တရက် သူ့ထံသို့ရောက်လာပြီး ဘာကြောင့်များ အပြင်းအထန် ရှိုက်ငင်ငိုကြွေး နေပါဘိသနည်း။

သူငိုနေသည်ကို ကြည့်ရင်းကြည့်ရင်း သူ့ရင်တွေတောင် တုန်တက်လာပြီ။ သူ့ပုံစံက တစ်စုံတစ်ရာ စိုးရိမ်ပူပန်စရာ ဖြစ်ခဲ့တာသေချာကြောင်း သက်သေပဲမဟုတ်ပါလား။ ကိုမျိုးပြောလာမည့်စကားကို ရင်တုန်ခြင်းများစွာနှင့် သူစောင့်မျှော်နေပေသည်။

အားပါးတရ ငိုကြွေးပြီးချိန်မှာတော့ ကိုမျိုး၏နှုတ်က စကားလေးတွေ မထွက်ချင်ထွက်ချင် ထွက်လာခဲ့လေ၏။

"ဆရာရယ် အဖြစ်ဆိုးလိုက်တာ။ အခုလေ...အခု သားသားဖိုးချိုလေး မရှိတော့ဘူး၊ ဆုံးသွားပြီ"

"ဟင်...ဟုတ်လား"

ကမ္ဘာကြီး အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားသည် ဆိုသည့်စကား မှန်လွန်း၏။ သူ့ခေါင်းထဲ ရုတ်တရက် ဆူဝေသွား၏။

"ဘုရား...ဘုရား ဟုတ်ရဲ့လားဗျာ။ လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းကပဲ ကျွန်တော့်ကို သူတို့ဘောလုံးကန်ရင် ဒိုင်လူကြီးလုပ်ပေးဖို့ ပြောသွားသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာရယ်...ဒါကြောင့်လည်း မယုံနိုင်ဘူးလို့ ပြောတာပေါ့။ အဲဒီနေ့က ဆရာ့ဆေးခန်းကအပြန် ကစားကွင်းဝင်ဖြစ်တယ်။ အဲဒီကအပြန်မှာ မိုးနည်းနည်းမိပြီးဖျားတယ်။ အိမ်နားကဆေးခန်းမှာပဲ ပြဖြစ်တယ်။ ပထမတစ်ရက်လောက်က တော်တော်သက်သာလာပြီး မနေ့ညဦးပိုင်းကျတော့ ကလေးက အဖျားတွေ အရမ်းတက်လာပါတယ်။ အသက်ရှူတာက ပုံမမှန်ဖြစ်လာတာနဲ့ဘဲ ကျွန်တော်တို့လည်း ကြောက်လန့်တကြား ကလေးဆေးရုံကြီးကို ပြေးကြတော့တာပေါ့။ ဆရာဝန်တွေကလည်း သေသေချာချာ ဂရုတစိုက်နဲ့ ဆေးကုသပေးပါတယ်။ စိုးရိမ်ရတယ်လို့ပြောပြီး အသည်းအသန် လူနာခန်းထဲမှာ အစွမ်းကုန်ကုသပေးကြတယ်။ ကျွန်တော်ရယ် အမေရယ် ဖိုးချိုနဲ့လိုက်လာခဲ့တယ်။ တိုးတိုးက



လည်းဆေးရုံကို အတင်းလိုက်ချင်တာ။ ဒါပေမဲ့ သူက နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနဲ့မို့ အိမ်မှာပဲ အိမ်ဖော်ကောင်မလေးနဲ့ ချော့မော့ပြီး ထားခဲ့ရတယ်ဆရာ။ သားလေးက အစောပိုင်း ကောင်းလာခဲ့သေးတယ်။ ဒါပေမဲ့ မနက်ငါးနာရီလောက်မှာတော့ အမောဖောက်လာပြီး ဘယ်လိုမှပြန်မကောင်းလာတော့ဘဲ ဆုံးသွားတယ်။ အမေ့ကိုတော့ အိမ်ကိုပြန်လွှတ်လိုက်ပြီ။ ကလေးဆုံးသွားတဲ့အကြောင်း တိုးတိုးကိုမပြောလိုက်ဖို့ မှာလိုက်တယ်။ ဆရာ...အိမ်မှာက ဘယ်သူမှရှိတာမဟုတ်ဘူး။ ဆရာလည်းသိတဲ့အတိုင်းပဲ တိုးတိုးက သူ့သားလေးကို သိပ်ချစ်တာ။ အခုကိုယ်ဝန်တောင် ဒီကောင်လေးပူဆာလို့ မရမကကြိုးစားပြီး ယူထားတာမဟုတ်လား။ ကျွန်တော်က အသံလုံခန်းထဲမှာ ကလေးကိုစောင့်နေတယ်လို့ ပြောခိုင်းလိုက်ရတယ်။ အခု ကယ်ပါဦးဆရာရယ်...ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်းတောင် မသိတော့ဘူး။ အိမ်ကိုလည်း မပြန်ရဲဘူး။ မိန်းမကို ဘယ်လိုပြောရမှန်း မျက်နှာပြရမှန်းတောင် မသိတော့ဘူးဆရာ။ ပြောလိုက်ရင် အကြီးအကျယ်ပေါက်ကွဲပြီး တိုးတိုးများ ရုတ်တရက်ရူးသွပ်ပြီး စိတ်ဖောက်ပြန်သွားမလား။ မပြောဘဲနဲ့ လိမ်ညာထားရင်ရော ကောင်းမလားဆရာ။ အကြံလေးပေးပါဦး ဆရာရယ်...ကျွန်တော်လည်း မစဉ်းစားတတ်တော့ဘူး။ ဆရာပြောတဲ့အတိုင်း လုပ်ပါ့မယ်"

တတွတ်တွတ်နှင့်ပြောနေသော ကိုမျိုး၏စကားသံကလေးများကို နားထောင်ရင်း ဒေါက်တာငြိမ်းချမ်းရင်ထဲ ဆို့နင့်ကြေကွဲစွာ ခံစားရလေတော့သည်။ ကိုမျိုးကိုငေးကြည့်မိနေသော သူ့မျက်ဝန်းတွေပင် မှုန်ဝါးဝေသီလာသည်အထိ သူကြီးစွာစိတ်မကောင်းဖြစ်မိပြီ။ "ရက်စက်လိုက်တဲ့သေမင်း...ဒီလိုချစ်စရာကောင်းတဲ့ ဘာဆိုဘာမှအပြစ်မရှိတဲ့ နုပျိုလန်းဆန်းတက်ကြွနေတဲ့ ပန်းလေးတစ်ပွင့်ကိုမှ ရက်ရက်စက်စက် မညှာမတာ ခြွေချပစ်ရက်တယ်ဗျာ"

သူပင် ဤမျှလောက်ခံစားနေရလျှင် ဖိုးချိုလေး၏မိဘနှစ်ပါး အဘယ်ကဲ့သို့ ခံစားရမည်နည်း။ သူ့စိတ်ထဲ ဘာလုပ်ရမှန်းမသိအောင် ယောင်ချာချာဖြစ်နေပြီ။ "အမှန်အတိုင်းပြောပြရမလား အဖြစ်မှန်ကိုဖုံးကွယ်ထားပြီး တစ်ချိန်ချိန်ကျမှ ပေးသိရမလား" ကိုမျိုးတစ်ယောက် သူ့ဆီကအဖြေကို မျှော်လင့်ကြီးစွာစောင့်

www.burmeseclassic.com

www.burmeseclassic.com



စားနေချေပြီ။

ပထမဆုံး ခေါင်းအေးအေးထား စဉ်းစား။ ခုနက ရုတ်တရက်ဝင်လာခဲ့တဲ့ ကြေကွဲဝမ်းနည်းနှမြောတသခြင်း ယူကျုံးမရဖြစ်ခြင်း စတဲ့စတဲ့ခံစားချက်များကို ခေါင်းထဲကနေ အရင်ဆုံးမောင်းထုတ်။ ဆရာဝန်စစ်စစ်တစ်ယောက်ဟာ... ချစ်ခြင်းမေတ္တာ သနားခြင်းကရုဏာတရား ဝမ်းမြောက်ခြင်းမုဒိတာတရားတွေနဲ့ ပြည့်စုံရုံနဲ့ မလုံလောက်ဘူး။ အရေးကြီးဆုံးရှိရမှာက "ဥပေက္ခာတရား" ဖြစ်တယ် ငြိမ်းချမ်းရေ... ချစ်ခြင်းမုန်းခြင်းတွေ ကင်းစင်တဲ့အရာရာဟာ ကံတရားရဲ့စီမံရာကို နာခံရတာပါလားဆိုတဲ့ လျစ်လျူရှုခြင်းတရားမရှိဘဲ မင်း ဆရာဝန်စစ်စစ်မဖြစ်နိုင်ဘူး သူငယ်ချင်း။ မင်းကပါလိုက်ပြီး ဝမ်းပန်းတနည်းနဲ့ ငိုကြွေးနေမယ်ဆိုရင် ဒီမိဘနှစ်ပါးကို ဘယ်လိုလုပ်ပြီး အားပေးနှစ်သိမ့်နိုင်ပါ့မလဲ။ မင်းက တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ အမှန်တရားကိုရင်ဆိုင်ပြီး မင်းရဲ့လူနာတွေရဲ့သောကဝေဒနာတွေကို လျော့နည်းသက်သာသွားရအောင် လုပ်ပစ်ရမှာ။ စိတ်ကိုထိန်းတည်ငြိမ်အောင်လုပ် ပထမဆုံး မိမိကိုယ်ကို ခေါင်းအေးအေးထားဖို့ ကြိုးစားရသည်ကကို ခက်ခဲလှပါဘိ။

ခက်တာက... သူက "ဆရာဝန်" သာဖြစ်နေတာ သူ့စိတ်နှလုံးသားက နနယ်သည့် အနုပညာသမားစစ်စစ်။ သူများတွေထက်ပို၍ ထိလွယ် ရှလွယ် ကွဲအက်လွယ်သည့် အထိမခံရွှေပန်းကန် နှလုံးသားပိုင်ရှင် မဟုတ်ပါလား။ မင်းလိုစိတ်မျိုးနဲ့ ဆရာဝန်လုပ်ဖို့မကောင်းဘူး ငြိမ်းချမ်းရေဟုပင် ဝမ်းပန်းတနည်း တွေးတောနေမိတော့သည်။

ကိုင်း...အဖြစ်မှန်ကိုမပြောဘဲ လိမ်ညာဖုံးကွယ်ထားလို့ဖြစ်ပါ့မလား။ ဖုံးဖို့ကြိုးစားလို့ရော အောင်မြင်ပါ့မလား။ တိုးတိုးဆိုသည့် စိုးရိမ်ပူပန်ကြီးလှသည့် အကင်းပါးသည့် မိခင်တစ်ဦးကို မည်သို့မည်ပုံ ပိပိရိရိ လိမ်ညာလို့ရပါမည်နည်း။ ညတုန်းကတောင် အတင်းလိုက်မည် တကဲကဲလုပ်နေ၍ အတင်းအဓမ္မထားခဲ့ရတာ။ ကလေးကိုကြည့်ချင်သည်ဟု အတင်းပူဆာလျှင် မည်သို့မည်ပုံ လိမ်ညာရမည်နည်း။ ဒီထက်ပိုပြီး အရေးကြီးသည့်အချက်က...ကလေးကိုသင်္ဂြိုလ်ဖို့ တစ်





ရက်နှစ်ရက်အတွင်း ကလေးကိုသင်္ဂြိုလ်ရတော့မည့် မိခင်တစ်ဦးအနေနှင့် သူ၏ချစ်မငြီးသည့်သားလေး တမလွန်ဘဝသို့ သွားသည့်ခရီးမှာ မျက်နှာကလေးကိုကြည့်၍မှ နှုတ်မဆက်လိုက်ရဘူးဆိုလျှင် တရားပါမည်တဲ့လား။ ဤအခွင့်အရေးလေးကိုတော့ ပေးသင့်လှပါသည်။ ယခုအစီအစဉ်က တိုးတိုးကို နောက်တစ်ပတ်တွင် ခွဲစိတ်၍မွေးမည်။ မွေးပြီးမှ အသိပေးလျှင်ကော...ပိုဆိုးသွားမည်။ မီးတွင်းဟူသည် သွေးနုနုသားနုနု နဂိုက ရှုံးချင်ချင်ဖြစ်နေသောအချိန်မျိုး။ ထိုအချိန်ကျမှ ဤသတင်းဆိုးကိုပြောပြလျှင် ပိုပြီးတောင် သွက်သွက်ခါအောင် ရှုံးသွားနိုင်သည် မဟုတ်လော။

ကိုင်း...နောက်တစ်ဖက်ကိုကြည့် အမှန်တရားကို ပြောပြမည်ဆိုလျှင်ကော သူဘာဖြစ်သွားမည်နည်း။ အပြင်းအထန် စိတ်ဆင်းရဲ ထိခိုက်ငိုကြွေးပေါက်ကွဲပြီးတော့ကော ဘာတွေဆက်ဖြစ်မည်နည်း။ ဒေါက်တာငြိမ်းချမ်းတစ်ယောက် နောက်ဆုံးတော့...

"ဒီလိုလုပ် ကိုမျိုးရေ...တိုးတိုးကို အခုမနက် ၁၁နာရီမှာ ဆရာ့ရုံးခန်းကိုခေါ်ခဲ့လိုက်၊ သူ ခွဲစိတ်ဖို့ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးစရာရှိလို့ ဆရာခေါ်တယ်လို့ပြောပြီး ခေါ်ခဲ့နော်။ ဆရာကိုယ်တိုင် ဒီကိစ္စကိုရှင်းပြမယ်။ ကိုမျိုးက ကလေးအကြောင်း အမှန်အတိုင်းရုတ်တရက်ကြီး မပြောနဲ့ဦးနော်။ ဆရာကိုယ်တိုင် သေချာပြင်ဆင်ပြီးပြောမယ်။ ဒီကိစ္စဟာ "Breaking the bad news" လို့ခေါ်တယ်" ဟုပြောရင်း ဒေါက်တာငြိမ်းချမ်းတစ်ယောက် ခေါင်းကို လေးလေးပင်ပင်ကြီးခါယမ်းလိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ချက်ကို စိတ်ပျက်လက်ပျက်နှင့် ချလိုက်မိတော့သည်။ ဆရာဝန်တစ်ယောက်အတွက် မလုပ်ချင်ဆုံးအလုပ်၊ လုပ်ရမှာဝန်လေးသောအလုပ်ကို လုပ်ရပေတော့မည်။ ဝဋ်ဖြစ်မှတော့ ရှိုးကြောက်မနေနဲ့တော့ငြိမ်းချမ်းရေ...ဟူ၍ သူ့ကိုယ်သူ အားတင်းလိုက်ရပါတော့သည်။

(၂)

"တိုးတိုးရေ လာလာ ထိုင်... နေကောင်းရဲ့လား။ ဗိုက်ထဲက ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကောင်းကောင်းလှုပ်ရဲ့လား"

ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်းပါပဲ။ ဘာဆိုဘာမှ မဖြစ်သည့်ပုံစံနှင့် တိုးတိုးကို ဆီးကြိုနေရာချထားပြီး ခါတိုင်းလုပ်နေကျအတိုင်း မေးစရာရှိတာမေး သွေးတိုင်း ဗိုက်ကိုစမ်းသပ် ပုံမှန်လုပ်နေကျ အရာအားလုံးကို အရင်ဆုံးလုပ်ရသည်။

ကြိုတင်ပြင်ဆင်ထားသည့် အချက်တွေ များစွာရှိသည်။

"Breaking the bad news" သတင်းဆိုးကို သိခြင်းတွေမှာ စနစ်တကျကြိုတင်ပြင်ဆင်မှုတွေနှင့် ပြည့်စုံရမည်။ တိတ်ဆိတ်သော လုံခြုံသော အနေအထားအယုက်တွေကင်းစင်သော နေရာဖြစ်ရမည်။ သူ့ရုံးခန်းကို သေချာရှင်းလင်းထားသည်။ သူတို့ရုံးလုလင် ဦးကျော်ရှင်းကို အခန်းဝမှာစောင့်ဆိုင်းစေကာ မည်သည့်ဧည့်သည် မည်သည့်ကိစ္စနှင့်လာလာ အခန်းထဲသို့မဝင်ရန် သေချာမှာကြားထားရသည်။ သူ့အခန်းထဲက တယ်လီဖုန်းကိုဖြုတ်ထားလိုက်သည်။ လက်ကိုင်ဖုန်းကိုလည်း ရုံးခန်းထဲက စာရေးမလေးအားပေးထားကာ မည်သည့်ဖုန်းလာလာ ဆရာအရေးကြီးကိစ္စရှိ၍ မအားသေးကြောင်း ပြောခိုင်းထားရပါသည်။ အခန်းတံခါးကိုပိတ် စားပွဲပေါ်တွင် မျက်ရည်တွေသုတ်ဖို့ တစ်ရှူးပေပါဘူးကို အဆင်သင့်ချထား၏။

ကိုမျိုးကိုတော့ အခန်းအပြင်ဘက်မှာ ခဏနေခဲ့ဖို့ ခေါ်မှဝင်လာခဲ့ဖို့ မှာထားရ၏။ တိုးတိုးနှင့်အတူ သူ့မေမေကိုသာ ပေးဝင်၏။ အားလုံးသေချာစမ်းသပ်စစ်ဆေးပြီးတော့မှ စကားတစ်ခွန်းကို မသိမသာစရပါ၏။ "ဖိုးချိုလေး ညတုန်းက ဆေးရုံတက်ရတယ်ဆို၊ အခုဘယ်လိုနေသေးလဲ" ဟူ၍ သတင်းဆိုးကို ပြောပြဖို့ နိဒါန်းပျိုးရပါသည်။ သူမဘယ်လောက် သိထားပြီးပြီနည်း။ တိုးတိုးသိထားသော ကိစ္စတွေမှသည် ရှေ့သို့ဆက်၍ ပြောရမည်မဟုတ်ပါလား။ တိုးတိုးတစ်ယောက် ဖိုးချို၏အကြောင်းကို ပြောပါတော့သည်။ ညကဆေးရုံသို့ သူမ မလိုက်ရကြောင်း၊ ယခုတော့ အသည်းအသန်ခန်းထဲ ရောက်နေပြီး ဆေးကုနေဆဲဖြစ်ကြောင်း။

ဒေါက်တာငြိမ်းချမ်း သက်ပြင်းတစ်ချက်ကို မသိမသာချ၍ ခေါင်းလေးကိုမသိမသာ ညိတ်လိုက်မိ၏။ ကိုင်း . . . စပေတော့ ငြိမ်းချမ်းရေ။





"ဒီမှာ သမီးတိုးတိုး . . . သားလေးဖိုးချိုအကြောင်း ဆရာသိသလောက် ပြောပြချင်လို့ကွယ်။ သားလေး အသည်းအသန်ခန်းထဲ ရောက်တယ်၊ ဆရာဝန်ဆရာမတွေက အစွမ်းကုန် ကုသပေးခဲ့ကြတာပဲ။ ဒါပေမဲ့ သားလေး ကံမကောင်းရှာဘူး။ သားလေးဖိုးချိုကို သူတို့တွေ မကယ်လိုက်နိုင်ဘူး သမီးရယ်"

တိုးတိုး၏ လက်လေးတစ်ဖက်ကို အသာဆုပ်ကိုင်ရင်း စကားကိုဖြည်းဖြည်းချင်းစရ၏။ အစကတည်းက မျှော်လင့်ထားသည့် အတိုင်းပါပဲ။ သူ၏စကားအဆုံးတွင် ဆတ်ခနဲ တောင့်တင်းသွားသော ကိုယ်ခန္ဓာ၊ ဝိုင်းစက်ပြူးကျယ်သွားသောမျက်လုံးအစုံထဲမှာ ချာချာလည်နေသော မျက်နက်ဝန်းနှစ်ခု၊ ကိုင်ထားသောသူ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သော လက်ချောင်းလေးများ၊ ပြီးတော့ ပြီးတော့ . . .

"မဖြစ်နိုင်ဘူး မယုံနိုင်ဘူး...သားလေးသေသွားပြီဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ခုနကပဲ ကိုမျိုးပြန်လာတယ်လေ။ သားလေး အသည်းအသန်ခန်းထဲမှာတဲ့...မဟုတ်ဘူးလို့ပြောပါ ဆရာရယ်"

လက်လေးကို တင်းတင်းဖျစ်ညှစ်လိုက်ပြီး...

"မဟုတ်ဘူးလို့ ပြောချင်တာပေါ့ သမီးတိုးတိုးရယ် . . . ဆရာတို့အားလုံးလည်း မယုံကြည်နိုင်လောက်အောင် ခံစားကြရပါတယ်။ ဒါပေမဲ့ တကယ့်အဖြစ်မှန်ပါပဲ။ ဖိုးချိုလေးရဲ့အဆုတ်ရောင်ရောဂါက ပြင်းထန်လွန်းတော့ သူ့ကံကြမ္မာက ဒီလိုပဲ ဖန်သွားတာဖြစ်တယ် သမီးရယ်"

သူ့အပြောကို တိုးတိုးတစ်ယောက် ရုတ်တရက်ကြီး လက်မခံနိုင်သေးပါ။ ခေါင်းကို အတင်းခါယမ်းကာ . . .

"ဟင် . . . ကိုမျိုးရော။ သူက ဒါဆိုရင်သမီးကို ဘာဖြစ်လို့ ညာပြောရတာလဲ။ မနက်ကတည်းက ဘာလို့မပြောရတာလဲ။ ထင်တော့ထင်သား မေမေပြန်လာတော့ မျက်နှာပျက်နေကတည်းက တစ်ခုခုတော့ ဖုံးကွယ်ထားတယ်လို့ထင်မိသားပဲ။ အခု ကိုမျိုး ဘယ်ရောက်သွားလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ တိုးတိုး၏မေမေက အခန်းတံခါးကိုဖွင့်၍ ကိုမျိုးကို တိုးတိုးရှေ့သို့ အမြန်ခေါ်သွင်းလာလေသည်။

ကိုမျိုးတစ်ယောက် တိုးတိုး၏ရှေ့တွင် ခေါင်းကြီးကိုငုံ့၍ ခြေစုံရပ်ကာ စကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ မျက်ရည်တွေချည်း တစ်ပေါက်ပေါက် ကျဆင်းနေလေပြီ။ တိုးတိုးက ရုတ်တရက်ထရပ်လိုက်ပြီး ကိုမျိုး၏ရင်ဘတ်ကို သူမလက်သီးဆုပ်လေးများနှင့် ထုနက်နေတော့၏။ ရုတ်တရက် စိတ်ဖောက်ပြန်သွားပြီဟု ပင် ထင်မှတ်ရလောက်အောင် သူ့အပြုအမူက သူ့ဘာသာသူ ဘာလုပ်လို့လုပ်မှန်းပင် မသိသည့်ပုံ။ မျက်ဝန်းတွေကပြူးကျယ်ပြီး ကြောင်တောင်တောင်ကြီး ဖြစ်နေ၏။ "ပြောစမ်းပါကိုမျိုး ... ရှင်တို့ညာနေတာ မဟုတ်လား၊ သားလေး မသေဘူးမဟုတ်လား၊ သေတယ်ဆိုရင်လည်း ဘာဖြစ်လို့ မနက်ကတည်းက အမှန်အတိုင်း မပြောတာလဲ" ဟုလည်း ပါးစပ်မှတတွတ်တွတ် ပြောနေ၏။

ဒေါက်တာငြိမ်းချမ်းလည်း တိုးတိုးကို နှစ်သိမ့်စကားပြောဖို့ ကြိုးစားရပါသည်။

"တိုးတိုးရေ...ကိုမျိုးကို အပြစ်မတင်ပါနဲ့ကွယ်၊ သူ့ခမျာ တိုးတိုးကို အဖြစ်မှန်တွေ မပြောရက်နိုင်လွန်းလို့ ဆရာ့ဆီကိုပဲ အပြေးရောက်လာရှာတာပါ။ သူလည်းဘယ်စိတ်ကောင်းပါ့မလဲ။ အစကအားလုံး သမီးကို မပြောဘဲဖုံးထားဖို့ ကြံစည်ကြသေးတယ်။ ဆရာကတော့ သမီးလေး အမှန်တရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်စေချင်တယ်။ ဖိုးချိုလေးရဲ့နောက်ဆုံးခရီးမှာ သူ့မျက်နှာလေးကိုတောင်ကြည့်ပြီး နှုတ်မဆက်လိုက်ရလေခြင်းဆိုတာမျိုး မဖြစ်စေချင်လို့ အခုလိုပြောပြဖို့ ဆုံးဖြတ်လိုက်တာပါ"

တိုးတိုး၏ မေမေကလည်း သူ့သမီး၏ပခုံးလေးနှစ်ဖက်ကို ယုယုယယ ဆွဲကိုင်၍ "သမီးရေ လာထိုင် ... သမီးစိတ်ထဲ ထိန်းချုပ်မထားပါနဲ့၊ ငိုချင်ရင် ငိုချလိုက်ပါလားကွယ်" ဟု သမီးဖြစ်သူကို အားပေးနှစ်သိမ့်လေ၏။

ခုတော့လည်း တိုးတိုးတစ်ယောက် စိတ်လွတ်ကိုယ်လွတ်ကြီး ချုံးပွဲချ ငိုကြွေးနေလေပြီ။ တိတ်ဆိတ်ငြိမ်သက်နေသောအခန်းထဲ တိုးတိုး၏ငိုရှိုက်သံကို



သာကြားနေရ၏။ တစ်ရှူးပေပါလေးများကို တိုးတိုးလက်ထဲထည့်ပေးပြီး အသာအယာငြိမ်သက်စွာ စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေလေသည်။ "ငိုလိုက်ပေတော့တိုးတိုးရေ...မင်းငိုချင်သလောက်သာ ငိုချလိုက်စမ်း။ မျက်ရည်တွေနဲ့အတူ မင်းရင်ထဲက သောကဝေဒနာတွေ တချို့တစ်ဝက် ထွက်စွာသွားအောင် ငိုချလိုက်စမ်းပါ"

သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာငြိမ်းချမ်း၏ရင်ထဲမှာလည်း ငိုကြွေးနေမိလေပြီ။ ဆရာဝန်ကြီးတစ်ယောက်၏ တည်ငြိမ်ရင့်ကျက်သော အေးဆေးတည်ကြည်သော ဣန္ဒြေသိက္ခာကို အပြင်ပန်းက မြင်ရမည်ဖြစ်သော်လည်း ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းစွာနှင့် ငိုကြွေးနေသော မျက်ရည်စတွေကို မည်သူက မြင်နိုင်ပါမည်နည်း။

(၃)

"အူဝဲ ... အူဝဲ"

"ယောက်ျားလေးတော့ ... ယောက်ျားလေး။ ခဏနေဦး နောက်တစ်ယောက်ကျန်နေသေးတယ် ဆွဲထုတ်လိုက်ဦးမယ်နော်။ ဟယ် ... နောက်ထပ် ယောက်ျားလေးပဲတော့ ချစ်စရာလေး နှစ်ယောက်က ရုပ်ချင်းလည်းတူလိုက်တာ ခွဲမရအောင်ပဲ"

ဒေါက်တာငြိမ်းချမ်းတစ်ယောက် တစ်ဦးနှင့်တစ်ဦး ခွဲမရအောင်တူညီသော အမြွှာညီအစ်ကိုလေးနှစ်ဦးကို ပီတိတွေဖုံးလွှမ်းနေသော မျက်လုံးအစုံနှင့် လှမ်းကြည့်နေမိလေ၏။ လက်တွေက သူလုပ်မြဲအလုပ်ဖြစ်သည့် သားအိမ်ထဲက အချင်းတွေကိုဆွဲထုတ် သားအိမ်ကိုပြန်ချုပ် စသည့် နှစ်ပေါင်းများစွာလုပ်ခဲ့သည့် အလုပ်တွေကို စက်ရုပ်တစ်ရုပ်အလား လှုပ်ရှားချုပ်လုပ်နေမိချိန် သူ့မျက်လုံးတွေက ပက်လက်လေးအိပ်နေသော သူ့လူနာမလေး တိုးတိုး၏မျက်နှာလေးကို တစ်ချက်ကြည့်မိ၏။

တိုးတိုးကတော့ သူ့ကိုသာမဟုတ် ဘာဆိုဘာကိုမျှ မြင်တွေ့မည်မဟုတ် မ

www.burmeseclassic.com

www.burmeseclassic.com



ထင်ရသော ပြုံးကျယ်သည့် မျက်လုံးအစုံနှင့် သူမအပေါ်တည့်တည့်က မျက်နှာကြက်ဆီသို့ ငေးစိုက်ကြည့်နေပုံရ၏။ အူဝဲ . . . အူဝဲ ဟူ၍ ကျွက်ကျွက်ဆူအောင် အော်ဟစ်ငိုကြွေးနေကြသော သူမ၏သားလေးနှစ်ယောက် ငိုကြွေးသံကိုလည်း ကြားသည့်ပုံမပေါ်။ ခါးဆစ်ရိုးထဲ ထိုးထည့်ထားသော ထုံဆေးဖြင့်သာ ခွဲစိတ်နေသည်မို့ သူမ မေ့မြောသွားခြင်း မရှိသည်မှာတော့ သေချာပါသည်။ ထိုစဉ်မှာပင် တိုးတိုး၏မျက်ဝန်းအစုံမှ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ကျဆင်းလာသည်ကို သူ တွေ့မြင်ရလေသည်။

ထိုစဉ်မှာပင် တစ်စုံတစ်ယောက်က သူ့နားထဲကပ်၍ ပြောလိုက်သော စကားတစ်ခွန်းကို သူကြားလိုက်ရ၏။

"ဦးဦးဆရာဝန်ကြီး . . . သားတို့ဘောလုံးကန်ရင် ဒိုင်လူကြီး လာလုပ်ပေးရမယ်နော်"

ခုနတုန်းက အူဝဲ . . . အူဝဲ ဟူသော အော်ဟစ်ငိုကြွေးသံတို့ ဆူညံမြည်ဟည်းနေသည့် ခွဲစိတ်ခန်းထဲ ခုတော့လည်း ဘာသံဆိုဘာသံမှ မကြားရအောင် တိတ်ဆိတ်သွားသည်ဟု ထင်မိသည်။ သူတကယ် ကြားလိုက်ရတာပါ။ သူ့မျက်လုံးတွေက တိုးတိုး၏မျက်နှာဆီသို့ ရုတ်တရက်ရောက်သွား၏။ ခုနက ငိုကြွေးနေသောမျက်လုံးအစုံတွင် တစ်စုံတစ်ယောက်ကိုမြင်မိ၍ ဝမ်းမြောက်ပျော်ရွှင်သွားသောသဏ္ဍာန်နှင့် အားပါးတရပြုံးလိုက်သည့် မျက်နှာထားကို လှမ်းမြင်လိုက်၏။


အလို သူ ဘာကိုလှမ်းကြည့်နေပါလိမ့် . . . ဒေါက်တာငြိမ်းချမ်းလည်း တိုးတိုးလှမ်းကြည့်နေသည့် ခွဲစိတ်ခန်းအမိုး မျက်နှာကြက်ကို သူ့ဘာသာသူ ဘာလုပ်လို့လုပ်မိမှန်းမသိဘဲ မော့ကြည့်လိုက်မိတော့သတည်း။

၁၇

# ဆရာဝန်လေး အသက်ပြန် ပေးပါနော်

www.burmeseclassic.com

www.burmeseclassic.com






## ဆရာဝန်လေး ဆက်လုပ်ခွင့်ပေးပါနော်

"မဟုတ်ရပါဘူးဗျာ . . . ကျွန်တော် ဘာအမှားအယွင်းတစ်ခုမှ မကျူးလွန်မိပါဘူး။ ကျွန်တော့်ကို ဆရာဝန်ဆက်လုပ်ခွင့်လေးတော့ ပေးပါနော်"

"မရဘူး . . . ဒီလူနာဟာ သူ့ဘာသာသူ သဘာဝအလျောက် အိမ်မှာ မွေးရင်တောင် ရတာဖြစ်နေပါလျက်နဲ့ အိုဂျီဆီမှာသေချာအပ်ပြီး ဆေးရုံမှာမွေးတဲ့ ကိစ္စမှာ ဒီလိုမွေးရင်းဖွားရင်း လတ်လတ်ဆတ်ဆတ်ကြီး ရှိနေရာက ရုတ်တရက် မရှုမလှသေဆုံးရတယ်ဆိုတာ မင်းမှာအပြစ်မရှိရင် ဘယ်သူ့ဆီမှာ အပြစ်ရှိမှာလဲ"

မျက်ထောင့်နီကြီးနှင့် သူ့ကို တင်းတင်းမာမာကြီး စူးစိုက်ကြည့်ကာ စွဲချက်တွေတင်နေသော "မိုးနတ်မင်းကြီး" ကိုကြည့်ကာ ဒေါက်တာငြိမ်းချမ်းတစ်ယောက် မျက်နှာလေးဆီးရွက်လောက်တွင် ချွေးသီးချွေးပေါက်တွေ တစ်လုံးပြီးတစ်လုံး ကျလာလေတော့သည်။

"ဒီလိုရှိပါတယ် မိုးနတ်မင်းကြီးရယ် . . . ဒီလိုအဖြစ်မျိုးဆိုတာဟာ မလွှဲမရှောင်သာ ဘယ်သူမဆို ကံဆိုးရင်ကြုံရတတ် . . ."

"ဘာ . . . ဘာ ဒီလူနာဟာ ဒီမနက်မှာကို အကောင်းကြီးကနေ ဒီလိုအဖြစ်ဆိုးအသေဆိုးနဲ့ သေရတာကို မင်းကဒီလိုမျိုး ဆင်ခြေတွေပေးနေသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်…တိတ် ထပ်မကြားချင်ဘူး။ မင်းလိုလူမျိုး ဆရာဝန် ဆက်မလုပ်သင့်တော့ဘူး"

ဘုရား … ဘုရား သွားပါပြီ။ သူ့အသည်းတွေ အေးခနဲဖြစ်သွား၏။ အသူတရာနက်သည့် ချောက်ကမ်းပါးကြီးထဲသို့ ဝုန်းခနဲကျသွားသည့်နှယ် သူ့ရင်ထဲဟာခနဲ၊ သူ့အသည်းနှလုံးတွေက ခန္ဓာကိုယ်အပြင်ဘက်သို့ အစိတ်စိတ်အမြွာမြွာ လွင့်စင်သွားတော့မည့်နှယ်"

"အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ဗျာ…ရှိကြီးခိုးပါတယ်။ ကျွန်တော့်မှာ ဆရာဝန်ဖြစ်အောင် တစ်ဘဝလုံးနဲ့ရင်းပြီး ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာပါ။ ဆရာဝန်ကလွဲလို့ တခြားဘာမှလည်း မလုပ်တတ်ပါဘူး။ ကျွန်တော့်ကို ဆရာဝန်အဖြစ်က မရပ်စဲလိုက်ပါနဲ့နော် တောင်းပန်ပါတယ်"

ပြောရင်းဆိုရင်းနှင့် သူ့အသံတွေ တုန်ယင်လာ၏။ သူ့မျက်ဝန်းအစုံမှာလည်း မျက်ရည်တွေ ရစ်ဝိုင်းလာ၏။ သူ့မျက်ရည်တွေကို မိုးနတ်မင်းကြီး မတွေ့မမြင်စေချင်ပါ။ ထို့ကြောင့်လည်း မျက်လုံးအစုံကို ခပ်တင်းတင်း မှိတ်ထားလိုက်သည်။

"ကိုင်း … ဘာပဲဖြစ်ဖြစ် ဘယ်လိုပဲ ဆင်ခြေဆင်လက်တွေ ပေးပေး လူနာမိသားစုက မင်းတို့ရဲ့ကုသမှုကို မကျေနပ်လို့ တိုင်ကြားလာခဲ့ပြီဖြစ်တာမို့ အပြစ်ဒဏ် ချမှတ်ရမှာကတော့ ငါဆိုတဲ့ မိုးနတ်မင်းကြီးရဲ့ သမိုင်းပေးတာဝန်ပဲ။ ကိုင်း…ဒီတော့မင်းကို အမိန့်ချမှတ်မယ်။ အမိန့်မချခင် မင်းရဲ့အပြစ်တွေအားလုံးကို အနုလုံပဋိလုံ ပြန်စဉ်းစားသုံးသပ်စေ…"

ချက်ချင်းပင် မှိတ်ထားသော သူ့မျက်ဝန်းတွင် ကံဆိုးရှာသူ သူ့လူနာကိုယ်ဝန်ဆောင်မိခင်လောင်းလေး "ထွေး" ၏ သနားစဖွယ်ရုပ်သွင်က မှုန်ဝါးဝါးကလေး ပေါ်လာလေ၏။ "ထွေး" ၏ခင်ပွန်းသည်က နိုင်ငံခြားသင်္ဘောသားတစ်ယောက် …အိမ်သို့ ခေတ္တပြန်ရောက်လာလိုက် သင်္ဘောပေါ်ပြန်တက်လိုက်နှင့် အိမ်ထောင်သက်တမ်းခြောက်နှစ်တွင် အိမ်မှာနေရသည့်အချိန်ထက် သင်္ဘောပေါ်တွင် နေရသည့်အချိန်က အဆပေါင်းများစွာ ပိုနေလေ၏။ အိမ်ထောင်သက်



တမ်းကြာလေလေ မြေးဦးကို ချီချင်လှပြီဖြစ်သော နှစ်ဖက်အဘိုးအဘွားများက အရှူးတစ်ပိုင်း ဂျီပူကြလေဖြစ်တော့၏။

ဤတစ်ခါက်တော့ ထွေးတစ်ယောက် ကံကောင်းထောက်မစွာ ကိုယ်ဝန်ဆောင်မိခင်လောင်းဘဝကို ရှားရှားပါးပါး ပိုင်ဆိုင်ခွင့်ရခဲ့၏။ ရှားရှားပါးပါးရလာသောကိုယ်ဝန်မို့ ဤကိုယ်ဝန်ကို သူတို့တစ်မိသားစုလုံး အသည်းအသန် ဂရုစိုက်ကြမည်ဆိုသည်ကိုတော့ သံသယဖြစ်ဖွယ်မမြင်။ အရေးကြီးတာ ဤကိုယ်ဝန်ကို မည်သူနှင့် အပ်ရမည်နည်းဆိုသည့် ပြဿနာပင်။ သူတို့အနီးပတ်ဝန်းကျင်တွင် မည်သည့်အိုဂျီနှင့်အပ်နှံလျှင် အကောင်းဆုံးဖြစ်မည်နည်းဟု စုံစမ်းရှာဖွေလိုက်ခြင်း။ နောက်ဆုံးရလဒ် ကံဆိုးသူမောင်ရှင်ကတော့ ဒေါက်တာငြိမ်းချမ်းပါပဲ။

ဒေါက်တာငြိမ်းချမ်း၏ တပည့်ဖြစ်ခဲ့ဖူးသော ဆရာဝန်လေးကိုအေးက ထွေး၏မောင်နမဝမ်းကွဲ။ ကိုအေး၏ လိုက်လံအပ်နှံပေးမှုကြောင့် ထွေးသည်ပင် ဒေါက်တာငြိမ်းချမ်း၏လူနာ ဖြစ်ခဲ့ရတော့သည်။ လူနာနှင့်ဆရာဝန် ဆက်ဆံရေးကကောင်းမှကောင်း။ ချိန်းဆိုတိုင်း မပျက်မကွက် လာပြတတ်သော၊ ဆရာဝန်စကားနားထောင်၍ အစားအသောက် အနေအထိုင် ဂရုစိုက်သော၊ ထွေး၏ဗိုက်ထဲမှအူဝဲလေးက တစ်နေ့တခြား ကြီးမားရင့်မှည့်လာချေပြီ။ အူဝဲလေးကိုသာ အသီးတစ်လုံးနှင့် တင်စားရပါလျှင် ရင့်မှည့်ကြီးထွားနေပြီမို့ ခူးဆွတ်စားသုံးဖို့သာ ကျန်တော့သည့်အချိန်။ နေ့စေ့လစေ့ မွေးဖွားရမည့်အချိန်သို့ ရောက်ခဲ့ပြီတည်း။

ဗိုက်နာလာတော့ ဒေါက်တာကိုအေးကိုယ်တိုင် သူ၏ဆရာဖြစ်ခဲ့ဖူးသူ ဒေါက်တာငြိမ်းချမ်းကို ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ အကြောင်းကြားခဲ့ပါ၏။ ဆေးရုံသို့တက်စေပြီး မွေးဖို့ဖွားဖို့ အစစပြင်ဆင်နေရာချ စမ်းသပ်စစ်ဆေးတော့ ဘာဆိုဘာမှ ပြဿနာမရှိ။ အရာအားလုံး ကြည်လင်အေးချမ်းနေ၏။

မုန်တိုင်းမလာခင် အချိန်လေးတစ်ခုသည် လောက၌ အအေးချမ်းဆုံး အလှပဆုံး ငြိမ်သက်နေတတ်သည်ဟု သူကြားဖူးသည်။ မှန်ပါသည် … မကြာမီ ကံကြမ္မာဆိုးကြီးတစ်ခု ဝင်ရောက်တော့မည့်ဆဲဆဲ ဒေါက်တာငြိမ်းချမ်း၏အောက်မျက်ခမ်းတွေ တဆတ်ဆတ် လှုပ်ခုန်ခဲ့သေး၏။ သူသောက်နေသော ကော်ဖီပန်း

www.burmeseclassic.com

www.burmeseclassic.com



ကန်ထဲသို့ ယင်ကောင်တစ်ကောင်ခုန်ဝင်လာပြီး ကော်ဖီရည်တွေထဲ ရေငုပ်သွားလိုက်သေး၏။

ရှေ့ဖြစ်တွေကို တွက်တတ်မည်ဆိုလျှင် ဒါမှမဟုတ် နိမိတ်တွေကိုကြိုပြီးမြင်တတ် ရှောင်တတ်မည်ဆိုလျှင်ရော ဤအဖြစ်ဆိုးကြီးကို ရှောင်ရှားနိုင်မည်တဲ့လား။ ဘဝဆိုသည် အသင့်ရေးပြီးသား စာအုပ်တစ်အုပ်ဟုဆိုပါလျှင် ဤနေ့တွင်ဤအဖြစ်ကြီး ဖြစ်ကိုဖြစ်ရမည်ဟု ကြိုတင်ရေးထားပြီးသားပေါ့နော်။ ဘဝကို မနေ့ကပြန်စပြီး ဒီနေ့စာမျက်နှာကို စုတ်ဖြဲဖယ်ရှားခွင့်ရလျှင် ဖယ်ရှားပစ်ချင်စမ်းပါဘိ။

ဒေါက်တာငြိမ်းချမ်း ဝိုက်နာနေသော ထွေးထံသို့ သူ့မောင်ဝမ်းကွဲလေးကိုအေးနှင့်အတူ ရောက်သွားခဲ့ပါ၏။ သူသေချာစမ်းသပ်၏။ သားအိမ်ဝက လေးစင်တီမီတာခန့်ပွင့်နေပြီ။ သားအိမ်ညှစ်အားကတော့ မကောင်းလှသေး...

"ဟိတ်...ထွေး အူဝဲလေးက ယောက်ျားလေးလား၊ မိန်းကလေးလား ကြိုသိထားပြီလား"

"သိပြီးပြီဆရာ သားဦးယောက်ျားလေး...ဆရာ့လိုစာတော် သဘောကောင်းတဲ့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်လာမှာကို ထွေးမြင်ချင်တာ။ နာမည်ကိုတောင် ဆရာ့နာမည်ပါအောင်ထည့်ဖို့ စဉ်းစားထားသေးတယ်"

"ထွေး အမျိုးသားရော...အခုဘယ်မှာလဲ"

"ကိုကြီးက အခုဆိုရင် ဂျပန်နိုင်ငံဆိပ်ကမ်းတစ်ခုမှာ ဆရာရေ...ညကတောင်ဖုန်းဆက်သေးတယ်။ သူ နောက်နှစ်ပတ်လောက်ဆိုရင် ပြန်ရောက်လာတော့မှာဆရာရဲ့၊ အဲဒီကျမှ ဆရာ့ဆီခေါ်လာပြီး ဆရာနဲ့ မိတ်ဆက်ပေးရဦးမယ်။ ထွေး အမြဲပြောပါတယ်။ ဆရာ ထွေးကို ဂရုစိုက်တဲ့အကြောင်း သဘောကောင်းတဲ့အကြောင်း..."

"ဟုတ်ပြီ...သူလာမှ ဆရာ့ဆီ ခေါ်ခဲ့ဦးနော်။ အခု ထွေးလမ်းလျှောက်ချင်ရင်လည်းရတယ်။ ဒါမှမဟုတ် သက်သက်သာသာ ဘေးစောင်းပြီး လှဲချင်လှဲနေ၊ အင်္ဂလိမာလသုတ်ရရင် ရွတ်နေပေါ့"



ထိုသို့လျှင် ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော ရင်းရင်းနှီးနှီးနှင့် စကားတွေဆိုခဲ့ရသေးသည်။ တခြားလူနာတွေကိုလည်း "ward round" လှည့်လည်ကြည့်ရှုကာ ဒေါက်တာငြိမ်းချမ်း သူ့ရုံးခန်းထဲပြန်၍ ထမင်းစားဖို့ ပြင်ဆင်နေချိန် ရုတ်တရက် ဖုန်းမြည်လာခဲ့ခြင်းဖြစ်ပါသည်။

"ဆရာ ဆရာ...ဆရာ့လူနာ ထွေးထွေး ရုတ်တရက် အမောဖောက်ပြီး သတိလစ်သွားလို့ အမြန်ဆုံးလာခဲ့ပေးပါဆရာ မြန်မြန်...မြန်မြန်"

"ဟေ...ဟုတ်လား" ဟူသော အာမေဍိတ်သံနှင့်အတူ ပါးစပ်ထဲ ခုမှစပြီးထည့်ဖို့ပြင်ဆင်နေသော ထမင်းလုတ်ကို ကပျာကယာပစ်ချ၍ မွေးခန်းရှိရာသို့ မတိမ်းမစောင်း ဝိန်းဖောင်းနှင့် ပြေးရပါလေတော့သည်။

"ဘုရား...ဘုရား ဘာများပါလိမ့်။ ခုနလေးတုန်းကမှ ကြည့်ခဲ့တာ အစစအကုန်လုံး အိုကေမှာစိုပြည်နေတာ အခုဘာများပါလိမ့်"

ပြေးရင်းလွှားရင်း သူ့ခေါင်းထဲ မေးခွန်းတွေချာချာလည်အောင် ထုတ်မိတော့၏။

"ဒါ ဘာဖြစ်တာပါလိမ့်"

အကောင်းပကတိကနေ ရုတ်တရက်ကြီး အသက်ရှူကျပ် မောပန်းပြီးတော့ တစ်ကိုယ်လုံးပြာနှမ်း သွေးပေါင်တွေကျ ရှော့ခ်ဖြစ်သွားခဲ့တာ။ ဖွဟဲ့ လွှဲပါစေဖယ်ပါစေ... ဘုရားသိကြားမလို့ ဟိုဟာတော့မဖြစ်ပါစေနဲ့ ဘုရားကယ်မပါ။

အလွန့်အလွန်ရှားပါးသလောက် ကြောက်မက်ဖွယ်ရာ အန္တရာယ်ကြီးမားလှသော လူသတ်သမား ရောဂါကြီးကြီးတစ်ခု၏နာမည်က သူ့ခေါင်းထဲ မဆို့တရို့လေး ဝင်ရောက်လာချေပြီ။ တခြားဟုတ်ပါရိုးလား... "Amniotic fluid embolism" ဟုအမည်ရသည့် ရေမွှာရည်တွေ မိခင်သွေးကြောထဲ ဝင်ရောက်ပိတ်ဆို့ခြင်း ရောဂါပင်တည်း။

ကိုယ်ဝန်ဆောင်သုံးသောင်းမှာ တစ်ယောက်လောက်သာ ဖြစ်တောင့်ဖြစ်ခဲဖြစ်တတ်သည့် "ရှားပါးရောဂါ"။ ဖြစ်လိုက်လျှင်လည်း အင်္ဂလန်နိုင်ငံ အမေရိကန်နိုင်ငံတို့ကဲ့သို့ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးလွန်နိုင်ငံကြီးတွေက ခေတ်မီဆေးရုံကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



မှာတောင် သွေးနှုန်းက ရာခိုင်နှုန်း ၈၀ – ၉၀ကျော်။ ဖြစ်လိုက်သည်နှင့် ခေတ်မီစက်ကိရိယာများအကူအညီနှင့် ကြပ်မတ်ကုသသည့်ကြားက အားလုံးနီးပါး သေရွာသို့မြန်းကြရသောရောဂါ . . .

အဲဒီရောဂါ မဖြစ်ပါစေနဲ့ လွဲပါစေ ဖယ်ပါစေဟု သူ ဆုတွေအထပ်ထပ်တောင်းရင်း လူနာမလေး "ထွေး" ထံရောက်သည်။ အသက်ရှူပင် မမှန်လောက်အောင်မောကာ သူ့အား အမောဆို့စေမည့်မြင်ကွင်းက စောင့်ကြိုနေလေသည်။ "ထွေး" တစ်ကိုယ်လုံး အေးစက်ပြာနမ်းနေ၏။ အသက်ရှူတစ်ချက် မရှူတစ်ချက်နှင့် သွေးပေါင်ချိန်က တိုင်း၍ပင်မရအောင် "ဇီးရိုး" မှတ်မှာ တန်းနေ၏။

ဆရာဝန်တွေ ဆရာမတွေ သူနာပြုအကူ အလုပ်သမားအားလုံး တက်ညီလက်ညီနှင့် အသည်းအသန်ဖြစ်နေပြီဖြစ်သော ထွေးအား ဝိုင်းဝန်းပြုစုကုသမှုတွေ ပေးရပါတော့သည်။

အရေးပေါ်ကုသနည်းတွေပေးရင်း ယခု "ထွေး" ၏ အသက်အန္တရာယ်ကို မမျှော်လင့်ဘဲ ခြိမ်းခြောက်နိပ်စက်နေသော တရားခံရောဂါအကြောင်း စဉ်းစားရလေတော့သည်။

စာအုပ်တွေထဲမှာပဲ ဖတ်ခဲ့ရဖူးပြီး သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ခါဆိုတစ်ခါမျှပင် ကိုယ်တွေ့မျက်မြင် မကြုံကြိုက်ခဲ့ရသော ရောဂါဆန်းကြီးတစ်ခုကို ယနေ့တော့ ကံဆိုးတာလား ကံကောင်းထောက်မတာလားမသိ၊ သူ မျက်ဝါးထင်ထင်ကြီးတွေ့နေရလေပြီ။ ဟုတ်တယ် အစစ်ပဲ . . . စာအုပ်ထဲမှာ ဖတ်ခဲ့မှတ်ခဲ့ရတဲ့ "Amniotic Fluid Embolism" ရေမွှာရည်တွေ သွေးကြောထဲ ဝင်ရောက်ပိတ်ဆို့ခြင်း ရောဂါလက္ခဏာတွေနဲ့ အခု "ထွေး" ဖြစ်သွားတာ။ အခု "ထွေး" မှာစမ်းသပ်တွေ့ရှိတာတွေအားလုံး ဒက်ထိတိုက်ဆိုင်နေပြီ။

ရုတ်တရက်ကြီးမောကျပ် ရင်ဘတ်နာကျင်ပြီး သတိလစ်မေ့မြောသွားတတ်သည်။ သတိမလစ်မီတွင် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်တတ်သည်။ တစ်ကိုယ်လုံး အေးစက်ပြာနမ်းလာတတ်သည်။ စမ်းသပ်ကြည့်၍ သွေးပေါင်ကျမည်။ နလုံးခုန်မြန်မည်။ သတိလစ်ရုံမျှမက တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေး



ပြီးတက်ချက်သွားနိုင်သည်။

ဟော ဟုတ်ပါပြီ . . . တွေးရင်းတောရင်း သူ့မျက်စိရှေ့မှာပင် "ထွေး" တစ်ယောက် တွန့်လိမ်ကောက်ကွေးကာ တက်ချက်နေချေပြီ။ အမေကလည်း တကယ့်ကို သေလုမျောပါးအခြေအနေ။ အမေ၏အသက်ကို သေမင်းလက်မှလုယူရင်း သူ့စိတ်ထဲ သူ၏နောက်ထပ်လူနာတစ်ဦးက ဒရောသောပါး ဝင်ရောက်အကူအညီတောင်းလာသည်။ တခြားသူ ဟုတ်ပါရိုးလား . . . ထွေးရဲ့ဗိုက်ထဲက အူဝဲလေးပေါ့။ ချက်ချင်းပင် သူသည် ထွေး၏ဗိုက်ပေါ်မှာ အူဝဲလေး၏ နလုံးခုန်သံကို နားထောင်ကြည့်လိုက်၏။ အိုကေ . . . နလုံးခုန်နေသေးသည်။ ဒါပေမဲ့ နလုံးခုန်သံက ၁၀၀လောက်ပဲရှိသည် (ပုံမှန်က ၁၂၀မှ ၁၆၀) ဒါဆို အန္တရာယ်ရှိနေသည့် အနေအထားပေါ့။

ကလေးရောလူကြီးပါ သေမင်းချောက်ကမ်းပါးကြီး၏ နှုတ်ခမ်းစွန်းတွင် တည်းတည်းလေး မေးတင်နေပါရောလား။ နည်းနည်းလေးလှုပ်လိုက်ရုံမျှနှင့် သေမင်းချောက်ကမ်းပါးကြီးထဲ ကားခနဲ ကျဆင်းသွားရတော့မည်။ မွေးလမ်းကြောင်းလက်နှိုက်၍ စမ်းသပ်ကြည့်တော့ သားအိမ်ဝက အစွမ်းကုန် ပွင့်အာမလာသေး။ ၆စင်တီမီတာလောက်ပဲ ပွင့်သေးသည်။

"ထွေး" ကို သတိပြန်လည်လာအောင် သွေးပေါင်ပြန်တက်လာအောင် ဝိုင်းဝန်းကြိုးပမ်းရသည်။ သွေးပေါင်လေး နည်းနည်းပြန်တက်ပေမယ့် အားရစရာလုံးဝမကောင်း။

ခွဲစိတ်ပြီး အူဝဲလေးကိုမွေးဖွားဖို့ကြံရွယ်ပါသော်လည်း အမေ့အခြေအနေကြောင့် ခွဲခန်းခုတင်ပေါ်မှာတင် မိခင်က အသက်ပါသွားနိုင်သည့် အခြေအနေတွင် ခွဲစိတ်ဖို့ဆိုသည်မှာ အန္တရာယ်ကြီးမားလှသည်မို့ မေ့ဆေးဆရာဝန်ကလည်း လုံးဝခွင့်မပေး။

ထိုအချိန်မှာပင် သူ ထွေး၏မွေးလမ်းကြောင်းမှ ထပ်မံစမ်းသပ်၏။ သားအိမ်ဝက လုံးဝပွင့်နေပါရောလား။ ကလေး၏ နလုံးခုန်သံကိုလည်း ကြားနေရဆဲ။ ထို့ကြောင့် ကလေးကိုအောက်မှ လေစုပ် သို့မဟုတ် ညှပ်ဆွဲ၍မွေးဖွားရန် အမြန်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြင်ဆင်သည်။ သတိလစ်မေ့မြောနေသော မိခင်၏ညှစ်အားမပါဘဲ လေစုပ်မွေးဖွားရသည်ကလည်း ခက်ခဲပင်ပန်းလှပါဘိခြင်း။ သူလည်း ချွေးတွေတောက်တောက်ကျ၊ သူ့ကိုကူညီနေသည့် ဆရာဝန်ဆရာမတွေလည်း မောကြီးပန်းကြီး အနေအထားမှာ အုဝဲလေးကို အသက်ရှင်လျက်လေး ရလိုက်၏။ သို့သော် အုဝဲ၏အသက်ကလည်း ဖုတ်လှိုက်ဖုတ်လှိုက်ပါပဲ။ ကလေးကြပ်မတ်ဆောင်သို့ပို့၍ ကလေးကိုလည်း သေမင်းနှင့် နင်လားငါလား လွန်ဆွဲ။

ထွေးအခြေအနေက မြွေပူရာကင်းမှောင့်ပါရောလား။ ဘူးလေးရာဖရုံဆင့်ဆိုသလိုပင်။ နဂိုက သွေးပေါင်ကျရသည့်အထဲ ယခုမွေးပြီးကာမှ မွေးလမ်းကြောင်းကရော ဆီးလမ်းကြောင်းကပါ သွေးတွေ ပန်းထွက်လာခဲ့သည်။ ရေမြှာရည်တွေက သွေးကြောထဲ ဝင်ရောက်ပိတ်ဆို့ခြင်း၏ နောက်ဆုံးအဆုံးသတ်မျဉ်းကြောင်းနှင့် တစ်စတစ်စ နီးကပ်လာခဲ့ပြီတည်း။ သည်ရောဂါရှင်တို့သည် နောက်ဆုံး၌ တစ်ကိုယ်လုံး သွေးတွေပုံမမှန်ပန်းထွက်ပြီး သေဆုံးကြရစမြဲ။

ထွေးကား အထူးကြပ်မတ်ကုသခန်းထဲတွင် သမားတော်ကြီးများ၏အကူအညီနှင့် အသက်ကယ်ကုသမှုတွေလုပ်ရင်း ထိုနေ့ညဦးပိုင်းမှာပင် ထွေးတစ်ယောက် သေမင်းခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားခဲ့ပြီတည်း။

အမောဆို့ပြီး ခြေကုန်လက်ပန်းကျကာ ကျန်ရစ်ခဲ့ရသော ဒေါက်တာငြိမ်းချမ်းတို့အား ရင်ဘတ်ကိုဆီး၍ ကန်လိုက်သည့်သတင်းကတော့ ထွေး၏ရင်သွေးလေးလည်း ထွေးနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားခြင်းပါပဲ။

ကိုင်း…ဘယ့်နယ်ရှိစ။ ဒေါက်တာငြိမ်းချမ်းခမျာ ထွေး၏မောင်ဝမ်းကွဲကိုအေး၏မျက်နှာကို မည်သို့မည်ပုံ ကြည့်ရမည်မှန်းမသိအောင် အခက်တွေ့ခဲ့ပြီ။ သူ့မိသားစုရော ဘယ်သို့ဘယ်ပုံ ခံစားရမည်နည်း။ မနက်ကပဲ နေ့စေ့လစေ့ဗိုက်နှာ၍ ဆေးရုံတက်သည်။ အုဝဲဟု ငိုကြွေးအော်ဟစ်ပြီး ရောက်လာခဲ့သည့်ရင်သွေးလေးကို ပွေ့ပိုက်ပျော်ရွှင် နေရမည့်အချိန်တွင်မှ အားလုံး မျက်ရည်နှင့်မျက်ခွက်ဆိုသလို ဖြစ်နေခဲ့ပြီပဲ။



ပြဿနာက ဤသို့အသက်ပါသွားစေသော ရောဂါဇာစ်မြစ်ကိုရှာဖွေဖို့ ရင်ခွဲစမ်းသပ်ဖို့ ထွေး၏မိသားစုမှ လုံးဝလက်မခံဘဲ ကန့်ကွက်ခဲ့ခြင်းပင်။ ထို့ကြောင့် ဤရောဂါဖြစ်ပါသည်ဆိုသည်ကို ရာနှုန်းပြည့် သက်သေမပြနိုင်ခဲ့။

ယခု မည်သို့လုပ်ရတော့မည်နည်း။ သေမင်းနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားကြပြီဖြစ်သော ထွေးနှင့်အုဝဲလေးတို့ကို သေရွာမှပြန်ရှင်လာအောင် လုပ်ပေးနိုင်သော အစွမ်းသတ္တိရှိဖို့ နေနေသာသာ သူကိုယ်တိုင်၏ခြေထောက်အောက်က မြေကြီးပင်လျှင် လှုပ်ခါနေပါရော။

ပြီးခဲ့သည့်အဖြစ်တွေကို ပြန်ပြောင်းမြင်ယောင် တွေးတောနေသော ဒေါက်တာငြိမ်းချမ်းတစ်ယောက် ဒုန်းခနဲအသံကြီးကြောင့် ရုတ်တရက် လန့်ဖျပ်သွားသည်။ ဟော…မိုးနတ်မင်းကြီး၏ စားပွဲကိုတူနှင့် ထုရိုက်သံပေပဲ။

"မောင်မင်းနာခံစေ မောင်မင်းငမိုက်သား…လူနာမိခင်ရော ကလေး၏အသက်ကိုပါ ကယ်တင်ရမည့်တာဝန်မှ ပျက်ကွက်မှုကြောင့် မောင်မင်းအား ဆရာဝန်အဖြစ်မှရုပ်သိမ်း၍ ယနေ့မှစကာ ပြည်သူလူထုသွားမည့် လမ်းတွေပေါ် တံမြက်စည်းလှည်းရသောတာဝန်ကို ငါးနှစ်တိတိ ကျေပွန်အောင် ထမ်းဆောင်စေ"

မိုးခြိမ်းသံကဲ့သို့ မြည်ဟည်းသွားသည့် တော်လည်းသံ…ဤနောက်မှာ ဒေါက်တာငြိမ်းချမ်း ဒူးထောက်ထိုင်လျက်သားလေးမှ ရုတ်တရက် လဲကျသတိလစ်…တက်ချက်။

"မလုပ်ကြပါနဲ့ဗျာ…ကျွန်တော့်ကို ဆရာဝန်လေးတော့ ပေးလုပ်ပါဗျ ကယ်တော်မူပါဗျ"

တတွတ်တွတ် ရေရွတ်သံတွေနှင့်အတူ သူ့နားထဲ အသံလေးတစ်ခုက ချဉ်းနင်းဝင်ရောက်လာချေပြီ။

"ကို…ကို သတိထားပါ။ ဘယ့်နယ်ကြောင့် ကြောက်လန့်တကြားတွေ အော်ဟစ်ပြီးရုန်းကန်နေရတာလဲ။ ဘယ်သူက ကို့ကို ဆရာဝန်ပေးမလုပ်တာလဲ။ ကို အိပ်မက်တွေယောင်ပြီး ညကြီးမင်းကြီး ထအော်နေတာ၊ သတိထားဦးလေ။

www.burmeseclassic.com

www.burmeseclassic.com



ရော့ . . . ရေအေးအေးလေး တစ်ခွက်သောက်လိုက်" ဟူသော မရွှေသက်၏တွတ်တွတ်ရေရွတ်သံကို ကြားလိုက်တော့မှ တစ်နေ့လုံး တစ်ညနေလုံး သေမင်းနှင့်နပန်းလုံးပြီး အရှုံးကြီးရှုံးခဲ့ရသော အရှုံးသမား ဒေါက်တာငြိမ်းချမ်းတစ်ယောက် အိပ်မက်ထဲတွင် မိုးနတ်မင်းကြီး၏ အမိန့်တော်ကို နာခံနေရခြင်းဖြစ်ကြောင်း သိလိုက်ရပါတော့သည်။ ဒါ...အိပ်မက်ပဲဖြစ်ပါစေဟူ၍သာ ဒေါက်တာငြိမ်းချမ်းတစ်ယောက် တိတ်တိတ်လေးကြိတ်၍ ဆုတောင်းလိုက်ရပါသည်။

"မိုးနတ်မင်းကြီးရယ် . . . ဆရာဝန်လေး ဆက်လုပ်ခွင့်ပေးပါနော်"

# ၃၃

# စေတနာနှင့် သူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com






## စေတနာနဲ့ ညာသတဲ့လား

ဒေါက်တာငြိမ်းချမ်းတစ်ယောက် သူဖြေရမည့် အဖြေစကားတစ်ခွန်းအတွက် သတိကြီးကြီးထား၍ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် လုပ်နေရပြီ။ ဖြေရတာခက်ပါဘိ . . . တစ်ခါတစ်ရံတွင် အတိအကျအဖြေပေးရန် ခက်ခဲလှစွာသော အခြေအနေ အချိန်အခါတို့နှင့် ရင်ဆိုင်ရတတ်ပါသည်။ ခုပဲကြည့်လေ . . . သူ့ရှေ့မှမောင်နမသုံးဦးက သူတို့၏အစ်မ ညီမဖြစ်သူ သူ့လူနာ ကျောင်းဆရာမလေး ငြိမ်းငြိမ်း၏ ရှေ့လာမည့် အနာဂတ်ကံကြမ္မာကို မေးမြန်းနေကြပြီ။

"ဆရာရယ် . . . ကျွန်မတို့ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပြပေးပါနော်။ ညီမလေးရဲ့အခြေအနေက ရှေ့ဆက်ပြီး ဘယ်လောက်များ အသက်ရှင်နိုင်ဦးမှာလဲ"

ကိုင်း . . . ဤမေးခွန်းကို လွယ်လွယ်လေးနှင့် ဖြေလို့ရပါမည်တဲ့လား။ ပြီးတော့ ဤမေးခွန်းကိုရော ဘာကြောင့်မေးရပါသနည်း။ ဒေါက်တာငြိမ်းချမ်းက ရှေ့အနာဂတ်ကို ကြိုပြီးမြင်ရသည့် ဟိုဉာဏ်ဒီဉာဏ်တွေရှိသည့် ပုဂ္ဂိုလ်လည်း မဟုတ်။ လူတစ်ယောက်၏ကံကြမ္မာသည် အခြားတစ်ဦး၏ကံကြမ္မာနှင့် ထပ်တူညီနိုင်သည်မှမဟုတ်တာ။ ဤရောဂါနှင့်ပဲ လူနာတစ်ယောက်က တစ်နှစ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



နေနိုင်ပေမယ့် နောက်တစ်ယောက်ကျပြန်တော့ ငါးနှစ်နေသွားတာလည်း ရှိနိုင်သည်။ လောကရဲ့ကံကြမ္မာက တစ်ခါတစ်ရံ ထူးခြားဆန်းကြယ်သည်။ သေတော့မည်ဟု ထင်မြင်ယူဆနေသူက မသေဘဲအသက်ဆက်ရှင်နေပြီး သေမည်ဟုလုံးဝထင်မှတ်မထားသူကျတော့ မျက်စိရှေ့မှာပဲ ခေါက်ခနဲ သစ်ရွက်လေးတစ်ရွက် ကြွေလွင့်သွားသလို လွင့်သွားခဲ့သည်ကိုလည်း ဆရာဝန်ဘဝမှာ သူ မကြာခဏ ကြုံဖူးသည်ပဲလေ။

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ထိုမေးခွန်းလေးကိုဖြေခါနီး သူ့လူနာမလေးငြိမ်းငြိမ်း၏ သနားကရုဏာသက်ဖွယ် အသွင်သဏ္ဌာန်လေးကိုမြင်ယောင်လိုက်မိ၏။ သူ့ဆီကိုရောက်လာတော့ မျက်နှာလေးက ဖြူဖြူနုနုလေး…အသက် ၃၉နှစ်ရှိပြီဖြစ်သည့် အပျိုကြီးကျောင်းဆရာမ၊ မျက်နှာလေးကချစ်စရာ။ သို့သော် သူမ၏ခန္ဓာကိုယ်တွင်တော့ ရောဂါ၏ရက်ရက်စက်စက် ထိုးဖောက်နှိပ်စက်မှုဒဏ်ကြောင့် မလှတော့ပြီ။ လမ်းကိုပင်မနည်းကြိုးစား၍ လျှောက်နေရလောက်အောင် ဝမ်းဗိုက်ကြီးတစ်ခုလုံးက ဖောင်းကားပြည့်တင်းလျက်ရှိ၏။ ဝမ်းဗိုက်ထဲ ရေဖျဉ်းစွဲသည်ဟု အလွယ်ခေါ်ဝေါ်နေကြသော ရေတွေနှင့်ပြည့်ဖောင်းလာခြင်း၊ အစားအသောက်လည်းပျက်၊ လူက ရုတ်ချည်းဆွဲချလိုက်သလို ပိန်ချုံးသွားပြီး အရိုးပေါ်အရေတင်ဆိုသကဲ့သို့ ဖြစ်လာခြင်း။

စပြီးသတိထားမိသည်က ဗိုက်ထဲအစာမကြေသလိုလို လေပွသလိုလို ဟိုနားကနာသလိုလို ဒီနားကနာသလိုလိုနှင့် နောက် ဗိုက်ကမသိမသာမှသည် သိသိသာသာကြီး ဖောင်းလာခဲ့ခြင်းပင်။ သူနေသည့်နေရာက ဟိုး ဝေးလံသည့် ပြည်နယ်တစ်ခု၏ မြို့တစ်မြို့…ဗိုက်အောင့်သည်ဆိုတော့ နီးရာဆေးမြီးတိုလေးများနှင့်ကု။ ပယောဂလိုလို ဘာလိုလိုနှင့် ဆေးတွေကျွေး နောက်ဆုံးမသက်သာ၍ ဗိုက်က ဖောင်းသည်ထက်ဖောင်းလာမှ ဆရာဝန်နှင့်ပြသ။ ဆရာဝန်က ဤရောဂါမျိုးသည် အထူးကုဆရာဝန်ကြီးများနှင့် မြို့ကြီးတွင် ကုသဖို့လိုသည်ဟု လမ်းညွှန်သည်မို့ နောက်ဆုံး သူ့ထံရောက်လာခဲ့ခြင်းဖြစ်ပါသည်။

ဆရာမလေး ငြိမ်းငြိမ်းတွင် မိဘနှစ်ပါးစလုံး မရှိတော့ပြီ။ အစ်ကိုကြီး



တစ်ယောက် အစ်မတစ်ယောက် ညီမလေးတစ်ယောက် ရှိသည်ဖြစ်သော်လည်း အားလုံးတကွဲတပြားစီ ပြန့်ကျဲလို့နေ၏။ အခု ရန်ကုန်ကအစ်မကြီးဆီ ရောက်လာပြီးဆေးကုခံဖို့ ပြင်ဆင်ခြင်းပင်။ ဒေါက်တာငြိမ်းချမ်းလည်း ငြိမ်းငြိမ်းကို စမ်းသပ်စစ်ဆေး အာထရာဆောင်းရိုက်၊ သူမရောဂါက ဆိုးဝါးပြင်းထန် ရက်စက်လွန်းလှသော သားဥအိမ်ကင်ဆာ၏ ကြောက်မက်ဖွယ် နောက်ဆုံးအဆင့်။ ဤရောဂါအကြောင်းကို သူရေးဖူး ပြောဖူးလွန်းလှပြီ။ ကြောက်စရာကောင်းလွန်း၍ "တိတ်တဆိတ်ရောက်လာတတ်သော အရက်စက်ဆုံး အသံတိတ် လူသတ်သမား" ဟူ၍ပင်သူက နာမည်ပေးထားသေးသည်။ နာမည်နှင့်လိုက်အောင်လည်း တကယ့်ကိုကြောက်စရာအကောင်းဆုံး "Silent Killer" အစစ်…

ငြိမ်းငြိမ်းရယ်…မင်းအဖြစ်က ဆိုးလိုက်တာ။ အလာကောင်းပေမယ့် အခါကနှောင်းခဲ့ပြီပဲ ဟုသာ သူ့မှာမရိုတင်ကဲ ရေရွတ်ရတော့သည်။ ဤမိန်းကလေးကို ခုလိုနောက်ကျမှ ရောက်လာရကောင်းလားဟု အပြစ်မတင်ရက် မပြောရက်မဆိုရက်ပါ။ ဤရောဂါ၏သဘာဝကိုက ဆိုးဝါးပြင်းထန်ပြီး ရက်စက်လွန်းလှသည်ကိုး။ တိုးတက်ဖွံ့ဖြိုးလှပါသည်ဆိုသည့် နိုင်ငံကြီးတွေမှာတောင် ဤရောဂါကိုတော့ ကြောက်လန့်တကြား လက်မြှောက်ထားရဆဲ။ အဲသည်နိုင်ငံကြီးတွေက လူနာများပင် ဆေးရုံရောက်၍ ဤရောဂါမှန်းသိချိန်တွင် အနည်းဆုံးသုံးယောက်တွင် နှစ်ယောက်က အမြစ်ပြတ်ခွဲစိတ်ကုသနိုင်မည့် အဆင့်တွေထက်ကျော်လွန်ကာ ရောဂါ၏နောက်ဆုံးအဆင့်တွေကို ရောက်ရှိနေတတ်သည်တဲ့…ရောဂါရှင်အားလုံး၏ "Over all Five year survival rate"(ငါးနှစ်တိတိဆက်ပြီးအသက်ရှင်နိုင်သည့်အခွင့်အရေး)မှာ လေးယောက်မှ တစ်ယောက်သာရှိသည်ထိ သေဆုံးနိုင်နှုန်းက များပြားလွန်းလှသည်။ တကယ့်ကို ဆိုးရွားရက်စက်လွန်းသည့် သေမင်းတမန် စစ်စစ်ပါပေ။

ငြိမ်းငြိမ်းဗိုက်ထဲကို ခွဲ၍ဝင်သွားစဉ်က တွေ့ရသောမြင်ကွင်းကလည်း မမြင်ရက် မကြည့်ရက်စရာပင်။ ဗိုက်ကိုဖွင့်လိုက်သည်နှင့် ဗိုက်တစ်ခုလုံး ဖောင်းကားပြည့်တင်းနေသော "ရေဖျဉ်း" တွေက ဝေါခနဲ ဝေါခနဲ ရေတံခွန်က ရေတွေစီး

www.burmeseclassic.com

www.burmeseclassic.com



ကျနေသလို ပန်းထွက်လာသည်။ စက်နှင့်စုပ်ယူရသည်ပင် မနိုင်။ ဗိုက်ထဲသို့ရေခွက်တွေနှင့်ပင် ခပ်ထုတ်ရသည်အထိ။ ရေတွေကုန်သွားတော့မှ ဗိုက်ထဲကမြင်ကွင်းက တစ်စတစ်စ ပို၍ပီပြင်လာခဲ့သည်။ ဖြစ်ရလေခြင်း ငြိမ်းငြိမ်းရယ်…သားဥအိမ်နှစ်ခုစလုံးမှ ပွားများပေါက်ထွက်လာသော ကင်ဆာအစိုင်အခဲကြီးတွေက ဗိုက်ထဲအနှံ့ ပျံ့ချင်တိုင်းပျံ့နေပြီလေ။ ဝမ်းဗိုက်တစ်ခုလုံး အလုံးအဖုအကျိတ်တွေချည်း။ အူတွေကိုပင်ကောင်းကောင်း မမြင်ရတော့လောက်အောင်၊ သည့်ထက်ပိုဆိုးတာကတော့ သူ့လက်နှင့်နှိုက်၍ အသာပွတ်ကြည့်လိုက်သောအခါတွင် ကြမ်းတမ်းစွာ အလုံးအကျိတ်များနှင့် ပြည့်နှက်နေသော အသည်း၏မျက်နှာပြင်ပါပေ။ ချောမွတ်နေရမည့် အသည်း၏ မျက်နှာပြင်အထက်တွင် ကင်ဆာအဖုအကျိတ်တွေက နေရာယူထားခဲ့ပြီ။ သဘောက ကင်ဆာသည် ရက်ရက်စက်စက်ကြီးကို အသည်းတစ်ခုလုံးသို့ ပျံ့နှံ့ထိုးဖောက်ပြီး နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဟု ဆိုလိုပါတော့သည်။

ယနေ့သည် ခွဲစိတ်ပြီးခဲ့သည်မှာ ခုနစ်ရက်ပြည့်သည့်နေ့။ ခွဲစိတ်သည်ဆိုရာတွင်လည်း ခွဲစိတ်ဆရာဝန်တို့ စိတ်ညစ် စိတ်ဓာတ်ကျလောက်သည့်အဖြစ်မျိုး။ ကင်ဆာအဖုအကျိတ်အကုန်လုံးကို ပြောင်စင်ရှင်းလင်းသွားအောင် ဖယ်ရှားနိုင်ခြင်းမျိုးမဟုတ်ဘဲ များစွာသော ကင်ဆာအဖုအကျိတ်တွေထဲကမှ သူ တတ်နိုင်သလောက် ဖဲ့၍ဖဲ့၍ ဖယ်ရှားခွဲစိတ်ရခြင်းသာ။ အားလုံးကုန်စင်အောင် ခွဲစိတ်ဖို့ကြိုးစားလျှင် ကပ်နေသောအူတွေအားလုံး ပေါက်ပြဲဒဏ်ရာရရှိပြီး ဆိုးကျိုးတွေကပိုမည်မှာ အသေအချာမို့ ရနိုင်သလောက် အူတွေမပေါက်အောင် သတိထားပြီး ခွဲစိတ်ဖယ်ရှားရခြင်းသာ။

ကိုင်း…အခုလောက်ဆို ငြိမ်းငြိမ်း၏ အခြေအနေမှန်ကို စာဖတ်သူရိပ်စားမိပြီထင်ပါသည်။ သူမ၏ သားဥအိမ်ကင်ဆာအဆင့်က အမြင့်ဆုံးအဆိုးဆုံး နံပါတ်၄အဆင့်။ သည်အဆင့်ကို ပုံနှိပ်စာအုပ် ဆေးစာအုပ်ကြီးထဲ ရေးထားသည်က ဤအဆင့်လူနာတစ်ဦး နောက်ထပ်ငါးနှစ်တိတိ ဆက်ပြီးအသက်ရှင်နိုင်သည့်နှုန်းမှာ ဆယ်ရာခိုင်နှုန်းတဲ့။ သဘောကတော့ ဤအဆင့် လူနာဆယ်ယောက်မှာ



တစ်ယောက်ပဲ နောက်ထပ်ငါးနှစ်တိတိ ဆက်၍အသက်ရှင်နိုင်မည်။ ကျန်သည့်ကိုးယောက်စလုံး ငါးနှစ်မတိုင်မီ သေမင်း၏ခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားရမည်တည်း။

ဒေါက်တာငြိမ်းချမ်း စကားပြောဖို့ ပါးစပ်ကိုဟလိုက်ပြီ။ သူ့ရှေ့ကာမောင်နှမသုံးဦးစလုံး မျက်လုံးပြူးလေးတွေနှင့် သူ၏စကားသံကို စူးစိုက်နားထောင်နေချေပြီ။

"ငြိမ်းငြိမ်းရဲ့အခြေအနေက သားဥအိမ်ကင်ဆာရဲ့နောက်ဆုံးအဆင့်ပါပဲ။ သူဘယ်လောက်ထပ်ပြီး အသက်ရှင်နိုင်မယ်ဆိုတာကိုတော့ အတိအကျပြောလို့မရဘူး။ တစ်နှစ်လည်းဖြစ်နိုင်သလို ငါးနှစ်ခြောက်နှစ်လည်း ဖြစ်နိုင်တာပဲ။ သူ့ကံကြမ္မာနဲ့ သူ့ကို ဘယ်လောက်ဂရုတစိုက်နဲ့ ပြုစုစောင့်ရှောက်ပေးတယ်ဆိုတဲ့ အချက်တွေပေါ်မှာလည်း မူတည်နေတာကိုး"

"ဒီလိုပါဆရာ…ညီမလေးရဲ့ရောဂါအခြေအနေက ဘယ်လိုမျှော်လင့်ချက်မှမရှိတော့ဘူးဆိုရင် သဘောက လုံးဝ မပျောက်ကင်းနိုင်မယ့် အခြေအနေဆိုရင်တော့ သူ့ကို ကျွန်တော်တို့ရဲ့ဇာတိမြို့လေးကိုပဲခေါ်သွားပြီး အဲဒီမှာပဲ သူ့ရဲ့နောက်ဆုံးအချိန်လေးကို အေးအေးဆေးဆေးလေး နေစေချင်လို့ပါဆရာရယ်။ ကျွန်တော်တို့ ပြောတဲ့စကားထဲမှာ အမှားပါရင် ခွင့်လွှတ်ပါဆရာ"

ဒေါက်တာငြိမ်းချမ်းတစ်ယောက် သက်ပြင်းတစ်ချက်ကို လေးလေးကြီးချလိုက်မိလေ၏။ ရောဂါအမြစ်ပြတ်အောင် ကု၍မရတော့ပြီဆိုသည်နှင့် လူနာကို ဆေးမကုရတော့ပြီတဲ့လား။ ဒီအတိုင်း သေသေကြေကြေ ဖြစ်ချင်ရာဖြစ်ပစ်ထားလိုက်ရတော့မည်တဲ့လား။ သူတို့ဆရာဝန်တွေ ဆေးကုရာတွင် ထားရှိရမည့် စိတ်သဘောထား ဆောင်ပုဒ်လေးက သူ့အတွေးထဲဝင်လာ၏။

**"To Cure Sometimes**

**To Relieve Often**

**To Comfort Always"**

ဆရာဝန်ကလူနာကို ဆေးကုသရာတွင် တစ်ခါတစ်ရံ၌ လုံးဝရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းဖို့ တတ်နိုင်သည့်အခါများတွင်တော့ ဝေဒနာကို သက်သာစေသည်။ လူနာကို အားပေးနှစ်သိမ့်ရန်မှာ အမြဲတာဝန်ရှိရမည့် ဆရာဝန်၏ တာဝန်ဝတ္တရားပင်တည်း။

ဤစကားလေးသည် ယခုကဲ့သို့သော ငြိမ်းငြိမ်းလို ကင်ဆာနောက်ဆုံးအဆင့် လူနာများအတွက် သွေးထွက်အောင် မှန်ပါ၏။ အမြစ်ပြတ်အောင် ကုချွမရရှိမှုနှင့် ဆေးမကုရတော့ဟု မဆိုလို။ သူမ၏ရောဂါအတွက် ဝေဒနာတွေ သက်သာနိုင်သမျှ သက်သာပျောက်ကင်းရန် နည်းမျိုးစုံသုံးပြီး ကုသမှုတွေပေးရမည်။

"ဒီလိုပါ...ငြိမ်းငြိမ်းရဲ့ရောဂါအတွက် ခွဲစိတ်ပြီးသွားတဲ့အခါမှာ ကင်ဆာအထူးကု သမားတော်ကြီးတွေနဲ့တိုင်ပင်ပြီး ကင်ဆာဆေးတွေ ဆက်ပေးရမယ်။ နာကျင်ကိုက်ခဲမှုတွေ ခံစားရရင် အနာသက်သာမယ့် ဆေးတွေပေးမယ်။ ရေဖျဉ်းတွေနဲ့ ဗိုက်ကပြန်ဖောင်းလာရင် အဲသည်ရေတွေကို ဗိုက်ကနေ အပ်နဲ့စုပ်ထုတ်ပြီး သက်သာအောင်လုပ်ပေးမယ်။ သူ့အတွက် လိုအပ်ချက်တွေမှန်သမျှကို အတတ်နိုင်ဆုံး ကြင်ကြင်နာနာ ယုယုယယနဲ့ ဆက်ပြီးဖြည့်ဆည်းပေးကြရမယ်။ ဆက်ပြီးအသက်ရှင်နိုင်သလောက် ရှင်နိုင်အောင် အသက်ရှင်နေတဲ့ အချိန်လေးတွေမှာပဲ သူ သက်သက်သာသာ စိတ်ချမ်းချမ်းသာသာနဲ့ နေနိုင်အောင် အားလုံးက ကူညီပေးကြရပါမယ်။ သူ ဘယ်နေရာမှာနေချင်လဲ၊ ဘယ်နေရာက သူ့အတွက် အဆင်အပြေဆုံး ဖြစ်မလဲဆိုတာကို ဝိုင်းဝန်းစဉ်းစားကြရမယ်ပေါ့"

"ဟုတ်ပါတယ်ဆရာရယ်...ကျွန်မတို့စိုးရိမ်တာက ကင်ဆာဆေးတွေသွင်းရင် ညီမလေးရဲ့အခုအခြေအနေနဲ့ ခံနိုင်ရည်ရှိပါ့မလား။ ဆေးတွေပေးလိုက်ခါမှပိုဆိုးပြီး ပိုပြီးဝေဒနာတွေ သည်းလာမလား။ ဒါကြောင့် ဒီဆေးတွေကိုပေးမယ့်အစား ဒီအတိုင်းပဲ သက်သက်သာသာလေးနဲ့ သူ့ရဲ့နောက်ဆုံးအချိန်လေးတွေကို ကုန်ဆုံးစေချင်လို့ပါ။ ကင်ဆာဆေးတွေက အရမ်းပြင်းထန်ပြီး ဝေဒနာတွေအရမ်းခံစားစေတယ်လို့ ကြားဖူးလို့ပါ"

"ကင်ဆာရောဂါမှာ ကင်ဆာဆေးဝါးတွေပေးပြီး ကုသကြရတာပါပဲ။ ဒီဆေးတွေကို လုံးဝမပေးဘဲ ဒီအတိုင်းပစ်ထားလိုက်ရင် ကင်ဆာဆဲလ်တွေက



ပွားချင်တိုင်းပွား များချင်တိုင်းများပြီး ခဏကလေးနဲ့ နောက်ဆုံးအချိန်ကို ရောက်သွားနိုင်တာပေါ့ဗျာ။ ဒီလောက်ဆိုးတဲ့ကင်ဆာကို သတ်တဲ့ဆေးဆိုမှတော့ ပြင်းတာပေါ့။ မပြင်းတဲ့ဆေးနဲ့တော့ ကင်ဆာကိုသတ်လို့ ဘယ်ရပါ့မလဲ။ ဒါပေမဲ့ ဒီလိုဆေးတွေကိုပေးတဲ့အခါ အထူးကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေက သေချာချိန်ဆပြီး ဆေးကိုရွေးပေးမယ်။ လူနာခံစားရမယ့် ဆေးရဲ့ "Side effects" ဘေးထွက်ဆိုးကျိုးတွေ နည်းနိုင်သမျှနည်းအောင် သက်သာအောင် ဆေးတွေပေးမှာပေါ့။ ဥပမာ...အန်ရင် သက်သာအောင် အအန်ပျောက်ဆေးတွေ ပေးတာမျိုးပေါ့"

သူရှင်းပြတာတွေကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်...ပြီးတော့သူတို့မေးချင်ရာမေးကြ၊ ဒေါက်တာငြိမ်းချမ်းကတော့ သူသိထားသမျှကို မခြွင်းမချန် မကွယ်မဝှက်ဘဲ အမှန်အတိုင်းဖြေဆိုဖို့ကြိုးစားပါ၏။ သို့မှသာ လူနာအတွက် မှန်ကန်သောဆုံးဖြတ်ချက်ကို ချနိုင်မည်မဟုတ်ပါလား။

ထိုသို့ပြောရင်းဆိုရင်း သူ့ရဲ့စိတ်ထဲ တစ်စုံတစ်ရာတော့ မှားယွင်းနေသလိုလို တစ်ခုခုလိုအပ်နေသလိုလိုနဲ့ ဟိုလိုလို ဒီလိုလိုကြီး ခံစားနေရပါ၏။ သူ့စိတ်ထဲ ဟာတာတာကြီးလိုလို ဖြစ်နေခြင်းက အဘယ်ကြောင့်နည်း။

ချက်ချင်းပင် သူ့စိတ်အာရုံက သူ ပညာတော်သင်သွား၍ ၂နှစ်ခွဲတိတိ အလုပ်လုပ်ခဲ့ရာ ယူကေနိုင်ငံသို့ ရောက်သွားလေ၏။ သူအလုပ်လုပ်ခဲ့ရာ "Northampton" ပြည်သူ့ဆေးရုံ ကင်ဆာကုသဆောင်မှ သူ့ဆရာကြီး Mr. Duncan နှင့် ကင်ဆာရောဂါလူနာတွေကို ကုသကြပုံ စကားပြောကြပုံ ဆုံးဖြတ်ကြသည့် အဖြစ်လေးများကို ပြန်လည်မြင်ယောင်မိလေသည်။

အဲသည် ကင်ဆာကုသဆောင်တွင် မီးယပ်ဆရာဝန်ကြီးနှင့် ကင်ဆာဆေးကုသမားတော်၊ ဓာတ်ရောင်ခြည် ကင်ဆာကုဆရာဝန်တို့က ပထမဆုံး လူနာ၏ရောဂါ အခြေအနေပေါ်မူတည်ပြီး မည်သို့ဆေးကုသင့်ကြောင်း တိုင်ပင်ဆွေးနွေးကြ၏။ ပြီးတော့မှလူနာကို ထိုအခန်းထဲသို့ ခေါ်လေ၏။ လူနာ၏အဖော် တစ်ဦးနှစ်ဦးလည်း လူနာနှင့်အတူ ပါလာ၏။ လူနာကို သူမ၏ရောဂါအခြေအနေ အတိအကျနှင့် သူမ၏အနာဂတ်ကံကြမ္မာ မည်သို့မည်ပုံ ဖြစ်နိုင်သည့်အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းနှင့် အမှန်အတိုင်း အရှိအတိုင်း မခြွင်းမချန် ရှင်းပြ၏။ ပြီးတော့မှ မည်သို့မည်ပုံ ဆေးဆက်၍ကုသနိုင်သည့် "Options" နည်းလမ်းများအကြောင်းကို တစ်ခုချင်း၏ အဆိုးအကောင်းတွေ ပြည့်စုံအောင်ရှင်းပြကာ လူနာကိုလည်း သူမ သိလိုသရွေ့မေးခွန်းများအားလုံးကို မေးချင်ရာမေးစေပြီး အမှန်အတိုင်းဖြေပေးပါ၏။ ပြီးတော့ သူမ၏အနာဂတ် ကံကြမ္မာအတွက် ဆေးကုထုံးတွေကို စိတ်ကြိုက်ရွေးချယ်သူသည် လူနာကိုယ်တိုင်သာဖြစ်ပါ၏။ ဆရာဝန်တွေ ဆွေမျိုးများက ဘေးကပိုင်း၍အကြံပေး အားပေးကူညီနှစ်သိမ့်သူများသာ။ ကင်ဆာဆေးကုထုံးကို ရွေးချယ်မည်လား ငြင်းပယ်မည်လား။ သူ့ဘဝနောက်ဆုံးအချိန်တွေကို သူဘာလုပ်ချင်သလဲ၊ ဘယ်နေရာမှာ ဘယ်သူနဲ့နေချင်သလဲ၊ နောက်ဆုံးပြည့်ဝချင်သည့် လိုအင်ဆန္ဒကဘာလဲ၊ ဆုံးဖြတ်ရမည့်သူသည် လူနာကိုယ်တိုင်ဖြစ်သည်။

ထိုသို့ အတွေးတွေဝင်နေချိန်တွင် စကားတစ်ခွန်းကြားရ၏။

"ဆရာရယ်...ကျေးဇူးပြုပြီး ဒီရောဂါရဲ့အခြေအနေမှန်ကို ကျွန်မတို့ရဲ့ ညီမလေးငြိမ်းငြိမ်းကို လုံးဝမပြောပြလိုက်ပါနဲ့နော်...တောင်းပန်ပါတယ်။ သူက ငယ်ငယ်လေးကတည်းက အရမ်းကို စိတ်အားငယ်တတ်လွန်းလို့ပါ။ အခုဆိုရင် ကျွန်မတို့အားလုံးက သူ့ကို ရေဖျဉ်းစွဲတဲ့ရောဂါပဲ ခွဲလိုက်ပြီးရင် ပျောက်သွားမှာလို့ ဝိုင်းပြီးညာထားကြတယ်။ အမှန်အတိုင်းသိသွားရင် သူဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ စိတ်ဓာတ်တွေကျဆင်းပြီး အကြီးအကျယ် ဒုက္ခရောက်သွားမှာ သေချာတယ်ဆရာ"

ကိုင်းကြည့်စမ်းပါ စာဖတ်သူ...ဒေါက်တာငြိမ်းချမ်းစိတ်ထဲ နှလုံးသားထဲ တစ်ခုခုမှားယွင်းနေသည်ဟု ထင်မြင်ခြင်းကို ယခု သိပြီမဟုတ်လား။ လူသားတစ်ဦး၏အနာဂတ်ကံကြမ္မာ သူ၏ရောဂါကို မည်သို့မည်ပုံ ဆေးကုသမည်၊ မည်သည့်နေရာတွင်နေမည် စသည်အားလုံးအတွက် ဆုံးဖြတ်ချက်ချရမည့် အရေးအကြီးဆုံးပုဂ္ဂိုလ်က မည်သူနည်း။

လိမ်ညာခြင်းကို မှသားဟု ခေါ်၏။ ဘုရားမကြိုက် နတ်မကြိုက်၊ ထိုသို့သောလိမ်ညာခြင်းသည် ကောင်းကျိုးမည်မျှရှိပါသနည်း။ ထိုလိမ်ညာခြင်းမှသား



တွင်ရော အရောင်အသွေးရှိပါသလား။ အဖြူရောင်မှသားဆိုသည်ကို ကြားဖူးပါသလား။ လူနာတစ်ယောက်၏ အကျိုးအတွက် လိမ်ညာ၍ပြောရခြင်း၊ အားပေးနှစ်သိမ့်ရခြင်းမို့ ထိုမှသားသည် အဖြူရောင်ဟု ပြောကြခြင်းကိုရော စာဖတ်သူက မည်သို့ သဘောရပါသနည်း။ ပြီးတော့ စေတနာသက်သက်ဖြစ်သော မှသားဆိုသည်ကိုရော လက်ခံပါရဲ့လား။

ဒေါက်တာငြိမ်းချမ်းတစ်ယောက်...သက်ပြင်းတစ်ချက်ကိုသာ လေးလေးကြီးချလိုက်ပါတော့သည်။ "ငြိမ်းငြိမ်းရေ...မင်းကိုယ်တိုင်ကရော မင်းစိတ်ကူးထဲ ဘယ်လိုရှိတာလဲကွယ်။ အမှန်အတိုင်း သိချင်တာလား၊ ဒီလိုမျိုး ဖုံးကွယ်လိမ်ညာထားတာကို မင်းကြိုက်မှာလား။ မင်းရဲ့အနာဂတ်ကံကြမ္မာကို မင်းကိုယ်တိုင်ဆုံးဖြတ်ချင်တာလား။ ဒါမှမဟုတ် သူများတွေက ဆုံးဖြတ်ပေးတာကို မင်းအကြိုက်ဆုံးလား။ ဒီဘဝမှာတော့ ဒီမေးခွန်းတွေရဲ့အဖြေကို ဆရာမေးခွင့်မရှိတော့ဘူးနဲ့တူပါရဲ့နော်။ ဘာပဲဖြစ်ဖြစ် မင်းမှာကျန်ရစ်တဲ့ အချိန်ကာလလေးမှာ မင်းလုပ်ချင်တာလေးတွေလုပ်ပြီး စိတ်ချမ်းသာအောင် နေနိုင်ပါစေ။ ဝေဒနာတွေက သက်သက်သာသာနဲ့ အေးအေးချမ်းချမ်းနေနိုင်ပါစေ။ ဒီဘဝကနေလွန်မြောက် နောက်ဘဝတွေကျရင်လည်း ဒီလိုမျိုးရက်စက်ဆိုးဝါးတဲ့ ကင်ဆာဆိုတဲ့ သေမင်းတမန်နဲ့ ထပ်မံပြီးတော့ မဆုံတွေ့ပါစေနဲ့လို့ ဆရာ ဆုတောင်းလိုက်ပါတယ်" ဟု မည်သူမှ မကြားအောင် တိုးတိုးလေး ပြောနေမိတော့သတည်း။

www.burmeseclassic.com